7Day Daily သတင်းစာ ဝိုင်းတော်သားများက တင်ဆက်ထားသော အထူးအချပ်ပို ၁၂မျက်နှာကို မေတ္တာလက်ဆောင် ထည့်သွင်းပေးထားပါသည်

ဂု ရက် သတင်းဂျာနယ်
7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၂၀) ၂၀၀၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် ၁၃၇၅ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၂ ရက်၊ ဗုဒ္ဓဟူး ၊ (ဇူလိုင် ၂၄ ၊ ၂၀၁၃)



# အားလုံးစောင့်ကြည့်နေသော မျိုးစောင့်ဥပဒေ

အောင်ခိုင်၊ ရဲနောင်

မော်ဘီမြို့၌ ဇွန်လ ၁၃ ရက်က ပြုလုပ်ခဲ့သော ဗုဒ္ဓသာသနာတော်ဆိုင်ရာ ဩဝါဒခံယူပွဲအပြီးတွင် မျိုးစောင့်ဥပဒေနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ကျယ်လောင်စွာ ထွက်ပေါ်လာခဲ့သည်။ ထောက်ခံသူနှင့် ကန့်ကွက်သူများက ယင်းဥပဒေနှင့်ပတ်သက်၍ ကြေညာချက်များ ဆက် တိုက်ထုတ်ပြန်ခဲ့ကြသည်။ ဆောင်းပါးအပြည့်အစုံ-စာ(၃)သို့

ဇွန် ၂၇ရက်တွင်ကျင်းပခဲ့သော အမျိုး၊ဘာသာ၊ သာသနာ ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဩဝါဒခံယူပွဲနှင့် ဦးဆောင်ဆရာတော်များဆွေးနွေးပွဲကလည်း မျိုးစောင့်ဥပဒေပြဋ္ဌာန်းရန် သဘောတူခဲ့သည် ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကုမ္ပဏီများသိမ်းသည့် လယ်ယာမြေပြဿနာ တပ်ကိစ္စထက် ပိုခက်

ထွန်းခိုင်၊ ရန်မျိုးနိုင်

ရန်ကုန်၊ ဇူလိုင်-၂၂

လယ်ယာမြေပြဿနာများထဲတွင် တပ်သိမ်းမြေက ဖြေရှင်းရန် လွယ်သော်လည်း ကုမ္ပဏီများက သိမ်းဆည်းသည်ဟု တိုင်ကြားသည့် ပြဿနာများသည် ပိုမိုရှုပ်ထွေးကြောင်း လယ်ယာမြေစုံစမ်းရေး ကော်မရှင်ဝင်အဖွဲ့ဝင်အချို့က ပြောကြားသည်။

လယ်ယာမြေများ သိမ်းဆည်းခြင်းနှင့် ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံစာတင်သွင်းရာတွင် ခရိုနီများ၊ ကုမ္ပဏီများက သိမ်းဆည်းသည့် လယ်မြေများအတွက်လည်း သီးသန့်တင်သွင်းမည် ဖြစ်ကြောင်း ကော်မရှင်အဖွဲ့ဝင်များက ပြောသည်။ စာ(၈)သို့

## အရေးယူမှုများအလွန် အိမ်ခြံမြေ

သတင်းအဖွဲ့

ရှားရှားပါးပါးပြည်တွင်းအခွန်မှ အဆင့်မြင့်ဝန်ထမ်းများအား အိမ်ခြံ မြေရောင်းဝယ်မှုများတွင် ပတ်သက်မှုများရှိနေသဖြင့် အရေးယူခဲ့ပြီးနောက် အိမ်ခြံမြေဈေးကွက်တွင် အထူးကိုယ်စားလှယ်လွှဲစာ (Special Power )ဖြင့် ရောင်းချမှုများ ပိုမိုများပြားလာသည်။

“Special Power(အထူးကိုယ်စားလှယ်လွှဲစာ)က သက်တမ်းက တစ်နှစ်ရှိတယ်။ ကိုယ်တိုင်နေမယ့်လူမဟုတ်ဘဲပြန်ရောင်းမယ့်လူတွေကျတော့ အမည်မပြောင်းတော့ဘဲ Special Power နဲ့ပဲဝယ်ထားတဲ့ မြေကွက်ကိုပြန်ရောင်းလို့ရတယ်။ နာမည်ပြောင်းဖို့လုပ်ရင် အခွန်ဆောင်ရပြီ”ဟု အိမ်ခြံမြေရောင်းဝယ်ရာတွင် လိုက်ပါဆောင်ရွက်ပေးနေသော ရှေ့နေတစ်ဦးကပြောသည်။

အိမ်ခြံမြေရောင်းချရာတွင် မူလအမည်ပေါက်ပိုင်ရှင်က ဝယ်ယူသူအတွက် အမည်ပြောင်းခြင်းနှင့် မြေပုံကူးယူနိုင်ရန်အတွက် ကိုယ်တိုင်လိုက်လံမဆောင်ရွက်နိုင်ပါက အထူးကိုယ်စားလှယ်လွှဲစာရေးပေးပြီးရောင်းဝယ်လေ့ရှိကြသည်။

သို့သော် လက်ရှိတွင် ရန်ကုန်အိမ်ခြံမြေဈေးကွက်၌ အထူးကိုယ်စားလှယ် လွှဲစာဖြင့် ရောင်းချသော မြေကွက်များအရောင်းအဝယ်ဖြစ်နေပြီး ဈေးပင်တက်သွားကြောင်း အကျိုးဆောင်များကပြောသည်။

“Special Power ကိုင်ထားတဲ့ ပေ ၄၀×၆၀ မြေကွက်ကို ပြီးခဲ့တဲ့ သုံးရက်လောက်က ကျပ်သိန်း ၁၅၀ နဲ့ အရောင်းအဝယ်ဖြစ်တယ်။ အခု အဲဒီမြေကွက်ကို သိန်း ၂၀၀ ကျော်ခေါ်နေပြီ”ဟု Excellence အိမ်ခြံမြေ အကျိုးဆောင်ကုမ္ပဏီမှ အုပ်ချုပ်မှုဒါရိုက်တာ ကိုမောင်မောင်ကြီးကပြောသည်။

သို့သော်မန္တလေးအိမ်ခြံမြေဈေးကွက်မှာ အခွန်ဝန်ထမ်းအပြောင်းအလဲကြောင့် အရောင်းအဝယ်နှင့် ဈေးနှုန်းအပေါ် ယခုအချိန်ထိ ရိုက်ခတ်မှုမရှိသေးကြောင်း မန်းမြေရာဇာ အိမ်ခြံမြေအကျိုးဆောင်မှ ဦးကျော်ဝင်းကပြောသည်။

မန္တလေး၌ အိမ်ခြံမြေရောင်းဝယ်ရာတွင်အချို့မှာလူငါးဦး၊ခြောက်ဦး လက်လွှဲရောင်းချသည့်အထိ အခွန်ရုံးတွင်စာချုပ်ချုပ်ဆိုခြင်းမရှိဘဲ အရပ်ကတိဖြင့်သာ စာချုပ်ဆိုရောင်းချနေကြကြောင်း ဦးကျော်ဝင်းကပြောသည်။ စာ(၈)သို့



ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

### မိုးခေါင်နေသော အလယ်ပိုင်းဒေသများ ဇူလိုင်နောက်ဆုံးပတ် မိုးရွာနိုင်

စာ(၂)သို့

### နော်ဝေးအခြေစိုက် အပျော်စီးသင်္ဘော ၁၅နှစ်အတွင်းပထမဆုံး အကြိမ်လာရောက်မည်

စာ(၃၄)သို့

### အမြန်လမ်းပေါ် ရှိရဲတပ်ဖွဲ့ဝင်များအား ရှေးဦးသူနာပြုသင်တန်းပေးမည်

စာ(၁၀)သို့



7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# ဆက်သွယ်ရေးနှင့် ဘဏ်လုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် ဗြိတိန်နှင့်ပြင်သစ် စိတ်ဝင်စား

**အေးသူစံ**

**ရန်ကုန်၊ ဇူလိုင်-၂၃**

သမ္မတဦးသိန်းစိန်၏ ဥရောပနှစ်နိုင်ငံခရီးစဉ်အပြီးတွင် ပြင်သစ်နှင့် ဗြိတိန်နိုင်ငံမှ ကုမ္ပဏီများက ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာ၊ ဆက်သွယ်ရေး စသည့်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ရန် စိတ်ဝင်စားနေပြီး မြန်မာနိုင်ငံတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်သော ရင်းနှီးမြှုပ်နှံမှုများဖြစ်ရန် သမ္မတဦးသိန်းစိန်က တိုက်တွန်းပြောကြားကြောင်း သမ္မတခရီးစဉ်တွင်လိုက်ပါခဲ့သူများက ပြောကြားသည်။

"သူတို့လာပြီး ရင်းနှီးမြှုပ်နှံတဲ့အခါမှာမြန်မာနိုင်ငံမှာ အလုပ်အကိုင်အခွင့်အလမ်းတွေများများ ဖန်တီးပေးနိုင်မယ့် ရင်းနှီးမြှုပ်နှံမှုမျိုးဖြစ်ဖို့ ကျွန်တော်တို့ပြောခဲ့ပါတယ်။ သမ္မတခရီးစဉ်က အောင်မြင်ခဲ့တာမို့လို့ မကြာခင်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ပိုရလာမှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း ပိုများလာမှာဖြစ်လို့ စီးပွားရေးပြုပြင်ပြောင်းလဲမှုရဲ့ရလဒ်က အောက်ခြေပြည်သူတွေဆီ မြန်မြန်ဆန်ဆန်ရောက်သွားတော့မှာပါ"ဟု သမ္မတ၏ ဥရောပခရီးစဉ်တွင် လိုက်ပါသွားသူ ဦးရဲထွဋ်က ပြောကြားသည်။

"ဗြိတိန်မှာ ဘဏ်လုပ်ငန်းရှင်များအသင်းအပါအဝင် ဘဏ်လုပ်ငန်းဆိုင်ရာနဲ့ ငွေကြေးပိုင်းဆိုင်ရာ လုပ်ငန်းရှင်များအနေနဲ့ မြန်မာနိုင်ငံမှာ ပူးပေါင်းဆောင်ရွက်လိုတဲ့ အနေအထားရှိပါတယ်။ အလားတူပဲ မြန်မာနိုင်ငံရဲ့ ငွေကြေးနဲ့ ဘဏ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ အတွက် အကြံပြုချက်တွေများစွာ ရရှိခဲ့ပါတယ်"ဟု သမ္မတခရီးစဉ်တွင် လိုက်ပါသွားသူဘဏ္ဍာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြောကြားသည်။ ပြင်သစ်ရှိစီးပွားရေးလုပ်ငန်းရှင် ၄၀ ကျော်နှင့်တွေ့ဆုံခဲ့သည့်အနက် ဆက်သွယ်ရေးနှင့် နည်းပညာ ကုမ္ပဏီ Orange၊ ဘူမိဗေဒထိန်းသိမ်းရေးဆိုင်ရာ ကုမ္ပဏီ CCG Vitras၊ လျှပ်စစ်စွမ်းအားထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းသုံး စွမ်းအင်နည်းပညာကုမ္ပဏီ Alstom တို့နှင့် သမ္မတဦးသိန်းစိန်က သီးခြားထပ်မံတွေ့ဆုံခဲ့ရာ ယင်းကုမ္ပဏီများမှာ မြန်မာနိုင်ငံတွင်းသို့ မကြာမီလာရောက်ရင်းနှီးမြှုပ်နှံဖွယ်ရှိနေပြီး Orange ကုမ္ပဏီကမူ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် ပိုမိုစိတ်ဝင်စားကြောင်း သမ္မတခရီးစဉ်နှင့် ဆက်စပ်သည့် သတင်းများက ဖော်ပြထားသည်။




လန်ဒန်အခြေစိုက် Standard Charter ဘဏ်ကလည်း မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆိုင်ရာ အကူအညီများပေးရန် စိတ်ဝင်စားနေကြောင်း ဦးဝင်းရှိန်က ပြောကြားသည်။

ထို့အပြင် ထောက်ပံ့ကူညီပေးရေးအစီအစဉ်တွင်လည်း ဗြိတိန်နိုင်ငံက မြန်မာနိုင်ငံရှိ ဆရာအတတ်သင်သိပ္ပံကျောင်းမှ အခြေခံပညာဆရာ၊ ဆရာမများ၏ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်ပေးရန်နှင့် အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် အင်ဂျင်နီယာသင်တန်းအပါအဝင်နည်းပညာတက္ကသိုလ်များတွင် သင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးရန်နှင့် နှစ်နိုင်ငံလုံးတွင် မြန်မာကျောင်းသားများကို ပညာတော်သင်ပိုမိုခေါ်ယူပေးရန် သမ္မတဦးသိန်းစိန်က တောင်းဆိုခဲ့ကြောင်း ဦးရဲထွဋ်က ပြောကြားသည်။

သမ္မတဦးသိန်းစိန်သည် ဗြိတိန်နှင့် ပြင်သစ်နိုင်ငံသို့ ဇူလိုင် ၁၄ ရက်မှ ၁၈ ရက်အထိ လေးရက်ကြာ သွားရောက်ခဲ့ပြီး မြန်မာနိုင်ငံသို့ ဇူလိုင် ၂၀ ရက် နံနက်က ပြန်လည်ရောက်ရှိခဲ့သည်။ သမ္မတ၏ ယခုခရီးစဉ်မှာ စီးပွားရေးလုပ်ကိုင်ရန် စည်းရုံးခြင်းသက်သက် ခရီးစဉ်သာဖြစ်ကြောင်း ပြင်သစ်လူ့အခွင့်အရေးအဖွဲ့ဖြစ်သည့် အင်ဖိုမြန်မာအဖွဲ့မှ မစ္စစ်စလက်စတင်းဖော်ချာက AP သတင်းဌာနသို့ ပြောကြားထားသည်။

သမ္မတခရီးစဉ်အတွင်း နှစ်နိုင်ငံမှ နိုင်ငံရေးအသိုင်းအဝိုင်းများကသာ နိုင်ငံတွင်းပဋိပက္ခများနှင့် လူ့အခွင့်အရေး၊ ပြုပြင်ပြောင်းလဲမှုများအပေါ် စိုးရိမ်မှုများရှိခဲ့ပြီး သမ္မတနှင့် တွေ့ဆုံခဲ့သောစီးပွားရေးအသိုင်းအဝိုင်းကမူ မြန်မာနိုင်ငံတွင်း ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းများကိုသာ ဦးစားပေးဆွေးနွေးသွားကြောင်း သမ္မတခရီးစဉ်တွင် လိုက်ပါသွားသူတစ်ဦးက ပြောကြားသည်။

# မိုးခေါင်နေသော အလယ်ပိုင်းဒေသများ ဇူလိုင်နောက်ဆုံးပတ် မိုးရွာနိုင်

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇူလိုင်-၂၂**

ဇူလိုင် နောက်ဆုံးရက်သတ္တပတ်အတွင်း တစ်နိုင်ငံလုံး မိုးကောင်းစွာ ရွာသွန်းနိုင်သောကြောင့် မိုးခေါင်နေသော အလယ်ပိုင်းဒေသများတွင်ပါ စိုက်ပျိုးရေရရှိနိုင်ကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က ပြောသည်။

ယခုနှစ် မိုးကာလတွင် ဘင်္ဂလားပင်လယ်အော်၌ လေဖိအားနည်းရပ်ဝန်းပုံမှန်မဖြစ်ဘဲ လေဖိအားနည်းရပ်ဝန်းမှတစ်ဆင့် ဖြစ်ပေါ်သော မုန်တိုင်းလေးလုံးသည်လည်း မြန်မာနိုင်ငံဘက်သို့ ဝင်ရောက်လာခြင်းမရှိပေ။ ထို့ကြောင့် အဆိုပါဒေသများတွင် ယခင်နှစ်များထက် မိုးခေါင်နေပြီး စိုက်ပျိုးရေးသမားများ အခက်အခဲ မျိုးစုံကြုံတွေ့နေရသည်။

"ဒေသအနှံ့မိုးကောင်းနေပြီး မိုးလေဝသပညာရပ်ဆိုင်ရာ အခေါ်အဝေါ်အရစွတ်စိုကာလဖြစ်လို့ အလယ်ပိုင်းဒေသတွေမှာမိုးရလာနိုင်တယ်"ဟု ဒေါက်တာထွန်းလွင်ကဆိုသည်။

ဘင်္ဂလားပင်လယ်အော်တွင် မိုးကြိုကာလက ဖြစ်ပေါ်ခဲ့သော မဟာစင်မုန်တိုင်းသည် ရခိုင်ကမ်းရိုးတန်းအနီးမှဖြတ်၍ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ဝင်ရောက်သွားပြီးနောက် မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ စတင်ဝင်ရောက်ခဲ့သည်။ ယင်းအချိန်က မြန်မာနိုင်ငံအနှံ့မိုးကောင်းစွာ ရွာသွန်းခဲ့သော်လည်း အလယ်ပိုင်းဒေသများတွင် ရက်အနည်းငယ်သာ မိုးရွာပြီး နောက်ထပ်မရွာတော့ဘဲ မိုးခေါင်သွားခဲ့သည်။ ဇွန်လဆန်းက မြန်မာနိုင်ငံအထက်ပိုင်းအထိ ဝင်ရောက်ခဲ့သော အနောက်တောင်မုတ်သုံလေသည် ဇွန် တတိယပတ်ခန့်မှစတင်၍ မြစ်ဝကျွန်းပေါ်နှင့်တောင်ပိုင်းဒေသများသို့ ပြန်ဆုတ်သွားခဲ့ခြင်းကြောင့် အလယ်ပိုင်းဒေသ မိုးပြတ်သွားခဲ့ရသည်။ ယင်းရာသီဥတုဖြစ်စဉ်၏ အကျိုးဆက်ကြောင့် အလယ်ပိုင်းဒေသ မြို့နယ် အများစုတွင် စိုက်ပျိုးထားသော ပျိုးပင်များသေဆုံးခြင်း၊ စိုက်ခင်းများ အတွင်း ဖျက်ပိုးကျခြင်း၊ ဆည်များမှ ရေမပေးနိုင်သောကြောင့် နွေစပါးအထွက်လျော့ခြင်းစသည့် အခက်အခဲများ ကြုံတွေ့ခဲ့ရသည်။


*မိုးခေါင်နေသဖြင့် မကွေးတိုင်းရှိ ကျေးရွာတစ်ရွာတွင် မိုးခေါ်လွန်ဆွဲပွဲကျင်းပနေစဉ်*


ဓာတ်ပုံ-မိုးကျော်

"ဒီရက်ပိုင်းနေ့တိုင်းနီးပါး မိုးရွာနေပေမယ့် စပါးစိုက်ဖို့အတွက်တော့ ရေလိုအပ်နေသေးတယ်။ ရွာမယ့်မိုးကိုပဲ မျှော်နေရတာပဲ"ဟု မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်မှ လယ်သမားတစ်ဦးက ပြောသည်။

ယခုနှစ် မိုးခေါင်နေသည့်အပြင် ပြီးခဲ့သည့်နှစ်ကလည်း ဆည်အတွင်း ရေသိုလှောင်နိုင်မှု ပမာဏနည်းခဲ့ခြင်းကြောင့် ရွှေဘိုခရိုင်အတွင်းရှိ နွေစပါးစိုက်ဧက သုံးသိန်းကျော်အတွက် ရေပေးဝေနိုင်ရန် တည်ဆောက်ထားသော ကျွန်းလှမြို့နယ်ရှိ သဖန်းဆိပ်ဆည်တွင်လည်း ရေနည်းနေပြီဖြစ်ကြောင်း စိုက်ပျိုးရေးတာဝန်ရှိသူများက ဒေသခံတောင်သူများအား ယခုရက်ပိုင်းအတွင်း သတိပေး နှိုးဆော်ခဲ့သည်။

"ပညာရှင်တွေ ခဏခဏ သတိပေးနေတဲ့အတိုင်းပါပဲ။ တောင်သူတွေအတွက် စိုက်ပျိုးရေး အခက်အခဲအဆင်ပြေနိုင်ဖို့ဆိုရင် သေချာရေရာတဲ့ မြေအောက်ရေအရင်းအမြစ် ရရှိရေးကိုသာ အစိုးရက ဦးဆောင်ပြီး အကောင်အထည်ဖော်ပေးသင့်ပါတယ်"ဟု စိုက်ပျိုးရေးပညာရှင် ဒေါက်တာထွန်းဝင်းက ပြောသည်။

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013



ဇွန် ၂၇ရက်တွင်ကျင်းပခဲ့သော အမျိုး၊ဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဩဝါဒခံယူပွဲနှင့် ဦးဆောင်ဆရာတော်များဆွေးနွေးပွဲ ကျင်းပစဉ် ထိုဆွေးနွေးပွဲတက်ရောက်လာသော ဆရာတော်များကလည်း မျိုးစောင့်ဥပဒေပြဋ္ဌာန်းရန် သဘောတူခဲ့သည်။

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

# အားလုံးစောင့်ကြည့်နေသော မျိုးစောင့်ဥပဒေ

**အောင်နိုင်၊ ရဲနောင်**

**မော်ဘီ** မြို့၌ ဇွန်လ ၁၃ ရက်ကပြုလုပ်ခဲ့သော ဗုဒ္ဓသာသနာတော်ဆိုင်ရာဩဝါဒခံယူပွဲအပြီးတွင် မျိုးစောင့်ဥပဒေနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများ ကျယ်လောင်စွာထွက်ပေါ်လာခဲ့သည်။

ထောက်ခံသူနှင့် ကန့်ကွက်သူများက ယင်းဥပဒေနှင့်ပတ်သက်၍ ကြေညာချက်များ ဆက်တိုက်ထုတ်ပြန်ခဲ့ကြသည်။

လတ်တလောတွင်ဖြစ်ပွားခဲ့သည့် လူမျိုးရေး၊ ဘာသာရေး အသွင်ဆောင်သည့် ပဋိပက္ခများကြောင့် မျိုးစောင့်ဥပဒေသည် အများစောင့်ကြည့်နေသည့် အကြောင်းအရာတစ်ခုဖြစ်နေသည်။

မျိုးစောင့်ဥပဒေဟုလူသိများသည့်မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ အရေးပေါ်ဥပဒေ(မူကြမ်း)ဖြစ်ပေါ်လာရန် ၂၀၁၃ ခုနှစ် မေလ ၆ ရက်က စတင်ခဲ့သည်။ ထိုနေ့က အင်းစိန်ရွာမပရိယတ္တိစာသင်တိုက် ဆရာတော်နှင့် မစိုးရိမ်တိုက်သစ်ဆရာတော် အရှင်ဝီရသူအပါအဝင် ဆရာတော်ရှစ်ပါးက အဆိုပါဥပဒေမူကြမ်းရေးဆွဲရန် သဘောတူခဲ့ကြသည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းရန် ပြည်တွင်းပြည်ပ သံဃာ့ကိုယ်စားလှယ်အပါး ၁,၅၀၀ ကျော်က ဇွန်လ ၂၇ ရက် အင်းစိန်သံဃာ့ညီလာခံတွင် တညီတညွတ်တည်းလက်ခံအတည်ပြုခဲ့ကြပြန်သည်။

ယခုအခါမျိုးစောင့်ဥပဒေကို ကျွမ်းကျင်သော ဥပဒေပညာရှင်များဖြင့် တိုင်ပင်၍ မူကြမ်းအဆင့်ရေးဆွဲထားပြီဖြစ်သည်။ ပြည်သူ၏ ထောက်ခံဆန္ဒမဲများဖြင့် လွှတ်တော်သို့ တင်သွင်းအတည်ပြုနိုင်ရန် ကြိုးပမ်းသွားမည်ဟု ဆရာတော်များက မိန့်ကြားထားသည်။

မျိုးစောင့်ဥပဒေ(မူကြမ်း)တွင် မည်သူမဆို ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးကို လက်ထပ်မည့်သူသည် တရားဝင်ဗုဒ္ဓဘာဘာဝင်ဖြစ်ရမည်။ ဥပဒေပါ ပြဋ္ဌာန်းချက်များကို မလိုက်နာဘဲ လက်ထပ်ခြင်း၊ ပေါင်းသင်းခြင်းပြုလုပ်ပါက ထိုသူကိုထောင်ဒဏ်၁၀ နှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ရမည့်အပြင် ထိုသူပိုင်ပစ္စည်းအားလုံးကိုလည်း သိမ်းယူ၍ ဗုဒ္ဓဘာသာဝင် အမျိုးသမီးအား ပေးရမည်ဟု ဖော်ပြထားသည်။

ယင်းဥပဒေနှင့် ပတ်သက်၍ မိမိအမျိုးဘာသာကိုစောင့်ရှောက်ရာတွင် ဥပဒေဖြင့် ကန့်သတ်ခြင်းထက် လူထုပညာပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းက ပိုသင့်လျော်မည်ဟုနိုင်ငံရေးပါတီနှင့်တိုင်းရင်းသားအင်အားစုအချို့က ၎င်းတို့အမြင်ကို သုံးသပ်ပြောကြသည်။

"ကိုယ့် အမျိုးဘာသာကို စောင့်ရှောက်ဖို့ ဘာသာတိုင်းမှာ အနည်းအများရှိတယ်။ ကျွန်တော်တို့ဆိုရင်လည်း ကျမ်းစာတွေမှာ ဘာသာခြားနဲ့ယူတဲ့ အကျိုးအပြစ်တွေပါတယ်။ ဒါပေမဲ့ ဒါက Civil Education အနေနဲ့ လုံလောက်တယ်လို့ ယုံကြည်တယ်။ ဥပဒေတစ်ခုအနေနဲ့ မလိုအပ်ဘူးလို့ ယူဆတယ်။ ဥပဒေဆိုရင် ဒီထက်အရေးကြီးတဲ့ဥပဒေတွေ အများကြီးရှိတယ်။ ဒါတွေကို အရင်လုပ်သင့်တယ်လို့ပဲ ပြတ်ပြတ်သားသား ပြောချင်ပါတယ်"ဟု ချင်းအမျိုးသားပါတီဥက္ကဋ္ဌ ဦးဇိုဇမ်က ထောက်ပြပြောဆိုသည်။

မျိုးစောင့်ဥပဒေပြည်သူ့ဆန္ဒထောက်ခံမဲများကို အထက်မြန်မာပြည်တွင် အရှင်ဝီရသူ၊ အောက်မြန်မာပြည်တွင် ဆရာတော်ဘဒ္ဒန္တပညာဝရတို့က တာဝန်ယူကောက်ခံလျက်ရှိသည်။

ယင်းသို့ ကောက်ခံရာတွင် တိုင်းနှင့် ပြည်နယ်များမှ သံဃာတော်များ၊ ဒေသခံလူမှုရေးအဖွဲ့များ၊ နိုင်ငံရေးပါတီအချို့မှ အဖွဲ့ဝင်များတို့က ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ အချို့သောမြို့နယ်များတွင် မဏ္ဍပ်များထိုး၍ ကောက်ခံမှုများပင် တွေ့ရသည်။

ရန်ကုန်တိုင်းအတွင်းရှိ မြို့နယ်အချို့၌ မျိုးစောင့်ဥပဒေကို ထောက်ခံသည့် လက်မှတ်ထိုးပွဲများကို ဆွမ်းလောင်းဓမ္မာရုံမဏ္ဍပ်အချို့တွင် ပြုလုပ်ခဲ့သော်လည်း လက်မှတ်ရေးထိုးခဲ့သည့်လူအများစုမှာမျိုးစောင့်ဥပဒေနှင့်ပတ်သက်၍ တိတိကျကျသိရှိခြင်းမရှိကြောင်း ကိုယ်တိုင်လက်မှတ်ရေးထိုးခဲ့သူတစ်ဦးက ပြောကြားခဲ့သည်။

"မနေ့ကအထိ ထောက်ခံမဲ သုံးသန်းလောက်ရပါတယ်။ အထက်ပိုင်းမှာ စစ်ကိုင်းနဲ့ ရှမ်းက အများဆုံးပါ။ လွှတ်တော်ကိုတင်ဖို့ ဆက်လုပ်မှာပါ"ဟုအရှင်ဝီရသူက ဇူလိုင် ၂၁ ရက်က မိန့်ကြား သည်။

မျိုးစောင့်ဥပဒေပြဋ္ဌာန်းနိုင်ခြင်းနှင့် ပတ်သက်၍ မည်သည့်ဘာသာမဆို ထိန်းသိမ်းစောင့်ရှောက်သည့် ဥပဒေများရှိသော်လည်း ထေရဝါဒဗုဒ္ဓဘာသာတွင်မူ မရှိသည့်အတွက် ဩည့်သည်များ၏ အနိုင်ကျင့်မှုများ ကြုံတွေ့ခဲ့ရသောကြောင့် ယင်းဥပဒေပေါ်ပေါက်ရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း ဆရာတော်များက မိန့်ကြားထားသည်။

ကန့်ကွက်ကြသည့် အဖွဲ့အစည်းများကမူ ယင်းဥပဒေတွင် လူ့အခွင့်အရေးကို ချိုးဖောက်သည့် အချက်များ ပါဝင်သည့်အတွက် သဘောမတူနိုင်ခြင်းဖြစ်ကြောင်း ပြောကြသည်။

ယင်းမျိုးစောင့်ဥပဒေကို Rain Fall ၊ အခရာအမျိုးသမီးအဖွဲ့၊ ကရင်အမျိုးသမီးဖွံ့ဖြိုးရေးအဖွဲ့၊ ဖန်မီးအိမ်၊ ဇဇ မျိုးဆက်(အမျိုးသမီး)၊ Colorful Girls နှင့် Triangel Women Support Group အပါအဝင် အဖွဲ့အစည်းရှစ်ခုက ကန့်ကွက်ကြောင်း ကြေညာချက် ထုတ်ပြန်ထားသည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အခန်း(၁၆)တွင် အသက်အရွယ်ပြည့်သူ အမျိုးသား၊ အမျိုးသမီးတိုင်းသည် လူမျိုး၊ နိုင်ငံသား(သို့မဟုတ်) ဘာသာရေးအရ ကန့်သတ်ထားမှု တစ်စုံတစ်ရာမရှိဘဲ လွတ်လပ်စွာထိမ်းမြားခွင့်၊ မိသားစုထူထောင်ခွင့်ရှိသည်။ ၎င်းတို့သည် လက်ထပ်ထိမ်းမြားခြင်း မတိုင်မီလည်းကောင်း၊ အိမ်ထောင်ဖက်ဘဝ၌လည်းကောင်း၊ ကွာရှင်းပြတ်စဲရာတွင်လည်းကောင်း တူညီသောအခွင့်အရေးများ ရှိရမည်ဟု ဖော်ပြထားသည်။

မြန်မာ့ဓလေ့ထုံးတမ်းထိမ်းမြားမှုဥပဒေတွင် မည်သူ့ကိုလက်ထပ်ခွင့်မရှိဟုမပါဝင်ဘဲ သွေးရင်းသားရင်းမှလွဲ၍ လွတ်လပ်စွာလက်ထပ်ခွင့်ရှိကြောင်း ဖော်ပြထားသည်။

"၁၉၅၄ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေရှိတယ်။ ပြည့်စုံပြီးသားပါ။ ပြီးရင်လွှတ်တော်ကတစ်ဆင့် လုပ်ရမှာ။ အရမ်းလုပ်လို့မရဘူး။ လုပ်ရင်ဘောင်မဝင်ပါဘူး"ဟု ရှေ့နေဦးခင်ဇော်(မရမ်းကုန်း)က သုံးသပ်သည်။

ပြည်ထောင်စုလွှတ်တော်သို့ ဥပဒေကြမ်းများ တင်သွင်းရာတွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများကသာ တိုက်ရိုက်တင်သွင်းခွင့်ရှိသည်။

"ဒီဥပဒေကြမ်းကို လွှတ်တော်တင်ဖို့ နိုင်ငံရေးပါတီတွေနဲ့ ဆွေးနွေးထားတာ မရှိသေးပါဘူး။ ပြည်သူ့ဆန္ဒမဲနဲ့ တင်သွင်းမှာပါ" ဟု ဆရာတော်ဘဒ္ဒန္တဒေါက်တာဓမ္မပီယက မိန့်ကြားထားသည်။ ယခုပြည်သူများလက်ဝယ်ရောက်ရှိနေသည့် ဥပဒေမှာ မူကြမ်းသာဖြစ်ပြီး အကြိမ်ကြိမ်လေ့လာသုံးသပ်ပြီးမှ အတည်ပြု၍ လွှတ်တော်သို့ တင်ပြမည်ဟုလည်း ဆရာတော်များက မိန့်ကြားသည်။

မျိုးစောင့်ဥပဒေကို ပြည်ထောင်စုအဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက တင်ပြလာမှ စဉ်းစားသွားမည်ဟု ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကပြောကြားထားသည်။

နိုင်ငံတော်သည်ဗုဒ္ဓဘာသာသာသနာတော်ကို နိုင်ငံသားအများဆုံးကိုးကွယ်ရာဖြစ်သောဂုဏ်ထူးဝိသေသနနှင့်ပြည့်စုံသည့် ဘာသာသာသနာဖြစ်သည်ဟု နိုင်ငံတော်က အသိအမှတ်ပြုသည်။ နိုင်ငံတော်သည် ခရစ်ယာန်၊ အစ္စလာမ်၊ ဟိန္ဒူနှင့် နတ်ကိုးကွယ်သော ဘာသာတို့ကို နိုင်ငံတော်တွင် ရှိနေကြသော ကိုးကွယ်ရာဘာသာများဟူ၍ အသိအမှတ်ပြုကြောင်း ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြထားသည်။ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်မှုမှာ အများဆုံးဖြစ်ပြီး ၈၉ ရာခိုင်နှုန်းခန့်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ အရေးကြီးသည့် အသွင်ကူးပြောင်းရေးကာလတွင် အချင်းချင်းစိတ်ဝမ်းမကွဲသင့်ဘဲ ညှိနှိုင်းဆွေးနွေး အဖြေရှာသင့်ကြောင်း လူမှုရေးအဖွဲ့အစည်းအချို့နှင့် ပညာရှင်များက ထောက်ပြပြောဆိုသည်။

"ကန့်ကွက်တာလည်း ဗုဒ္ဓဘာသာ၊ ဒီဥပဒေကို လုပ်တာကလည်း ဆရာတော်တွေ၊ဗုဒ္ဓဘာသာတွေ၊ နှစ်ဖက်လုံးက ကောင်းတာကို လိုချင်လို့။ ဒါကြောင့် ဘာဖြစ်လို့ ဒီဥပဒေကို လုပ်တာလဲ ကန့်ကွက်သူတွေကို ဖိတ်ခေါ်ညှိနှိုင်းဆောင်ရွက်သင့်ပါတယ်။ နှစ်ဖက်ထိပါးတာတွေ မလုပ်သင့်ဘူး"ဟု စာရေးဆရာမ ဒေါ်သန်းမြင့်အောင်ကထောက်ပြပြောဆိုသည်။

မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကိုးကွယ်သူ အများဆုံးဖြစ်သော်လည်း ခရစ်ယာန်ဘာသာကိုးကွယ်မှုမှာ လေးရာခိုင်နှုန်းခန့်ရှိသည်။ ခရစ်ယာန်ဘာသာကိုးကွယ်မှုမှာ ကချင်၊ ချင်း၊ ကရင် စသည့် တိုင်းရင်းသားများတွင် အများဆုံးဖြစ်သည်။ ကမ္ဘာတွင်ပြည်တွင်းစစ်သက်တမ်းအရှည်ဆုံးဖြစ်သည့် မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုများမှာ တန်းတူညီမျှအခွင့်အရေးရှိသည့် ပြည်ထောင်စုစနစ်ဖြစ်ပေါ်လာရန် လိုလားကြသည်။

ယခုမျိုးစောင့်ဥပဒေအတည်ပြုဖြစ်ပါက တိုင်းရင်းသားလူမျိုးစုများအပေါ် အကျိုးသက်ရောက်မှုများ ရှိလာနိုင်ကြောင်း တိုင်းရင်းသားပါတီအချို့နှင့် ခေါင်းဆောင်များက ထောက်ပြသည်။

"ဖက်ဒရယ်စနစ်ကို အနည်းအများတော့ ထိခိုက်မှာပဲ။ ဖက်ဒရယ်ဆိုတာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့်လေ။ နောက်ပြီး အမျိုးသားရေးဝါဒတွေ ပေါ်ထွက်လာမှာကို စိုးရိမ်မိတယ်။ ဥပဒေလုပ်မယ်ဆိုရင် ပါလီမန်ဒီမိုကရေစီကိုဦးတည်တဲ့ဥပဒေမျိုးဘဲ လုပ်သင့်တယ်"ဟု ဦးဇိုဇမ်ကပြောသည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်တွင် လူ့အသိုင်းအဝိုင်းနှစ်ခုကြား ဖြစ်ပွားခဲ့သည့် ပဋိပက္ခကို လူမျိုးရေး၊ ဘာသာရေးပဋိပက္ခအဖြစ် ဒေသတွင်းအရေးကိစ္စ၊ နိုင်ငံတကာအရေးကိစ္စအဖြစ် ပုံဖော်ပြီး ကုလသမဂ္ဂ မျက်နှာစာတွင် တင်ပြရန် ကြိုးစားမှုများ စတင်တွေ့ရှိလာရပြီဖြစ်ပြီး မိမိတို့နိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဘာသာကြီးလေးခုကို အသိအမှတ်ပြုကာကွယ်စောင့်ရှောက်ရမည့် ပြဋ္ဌာန်းချက်များပါဝင်ပြီးဖြစ်၍ လူမျိုးရေး၊ ဘာသာရေးခွဲခြားမှုများကို လုံးဝလက်မခံနိုင်ကြောင်း ဇူလိုင် ၂၁ ရက်က ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့နှင့်တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

## CRIME မှုခင်းသတင်း CORNER

### ရွှေတိဂုံစေတီသို့ ဓားယူလာသူ တစ်ဦး ထပ်မံဖမ်းဆီး

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ရွှေတိဂုံစေတီတော်တွင် ဓားယူဆောင်သူတစ်ဦးအား ဒုတိယအကြိမ်အဖြစ် အာဇာနည်နေ့တွင် ထပ်မံဖမ်းဆီးအရေးယူခဲ့ကြောင်း ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံးမှ သတင်းရရှိသည်။

ရွှေတိဂုံစေတီတောင်ဘက်မုခ်ရှိအလယ်ပစ္စယံစောင်းတန်းတွင် ယခုလ၁၉ရက်က နံနက်၁၀နာရီက လုံခြုံရေးတာဝန်ယူသူများသည် လှိုင်သာယာမြို့နယ်အတွင်း နေထိုင်သူ အသက်၂၆ နှစ်အရွယ် ဗမာလူမျိုးသိန်းမျိုးဆွေအား လုံခြုံရေးအရရှာဖွေစစ်ဆေးခဲ့သည်။

ထို့နောက်၎င်းထံမှ အရိုးအသွား ရှစ်လက်မရှိသော ဓားအိမ်ပါ ဓားဦးချွန်တစ်ချောင်း ရှာဖွေတွေ့ရှိခဲ့သည်။ နောက်၎င်းအားအများပြည်သူဝင်ထွက်သွားလာရာ နေရာတွင် ခွင့်ပြုချက်မရှိဘဲ ဓားမြှောင်ကိုင်ဆောင်ခဲ့သည့်အတွက်လက်နက်ဥပဒေပုဒ်မ-၁၉(င)အရဖမ်းဆီးစစ်ဆေးနေကြောင်း ရဲမှတ်တမ်းတွင် ဖော်ပြထားသည်။

ဇူလိုင် ၁၂ ရက်နံနက်ပိုင်းကလည်း အဆိုပါ တောင်ဘက်မုခ်စောင်းတန်း၌ပင် ဘုရားလာဖူးသူတစ်ဦးအား မသင်္ကာ၍ တာဝန်ကျ လုံခြုံရေးတို့က စစ်ဆေးခဲ့ရာ ၎င်းကိုင်ဆောင်လာသည့်ကြွပ်ကြွပ်အိတ်အတွင်းမှဓာတ်ခဲအကြီး သုံးလုံး၊ဝိုင်ယာကြိုးတစ်ချောင်း၊ မီးခလုတ်တစ်ခု၊ အရိုးအသွား ခုနစ်လက်မခန့်ရှိ ဓားချွန်တစ်ချောင်း၊ ခွတစ်ခုတို့ကို တွေ့ရ၍ လက်နက်ဥပဒေပုဒ်မဖြင့် အမှုဖွင့်အရေးယူခဲ့သည်။ သို့သော် ၎င်းမှာ ဆိုင်ကယ်ပြင်သူတစ်ဦးဖြစ်ပြီး ရွာတွင် အလုပ်မကောင်း၍ ရန်ကုန်သို့အလုပ်လုပ်ရန်လာရောက်ခြင်းဖြစ်ပြီး ဘုရားလာဖူးစဉ် ဆိုင်ကယ်ပြင်ရာတွင် အသုံးပြုသောပစ္စည်းများကို ရဲကမသင်္ကာ၍ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်ဟုထွက်ဆိုခဲ့သည်။

## တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံးပါဝင်မည့် ငြိမ်းချမ်းရေးဆွေးနွေးပွဲအတွက် KNU နှင့် RCSS ပူးတွဲကြေညာချက်ထုတ်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၀**

တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရန် တိုင်းရင်းသားလက်နက်ပိုင်အဖွဲ့အားလုံးနှင့် အစိုးရ ပထမဆုံးအကြိမ် တွေ့ဆုံ ဆွေးနွေးကြရာတွင် ပါဝင်ပတ်သက်သူ အစုအဖွဲ့အားလုံး အတူတကွပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း ကရင်အမျိုးသားအစည်းအရုံး (KNU)နှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) ဥက္ကဋ္ဌနှစ်ဦးက ပူးတွဲကြေညာချက်တစ်စောင် ထုတ်ပြန်လိုက်သည်။


JOINT STATEMENT
Karen National Union & Restoration Council of the Shan State
17 July, 2013

In response to the ethnic armed groups' proposal, the Government of Myanmar recently announced that it will invite ethnic armed groups to Naypyitaw to sign a nation-wide ceasefire. A nation-wide ceasefire is a significant milestone as it consolidates the ceasefires

တိုင်းရင်းသားလက်နက်ကိုင်နှစ်ဖွဲ့ ပူးတွဲကြေညာချက် ထုတ်ပြန်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး ဇူလိုင် ၁၇ ရက်က ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံး၊ နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရအဖွဲ့စသည်တို့ပါဝင်သော ငြိမ်းချမ်းရေးအတွက် နိုင်ငံရေးဆွေးနွေးပွဲကို အစိုးရက ယခုနှစ်အတွင်း ကျင်းပနိုင်ရန် ကြိုးပမ်းနေသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် မြန်မာ့နိုင်ငံရေး၌ ပါဝင်ပတ်သက်သည့် အင်အားစုများဖြစ်ကြသော နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ လွှတ်တော်၊ တပ်မတော်၊ ဒေါ်အောင်ဆန်းစုကြည်အပါအဝင် အခြားသော အထင်ကရနိုင်ငံရေးခေါင်းဆောင်များပါ ပါဝင်ရမည်ဟုလည်း ပါရှိသည်။

"တိုင်းရင်းသားများက လိုလိုလားလားရှိတယ်ဆိုတာကတော့ ဝမ်းသာပါတယ်။ ဒီလိုအလုပ်လုပ်တယ်ဆိုတာ တာဝန်အရ လုပ်ရတယ်။ နေရာယူဖို့ ဒီအဖွဲ့မှာပါဝင်တာမဟုတ်ရဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဘယ်သူမဆို လုပ်နိုင်တဲ့ အခြေအနေမှာ ရှိပါတယ်။ ကျရာနေရာက တာဝန်ယူရမှာဖြစ်တယ်" ဟု ဒေါ်အောင်ဆန်းစုကြည်က ဆိုသည်။

တိုင်းရင်းသားများက လိုလားသည့်အတွက် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ဒေါ်အောင်ဆန်းစုကြည်မှာ တစ်နေရာမှပါဝင်သင့်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းကပြောသည်။

သို့သော် မကြာသေးမီက ပြန်လည်ဖွဲ့စည်းလိုက်သည့် ငြိမ်းချမ်းရေးကော်မတီများတွင် ဒေါ်အောင်ဆန်းစုကြည်မပါဝင်ဘဲ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များသာ ပါဝင်ခဲ့သည်။

အစိုးရအနေဖြင့် တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး စာချုပ်ချုပ်ဆိုနိုင်ရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းလျက်ရှိပြီး ထိုကဲ့သို့ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံရေး ဆွေးနွေးမှုများ စတင်မည်ဖြစ်သည်။

ပြီးခဲ့သည့်ရက်ပိုင်းက တိုင်းရင်းသားလက်နက်ကိုင်အင်အားစုများနှင့် ဖွဲ့စည်းထားသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများ ဖက်ဒရယ်ကောင်စီ (UNFC) မှ နည်းပညာအထောက်အကူပြုအဖွဲ့နှင့် မြန်မာငြိမ်းချမ်းရေးစင်တာမှ နည်းပညာအထောက်အကူပြုအဖွဲ့တို့သည် နိုင်ငံရေးဆွေးနွေးမှုမတိုင်မီ အကြိုညှိနှိုင်းမှုများ ပြုလုပ်ရန် ဆွေးနွေးခဲ့သည်။



Life
7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# မြန်မာ့ရုပ်ရှင် တစ်ကျော့ပြန်ခေါင်းထောင်လာနိုင်မလား




မြန်မာ့ရုပ်ရှင်ခေတ်ကောင်းစဉ်အခါက ရုပ်ရှင်ကြော်ငြာတစ်ခု

၄၃ နှစ်ကြာ သမိုင်းကာလအတွင်းတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် အတက်အကျမျိုးစုံကို ကြုံတွေ့ခဲ့ရပါသည်။ သို့သော်လည်း ၁၉၆၃ ခုနှစ် စစ်အာဏာသိမ်းပြီး နောက် ဆိုရှယ်လစ် အစိုးရလက်ထက်တွင် မြန်မာ့ရုပ်ရှင်အကျပိုင်းသို့ ရောက်ခဲ့သည်ဆိုသည်မှာ လုံးလုံးလျားလျားမှန်သည်ဟု မဆိုနိုင်ပါ။ ထိုအစိုးရလက်ထက်နောက်ပိုင်း စစ်အစိုးရက အာဏာသိမ်းယူပြီးသည့်နောက် ဆယ်စုနှစ်များစွာ အကြာမှာ လုံးဝပျက်စီးယိုယွင်းသွားခဲ့ခြင်းဖြစ်ပါသည်။

မြန်မာ့ရုပ်ရှင်နေ့ဟု နောက်ပိုင်းတွင်သတ်မှတ်ခဲ့သည့် ၁၉၂၀ ပြည့်နှစ် အောက်တိုဘာ ၁၇ ရက်တွင် **မေတ္တာနှင့် သူရာ**ရုပ်ရှင်ဇာတ်ကားဖြင့် အစပြုခဲ့သော မြန်မာ့ရုပ်ရှင်လုပ်ငန်းသည် အစပိုင်းတာထွက် အလွန်ကောင်း ခဲ့ပါသည်။ ၁၉၂၀ ပြည့်နှစ်အစောပိုင်းကာလများတွင် မြန်မာ့ရုပ်ရှင်မင်းသမီးများက အိန္ဒိယနှင့် ဂျပန်နိုင်ငံတို့တွင် သွားရောက်သရုပ်ဆောင်ခဲ့ပြီး ၁၉၃၂ ခုနှစ်တွင်မူ အသံတိတ်မှ အသံထွက်ရုပ်ရှင်များ ရိုက်ကူးလာသည်။ အိန္ဒိယဘောလိဝုဒ်ရုပ်ရှင်က မြန်မာနိုင်ငံ၏နောက်တစ်နှစ်ကြာမှသာ အသံထွက်ဇာတ်ကားကို ရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

၁၉၂၀ မှ ၁၉၃၀ ပြည့်နှစ်အထိ ရိုက်ကူးခဲ့သည့် မြန်မာရုပ်ရှင်များမှာ ရာဇဝင်ကားများနှင့်မိသားစု ဇာတ်လမ်းများသာများသည်။ ၁၉၃၀ ပြည့်နှစ်တွင် အေဝမ်းကုမ္ပဏီက ၂၃ ဟက်တာမြေအကျယ်ရှိသော မြန်မာဟောလိဝုဒ်ဟုခေါ်ဆိုရသည့် အေဝမ်း ရုပ်ရှင်ခြံကို တည်ခဲ့သည်။

"ဒီရုပ်ရှင်ခြံက မြန်မာ့ရုပ်ရှင်လုပ်ငန်းရဲ့ ထည်ဝါခမ်းနားအရေးပါခဲ့မှုကို ပြတာပေါ့ဗျာ" အေဝမ်းခြံတည်ထောင်သူ ဦးညီပု၏ တူဖြစ်သူဦးမြင့်စိုးက ပြောကြားသည်။

၁၉၃၀ ပြည့်နှစ်တွင်မူ မြန်မာစတန့် စွန့်စားခန်းရုပ်ရှင်များနှင့် ကာတွန်းကားများလည်း ရိုက်ကူးလာခဲ့ပါသည်။ ရုပ်ရှင်များက လူမှုရေးနှင့်နိုင်ငံရေးကို ရိုက်ကူးထားသော်လည်း ထိုအချိန်က လောင်းကစားနှင့် အကျင့်ပျက်ခြစားမှုများကို ဖော်ပြထားသည့် အတွက် ရုပ်ရှင်ကား အတော်များများ ဗြိတိသျှအစိုးရဆင်ဆာဖြတ်တောက်ခြင်းကိုခံခဲ့ရ၏။ ၁၉၄၁ ခုနှစ်အကျော် ဂျပန်ခေတ်တွင် ရုပ်ရှင်ရုံအတော်များများမှာ ဗုံးကြဲခံရပြီး ရုပ်ရှင်လည်း ငါးနှစ်လောက်ရိုက်ကူး နိုင်ခြင်းမရှိခဲ့ပါ။

ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီဆွေဇင်ထိုက်က "၁၉၄၆ မှာတော့ ရုပ်ရှင်တွေပြန်စရိုက်ခဲ့ပါတယ်။ ဒါပေမဲ့ အရည်အသွေးမကောင်းဘူး။ ဂျပန်ခေတ်မှာ ဖလင်မဝယ်နိုင်တော့ ဖလင်တွေကို မြေထဲမြှုပ်ပြီးသိမ်းထားကြတယ်။ အဲဒီမှာ အပူရှိန်ကြောင့် ဖလင်တွေ ပျက်စီးကုန်တယ်"

၁၉၄၇ ခုနှစ်တွင် ရုပ်ရှင်ကားနှစ်ဆယ်ခန့် ရိုက်ကူးခဲ့ပြီး ထို့နောက်တွင် တစ်နှစ်ကို ကားလေးဆယ်၊ ကားငါးဆယ်အထိ တိုးတက်လာခဲ့သည်။ ဟောလိဝုဒ်ရုပ်ရှင်ကဲ့သို့ မြန်မာရုပ်ရှင်၏ ခေတ်အကောင်းဆုံးကာလက ၁၉၅၀ ပြည့်နှစ်များဖြစ်ပြီး ၁၉၅၂ ခုနှစ်တွင် အကယ်ဒမီရုပ်ရှင်ထူးချွန်ဆုချီးမြှင့်မှုကို စတင်ခဲ့သည်။

**စာမျက်နှာ(၆)သို့**



7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

စာမျက်နှာ(၅)မှ

## မြန်မာ့ရုပ်ရှင်လုပ်ငန်း တစ်ကျော့ပြန်ခေါင်းထောင် လာနိုင်ဦးမလား

၁၉၅၃ ခုနှစ်တွင် Crasade Pictures California ကို အတုယူပြီး လူထုအောင်လံရုပ်ရှင်ကားကြီးကို ဝန်ကြီးချုပ်ဦးနုကိုယ်တိုင်ပါဝင်ဇာတ်ညွှန်းရေးသားခဲ့သည်။

“အဲဒီဇာတ်ကားက ကွန်မြူနစ်စနစ်ကို ဆန့်ကျင်ပြီး လူ့အခွင့်အရေးကို အားပေးထားတဲ့ ဂန္ထဝင်ဇာတ်ကားတစ်ကားပါ”ဟု ဆွေဇင်ထိုက်က ဆိုသည်။

၁၉၅၀ ပြည့်နှစ်တွင် ယူနီဗာဆယ်စတူဒီယို၏ အိန္ဒိယဌာနကိုယ်စားလှယ်က မြန်မာပြည်သို့ လာရောက်ပြီး နည်းပညာအချို့ကို သင်ပြခဲ့ရာ မြန်မာများကလည်း စိတ်ဝင်စားလေ့လာခဲ့ကြသည်။ တစ်ချိန်တည်းမှာပင် ရုပ်ရှင်ကုမ္ပဏီများနှင့် ရုပ်ရှင်ရုံအရေအတွက်လည်း များပြားတိုးတက်လာသည်။ အေဝမ်းခြံအဆက်အနွယ် ဦးအောင်စည်က ထိုခေတ်အကြောင်းကို ယခုလို ပြန်ပြောပြသည်။

“အဲဒီတုန်းကဆိုရင် အိန္ဒိယနဲ့ ထိုင်းသရုပ်ဆောင်တွေတောင် ဒီကိုလာရတယ်။ ဘာလို့လဲဆိုတော့ ဒီမှာက အကုန်ရတယ်လေ”

ဒေါ်ဆွေဇင်ထိုက်ကလည်း “ကျွန်မတို့က တစ်ချိန်တုန်းကတော့ အာရှရုပ်ရှင်လုပ်ငန်းရဲ့ မီးရှူးတန်ဆောင်ပေါ့လေ။ အဲဒီနေ့တွေကိုပဲ ပြန်တမ်းတနေရတာပဲ။ အရင်တုန်းကတော့ ရှေ့က အခုတော့နောက်က။ သဘာဝပဲပေါ့”

ထို့အပြင် ၁၉၅၄ ခုနှစ် ကမ္ဘာကျော် ဗြိတိသျှစစ်ကား ခရမ်းရောင်လွင်ပြင် (Purple Plain) တွင်မြန်မာမင်းသမီးဝင်းမင်းသန်းက မင်းသားဂရေဂရီပက်နှင့်အတူ သရုပ်ဆောင်ခဲ့ပါသည်။

ဗြိတိသျှကိုလိုနီနိုင်ငံဖြစ်ဖူးသည့်အတွက် ယခုကဲ့သို့ မြန်မာရုပ်ရှင်လုပ်ငန်းက လျင်လျင်မြန်မြန်တိုးတက်ခဲ့သည်ဟုလည်းပြောကြသည်။ တကယ်တမ်းတွင် ရုပ်ရှင်နှင့်ပတ်သက်ပြီးဗြိတိသျှအစိုးရဆီက ပြောပလောက်အောင် ပံ့ပိုးမှုမရခဲ့ဟု ဒေါ်ဆွေဇင်ထိုက်က ဆိုပါသည်။

သို့သော်လည်း မကြာသေးမီက ဗြိတိသျှကောင်စီ၌ ဇာတ်ညွှန်းရေးသားနည်း သင်တန်းများနှင့် ထုတ်လုပ်မှုဆိုင်ရာ သင်တန်းများပေးခဲ့ပြီး အမေရိကန်မီချီဂန်ပြည်နယ်အခြေစိုက်ဖို့ဒ်ဖောင်ဒေးရှင်းကလည်း မြန်မာရုပ်ရှင်လုပ်ငန်းအတွက် ကူညီမှုများပေးခဲ့သည်ဟု သိရပါသည်။

အကယ်ဒမီဆုရ ဒါရိုက်တာဦးကြည်စိုးထွန်းကမူ ဗြိတိသျှခေတ်တွင် ရိုက်ကူးခဲ့သော်လည်း မေတ္တာနှင့် သူရာဇာတ်ကားမှအစ မြန်မာရုပ်ရှင်ကားများ သက်သက်ချည်းကဗြိတိသျှတို့၏ လွှမ်းမိုးမှုအငွေ့အသက်မည်သည့်အခါကမှ မရှိခဲ့ဟု ပြောကြားသည်။

သူ၏ သူငယ်ချင်းအချို့က ဗြိတိသျှလုပ်ရုပ်ရှင်စက်ပစ္စည်းများ သုံးသော်လည်း ဗြိတိသျှတို့၏ ရုပ်ရှင်ပညာကို မြန်မာရုပ်ရှင်သမားများက နမူနာအတုမယူခဲ့ဟု သူက ဆိုပါသည်။

သို့သော်လည်း ဗြိတိသျှအစိုးရဆီက ဆင်ဆာဖြတ်မှုကို မြန်မာအစိုးရက အတုယူခဲ့ကာလွတ်လပ်ရေးရအပြီး ၁၉၅၀ ပြည့်နှစ်များနောက်ပိုင်း ရုပ်ရှင်ဆင်ဆာအဖွဲ့ကိုလည်း တည်ထောင်ခဲ့ သည်။

သို့သော်လည်း ထိုဆင်ဆာအဖွဲ့က မြန်မာရုပ်ရှင်လုပ်ငန်းကို ထိခိုက်မှုမရှိဟု အဖိုးနှင့် ဖခင်နှစ်ဦးစလုံးနာမည်ကြီး ရုပ်ရှင်ဒါရိုက်တာများဖြစ်ကြသော ဒေါ်ဝါနုက ဆိုသည်။

“ကျွန်မအဖိုးက ၁၉၅၉ ခုနှစ်မှာ ရုပ်ရှင်စရိုက်ခဲ့တယ်။ ဒါပေမဲ့ ဆင်ဆာကြောင့် ပြဿနာမရှိခဲ့ဘူး။ သူက သာမန်လူတွေအကြောင်းကိုပဲ ရုပ်ရှင်ရိုက်ခဲ့တာပါပဲ။ အဲဒီအချိန်တုန်းကတော့ခေတ်ကောင်းတာပေါ့။ တစ်နှစ်ကို ရုပ်ရှင်ကားတစ်ရာကျော်လောက်ထွက်တယ်”

၁၉၆၂ ခုနှစ် တော်လှန်ရေးကောင်စီ အစိုးရက တရုတ်နိုင်ငံအတိုင်း ပုံစံယူပြီး ဝါဒဖြန့်ရုပ်ရှင်တွေကိုယ်တိုင်ရိုက်ကာ အစိုးရရုံတွေမှာ ပြသခဲ့သည်။ နောက်ပိုင်းတွင် စရိတ်စကကြီးသည့်အတွက် ထိုအကြံကို စွန့်လွှတ်ကာ ရုပ်ရှင်များကို ထိန်းချုပ်ရန် အခြားနည်းလမ်းများကို သုံးလာခဲ့သည်။

ဒါရိုက်တာကြည်စိုးထွန်းက “သူတို့က ကျွန်တော်တို့ကို ဖန်တီးခွင့်ပေးထားပါတယ်။ ဒါပေမဲ့ အများကြီးစောင့်ကြည့်ထိန်းချုပ်မှုတွေကြားကပေါ့လေ”

၁၉၈၀ ပြည့်နှစ်တွင်မူ သရုပ်ဆောင်တစ်ဦးကို တစ်နှစ်လျှင် ရုပ်ရှင်သုံးကားသာရိုက်ရမည်ဟု သတ်မှတ်ချက်ချခဲ့သည်။ ရုပ်ရှင်သရုပ်ဆောင်ဆွေဇင်ထိုက်က ထိုအချက်ကို လက်မခံခဲ့သည့်အတွက် သူ့ကို ရုပ်ရှင်ရိုက်ခွင့်ခြောက်လပိတ်ခဲ့သည်။ထိုသတ်မှတ်မှုသည် ရုပ်ရှင်သရုပ်ဆောင်များ၏ အသက်မွေးဝမ်းကျောင်းဘဝကို အစိုးရက ထိန်းချုပ်ခြင်းကို ပြသရာရောက်ကြောင်း ဆွေဇင်ထိုက်က ယုံကြည်ခဲ့သည်။

ထို့အပြင် ရုပ်ရှင်များသည် ဇာတ်ညွှန်းများခွင့်ပြုချက်နှင့် အများပြည်သူပြသရန် ခွင့်ပြုချက်တို့လိုအပ်ကြောင်း သတ်မှတ်ချက်များပါ အစိုးရက ချမှတ်ခဲ့သည်။ ခွင့်ပြုချက်ကိုလည်း နောက်ပိုင်းတွင် သုံးနှစ်သက်တမ်းသာသတ်မှတ်ခဲ့၏။

၁၉၇၂ ခုနှစ်တွင် ဆိုရှယ်လစ်အစိုးရက ပြုပြင်ပြောင်းလဲရေးဟုဆိုကာ ရုပ်ရှင်များကို ဆိုရှယ်လစ်သဘောထားများ ပြန့်ပွားရေးအတွက် ရိုက်ကူးရမည်ဟု သတ်မှတ်လာသည်။

“အဲဒါက ကျွန်မတို့ရဲ့ အနုပညာဖန်တီးတိုးတက်မှုတွေကို ဟန့်တားလိုက်တာပါပဲ”ဟု ဒေါ်ဆွေဇင်ထိုက်က ပြောကြားသည်။

ရုပ်ရှင်ကောင်စီအဖွဲ့ဝင် လူကြီးများကို အစိုးရက ခန့်အပ်သူများနှင့် အစားထိုးခဲ့သည်။ ရည်ရွယ်ချက်မှာ အနုပညာထက်ထိန်းချုပ်ဖို့ သက်သက်သာဖြစ်သည်။ ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးသည် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်အာဘော်သာဖြစ်အောင် ဖိအားပေးထားခဲ့သည်။

၁၉၈၈ ခုနှစ် ဒီမိုကရေစီအရေးအခင်းအပြီးတွင် အစိုးရ၏ ရုပ်ရှင်အပေါ်တင်းကျပ်မှုက ပိုပိုဆိုးလာသည်။ အနောက်တိုင်းနိုင်ငံများ၏ ပိတ်ဆို့မှုကြောင့် ဖလင်ဝယ်ယူရန် အခက်အခဲရှိလာသည့်အခါ ဗီဒီယိုများ ရိုက်ကူးခွင့်ကို ပေးခဲ့သည်။

ထိုအခါ အိမ်မှာဗီဒီယိုကြည့်သည့် အလေ့အထထွန်းကားလာပြီး တစ်နှစ်ကို ဗီဒီယိုကား တစ်ထောင်ခန့်အထိ ထုတ်လုပ်နိုင်လာသည်။

အခြားတစ်ဖက်မှာလည်းရုပ်ရှင် ကြည့်သူကျဆင်းလာသည်။ လက်မှတ်ဝယ်ပြီး ရုံတွင် ကြည့်မည့်အစား မိသားစုနှင့်အတူ ဗီဒီယိုတစ်ကားကြည့်လိုက်ခြင်းက ငွေ ၅၀၀ လောက်သာ အကုန်အကျရှိသည်မို့ ပိုတွက်ခြေ ကိုက်လာသည်။

ထို့အပြင် ကိုရီးယား၊ တရုတ်နှင့် ဟောလိဝုဒ်ရုပ်ရှင်များကို လူကြိုက်များလာခြင်းကလည်း ပြည်တွင်းရုပ်ရှင်လုပ်ငန်း၏ အခြေအနေကို ပိုမိုဆိုးရွားစေသည်။

ရုပ်ရှင်ရုံများကလည်းဝင်ငွေမကောင်းတော့ချေ။ ၁၉၈၈ ခုနှစ်နောက်ပိုင်းတွင် အိမ်ရာဈေးများ တစ်ရှိန်ထိုးမြင့်တက်လာသည့်အတွက် ရုပ်ရှင်ရုံများကို ဖျက်ပြီး အိမ်ရာတိုက်ခန်းများ ဆောက်လာကြသည်။

“ရုပ်ရှင်ပြတာက ရင်းနှီးထားတဲ့ ငွေပြန်ရမယ်လို့ အာမ,မခံနိုင်ဘူးလေ”ဟု ဒေါ်ဆွေဇင်ထိုက်က ဆိုသည်။ မြန်မာနိုင်ငံတွင် လက်ရှိရုပ်ရှင်ရုံ ၁၀၀ ခန့်ရှိသည့်အနက် ရုံ ၅၀ ခန့်ကပဲ ရုပ်ရှင်များ ပြသနေသည်ဟု သူက ခန့်မှန်းပါသည်။

စာမျက်နှာ(၁၉)သို့

## အိုးလေး ချက်ကြရအောင်

ဗိုက်ဗီ



### “ဝ”ဥ ကြာဆံသုပ်

“ဝ”ဥ က ဈေးထဲမှာ အမြဲတွေ့နေရပြီးဘာမှန်းမသိလို့ ဒါမှမဟုတ် ဘာလုပ်စားရမှန်းမသိလို့ မြည်းစမ်းမကြည့်ဖူးသူတွေအတွက် ဒီတစ်ပတ်ဗိုက်ဗီက ပြင်ဆင် ချက်ပြုတ်ထားပါတယ်။ ဈေးထဲက ကျိုပြီးသား “ဝ”ဥ အတုံးတစ်ဆယ်ကျပ်သား၊ ပဲကြာဆံအနည်းငယ်နဲ့ အာလူးနှစ်လုံးပဲ လိုပါတယ်။

ဝယ်လာတဲ့ “ဝ”ဥအတုံးကို ဆယ်မိနစ်ခန့်ပြန်ပြုတ်ပါမယ်။ ပဲ ကြာဆံအနည်းငယ်ကိုလည်း ပြုတ်ပါ။ အာလူးနှစ်လုံးကိုလည်း ပြုတ်ထားပါ။

“ဝ”ဥကို တို့ဟူးလှီးသလို အနေတော်လှီး၊ ရှောက်ရွက်ညှပ်ထည့်၊ ငရုတ်သီးစိမ်း၊ ငရုတ်အကျက်မှုန့်၊ ကြက်သွန်ဖြူဆီချက်ကြော်၊ ငံပြာရည်၊ ဟင်းခတ်မှုန့်တို့နှင့်ရောမွှေနယ်ပြီး သံပရာရည်ညှစ်လိုက်ရင်ရပါပြီ။ သက်သတ်လွတ် စားလိုသူတွေကတော့ ငံပြာရည်အစား ဆားနဲ့ သုပ်လို့ရပါတယ်။

ခပ်စိမ့်စိမ့်“ဝ”ဥကို ချဉ်ချဉ်စပ်စပ် သုပ်ထားတာကြောင့် အရသာအလွန်ကောင်းတဲ့ ဟင်းလျာတစ်ခွက်ပဲဖြစ်ပါတယ်။



# အတိတ်မှာ ပျော်မွေ့နေတဲ့သူ

ကျော်ကိုကို


ဂျပန်တွေကို တိုက်ခိုက်ခဲ့သော ကချင်စစ်သားဟောင်းကြီး ဦးဝူးနင်တီ ဓာတ်ပုံ-ကျော်ကိုကို

စခန်းမှသေနတ်ဆွဲ၍ အခြေအနေကြည့်ရန်တစ်ယောက်တည်းထွက်လာသော ကချင် တပ်သားလေး တစ်ယောက်လမ်းကွေ့တွင် ရန်သူဂျပန်တပ်သားနှင့်ပြုန်းခနဲရင်ဆိုင်အတွေ့ ထိတ်လန့်သွားသည်။ နှစ်ဦးသား ထိတ်လန့်အံ့ဩကာခေတ္တကြောင်သွားပြီးနောက် ကိုယ့်စခန်းဆီသို့ ပြန်ပြေးကြလေသည်။

“ကျွန်တော်ရော အဲဒီဂျပန်ရောလန့်သွားတာပေါ့။ သေနတ်နဲ့မပစ်ကြဘဲ ကိုယ့်စခန်းကိုယ်ပြန်လှည့်ပြေးကြတာ။ တပ်ဖွဲ့ဆီရောက်တော့ ကျွန်တော့်မှာ မောလို့စကားမပြောနိုင်ဘူး။ ကိုယ်က တပ်သားအငယ်ဆိုတော့ စခန်းချတဲ့ အနီးနားမှာ ရန်သူစခန်းရှိ၊ မရှိအမြဲပဲ သွားကြည့်ခိုင်းတာခံရတယ်။ ကျွန်တော်လည်းစခန်းပြန်ရောက်ရော ဂျပန်တွေနောက်ကရောက်လာတာနဲ့တိုက်ပွဲဖြစ်တော့တာပဲ”ဟု ဂျပန်တွေ မြန်မာပြည်ဝင်ခဲ့စဉ် အသက်ဘေးနီးခဲ့ပုံကိုအသံဝဲဝဲဖြင့်အသက် တစ်ရာအရွယ် ကချင်တပ်သားဟောင်းဦးဝူးနင်တီက ပြန်ပြောပြနေသည်။ ဦးဝူးနင်တီသည် ၁၉၄၂ ခုနှစ် အချိန်ကာလက မြန်မာပြည်ထဲမှနိပ္ပွန်ဂျပန်တပ်မတော်ကို ဗြိတိသျှအစိုးရနှင့် ပူးပေါင်းတိုက်ထုတ်ခဲ့သည့် အချိန်ကချင်တပ်ဟု လူသိများသည့် နော့တင်ကချင် လယ်ဗီးတပ်ဖွဲ့တွင် ပါဝင်ခဲ့သည့် တပ်သားတစ်ဦးပင်။

မြန်မာပြည်အနှံ့အပြားတွင် ဂျပန်တပ်များနှင့် ဗြိတိသျှများ ဦးဆောင်သည့် တပ်ဖွဲ့များတိုက်ပွဲပြင်းထန်စွာဖြစ်ပွားနေကြချိန်ဖြစ်သည်။ ကချင်ပြည်နယ်မြစ်ကြီးနားသို့ ကျော်ဖြတ်ကာ ပူတာအိုဒေသသို့ရောက်ရှိရန်မိုင်လေးဆယ်ခန့်အလိုတွင်နော့တင်ကချင်လယ်ဗီးတပ်သားများက ဆက်လက်မကျူးကျော်စေရန် သွားရောက်တိုက်ခိုက်တားဆီးခဲ့ကြခြင်းဖြစ်သည်။ ထိုစဉ်က နော့တင်ကချင်လယ်ဗီးတပ်တွင် ကချင်တိုင်းရင်းသားအများစုအပြင် ရဝမ်နှင့် လီဆူး တိုင်းရင်းသားများလည်း ပါဝင်ခဲ့သည်ဟု ဦးဝူးနင်တီက ပြောပြသည်။ ဒေသခံတိုင်းရင်းသားတစ်ဦးပီပီ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကိုသာ အစဉ်တစိုက်လုပ်ကိုင်သော်လည်း ပူတာအိုရောက်လာမည့် ဂျပန်တပ်များကို ကာကွယ်ရမည့်အခြေအနေကြောင့် ကချင်တပ်ထဲသို့ ဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း ဦးဝူးနင်တီက ဆိုသည်။ “ဂျပန်တွေ သွားတိုက်ရမယ်ဆိုပြီး ပြောကြတော့ကိုယ့်သဘောနဲ့ကိုယ်တပ်ဖွဲ့ထဲဝင်လိုက်တာ။ အိမ်က အစကတော့ တားတယ်။ ဒါပေမဲ့ နောက်တော့တားလို့မရတော့ဘူး။ အဲဒါနဲ့ ဂျပန်တွေသွား တိုက်မယ့် တပ်ဖွဲ့ထဲပါလာတာ”ဟု ဦးဝူးနင်တီက လွန်ခဲ့သော နှစ် ၇၀ ကျော် ဂျပန်များကိုတိုက်ရန် တပ်ထဲသို့ဝင်ခဲ့သည်ကိုစိတ်လှုပ်ရှားစွာပြန်ပြောသည်။

ဗြိတိသျှတပ်မတော်နှင့်ဗမာတပ်မတော်ပူးပေါင်းကာ ဂျပန်တပ်ဖွဲ့များတိုက်ထုတ်ရာတွင် ထိုစဉ်ကကချင်တပ်မတော်မှာအောင်ပွဲရမှုဖြင့်နာမည်ကြီးခဲ့သည်။ ဂျပန်များကိုကျူးကျော်မလာရန် ခုခံခဲ့သော သူ၏ဇာတိ ပူတာအိုမြို့မှာပင်တစ်သက်လုံး အခြေချနေထိုင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်းတိုက်ပွဲများတွင် ပါဝင်ခဲ့သူပီပီ ဦးဝူးနင်တီတစ်ယောက် သေတွင်းမှ လက်တစ်လုံးခြား လွတ်မြောက်ခဲ့သည့် အကြိမ်ကလည်း သုံးကြိမ်ထက်မနည်းခဲ့ပေ။ ဂျပန်တပ်များနှင့် ထိပ်တိုက်ရင်ဆိုင်တိုက်ပွဲများအပြင် ရဲဘော်တစ်ဦးနှင့်နှစ်ဦးတည်း ဂျပန်တပ်သားတစ်ဦးကို မျက်နှာချင်းဆိုင်သုတ်သင်ပစ်နိုင်ခဲ့သည့်အမှတ်တရလည်းရှိခဲ့သည်ဟု ဦးဝူးနင်တီက ဂုဏ်ယူဝံ့ကြွားစွာ ပြောပြသည်။

စစ်ပွဲများအကြောင်း ပြန်ပြောင်းပြောနေချိန်တွင် သူ့မျက်လုံးများမှာ အသက်တစ်ရာဆိုသည့် အရွယ်နှင့်မလိုက်အောင် တောက်ပလာတတ်သည်။

“တစ်ခါဆိုရင်တပ်ဖွဲ့ စခန်းချနေတုန်း ရှေ့နားမှာ ရန်သူ့စခန်းရှိ၊ မရှိသွားကြည့်ခိုင်းတာ။ ကချင်တပ်သားတစ်ယောက်နဲ့ပေါ့။ ကိုယ်က တပ်သားအငယ်ဆိုတော့ ဒီလိုခဏခဏအခိုင်းခံခဲ့ရတယ်။ အဲဒါနဲ့ သွားကြည့်တော့ ဂျပန်ကင်းသမားတစ်ယောက်က သေနတ်ထောင်ထားပြီး နောက်မှီထိုင်နေတာ။ ပထမတော့ လန့်သွားတာ။ မြင်သွားလားလို့ပေါ့။

စာမျက်နှာ(၈)သို့



7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

မျက်နှာဖုံးမှ

## ကုမ္ပဏီများသိမ်းသည့် လယ်ယာမြေပြဿနာ တပ်ကိစ္စထက် ပိုခက်

“ကုမ္ပဏီက မလိမ့်တပတ်နဲ့ အရင်က အာဏာပိုင်တွေနဲ့ပေါင်း သိမ်းတာလည်းရှိတယ်။ အရင်က အာဏာရှိတဲ့သူက စီမံကိန်းဆိုပြီး လုပ်ခိုင်းလို့ ကြားညပ်တဲ့လုပ်ငန်းရှင်လည်းရှိတယ်။ တပ်လိုကိစ္စမျိုးက သူတို့ခေါင်းဆောင်နဲ့ပြောရင်မြန်တယ်။ ကုမ္ပဏီတွေပြဿနာကျတော့ တော်တော်ရှင်းယူရတယ်” ဟု စုံစမ်းရေးကော်မရှင်အဖွဲ့ဝင်တစ်ဦးကပြောသည်။

လယ်ယာမြေသိမ်းဆည်းခံရသည်ဟု တိုင်ကြားသော လယ်သမားများနှင့် ကုမ္ပဏီတို့ အကြား ကော်မရှင်က ကြားနေညှိနှိုင်းမှုများပြုလုပ်ပေးခြင်းကြောင့် ပြေလည်မှုအချို့ရရှိခဲ့သော်လည်း ထိပ်တိုက်ရင်ဆိုင်နေရသည့် ပြဿနာများလည်း အများအပြား ရှိသည်။

“အစိုးရသစ်တက်ခါစအထိ ကျွန်တော်တို့လယ်တွေထဲကို လုပ်ငန်းရှင်အားကိုးနဲ့ရဲတွေ ကိုယ်တိုင် လာဖျက်တာ။ ခြိမ်းခြောက်တာရှိခဲ့တယ်။ နောက်ပိုင်းကျတော့ ကော်မရှင်ဝင်လာမှ အချို့ကို လျော်ပေးတယ်။ အရင်ကပြဿနာတက်ရင် ရဲကပါ သူတို့ဘက်ပါတော့ ကျွန်တော်တို့ တော်တော်ဒုက္ခရောက်တယ်” ဟု လှိုင်သာယာမြို့နယ် ပဒံရွာမှ လယ်သိမ်းခံရကြောင်း တိုင်ကြားထားသူတစ်ဦးကပြော သည်။

လယ်မြေများကို ကုမ္ပဏီများက သိမ်းယူရာတွင် လယ်သမားများထံတွင် အထောက်အထားပျောက်ဆုံးနေမှုများ၊ ကျေးရွာများတွင် အလွန်အကျွံအာဏာပြသည့် အုပ်ချုပ်ရေးအရာရှိများကိုအားကိုးပြီးလုပ်ဆောင်ကြောင်း ကော်မတီ အဖွဲ့ဝင်များကပြောသည်။ “ခရိုနီတွေက အကျိုးတူပူပေါင်းတယ်။ စီမံကိန်း လုပ်တယ်ဆိုပြီး လယ်သိမ်းတာတွေရှိတယ်။ ဟိုးအရင်ခေတ်ကဆိုတော့ မြေစာရင်းကလဲ အပေါ်က အမိန့်နဲ့ဆိုတော့ လုပ်ပေးလိုက်ရတာတွေရှိတာပေ့ါ။ အုပ်ချုပ်ရေးပိုင်းနဲ့ပေါင်းပြီး လိမ်တာတွေလဲရှိတယ်” ဟု မကွေးမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးမြင့်သိန်းကပြောသည်။

တပ်မတော်မှ မြန်မာနိုင်ငံအနှံ့အပြားတွင် သိမ်းဆည်းထားသော လယ်ယာမြေနှင့် အခြားမြေများမှ ဧကပေါင်း တစ်သန်းရှစ်ထောင်ကျော်ကို ပြန်လည်ပေးအပ်မည်ဟု ကာကွယ်ရေးဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး ဝေလွင်က ဇူလိုင် ၁၆ရက်တွင် ကျင်းပသော ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဖြေကြားခဲ့သည်။

မြေယာသိမ်းမှုကိုတစ်ဖက်တွင် နစ်နာကြေးပေးလျော်ရပြီး တစ်ဖက်တွင်လည်း နိုင်ငံရေးအရ ထိုးနှက်ခံရကြောင်း၊ ယင်းကိစ္စကို အစိုးရအား တင်ပြရာတွင်လည်း မရသည့် အခြေအနေကြုံတွေ့နေရသည်ဟု မင်္ဂလာဒုံ ဥယျာဉ်မြို့တော်စက်မှုဇုန်အမှတ်(၄)အတွက် ဇေကမ္ဘာကုမ္ပဏီမှ ဆောင်ရွက်နေမှု အား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်ရွှေက ဇူလိုင် ၁၅ ရက်တွင် ကျင်းပသော ပြည်ထောင် စုလွှတ်တော် အစည်းအဝေး၌ ကုမ္ပဏီများ မြေယာသိမ်းဆည်းမှုနှင့် ပတ်သက်ပြီး ပြောကြားသွားသည်။

**ဝန်ထမ်းအလိုရှိသည်**

**AUTRON** နားကြားကိရိယာမှ အောက်ဖော်ပြပါဝန်ထမ်းများ အလိုရှိသည်။

- **အရောင်းဝန်ထမ်း** မ(၁၀)ဦး

ဘွဲ့ရ ရုပ်ရည်အသင့်တင့် ရှိရမည်။ သွက်လက်ထက်မြက်ရမည်။ ဓာတ်ပုံ(၂)ပုံ၊ လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ အောက်ပါလိပ်စာအတိုင်း(၇)ရက်အတွင်း လာရောက်လျှောက်ထားနိုင်ပါသည်။

**အမှတ်(၃၇၇)၊ ရွှေဘုံသာအထက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။**
ဖုန်း-၂၄၃၆၄၄၊ ၃၈၅၂၄၅

**Fortune Joyce International Company Limited**
**(လစာကောင်းကောင်းပေးမည်)**

-တရုတ်/မြန်မာ စကားပြန်
-မီးယပ်ကုဆရာဝန် (OG) (၅) ဦး
- ခွဲစိတ်ဆရာဝန် (၅) ဦး
- အထွေထွေဆရာဝန် (၅) ဦး
- လိုင်စင်ရသူနာပြု (၁၀) ဦး

ဆက်သွယ်ရန် - Ph-01 515202

မျက်နှာဖုံးမှ

## အရေးယူမှုများအလွန် အိမ်ခြံမြေ

အစိုးရကဇူလိုင်လဒုတိယပတ်တွင် အိမ်ခြံမြေ ရောင်းဝယ်ရာ၌ ပါဝင်ပတ်သက်ခဲ့သော ပြည်တွင်းအခွန်မှဝန်ထမ်း၉ဦးအား အနားပေးပြီး ၇ဦးအား ဌာနပြောင်းကာ ၁၃ဦးအား အလုပ်မှထုတ်ပယ်ခဲ့သည်။

သို့သော်ရန်ကုန်အိမ်ခြံမြေဈေးကွက်တွင် အခွန်ဝန်ထမ်းများ ရာထူးမှ ဖယ်ရှားပြီးနောက် တန်ဖိုးကြီးသည့် အိမ်ခြံမြေအကွက်များ အရောင်းအဝယ်အေးခဲ့ပြီး အထူးကိုယ်စားလှယ်လွှဲစာဖြင့် ရောင်းချသောမြေကွက်များနှင့် တိုက်ခန်းများသာ အရောင်းအဝယ်ဖြစ်လာသည်ဟု အကျိုးဆောင်များကဆိုသည်။

ယခုကဲ့သို့ အထူးကိုယ်စားလှယ်လွှဲစာများကို အသုံးပြုများလာခြင်းမှာ အထူးအခွန်သက်သာခွင့်ကို ပယ်ဖျက်ပြီး နောက် အခွန်မဆောင်လို့သည့် ဝယ်ရောင်းသမားများက အဓိကပြုလုပ်လာကျခြင်းဖြစ်သည်။

အိမ်ခြံမြေဈေးကွက်၏ အပြောင်းအလဲကိုဖန်တီးပေးခဲ့သည့် အထူးအခွန်သက်သာခွင့်ကို ၂၀၀၇ ခုနှစ်ဩဂုတ်လမှစတင်၍ ပြဌာန်းခဲ့သည်။ ရောင်းသူ ၁၀ ရာခိုင်နှုန်း ဝယ်ယူသူ ၁၅ ရာခိုင်နှုန်း ပေးဆောင်ရသည့် အထူးအခွန်သက်သာခွင့်စနစ်ကို ငါးနှစ်ကြာပြဌာန်းခဲ့ သည်။ ၂၀၁၂ ခုနှစ်ဩဂုတ်လနောက်ပိုင်းမှစ၍ အဆိုပါစနစ်ကို ဖျက်သိမ်း၍ မူလစနစ်ကိုပြန်လည်ကျင့်သုံးခဲ့ပြီး အိမ်ခြံမြေဝယ်ယူရာတွင် ဝင်ငွေရလမ်းမဖော်ပြနိုင်ပါက ၃၀ ရာခိုင်နှုန်းနှင့် တံဆိပ်ခေါင်းခွန် ၇ ရာခိုင်နှုန်းကောက်ခံခဲ့သည်။

အထူးအခွန်သက်သာခွင့်ပေးခဲ့သည့် ၂၀၀၇ ခုနှစ်နောက်ပိုင်းမှစ၍ ရန်ကုန်-မန္တလေးမြို့ကြီးများ၏ အိမ်ခြံမြေဈေးနှုန်းများမှာ တစ်နှစ်ကို ၂၀ ရာခိုင်နှုန်းအနည်းဆုံးမြင့်တက်ခဲ့သည်။ ပြည်တွင်းစီးပွားရေးတွင်မည်သည့်လုပ်ငန်းမျှမကောင်းသောကြောင့် ကာလတို၊ ကာလရှည်ရင်းနှီးမြှုပ်နှံသူအားလုံးက အိမ်ခြံမြေတွင် အဓိကမြှုပ်နှံကြပြီး မြှုပ်နှံသူအားလုံး အကျိုးအမြတ်ရှိ၍ အိမ်ခြံမြေဈေးကွက်ကို ယုံကြည်မှု ပိုလာကာ ဈေးနှုန်းများ ဆက်တိုက်တက်နေတော့သည်။ ထိုအချိန်တွင် နိုင်ငံရေး၊ အပြောင်းအလဲကြောင့်ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဝင်လာမည်ဆိုသော်အခါ အစိုးရသစ်လက်ထက်စီမံကိန်းများဆောင်ရွက်ရန်ပြင်သောအခါ အိမ်ခြံမြေဈေးများ မိုးထိအောင်လှေကားထောင်တက်တော့သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှုကိုမျှော်ကိုး၍ငွေကြေးချမ်းသာကြွယ်ဝသူများက စက်မှုဇုန်စီမံကိန်းရှိသော နေရာများတွင် မြေဝယ်ထားကြသည်။ ယင်းကြောင့်လက်ရှိလုပ်ငန်းရှင်များ နှင့် ပြည်ပမှ ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သူများအတွက် အခက်အခဲများ ဖြစ်ခဲ့သည်။

ထို့ကြောင့် ရန်ကုန်-မန္တလေးမြို့ကြီးများတွင် အိမ်ခြံမြေဈေးနှုန်းမှာ ဒေသတွင်းနိုင်ငံများတွင် အမြင့်ဆုံးအနေအထားသို့ ရောက်ရှိလာခဲ့သည်။

အစိုးရသစ်လက်ထက်တွင် ပြည်ပနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်ခဲ့သော်လည်း အိမ်ခြံမြေဈေးနှုန်းကြီးမားမှု အတားအဆီးတစ်ခုဖြစ်လာခဲ့သည်။ နိုင်ငံတော်အစိုးရကလည်း ဈေးနှုန်းအိမ်ခြံမြေဈေးနှုန်းကျဆင်းစေရန် နည်းမျိုးစုံဖြင့် ကြိုးစားခဲ့သည်။ အကျိုးဆက်အနေဖြင့် ငါးနှစ်အထူးအခွန်သက်သာခွင့်ကိုဦးစွာဖျက်သိမ်းပြီးဈေးနှုန်းများ ကျဆင်းလာခြင်းမရှိသည့်အတွက် ဈေးနှုန်းစံသတ်မှတ်ဖို့ပြင်ဆင်လာသည်။

“အခွန်ရှောင်တာတွေများပြီး မှန်မှန်ကန်ကန်မလုပ်လို့ အခုလို့စံသတ်မှတ်ချက်တွေလုပ်ရတာ”ဟု ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဒေါက်တာမောင်မောင်သိန်းကပြောကြားသည်။

လက်ရှိအိမ်ခြံမြေဈေးကွက်တွင် အဓိကရင်းနှီးမြှုပ်နှံနေသူများမှာ အရင်အစိုးရလက်ထက်က နာမည်ကြီးလုပ်ငန်းရှင်များ၊ ဩဇာအာဏာရှိခဲ့သူများနှင့် ဆက်စပ်မှုများရှိနေသဖြင့် အိမ်ခြံမြေဈေးကွက်မှာ ကိုင်တွယ်ရခက်နေကြောင်းလည်း ကျွမ်းကျင်သူများကသုံးသပ်ကြသည်။

ထို့အပြင် ပြည်ပနိုင်ငံများမှ အထူးသဖြင့်တရုတ်နိုင်ငံမှလုပ်ငန်းရှင်များကလည်း တရားဥပဒေစိုးမိုးမှုအားနည်းနေသည်ကို အခွင့်ကောင်းယူကာ မြန်မာနိုင်ငံသားများအားအမည်ခံခိုင်းပြီး အိမ်ခြံမြေဈေးကွက်တွင်ဝင်ကစားလျက်ရှိသည်။

“ဝယ်လိုအားကများနေတယ်။ ရောင်းလိုအားက နည်းတော့ ဈေးက မြင့်တာပေ့ါ။ ဒါကိုနိုင်ငံတော်က မြေကွက်တွေ တိုက်ခန်းတွေဖော်ထုတ် ပေးရင်အဆင်ပြေလာမှာပါ” ဟု စီးပွားရေးပညာရှင်ပါမောက္ခဒေါက်တာအောင်ထွန်းသက်ကပြောသည်။

ယခင်အစိုးရလက်ထက်က အစိုးရနှင့် အဆင်ပြေခဲ့သော လုပ်ငန်းရှင်များမှာ စက်မှုဇုန်များတွင် လုပ်ငန်းများဆောင်ရွက်ခြင်းမရှိဘဲ နေရာဦးထားမှုများရှိသည်။ ထို့အပြင် အချို့သောလုပ်ငန်းရှင်များမှာလယ်သမားများထံမှာ လယ်ယာမြေများ သိမ်းဆည်းထားသဖြင့် ထိုပြဿနာများမှာ အခုထိ ရှင်းမရဖြစ်နေခဲ့သည်။

စာမျက်နှာ(၇)မှ

## အတိတ်မှာ ပျော်မွေ့နေတဲ့သူ

အနားကိုကပ်ကြည့်မှအိပ်ပျော်နေမှန်းသိတာ။ အဲဒီတော့မှ ကင်းသမားအနောက်ကနေ ကိုယ့်မှာပါတဲ့ သေနတ်နဲ့လည်ပင်းကို ညှစ်တာ။ သေနတ်နဲ့ပစ်လိုက်ရင် သေနတ်သံကို သူ့တပ်ဖွဲ့ကကြားမှာလေ။ ပါလာတဲ့ ကချင်ရဲဘော်ကလည်း အရှေ့ကနေသေနတ်မှာတပ်ထားတဲ့လှံစွပ်နဲ့ ရင်ဝကိုထိုးတာပဲ”ဟု ဂျပန်ကင်းသမားတစ်ဦးကို အနီးကပ်သုတ်သင်ခဲ့ဖူးသည့် အတွေ့အကြုံကို ဦးဝူးနင်တီက စိတ်အားထက်သန်စွာ ရှင်းပြသည်။ထိုစဉ်က ဂျပန်တပ်ဖွဲ့အများစုသည် ကချင်တပ်များနှင့်ရင်ဆိုင်တွေ့သည့်အခါ ရှုံးနိမ့်သည့်အကြိမ်ကပိုများသည်။ တစ်ခါတစ်ရံဂျပန်တပ်စိတ်တစ်ခုလုံးကိုပင် ရှင်းပစ်နိုင်လိုက်သော အခါများရှိသည်အထိ ကချင်တပ်များအောင်ပွဲရကြသည်။

ကချင်တိုင်းရင်းသားအများစုနှင့် ရဝမ်၊ လီဆူးတိုင်းရင်းသားများပေါင်းစပ်ထားသောတပ်ဖွဲ့ဆိုသော်လည်းတပ်ဖွဲ့များကိုဦးဆောင်သည့်တပ်မှူးများက ဗြိတိသျှတပ်မှ တပ်မှူးများပင်ဖြစ်သည်။ သူ့ကို ခန္ဓာကိုယ် သေးကွေးပြီး အကြမ်းအတမ်းမခံနိုင်သောကြောင့် တပ်သို့ဝင်ရောက်စကအခြားတပ်သားများ၏ အစအနောက်ခံခဲ့ရသည်။ကြမ်းတမ်းသောတောလမ်းခရီးတွင် အိပ်ရာလိပ်ကို မသယ်နိုင်၍ သူငယ်ချင်းရဲဘော်များက ပင်ကူသယ်ပေးခဲ့ရသည်။ သို့သော် စစ်ပွဲများကသူ့ကိုသန်မာလာစေခဲ့သည်။

ဂျပန်ကိုတိုက်စဉ် ဗြိတိသျှစစ်ဘက်ဆိုင်ရာ အရာရှိများက ပန်ချာပီများကို ခေါ်လာဖူးသော်လည်း စစ်တိုက်ခိုင်း၍ မရသောကြောင့် ဂေါ်ရခါးလူမျိုးများကို ခေါ်လာသောအခါတွင်မှ ကချင်တပ်ဖွဲ့များနှင့် အတွဲညီခဲ့သည်။ ကချင်တပ်များနှင့် ဂေါ်ရခါးများ ပေါင်း၍ တိုက်ပွဲများ အတွဲညီညီ တိုက်နိုင်ခဲ့သည်။ ကချင်တပ်ဟု အမည်တွင်ခဲ့သော်လည်း အချိန်ယူမဖွဲ့စည်းနိုင်ခဲ့သည့်အတွက် ယူနီဖောင်းများပင် မရခဲ့ကြပေ။ ယူနီဖောင်းဖြစ်စေရန် တပ်ဖွဲ့သားရဲဘော်များအားလုံးသည် ဂုံလျှော်အိတ်များကိုလည်းပင်းပေါက်ဖောက်ကာ အင်္ကျီလုပ် ဝတ်ဆင်ခဲ့ရသည်ကိုလည်း အမှတ်တရပြန်ပြောပြသည်။

ကချင်တပ်များ မြစ်ကြီးနားသို့ရောက်သည်အထိ လမ်းခရီးတစ်လျှောက် တိုက်ပွဲများကို အောင်မြင်ခဲ့သည်။ မြစ်ကြီးနားသို့ရောက်သောအခါ အတူတိုက်ပွဲဝင်လာသည့် ဂေါ်ရခါးစစ်သားများ မြေပြန့်ဒေသဘက်သို့ ထွက်ခွာသွားခဲ့ပြီး တိုင်းရင်းသား ရဲဘော်များကမူ ဇာတိဖြစ်သော ပူတာအိုဘက်သို့ပြန်ခွင့်ရသည်။

၁၉၄၄ ခုနှစ်တွင် ဂျပန်တပ်များနှင့် တိုက်ပွဲပြီးဆုံးပြီး သေနတ်များ ပြန်အပ်ခါနီးတွင် ကျည်ဆန်များ အားရအောင် ဖောက်ခဲ့ဖူးသည်။

“တပ်ရင်းက သေနတ်တွေပြန်တောင်းတယ်။ မင်းတို့ဂျပန်တွေကိုလည်း မတိုက်ရတော့ဘူး။ စစ်လည်းပြီးပြီ။သေနတ် ဖောက်စရာ မလိုတော့ဘူး။ ဒါကြောင့် ဖောက်ချင်ရင် အခု ဖောက်ပြီး သေနတ်ပြန်အပ်ပါလို့ပြောတယ်။ အဲဒါနဲ့ သေနတ်ကို အားရအောင် မိုးပေါ်ထောင်ဖောက်ပြီး ပြန်အပ်လိုက်တယ်။ ဘယ်သူမှ သေနတ်ပြန်မပေးချင်ကြဘူး”

တိုက်ပွဲများပြီးဆုံးပြီးနောက် ပူတာအိုသို့ပြန်လည်ရောက်ရှိလာကာ ၁၉၅၁ ခုနှစ်တွင် ဝန်ကြီး ဦးတန်ရဒန်၏ ကားဒရိုင်ဘာ အဖြစ်တာဝန် ထမ်းဆောင်ခဲ့သည်။ အမျိုးသားခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်းပူတာအိုသို့ရောက်ရှိလာစဉ်ကလည်းကားမောင်းလိုက်ပို့ပေးခဲ့ဖူးပြီး သူ၏ကားမောင်းသည့် အရည်အချင်းကို ဗိုလ်ချုပ်က ချီးကျူးဖူးသည်ဟု ဂုဏ်ယူစွာ ပြန်ပြောပြသည်။

ထို့နောက် မချမ်းဘောတွင်ရှိသော နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းဆောင်ရင်း ၁၉၈၈ ခုနှစ်တွင်တပ်ကြပ်ကြီးဘဝဖြင့် အငြိမ်းစားယူခဲ့သည်။ နယ်ခြားစောင့်တပ်တွင် တာဝန်ထမ်းခဲ့စဉ်က တိုင်းရင်း သားလက်နက်ကိုင်အဖွဲ့များဖြင့် သူတို့ စစ်တိုက်ခဲ့ရဖူးသည်။ ဂျပန်များကို တိုက်ရသည်မှာ သူနောင်တ မရသော်လည်း တိုင်းရင်းသား အချင်းချင်းတိုက်ရသောစစ်ပွဲများကိုမူ သူမနှစ်သက်။ တိုင်းရင်းသားချင်း စစ်ဖြစ်သည်ကိုတော့ သူမကြိုက်ဟုပြောသည်။ အငြိမ်းစားယူပြီး နောက် ထောက်ပံ့ကြေးတချို့ ပုံမှန် ရရှိခဲ့သော်လည်းယခုမည်သည့်အငြိမ်းစားထောက်ပံ့ကြေးမှ မရတော့သည်မှာ ခုနစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဟု သမက်ဖြစ်သူက ပြောပြသည်။ ယခုတော့ သမီးဖြစ်သူမိသားစု၏ စောင့်ရှောက်မှုခံယူကာပူတာအိုမြို့ မြို့မရပ်ကွက်တွင် ဘဝနေဝင်ချိန် ဖြတ်သန်းနေသည်။

ဦးဝူးနင်တီ၏ မွေးချင်း မောင်နှမများအားလုံး၊မိတ်ဆွေများအားလုံးမှာ ကွယ်လွန်သွားကြပြီဖြစ်ပြီး ဇူလိုင်၁၂ရက်တွင်အသက်တစ်ရာတိတိပြည့်သော သူကတော့ သူတို့ရပ်ကွက်တွင် အသက်ရှည်အကျန်းမာဆုံး ဖြစ်နေပေပြီ။

# Health

7DAY NEWS JOURNAL

Vol.12, No.20 • JULY 24 , 2013


# ကျန်းမာရေးဝန်ကြီးဌာန လူနာတင်ယာဉ် ၂၆ စီး ဝယ်ယူမည်



လက်ရှိအသုံးပြုလျက်ရှိသော လူနာတင်ယာဉ်များ

ဓာတ်ပုံ-ကျော်ဇင်သန်း

**ဝတ်ရည်အောင်**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ကျန်းမာရေးဦးစီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနမှ လူနာတင်ယာဉ် ၂၆စီးဝယ်ယူရန်တင်ဒါခေါ်ယူထားကြောင်းသတင်းရရှိသည်။

"ဆီးဂိမ်းကလည်း နီးနေတော့ ဆီးဂိမ်းမှာ သုံးမလား။ တခြားဘယ်မှာသုံးမယ်ဆိုတဲ့ သေချာညွှန်ကြားချက်လည်း မရှိပါဘူး" ဟု ဗဟိုဆေးသိုလှောင်ရေးဌာနမှ ဝယ်ယူရေးအရာရှိတစ်ဦးက ပြောသည်။

လူနာတင်ယာဉ် ၂၆ စီး ဝယ်ယူရန် တင်ဒါခေါ်ယူခြင်းကိုဇူလိုင် ၁၇ ရက်ထုတ် နိုင်ငံပိုင် သတင်းစာများတွင် ကြေညာထားပြီး ဩဂုတ် ၁၅ ရက်၌ တင်ဒါပိတ်မည်သည်။

နေပြည်တော်တွင် ကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် လူနာတင်ယာဉ် ၅၀ ကျော် အသုံးပြုမည်ဖြစ်ပြီး ဆီးဂိမ်းပြီးစီးသွားပါကလည်း ထိုလူနာတင်ယာဉ်များနှင့် နိပွန်ဖောင်ဒေးရှင်းမှ လှူဒါန်းထားသော လူနာတင်ယာဉ် ၈၈ စီး တို့ကို ပြည်နယ်နှင့်တိုင်းများရှိ ဆေးရုံများ၌ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ဒေါက်တာဖေသက်ခင်က ပြည်သူ့လွှတ်တော်တွင် ဖြေကြားခဲ့သည်။

ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနက အရေးပေါ်လူနာများအတွက် အရေးပေါ်ဖုန်းလိုင်းဖြင့် ၁၅ မိနစ်အတွင်း လူနာတင်ယာဉ်ရောက်ရှိပြီး ဆေးရုံမရောက်ခင် အရေးပေါ်ပြုစုကုသပေးနိုင်သည့် ကျန်းမာရေးစနစ်ဝန်ဆောင်မှုကို ယခုနှစ်ဆီးဂိမ်းမတိုင်မီ စတင်နိုင်ရန် စီစဉ်ထားသည်။

လူနာတင်ယာဉ်များအား ဗဟိုအဆင့်ဆေးရုံများ၊ ပြည်နယ်နှင့်တိုင်းဆေးရုံများနှင့် အချို့ခရိုင်ဆေးရုံများအတွက်သာ လူနာတင်ယာဉ်ထောက်ပံ့ပေးနိုင်ပြီး အချို့သောခရိုင်နှင့် မြို့နယ်ဆေးရုံများ၌ ဖွဲ့စည်းပုံအရ လူနာတင်ယာဉ် မပါရှိကြောင်း သိရသည်။

# မွေးရာပါခြေခွင်ကလေးများအတွက် သီးသန့်ဆေးခန်းများဖွင့်

**ဝတ်ရည်အောင်**

**ရန်ကုန်**-မွေးရာပါခြေခွင်ကလေးများ သီးသန့်ကုသနိုင်ရန် ရန်ကုန်၊ မန္တလေးနှင့် မကွေးတိုင်းဒေသကြီးများတွင် ဆေးခန်းများဖွင့်လှစ်ထားပြီး ထိုကုသမှုများအတွက် Life ဖောင်ဒေးရှင်းမှပစ္စည်းနှင့်ဆေးဝါးများ ထောက်ပံ့ပေးကြောင်း သတင်းရှိသည်။

ရန်ကုန်ကလေးဆေးရုံကြီး၊ မန္တလေးအရိုးဆေးရုံနှင့် မကွေးအထွေထွေရောဂါကုဆေးရုံများတွင် ဖွင့်လှစ်ထားခြင်းဖြစ်ပြီး ရန်ကုန်၊ မန္တလေး၊ မကွေးရှိဆေးရုံအသီးသီးမှ အရိုးအကြော ဆရာဝန်များ၊ ပြန်လည်သန်စွမ်းမှုလေ့ကျင့်ရေးပညာရှင်များအပါအဝင် သူနာပြုဆရာမများကိုလည်း နည်းပညာဆိုင်ရာ သင်တန်းများ ပံ့ပိုးပေးခဲ့ခြင်းဖြစ်ကြောင်း ထိုဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ဦးဖြိုးထက်အောင်က ပြောသည်။


"အဲလိုကလေးတွေကို အစိုးရဆေးရုံတိုင်းမှာ ကုသနိုင်အောင် နည်းပညာပံ့ပိုးမှုတွေပေးပြီး ဖောင်ဒေးရှင်းကလိုအပ်တဲ့ပစ္စည်းနဲ့ဆေးဝါးတွေထောက်ပံ့ပေးတာပါ"ဟု ဦးဖြိုးထက်အောင်ကပြောသည်။

မြန်မာနိုင်ငံတွင် တစ်နှစ်လျှင် ၁၅၀၀ ခန့် မွေးရာပါ ခြေထောက်ခွင်နေသည့်ကလေး မွေးဖွားနေကြောင်းလေ့လာထားချက်များအရ သိရှိရသည်။ ရန်ကုန် ကလေးဆေးရုံကြီးသည် ထိုကဲ့သို့သော ကလေးများအတွက် ပထမဆုံးသီးသန့်ကုသပေးသည့် နေရာဖြစ်ပြီး အပတ်စဉ် သောကြာနေ့တိုင်း ဆေးကုသပေးလျက်ရှိရာ တစ်နှစ်ကျော်အတွင်း ကလေး ၁၈၅ ဦး ကုသပေးပြီးဖြစ်ကာ ကလေးအများစုသည် ဧရာဝတီတိုင်း ဒေသကြီးမှဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှသတင်းရရှိသည်။

ယခုနည်းပညာပံ့ပိုးမှုသည် ယခင်ခွဲစိတ်ခြင်းဖြင့် ခြေထောက်ပြန်ဖြောင့်စေခြင်းမဟုတ်ဘဲ ကလေးများကို Ponseti နည်းပညာဖြင့် သိတင်းပတ်အနည်းငယ် အတွင်းကောက်နေသည့်ခြေထောက်ပြန်လည်ဆန့်သွားစေပြီး အထူးပြုလုပ်ထားသည့် ဖိနပ်ဖြင့် နှစ်အနည်းငယ် ဆက်လက်အသုံးပြုရခြင်းနည်းလမ်းဖြင့် ကုသပေးနေခြင်းဖြစ်သည်။







7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# အမြန်လမ်းပေါ် ရှိရဲတပ်ဖွဲ့ဝင်များအား ရှေးဦးပြုစုခြင်းသင်တန်းပေးမည်



*ရန်ကုန် -မန္တလေး အမြန်လမ်းမကြီးတစ်နေရာကို တွေ့ရစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

**ဝတ်ရည်အောင်**

**ရန်ကုန်**-ယာဉ်မတော်တဆမှုများမကြာခဏဖြစ်ပွားရာရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ရှိရဲတပ်ဖွဲ့ဝင်များအား ရှေးဦးပြုစုခြင်း အခြေခံသင်တန်းပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ သတင်းရရှိသည်။

မတော်တဆမှုတိုင်းတွင် ရဲတပ်ဖွဲ့မှ ဦးဆုံးရောက်ရှိသူများဖြစ်ပြီး ဒဏ်ရာရရှိသူများကို ရှေးဦးပြုစုခြင်းနည်းများဖြင့် အသက်ကယ်နိုင်ရန် အမြန်လမ်းတစ်လျှောက်ရှိ ရဲစခန်း ၁၂ ခုမှ တပ်ကြပ်၊ ဒုတပ်ကြပ်အဆင့်နှင့်တပ်ဖွဲ့ဝင်များအား ယခုလ ၂၃ ရက်၌စတင်သင်တန်းပေးမည်ဖြစ်သည်။

အချို့သောထိခိုက်မှုများတွင် ပထမဆုံးတွေ့ရှိသူများမှ ရှေးဦးပြုစုမှုပေးနိုင်လျှင် လူနာ၏အသက်ကယ်နိုင်မည့်အပြင်ဒုက္ခိတဖြစ်သွားနိုင်သည့် အခွင့်အရေးများလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

"အချို့ထိခိုက်မှုတွေမှာ စေတနာနဲ့လုပ်ပေးမယ့် ဥပမာ-ကျောရိုးဒဏ်ရာရတဲ့သူဆိုရင် ခေါင်းကိုငြိမ်အောင်ထားပြီး လူနာကို မ ရမယ်ဆိုတာ မသိတော့ လူနာကိုမရာကနေ ခါးရိုးဆစ်ပြုတ်ပြီး အောက်ပိုင်း သေသွားနိုင်တာမျိုးတွေလည်း ရှိနိုင်တဲ့အတွက် သင်တန်းလုပ်ပေးမှာပါ"ဟုကြက်ခြေနီအသင်း အရေးပေါ် လူနာတင်ယာဉ်ပို့ဆောင်ရေးမှ မန်နေဂျာ ဒေါ်နီနီမိုးက ပြောသည်။

သတိလစ်နေသည့် လူနာကို နှလုံးနှိုးဆွခြင်းနည်းလမ်းဖြင့် အသက်ကယ်နည်း၊ သွေးထွက်လွန်နေသည့်လူနာ သွေးတိတ်စေရန် ပြုလုပ်သည့် ရှေးဦးပြုစုခြင်းနည်းလမ်းစသည်တို့ ပါဝင်သည့် ရှေးဦးပြုစုနည်း အခြေခံသင်တန်းဖြစ်ပြီး အရေးပေါ် သုံးပစ္စည်းများပါဝင်သည့် ဆေးပစ္စည်းသေတ္တာများ ရဲစခန်းတွင် ပံ့ပိုးပေး သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

အမြန်လမ်းပေါ် တွင် ၂၀၀၉ မတ်လမှ ၂၀၁၂ ဒီဇင်ဘာအထိသုံးနှစ်ကျော်အတွင်း ယာဉ်မတော်တဆမှု ၃၅၀ ကျော် ဖြစ်ပွားခဲ့ပြီး လူ ၁၈၀ ကျော်သေဆုံးကာ လူ ၅၆၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခဲ့သည်။




# တီဘီလူနာသစ်များ၏ ၁၀ ရာခိုင်နှုန်း အိတ်ချ်အိုင်ဗီပိုး ကူးစက်ခံနေရ

**ဝတ်ရည်အောင်**

**ရန်ကုန်၊ဇူလိုင်-၂၀**

တီဘီလူနာသစ်များ၏ ၁၀ ရာခိုင်နှုန်းသည် တီဘီနှင့် အိပ်ချ်အိုင်ဗီရောဂါပိုးနှစ်မျိုးလုံးကူးစက်ခံနေရကြောင်း ကျန်းမာရေးဝန်ကြီးဌာန တီဘီရောဂါတိုက်ဖျက်ရေးမှ သတင်းရရှိသည်။

ထိုစစ်တမ်းကို ၂၀၁၂ ခုနှစ်က မြို့နယ် ၂၅ မြို့နယ်တွင်ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဆန်းပိုင်းကလည်း အိပ်ချ်အိုင်ဗီပိုးကူးစက်ခံထားရသူများတွင် အခွင့်အရေးယူ ရောဂါတစ်မျိုးဖြစ်သည့် တီဘီရောဂါကြောင့် သေဆုံးမှုများပြားလာသဖြင့် အိပ်ချ်အိုင်ဗီနှင့် တီဘီနှစ်မျိုးစလုံးစစ်ဆေးမှုပြုလုပ်သင့်ကြောင်းUNAIDSကနှိုးဆော်ထားသည်။

"အိပ်ချ်အိုင်ဗီရှိတဲ့ လူနာ ၁၀၀မှာ ၁၀၀နီးနီးလောက်က တီဘီရောဂါရှိတယ်"ဟု အိတ်ချ်အိုင်ဗီပိုးကူးစက်ခံထားရပြီး လက်ရှိတွင်အိပ်ချ်အိုင်ဗီ ကာကွယ်ကုသရေးလုပ်ငန်းများဆောင်ရွက်နေသူတစ်ဦးကပြောသည်။

အိပ်ချ်အိုင်ဗီပိုးကူးစက်ခံရပြီး ခုခံအားကျဆင်းသည့်အချိန်တွင် လေထဲ၌ ပျံ့နှံ့နေသည့် တီဘီရောဂါသည် စတင်ကူးစက်သည့်ရောဂါဖြစ်ပြီး ထိုမှတစ်ဆင့် ဆေးယဉ်တီဘီရောဂါကူးစက်ဖြစ်ပွားလာနိုင်သည့် အန္တရာယ်များပြားကြောင်းသိရသည်။

တီဘီလူနာများ အိပ်ချ်အိုင်ဗီရောဂါပိုးကူးစက်ခံရပြီး တီဘီ/အိပ်ချ်အိုင်ဗီ ဒွန်တွဲဖြစ်ပွားခြင်းနှင့် ဆေးယဉ်ပါးတီဘီဖြစ်ပေါ်ခြင်းတို့သည် တီဘီရောဂါတိုက်ဖျက်ရေးအောင်မြင်မှု အဖျက်အဆီး အဟန့်အတားများဖြစ်စေကြောင်း တီဘီရောဂါတိုက်ဖျက်ရေးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သန္တာလွင်ကပြော သည်။

Medecine Sans Frontieres-Holland,Medecins San Frontieres-Switzerland, Asian Harm Reduction Network, Medecins Du Mondeဆေးခန်းများတွင်လည်း တီဘီ/အိပ်ချ်အိုင်ဗီ ဒွန်တွဲခံစားနေရသော လူနာများကို ဦးစားပေးကုသနေပြီး ကျန်းမာရေး ဝန်ကြီးဌာနမှလည်း သုံးလတစ်ကြိမ် တီဘီဆေးဝါး ထောက်ပံ့မှုများ ဆောင်ရွက်နေကြောင်း သိရှိရသည်။

Regional
7Day News Journal
Vol.12, No.20 • JULY 24 , 2013

# ခရိုင်မြို့အဖြစ် အဆင့်မြှင့်မည့် ယင်းမာပင် အိမ်ခြံမြေဈေး နှစ်ဆမြင့်တက်




ယင်းမာပင်မြို့ရှိ မြို့မဈေးကို တွေ့ရစဉ်

**မျိုးမင်းဦး**

**ယင်းမာပင်၊ ဇူလိုင်- ၂၀**

မုံရွာခရိုင်၊ ယင်းမာပင်မြို့ကို ခရိုင်မြို့အဖြစ် တိုးမြှင့်ရန် လျာထားခဲ့ပြီးနောက် ယင်းမာပင်မြို့ပေါ်ရှိအိမ်ခြံမြေရောင်း၊ဝယ်၊ငှား ဈေးကွက်တွင် နှစ်ဆခန့်ဈေးမြင့်တက်သွားကြောင်း ယင်းမာပင်မြို့ ဒေသခံများပြောပြချက်အရသိရှိရသည်။ "အရင်တုန်းက ကျပ်သိန်းတစ်ရာနဲ့ အရောင်းအဝယ်မဖြစ်တဲ့ပေ၆၀×၉၀မြေကွက်တစ်ကွက် ဒီရက်ပိုင်းမှာ ကျပ်သိန်းတစ်ရာ့ငါးဆယ်နဲ့ အရောင်းအဝယ်ဖြစ်သွားပြီ။ ယင်းမာပင်မြို့ရဲ့ အရှေ့ဘက်အဝင်မှာ တက္ကသိုလ် အဆောက်အအုံတွေ၊ ရဲသင်တန်းကျောင်းတွေ ဆောက်မယ်ဆိုတဲ့နေရာ အနီးတစ်ဝိုက်က လယ်ယာမြေတွေလည်း အရင် တစ်ဧကကျပ်ခုနစ်သိန်း၊ ကျပ်ရှစ်သိန်းဝန်းကျင် အရောင်းအဝယ်ဖြစ်တဲ့ မြေတွေ အခုကျပ်သိန်းတစ်ရာအထိ အရောင်းအဝယ်ဖြစ်ခဲ့တယ်" ဟု ယင်းမာပင်မြို့ ဒေသခံအိမ်ခြံမြေရောင်းဝယ်ရေး အကျိုးဆောင်တစ်ဦးက ပြောသည်။

ယင်းမာပင်မြို့ မြို့မိမြို့ဖအဖွဲ့ဝင် ဦးကောင်းတင်က အိမ်ခြံမြေဈေးနှင့်ပတ်သက်၍ "ယင်းမာပင်မြို့ပေါ်မှာ ကုမ္ပဏီတွေ စီးပွားရေးလုပ်ငန်းတွေ တိုးချဲ့လုပ်ကိုင်လာတယ်။ အိမ်ငှားခအနေနဲ့ အရင်ကျပ်တစ်သိန်းခွဲရှိတဲ့ အိမ်တွေက အခုတစ်လသုံးသိန်း အထိတက်သွားတယ်။ မြို့ထဲအတွင်း လမ်းကတိုက်တွေအရင် တစ်လကျပ်ငါးသောင်း၊ ကျပ်ခြောက်သောင်းကနေ အခုတစ်သိန်းခွဲအထိ တက်သွားတယ်။ လုံးချင်းပျဉ်ထောင်အိမ်လေးတွေဆိုရင် တစ်လနှစ်သောင်းဝန်းကျင်က အခုကျပ်ငါးသောင်းတစ်သိန်းအထိဈေးတက်သွားပြီ" ဟုဆိုသည်။

ယင်းမာပင်မြို့ကို ခရိုင်အဆင့်တိုးမြှင့်လျာထားခဲ့သည်။ ယခုနှစ် ဇူလိုင်လ ၄ ရက်မှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စည်ပင်သာယာရေးဝန်ကြီးကိုယ်တိုင် ခရိုင်အဆင့် ရုံးအဆောက်အအုံများ ဆောက်လုပ်ရန် မြေနေရာများ သတ်မှတ်လျာထားခဲ့သည့် နောက်ပိုင်း အိမ်ခြံမြေဈေးကွက်တွင် ယခင်ဈေးထက် နှစ်ဆခန့် မြင့်တက်လာခြင်းဖြစ်ကြောင်း ယင်းမာပင်မြို့ ဒေသခံ အိမ်ခြံမြေ အကျိုးဆောင်များ၏ ပြောပြချက်အရ သိရှိရသည်။

# ပျားမွေးမြူရေးလုပ်ငန်းများ နောင်ချိုမြို့နယ်ရှိ စားကျက်မြေများသို့ စတင်ပြောင်းရွှေ့

**ဇိုဟေဆာ**

**ကလေး၊ ဇူလိုင်- ၂၀**

မြန်မာနိုင်ငံအရပ်ရပ်ရှိပျားမွေးမြူရေးလုပ်ငန်းများသည် ဇူလိုင်လဆန်းပိုင်းမှစ၍ ရှမ်းပြည်နယ်နောင်ချိုမြို့နယ်ရှိ စားကျက်မြေများသို့ စတင်ပြောင်းရွှေ့လျက်ရှိကြောင်း သတင်းရရှိသည်။

"နောင်ချိုဘက်ကို ဇူလိုင်လဆန်းပိုင်းမှာပဲ စပြောင်းပါတယ်။ နောင်ချိုဘက်မှာလောလောဆယ် ပျားကောင်တွေရဲ့ အစာကတော့ ပြောင်းရယ်၊ ပေါင်းပင်တွေကနေ ပွင့်တဲ့အပွင့်တွေရယ်ရှိမယ်။ အခုပြောင်းတာက မုံရွာခရိုင်၊ ကနီမြို့နယ်ကနေ စပြောင်းတာပါ။ ပဲနဲ့ နေကြာပွင့်ချိန်ဆိုရင် ပျားလုပ်ငန်းရှင်တွေအများစုပျားပုံးတွေလာထားကြတယ်။ ဧပြီလကုန်ပိုင်းလောက်ကျတော့ နေကြာပန်းတွေမှာ ဝတ်ရည်မရှိကြတော့ဘူး။ မေလဆန်းပိုင်းရောက်တော့ ပျားသမားတွေ အကုန်လုံးနီးပါး မုံရွာခရိုင် မြောင်မြို့နယ်ကို ဆက်ပြီး ပြောင်းရွှေ့ကြတယ်" ဟုလမင်း ပျားမွေးမြူရေးလုပ်ငန်းရှင်က ပြောသည်။

နောင်ချိုမြို့နယ်သို့ပျားလုပ်ငန်းရှင်ပေါင်း ၃၀ ကထောင်ချီသော ပျားပုံးများဖြင့် ပြောင်းရွှေ့လာ ကြသည်။ မြန်မာနိုင်ငံ အရပ်ရပ်ရှိ ပျားပုံးများသည် ဖေဖော်ဝါရီမှ မေလကုန်အထိ ကလေးမြို့နယ်တွင်ထားရှိကြပြီး ဇွန်လတစ်လကို မုံရွာခရိုင် ကနီမြို့နယ်သို့ ပြောင်းရွှေ့ကာ ဆက်လက်၍ အစာပေါများသော ရှမ်းပြည်နယ် နောင်ချိုမြို့နယ်သို့ ပြောင်းရွှေ့ခြင်းဖြစ်သည်။ ယခုနှစ်တွင်မူ ပျားကောင်များ၏ စားကျက်သစ်အဖြစ် ဖောင်းပြင်မြို့နယ် သို့ပါ စတင်စမ်းသပ်မွေးမြူလာပြီးပျားကောင်များအတွက် အဆင်ပြေသဖြင့် နောင်နှစ်များတွင်လည်း ဖောင်းပြင်မြို့နယ်တွင် မွေးမြူဦးမည်ဖြစ်ကြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင် တစ်ဦးကပြောကြားသည်။

ရွှေ့ပြောင်း ပျားမွေးမြူရေးလုပ်ငန်းရှင်များသည် လုပ်သားပျားကောင်များကို နောင်ချိုမြို့နယ်အတွင်းရှိပြောင်းစိုက်ခင်းများတွင် နှစ်လခန့် ထားရှိမည်ဖြစ်ပြီး ယခင်နှစ်ကပျားရည်အထွက်နည်းသဖြင့် ပျားရည်မှာအရောင်းသွက်နေပြီး ပျားရည်ဈေးမှာ တစ်ပိဿာ ၁,၇၀၀ ကျပ်ဝန်းကျင်ရှိပြီး ဒေသအလိုက် ထွက်သောပျားရည်များကိုမန္တလေး၊ ရန်ကုန်မြို့မှ တစ်ဆင့် ဂျပန်နိုင်ငံထိတင်ပို့ကြကြောင်း သတင်းရရှိသည်။

# လယ်စိုက်ရန် ကျွန်းပင်တစ်ထောင့်ခုနစ်ရာကျော် ခုတ်သော တောင်သူများကို အမှုဖွင့်

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်- ၂၀**

ကန့်ဘလူမြို့နယ်၊ ဘောကျေးရွာ၊ သစ်တောကြိုးဝိုင်းအတွင်းတောင်ယာစိုက်ပျိုးရန် ကျူးကျော်၍ ကျွန်းပင်များ ခုတ်လှဲသူ ဒေသခံလေးဦးကို သက်ဆိုင်ရာမှ ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့ စခန်း၌ ဇူလိုင်လ ၁၆ ရက်က အမှုဖွင့်တိုင်ကြားခဲ့ကြောင်း သိရှိရသည်။

ကန့်ဘလူမြို့နယ် ဘောကျေးရွာ သစ်တောကြိုးဝိုင်းအကွက် အမှတ်-၁၁၀၊ ၁၁၁၊ ၁၂၀ အတွင်း အေးမြစိုးဖောင်ဒေးရှင်းက စိုက်ပျိုးထားသော ကျွန်းစိုက်ကေတစ်ထောင်စိုက်ခင်းအတွင်း တောင်ယာလုပ်ငန်းလုပ်ကိုင်ရန် ကျူးကျော်၍ ကျွန်းပင်များခုတ်လှဲ ထွန်ယက်လျက်ရှိကြောင်း သတင်းအရ ကန့်ဘလူမြို့နယ် သစ်တောဦးစီးဌာနမှ တောအုပ်နှင့် အဖွဲ့ ဇူလိုင်လ ၄ ရက်တွင်သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်များအရ ကန့်ဘလူမြို့နယ် အေးသာယာကျေးရွာနေ ဦးမြင့်သောင်း၊ ဦးဆန်းမောင်၊ ဦးမြင့်ဝေတို့သည် ကျွန်းပင် ၁၇၃၃ ပင် ခုတ်လှဲထားကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် ကန့်ဘလူမြို့နယ် ရဲတပ်ဖွဲ့စခန်းက သစ်တောဥပဒေပုဒ်မ ၄၃(က) ဖြင့် စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရှိရသည်။ ကန့်ဘလူမြို့နယ် ဘောကျေးရွာ၊ ကျေးတပင်တောတိုက် နေထိုင်သူ ဦးကျော်နီဝင်း ခုတ်လှဲထားသော ကျွန်းပင် ၁၃၀၆ပင်ခုတ်လှဲကြောင်းစစ်ဆေးတွေ့ရှိရသဖြင့် ကန့်ဘလူ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့် အရေးယူပြီးသစ်တောဥပဒေပုဒ်မ ၄၃(က)အရစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# မုံရွာမြို့နယ် စိမ်းလန်းစိုပြည်ရေး ပျိုးပင်ပေါင်း တစ်သိန်းကျော် ပျိုးထောင်

**မျိုးမင်းဦး**

**ရန်ကုန်၊ ဇူလိုင်-၂၀**

မုံရွာမြို့နယ်အတွင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေး အတွက် မုံရွာတက္ကသိုလ်အနီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၏ မြို့မပျိုးဥယျာဉ်တွင် အပင်ပေါင်းလေးသောင်းကျော်နှင့် ဗောဓိတစ်ထောင် တောရအနီး ဗောဓိတစ်ထောင် ပျိုးဥယျာဉ်၌ ပျိုးပင်ပေါင်းခြောက်သောင်းခွဲခန့် ပြုစုပျိုးထောင်ထားပြီးဖြစ်ကြောင်း မုံရွာမြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနဦးစီးမှူး ဦးထွန်းထွန်းဝေက ပြောကြားသည်။

ယခုနှစ် မိုးရာသီတွင် မုံရွာမြို့နယ် ဗောဓိတစ်ထောင်တောင်တန်းတွင် ကွက်လပ်ဖြည့်စိုက်ခင်းအတွက် ပျိုးပင်ပေါင်းလေးထောင်ကျော်နှင့် တောင်တန်း ကွန်တိုစိုက်ခင်းအတွက် ပျိုးပင်ပေါင်း ၂၇၅ ပင် စိုက်ပျိုးထားပြီး ဖြစ်ကြောင်း သိရှိရသည်။ မုံရွာတက္ကသိုလ်သစ်ပင်စိုက်ပွဲတော်၊ မုံရွာမြို့ ပရဟိတဂေဟာ သစ်ပင်စိုက်ပျိုးပွဲတော်နှင့် မုံရွာမြို့ သလ္လာရပ်ကွက်၊ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းနှင့် ဝန်းကျင်သစ်ပင်စိုက်ပျိုးပွဲများတွင် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ပျိုးပင်များ ထောက်ပံ့ခဲ့ပြီးဖြစ်ကြောင်း သိရှိရသည်။

ယခုနှစ်အတွင်း မုံရွာမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ သစ်ပင်ပျိုးပင်ပေါင်း သုံးသောင်းကျော် စိုက်ပျိုးရန် လျာထားပြီဖြစ်ကြောင်း သိရှိရသည်။



ဗောဓိတစ်ထောင်နယ်မြေအထူးစိမ်းလန်းစိုပြေရေး ပျိုးဥယျာဉ်

ဓာတ်ပုံ- မျိုးမင်းဦး

# မီးရှို့ခံကျေးရွာများမှ တောင်သူများအား အော်ဂဲနစ်စိုက်ပျိုးမှု သင်တန်းပေး

**မောင်ကံ**

**မောင်တော၊ ဇူလိုင်- ၂၁**

တောင်သူများ၏ စိုက်ပျိုးစရိတ်သုံးငွေ လျှော့ချနိုင်ရေးအတွက် သစ်တောသီးနှံရောနှော စိုက်ပျိုးခြင်းနှင့် ဓာတုကင်းစင် အော်ဂဲနစ်စိုက်ခင်း စိုက်ပျိုးခြင်းသင်တန်းကို ဇူလိုင်လ ၂၀ ရက်က ဗောဓိကုန်းကျေးရွာ၌ ဖွင့်လှစ်ခဲ့ကြောင်း သတင်းရရှိသည်။

အဆိုပါသင်တန်းကို ရခိုင်ပြည်နယ် တောင်ကုတ်မြို့အခြေစိုက်ဒေသတွင်း လူထုအခြေပြုအဖွဲ့အစည်း တစ်ခုဖြစ်သည့် Action for Green Earth (အေဂျီအီး)အဖွဲ့နှင့် မောင်တောခရိုင် အမျိုးသားကူညီစောင့်ရှောက်ရေး ဖောင်ဒေးရှင်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး မီးရှို့ခံ ကျေးရွာများမှ တောင်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

"တောင်သူတွေရဲ့ စိုက်ပျိုးရေး လုပ်ငန်းတွေမှာ အသုံးပြုနေရတဲ့ ကုန်ကျစရိတ်တွေ လျှော့ချနိုင်ဖို့နဲ့ ဓာတုကင်းစင် အော်ဂဲနစ်စိုက်ခင်းတွေစိုက်ပျိုးတတ်အောင်အတွက် ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ မီးရှို့ခံကျေးရွာတွေဖြစ်တဲ့ ရွှေရင်အေး၊ ကံသာယာအလယ်၊ ကံသာယာအထက်၊ဗောဓိကုန်း၊ ခရေမြိုင်နဲ့ ကင်းချောင်းကျေးရွာတွေက တစ်ရွာကိုသင်တန်းသားသုံးဦးနှုန်းနဲ့ ၁၈ ဦး သင်တန်းပေးနေတာဖြစ်ပါတယ်" ဟု အေဂျီစီးအဖွဲ့ဥက္ကဋ္ဌ ဦးချစ်မြကပြောသည်။



*အော်ဂဲနစ်စိုက်ပျိုးမှု သင်တန်း ပို့ချနေစဉ်*

ဓာတ်ပုံ- မောင်ကံ

သင်တန်းကာလ နှစ်ရက်ဖြစ်ပြီး သင်တန်းနည်းပြအဖြစ် မြန်မာနိုင်ငံဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံစိုက်ပျိုးထုတ်လုပ်သူများ အသင်း နည်းပြ၊ မြန်မာနိုင်ငံအော်ဂဲနစ် စိုက်ခင်းများ အသင်းဥက္ကဋ္ဌ ဒေါက်တာသန်းသန်းစိန်က လာရောက်ပြသပေးခဲ့ခြင်းဖြစ်သည်။ သရေကုန်းဘောင်၊ ကိုင်းကြီးနှင့် မောရဝတီကျေးရွာများမှ တောင်သူများကို ဇူလိုင် ၂၃ နှင့် ၂၄ ရက်တွင်သင်တန်းပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

# ဟုမ္မလင်းမြို့နယ် ရွှေမျောလုပ်ငန်းခွင်အတွင်း မြေပြိ၍ လူတစ်ဦး သေဆုံး

**မျိုးမင်းဦး**

**မုံရွာ၊ ဇူလိုင်-၂၀**

ဟုမ္မလင်းမြို့နယ်၊ သောင်းဦးကျေးရွာ၊ နမ့်ပါဟုတ် ရွှေမှော်ရှိ ဥရုမေတ္တာကုမ္ပဏီ ရွှေလုပ်ကွက်အတွင်း ဇူလိုင် ၁၆ ရက်က လုပ်ငန်းခွင်တွင် မြေပြိ၍ ရွှေမျောလုပ်ကိုင်သူတစ်ဦးသေဆုံးခဲ့ကြောင်းသတင်းရရှိသည်။

ဖြစ်စဉ်မှာ ဟုမ္မလင်းမြို့နယ်၊ သောင်းဦးကျေးရွာ၊ နမ့်ပါဟုတ်ရွှေမှော်ရှိ ဥရုမေတ္တာကုမ္ပဏီပိုင် ရွှေလုပ်ကွက် အမှတ်-၁၂၈ အတွင်း ရွှေမျောလုပ်သားစိုးသန့်သည် ရွှေမျောလုပ်ဖော်ကိုင်ဖက်များနှင့်အတူ လုပ်ငန်းသိမ်းစဉ် ရုတ်တရက် ကမ်းပါးပြိုကျမှုကြောင့် မြေပြိ၍ သေဆုံးခဲ့ကြောင်း သိရှိရသည်။

အဆိုပါ မြေပြိ၍ သေဆုံးမှုနှင့်ပတ်သက်၍ မိုင်းကိုင်ရဲစခန်းမှ သေမှုသေခင်းအမှတ်-၂၄/၂၀၁၃ အရ အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။




**Marie Stopes International Myanmar**
**ချိပ်ပိတ်တင်ဒါကြော်ငြာ**

MARIE STOPES INTERNATIONAL Myanmar

၁။ **မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)** သည် မျိုးဆက်ပွား ကျန်မာရေးဝန်ဆောင်မှုများ ဆောင်ရွက်လျက်ရှိသော အပြည်ပြည်ဆိုင်ရာ လူမှုရေးအဖွဲ့ (INGO) အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။
၂။ **မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)** လုပ်ဆောင်လျက်ရှိသည့် စီမံကိန်းများတွင် အသုံးပြုရန်လိုအပ်နေသည့် အောက်ပါပစ္စည်းများကို လုပ်ငန်းရှင်များထံမှ ဝယ်ယူနိုင်ရန်အတွက် ချိပ်ပိတ်တင်ဒါခေါ်ယူလိုပါသည်။ တင်ဒါခေါ်ယူလိုသော ပစ္စည်းမှာ -

| | |
|---|---|
| Motorcycle *(SUZUKI SMASH, 2013 model)* | ၁၀ စီး |
| Motorcycle *(YAHAMA CRYPTON)* | ၉ စီး |

၃။ စိတ်ပါဝင်စားသူ လုပ်ငန်းရှင်များ တင်ဒါလျှောက်လွှာပုံစံကို **မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)ရုံး**တွင်လာရောက် ထုတ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို ထပ်မံသိရှိလိုပါက အောက်ပါပုဂ္ဂိုလ်များထံသို့ တယ်လီဖုန်းဖြင့်ဆက်သွယ်၍သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော် လည်းကောင်း မေးမြန်းစုံစမ်းနိုင်ပါသည်။
ဦးစောရိုလန်း၊ ဦးဝင်းနိုင်ဇော်၊ ဦးဆန်းရှိုင်းအောင်၊
၄။ ချိပ်ပိတ်တင်ဒါစာအိတ်များကို ၂၀၁၃ခုနှစ်၊ ဩဂုတ်လ ၉ ရက်နေ့ ညနေ (၅း၀၀)နာရီ နောက်ဆုံးထား၍ **မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)ရုံး** သို့ ပို့ဆောင်ပေးရမည် ဖြစ်ပါသည်။
**မာရီစတုပ်အင်တာနေရှင်နယ်(မြန်မာ)ရုံး** -အမှတ် ၅၂၄/၁၀၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၅၄၄၄၂၃၊ ၇၀၅၆၅၇၊

# ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုဒေသ မြင်းလှည်းဖြင့် သွားလာသော အလေ့အထ ဖန်တီးမည်



ဓာတ်ပုံ- မျိုးမင်းဦး

မျိုးမင်းဦး

မုံရွာ၊ ဇူလိုင်- ၂၀

ဖိုလ်ဝင်တောင်၊ ရွှေဘတောင် ရှေးဟောင်းယဉ်ကျေးမှုဒေသအတွင်း မြင်းလှည်းများဖြင့် သွားလာသည့် အလေ့အထများ ဖန်တီးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ဖိုလ်ဝင်တောင် ဒေသကိုလာတဲ့ မော်တော်ယာဉ်တွေအားလုံး ယာဉ်ရပ်နားစခန်းမှာ ရပ်နားရမှာ ဖြစ်ပါတယ်။ ယာဉ်ရပ်နားစခန်းကနေ ဖိုလ်ဝင်တောင်၊ ရွှေဘတောင်ကို သွားလာဖို့ မြင်းလှည်းယာဉ်တွေထားရှိတဲ့ အလေ့အထ ဖန်တီးပေးမယ်။ ပုဂံမှာလည်းမြင်းလှည်းလေးတွေနဲ့ ဘုရားဖူးနိုင်သလို ဖိုလ်ဝင်တောင်မှာလည်း မြင်းလှည်းလေးနဲ့ ဘုရားဖူးနိုင်မှာ ဖြစ်ပါတယ်" ဟု စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူ တစ်ဦးကပြောသည်။

လက်ရှိတွင် ဖိုလ်ဝင်တောင် အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ယင်းလုပ်ငန်းများတွင်စားသောက်ဆိုင်လုပ်ငန်း၊ ဒေသထွက်ပစ္စည်းအရောင်းဆိုင်၊ ပရဆေးပစ္စည်း အရောင်းဆိုင်၊ မော်တော်ယာဉ် ရေဆေးဆီထိုးလုပ်ငန်း၊ ယာဉ်ရပ်နားစခန်းနှင့် မြင်းလှည်းယာဉ်ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်ပြီး ယင်းလုပ်ငန်းများကြောင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုရရှိလာမည်ဖြစ်ကြောင်း သတင်းရရှိသည်။

"မြင်းလှည်းလုပ်ငန်းက မုံရွာမြို့ပေါ်မှာ ပျောက်ကွယ်လုဆဲဆဲဖြစ်နေပြီ။ တစ်နှစ်ထက် တစ်နှစ်မြင်းလှည်းအစီး အရေအတွက်လည်း လျော့လာပြီ။ အများစုက ဝါသနာအရ မြင်းလှည်းလုပ်ငန်းကိုလုပ်ကိုင်သူတွေလောက်သာ ကျန်တော့တယ်။ ဖိုလ်ဝင်တောင်ဒေသမှာ မြင်းလှည်းနဲ့ ဘုရားဖူးအစီအစဉ်ပေါ် ထွက်လာမယ်ဆိုလျှင်မြင်းလှည်းတွေအတွက်လည်း အလုပ်အကိုင်အခွင့်အလမ်းပိုရတာပေါ့" ဟု မုံရွာမြို့ ဒေသခံမြင်းလှည်းဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်သူ ဦးဇော်ဝင်းက ပြောကြားသည်။

ဖိုလ်ဝင်တောင် ရှေးဟောင်းယဉ်ကျေးမှုဒေသ အခြေခံလိုအပ်ချက်ကဏ္ဍတွင် အဝင်လမ်းပြုပြင်ခြင်းနှင့် လမ်းအဆင့်မြှင့်တင်ခြင်း၊ အဝင်လမ်းတစ်လျှောက်နေ့၊ ညမရွေးသွားလာနိုင်သည့် လျှပ်စစ်မီး (သို့မဟုတ်) ဆိုလာစနစ်လမ်းမီးတိုင်များ ဆောင်ရွက်ခြင်း၊ စိမ်းလန်း စိုပြေရေးနှင့် အများသုံးရန် အတွက် စက်ရေတွင်းတစ်တွင်း၊ မြေအောက်ရေလှောင်ကန်၊ စင်မြင့်ရေကန်နှင့် ရေဖြန့်ဝေပိုက်လိုင်းများ ပါဝင်သည့် ရေပေးဝေရေးလုပ်ငန်းတစ်ခု ဆောင်ရွက်ခြင်း၊ ဖိုလ်ဝင်တောင်ပေါ်ရှိအထင်ကရနေရာများသို့ သွားရောက်မည့် တောင်ပတ်လမ်း၊ တောင်တက်လမ်းစောင်းတန်းများ၊ လှေကားများ ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်း၊ ဖိုလ်ဝင်တောင်အဝင်ကားလမ်းဘေးတွင် ဘုရားဖူးဧည့်သည်များ၏ မော်တော်ယာဉ်များရပ်နားရန် ယာဉ်ရပ်နားစခန်းများ အပါအဝင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

# ကသာတွင် တစ်နေ့ ကြံတန်ချိန် ငါးထောင်ကြိတ်နိုင်သော သကြားစက်ရုံတည်မည်

မောင်တာ

မန္တလေး၊ ဇူလိုင်- ၂၁

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ စကားကုန်းကျေးရွာတွင် တစ်နေ့ကြံတန်ချိန် ငါးထောင် ကြိတ်ဝါးနိုင်သော သကြားစက်ရုံ တည်ဆောက်ရန် စီစဉ်နေကြောင်း သတင်း ရရှိသည်။

မြန်မာ့သကြားဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီနှင့်စင်ကာပူအခြေစိုက် ENGENIUS Investment လီမိတက်တို့ ပူးပေါင်းတည်ဆောက်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၈၅သန်းခန့်ကုန်ကျမည်ဟုခန့်မှန်းထားကြောင်း မြန်မာသကြားဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီမှ ဒု-ဥက္ကဋ္ဌ ဦးသီဟထွန်းက ပြောသည်။

သကြားစက်ရုံကို ယခုနှစ်အတွင်း စတင်ဆောက်လုပ်မည်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် စတင်လည်ပတ်နိုင်ရန် မျှော်မှန်းထားကြောင်း၊ စက်ရုံဆောက်လုပ်မှုအတွက် စင်ကာပူ ကုမ္ပဏီက ခုနစ်ဆယ်ရာခိုင်နှုန်းပါဝင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် လက်ရှိ လည်ပတ်နေသော သကြားစက်ရုံများမှာ တစ်နေ့ကြံတန်ချိန် နှစ်ထောင့်ငါးရာသာ ကြိတ်နိုင်သဖြင့် ယခုတည်ဆောက်မည့် သကြားစက်ရုံများမှာ မြန်မာနိုင်ငံတွင် အကြီးဆုံး သကြားစက်ရုံဖြစ်လာမည်ဟုဆိုသည်။

စက်ရုံဆောက်လုပ်ရန်မြေနေရာအတွက် ခွင့်ပြုချက်ရရှိပြီးဖြစ်ကာ စက်ရုံကုန်ကြမ်းရရှိရန်အတွက် မြန်မာနိုင်ငံတွင် ကြံစိုက်ပျိုးမှု အများဆုံးဒေသဖြစ်သော ကသာတွင် စက်ရုံဆောက်လုပ်ခြင်းဖြစ်သော မြန်မာသကြားဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီ မှ ဒု-ဥက္ကဋ္ဌ ဦးဇော်ဝင်းက ပြောသည်။

"ဒီစက်ရုံဆောက်တဲ့အတွက် တောင်သူတွေလည်း အကျိုးရှိပါမယ်။ အရင်ကစက်ရုံတွေနဲ့ဝေးတဲ့အတွက် သယ်ယူစရိတ်တွေကုန်တယ်။ အခုကြံစိုက်ခင်းနားမှာစက်ရုံရှိတော့ သယ်ယူစရိတ်၊ ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာပြီး တောင်သူတွေ အများဆုံးအကျိုးရှိနိုင်ပါတယ်။ စက်ရုံအတွက် ဒေသခံတွေကို အလုပ်အကိုင်ပေးနိုင်မယ်" ဟု ဦးသီဟထွန်းက ပြောသည်။

စက်ရုံကြောင့် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုရှိစေရန် ရေဆိုးသန့်စင်စက်ရုံပါ ထည့်သွင်းဆောက်လုပ်မည်ဖြစ်ပြီး စက်ရုံမှ သန့်စင် သကြား၊ အီသနော၊ မြေဩဇာနှင့် လျှပ်စစ်များ ထုတ်ယူနိုင်ရန် ရည်မှန်းထားကြောင်း ဦးဇော်ဝင်းက ပြောသည်။

ကြံနှင့်သကြားလုပ်ငန်းများ ဖွံ့ဖြိုးရန်အတွက် အဓိကရည်ရွယ်ကာ မြန်မာသကြားဖွံ့ဖြိုးရေးအများပိုင်ကုမ္ပဏီကိုအဖွဲ့ဝင်၁၀၂ ဦးဖြင့် ဖွဲ့စည်းထားပြီး ဇူလိုင် ၁၅ ရက်မှစ၍ ကျပ်တစ်သောင်းတန် အစုရှယ်ယာများရောင်းချလျက်ရှိသည်။ ၎င်းအများပိုင်ကုမ္ပဏီမှ သကြားစက်ရုံ တည်ဆောက်မည်ဖြစ်ပြီး သီလဝါ အထူးစီးပွားရေးဇုန်တွင်လည်း ပါဝင်ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း သတင်းရရှိသည်။


## နီလာဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

"ဖွားရာ ပွင့်ရာ စက်လှည့်ရာ စံရာဂျ်လေးမည်၊ သံဝေဇနီယ လေးဌာန ဖူးကြအလီလီ၊ အပွါယ်လေးဝမလားရ လားရာလူနတ်ပြည်" ဟူသော ဆောင်ပုဒ်နှင့်အညီ နီလာဘုရားဖူးအဖွဲ့မှဗုဒ္ဓဘာသာဝင်တိုင်း ဗုဒ္ဓဂယာသို့ရောက်ရှိရန် ရည်ရွယ်ချက်ဖြင့် ပို့ဆောင်ခြင်းဖြစ်ပါသည်၊

**(၆) ညအိပ် (၇) ရက်ခရီး – သီရိလင်္ကာ (စွယ်တော်ဖွင့်ပွဲ) + ဘန်ကောက် (မြဘုရား)**
**စရိတ်ငြိမ်း (၁၂.၅) သိန်း ( ထွက်ခွာမည့်နေ့ – ၁၅.၈.၂၀၁၃ )**

(၇)ရက်ခရီး - သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟော၊စံ)(အိန္ဒိယ - နီပေါ) → ၈.၅ သိန်း(စရိတ်ငြိမ်း)၊ (၁၂)ရက်ခရီး- ၉ သိန်း(စရိတ်ငြိမ်း)
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ (မဟာသတိပဋ္ဌာန်)၊တင်ချ်မဟာ၊ ကိုလ်ကတ္တား (Shopping နှင့် ဗဟုသုတရစရာ နေရာများ) → ၁၀သိန်း (စရိတ်ငြိမ်း)

၂၀၁၃–၁၄ခုနှစ် ဗုဒ္ဓဂယာဘုရားဖူးခရီးစဉ်များကို (၂၇.၉.၁၃)မှ စတင်ထွက်ခွာမည်ဖြစ်၍ စရံငွေ(၁)သိန်းဖြင့် ကြိုတင်စာရင်းပေးသွင်းနိုင်ပါသည်။

**နီလာဘုရားဖူးကုမ္ပဏီ၏ ဝါတွင်းကာလ ကုသိုလ်ယူ အထူးအစီအစဉ်**
**အထူးအစီအစဉ်အနေဖြင့် နယ်မှဘုရားဖူးခရီးသည်များအတွက် ထွက်ခွာမည့်ခရီးစဉ်မတိုင်မီ (၁၀) ရက်အတွင်း လိုက်ပါနိုင်ကြောင်းနှင့်ရန်ကုန်နှင့်မန္တလေးမြို့များတွင် တည်းခိုနိုင်ရန် ကုမ္ပဏီမှ အခမဲ့ ဝန်ဆောင်မှုပေးပါမည်။**

တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ၊ စနေ အပတ်စဉ် ခရီးစဉ်များ ထွက်ရှိပါသည်၊

ရန်ကုန်ရုံးချုပ် အမှတ်- ၂၇၆/၂၇၈(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
မန္တလေးရုံးခွဲ - အမှတ် (၁၁၃)၊ လမ်း ၃၀၊ မြ၅၈၆၆လမ်းကြား၊မင်းကွန်းတိုက်တန်း၊ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊မန္တလေးမြို့
☎ ၀၁-၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၁၂၀၅၂၉၊ မန္တလေးရုံးခွဲ -၀၉-၄၇၂၂၂၀၈၅၊ ၀၉-၄၇၂၂၂၀၈၆၊ ၀၉-၄၀၁ ၇၄၄၄၀၄၊ ၀၉-၄၂၈ ၂၁၇၂၅၀



## ဖိတ်ကြားလွှာ

စစ်သူနာပြုဗိုလ်လောင်းအမှတ်စဉ် (၄) ၏ နှစ် (၅၀) ရွှေရတုနှင့် အာစရိယပူဇော်ပွဲ အခမ်းအနား ကျင်းပမည်ဖြစ်ပါ၍ ဆရာ–ဆရာမများ၊ အစ်မကြီးများနှင့် ညီမများ တက်ရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

**အခမ်းအနားအစီအစဉ်**

ကျင်းပမည့်နေ့ - ၄.၈.၂၀၁၃ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - နေ့လယ် ၂ နာရီမှ ၄ နာရီထိ
ကျင်းပမည့်နေရာ - တော်ဝင်နှင်းဆီ၊ သီရိခန်းမ၊ အရှေ့ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်။

အမှတ်စဉ် ၁၊ ၂၊ ၃မှ အစ်မကြီးများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ ကြွရောက်ကြပါရန်။ အမှတ် ၅ မှစ၍ညီမများ တက်ရောက်နိုင်ခြင်း ရှိ၊ မရှိ အောက်ပါ ဖုန်းနံပါတ်တစ်ခုခုသို့ ပြန်ကြားပေးပါရန်။

ဗိုလ်ကြီး ဒေါ်စုစု (ငြိမ်း) – ၀၉-၈၅၂၈၀၉၀
ဗိုလ်ကြီး ဒေါ်တင်ထန်း (ငြိမ်း) – ၀၉-၅၀၀၈၃၂၀
ဗိုလ်မှူးဒေါ်အုန်းရီ (ငြိမ်း) – ၀၀-၅၆၃၀၇၃
ဗိုလ်ကြီး ဒေါ်မွေးမွေး (ငြိမ်း) – ၀၀-၅၇၉၅၅၃

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013



ပေါင်းတလည်မြို့သစ်ဖွင့်ပွဲမြင်ကွင်း

ဓာတ်ပုံ- ဇော်မင်းထိုက်

# ပေါင်းတလည်မြို့သစ် ဖွင့်လှစ်

**ဇော်မင်းထိုက်**

**ပြည်၊ ဇူလိုင်- ၂၁**

ပဲခူးတိုင်း အနောက်ခြမ်းခရိုင် အတွင်း မြို့သုံးမြို့ တိုးချဲ့သတ်မှတ်ခဲ့ရာပြည်မြို့နယ်အတွင်းရှိပေါင်းတလည် အုပ်စုအား မြို့အဖြစ်သတ်မှတ်ဖွင့်လှစ်ခြင်းကို ဇူလိုင် ၂၁ ရက် နံနက် ၈ နာရီကပေါင်းတလည်မြို့အဝင်လမ်းမ၌ ကျင်းပခဲ့ကြောင်းသတင်းရရှိသည်။

ပြည်ခရိုင်အတွင်း ပန်းတောင်းမြို့နယ် ဥရှစ်ပင်မြို့အားဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကာ သဲကုန်းမြို့နယ် ပုတီးကုန်းတိုက်နယ်ကိုလည်း မြို့အဖြစ် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှု အခြေအနေ အရပ်ရပ်တို့ကြောင့် မြို့တစ်မြို့အဖြစ် တိုးချဲ့ရန် လိုအပ်သဖြင့် သတ်မှတ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ပေါင်းတလည်မြို့တွင် ကျေးရွာခွဲ ကိုးအုပ်စုရှိပြီး ၂၅ ခုတင်ဆံ့ ဆေးရုံတစ်ရုံ၊ စည်ပင်ဈေးတစ်ခု၊ လျှပ်စစ်ဖြန့်ဖြူးရုံ၊ ဆက်သွယ်ရေးရုံး၊ စာတိုက်အစရှိသည်တို့ရှိသောမြို့တစ်မြို့ဖြစ်သည်။ ပေါင်းတလည်မြို့ဖွင့်ပွဲသို့ လွှတ်တော် ကိုယ်စားလှယ်များ၊ တိုင်းအဆင့်၊ ခရိုင်၊မြို့နယ်အဆင့်ရှိ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။

# တည်းခိုခန်းတွင် တည်းခိုသူထံမှ ကျပ် ၁၅ သိန်းကျော်ဖိုး စိတ်ကြွရူးသွပ်ဆေးများ ဖမ်းမိ

**စိုင်းသာအောင်**

**မန္တလေး၊ ဇူလိုင်- ၂၁**

မန္တလေးမြို့ မြင့်မိုရ်ဦးတည်းခိုခန်းတွင် ခေတ္တ တည်းခိုနေသူ နန်းထိုက်အောင်(ခ)အောင်ကျော်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား သုံးရာ့သုံးပြား ကာလတန်ဖိုး ကျပ် ၁၅ သိန်းကျော်ဖိုး ဖမ်းဆီးမိခဲ့ကြောင်း သတင်းရရှိသည်။

နန်းထိုက်အောင်(ခ)အောင်ကျော်သည် ကသာခရိုင် ထီးချိုင့်ဘက်မှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀ အား ဆံရှည်ဆိုသူထံမှ ကျပ်သုံးသိန်းခွဲဖြင့် ဝယ်ယူခဲ့ပြီး မန္တလေးမြို့သို့ယူဆောင်လာခဲ့သည်။ မြင့်မိုရ်ဦးတည်းခိုခန်းတွင် တည်းခိုပြီး ဝယ်လက်နှင့် ချိန်းဆိုထားစဉ် ယခုကဲ့သို့ ဖမ်းဆီးခံရခြင်းဖြစ်သည်။

နန်းထိုက်အောင်ကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မန္တလေးမူးယစ်အဖွဲ့မှ အဖွဲ့ဝင်များသည် သတင်းအရမန္တလေးမြို့ ၃၃၊၃၄လမ်းကြားရှိ ပန်းချစ်သူ ကဖေးတွင် သတင်းအရစောင့်ဆိုင်းနေစဉ် ဖမ်းမိခြင်းဖြစ်ပြီး နယ်မြေရဲစခန်း အမှတ် ၆ တွင်အမှုဖွင့်ထားကြောင်း သတင်းရရှိသည်။

# ပြန်ကြားရေးက ပြည်နယ်/တိုင်းမြို့တော်များတွင် သတင်းဗျူရိုများထားရန်စီစဉ်

**သန်းထူး**

**နေပြည်တော်၊ ဇူလိုင်- ၂၁**

ပြန်ကြားရေးဝန်ကြီးဌာနပိုင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအနေဖြင့် ဒေသဆိုင်ရာသတင်းများ အချိန်မီ ထုတ်လွှင့်နိုင်ရန်အတွက် ပြည်နယ်နှင့် တိုင်းဒေသကြီး မြို့တော်များတွင် သတင်းဗျူရိုများ ဖွဲ့စည်းဆောင်ရွက်ရန် အစီအစဉ်ရှိကြောင်း ပြန်ကြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးပိုက်ထွေးက ပြောကြားသည်။

"၂၀၁၃ ခုနှစ် ဩဂုတ်လမှစ၍ တိုင်းရင်းသားဘာသာစကား ၁၁ မျိုး ကချင်၊ ကယား၊ ကရင် (စကော)၊ ကရင်(အနောက်ပိုင်း)၊ ကရင်(အရှေ့ပိုင်း)၊ ချင်း(စလင်း)၊ ချင်း(မင်းတပ်)၊ မွန်၊ ရခိုင်၊ ရှမ်း၊ ဝ အတွက် သတင်းဗျူရိုများဖွဲ့စည်းရန် သက်ဆိုင်ရာဒေသများသို့စေလွှတ်ပြီးသတင်း ရယူထုတ်လွှင့်သွားရန်ရှိပါတယ်"ဟု ဒု-ဝန်ကြီးက ဇူလိုင်၁၇ရက်တွင်ကျင်းပသော အမျိုးသားလွှတ်တော်၌ ပြောကြားသည်။

လက်ရှိရန်ကုန်၊နေပြည်တော်နှင့် မန္တလေးမြို့များ၌ သတင်းဗျူရိုများ ဖွဲ့စည်းပြီး သတင်းရယူဆောင်ရွက်လျက်ရှိသည်။ အသံလွှင့်ဌာနများကိုပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် တိုးချဲ့ဖွင့်လှစ်ရန်မလိုဘဲ တိုးချဲ့ထုတ်လွှင့်မည့်အစီအစဉ် အားလုံးကို နေပြည်တော်နှင့် ရန်ကုန်ရှိအသံလွှင့်ဌာနများမှ ထုတ်လွှင့်ရုံဖြင့် လုံလောက်ကြောင်းလည်း ၎င်းကဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံ အောက်ပိုင်းဒေသနေ တိုင်းရင်းသားများအတွက် ဘာသာရှစ်မျိုးကိုရေကျူးအသံလွှင့်ရုံမှ ထုတ်လွှင့်ပေးလျက်ရှိသကဲ့သို့ အထက်ပိုင်းနေ တိုင်းရင်းသားများအတွက်လည်းနေပြည်တော်အသံလွှင့်စက်ရုံမှ ဘာသာခုနစ်မျိုးကိုအလှည့်ကျထုတ်လွှင့်လျက်ရှိကြောင်း၊ ယခုနှစ်အတွင်း တိုင်းရင်းသားလူမျိုးစုချန်နယ်(Ethnic National Channel) ကိုလည်းဒီဂျစ်တယ်စနစ်ဖြင့် တိုးချဲ့ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း ဒု-ဝန်ကြီးကထပ်မံပြောကြားသည်။

# မန္တလေး ကေတီဗီလုပ်ငန်းတစ်ခု ရဲဝင်ဖမ်း

**မောင်တာ**

**မန္တလေး၊ ဇူလိုင်- ၂၁**

ချမ်းမြသာစည်မြို့နယ်၊ ကန်သာယာရပ်ကွက်၌ ဖွင့်လှစ်ထားသော ကေတီဗီတစ်ခုကို ခွင့်ပြုချက်မရှိဘဲ ဖွင့်လှစ်ထားသည်ဟု ဆိုကာ ဇူလိုင် ၁၈ ရက်က ဝင်ရောက်ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

ဖမ်းဆီးမှုတွင် ဆိုင်မန်နေဂျာအမျိုးသားတစ်ဦးနှင့် ကေတီဗီလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီး ၂၁ဦး၊ လိုင်စင်မဲ့အရက်၊ မြန်မာဘီယာ ၃၆ လုံး၊ စပိုင်ဝိုင်ပုလင်းများ၊ အခြားအရက်ပုလင်းများနှင့် အရက်ရောင်းချငွေတို့ သိမ်းဆည်းရမိကြောင်း သတင်းရရှိသည်။

ခွင့်ပြုချက်မရှိဘဲ ကေတီဗီဆိုင်ဖွင့်မှုနှင့် လိုင်စင်မဲ့အရက်၊ ဘီယာရောင်းချမှုအတွက် ဆိုင်မန်နေဂျာအမျိုးသားကို (ပ)၂၅၄/၂၀၁၃ဖြင့်အောင်ပင်လယ်ရဲစခန်းတွင် အမှုဖွင့်ပြီး ယစ်မျိုးပုဒ်မ ၃၀ (ခ)၊ ဆိုင်မန်နေဂျာအပါအဝင် ကေတီဗီလုပ်ငန်းလုပ်ကိုင်သူ အမျိုးသမီး ၂၁ဦး ကို ပြစ်မှုပုဒ်မ ၁၈၈ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း သတင်းရရှိသည်။

မြန် မာ တို့ ရဲ့ ဖုန်း ရွှေ



ဝင်းဇော် (သစ်တော)

မြန်မာတို့ရဲ့ဖုန်းရွှေ

ဒီကမ္ဘာမြေပြင်ပေါ်မှာ မြေဝယ်၊ အိမ်ဝယ်၊
အိမ်ခန်းဝယ်၊ အိမ်ဆောက်၊
အိမ်တက်မင်္ဂလာ လုပ်မယ်ဆိုရင်
ဒီစာအုပ်ရှိမှ ဖြစ်မယ် . . .။ မြန်မာတို့အတွက် လောကီရေးရာသုခချမ်းသာ
ပြည့်စုံ စေရန် စေတနာထား၍ တင်ပြထားသည်။

အကျိုးစီးပွားဖြစ်ထွန်းစေသော
မြေရွေး၊ အိမ်ဆောက်၊ အိမ်တက်မင်္ဂလာ ပြုလုပ်နည်းပညာ

မရမ်းတလင်း အယူတော်မင်္ဂလာ နာမည်ပေးနည်းကျမ်း



တို့ဆေးမိတာလား၊ အညာမိတာလား
စိတ်တန်ခိုးနှင့်ဖွန်းများကွေးပြခြင်း၊မီးထုံကူးတာလား၊
ကျောက်ခဲတွေအန်တာကို ယုံကြည်သလား။
လေပေါ်မှာထိုင်ပြသောဦးဝင်းနိုင်(အနုပညာ)၊
ဆန်မန်းများမှ မီးထတောက်ခြင်း၊
ကြက်ဥထဲက ဓါတ်လုံးလက်စွပ်၊
ရက္ခစိုးမော်နှင့်နဂါးသိုက်၊

စက္ကြာမ ၏
ရှင်းလင်းဖော်ထုတ်ရှင်းပြထားသည်။ [ စာအုပ် + DVD ]

ဘိုးတော်လိမ်၊ နတ်ကတော်လိမ်၊ ဘာညာကွိကွဗေဒင်ဆရာလိမ်တွေရဲ့ . . . . .
လိမ်နည်းများကို မှောက်ထားသောခွက်ကို လှန်လိုက်ဘိသကဲ့သို့ ဖွင့်ချလိုက်ပြီ။

သင့်အတွက် ဘဝတစ်သက်တာ



သင့်အတွက် ဝင်းဇော် (သစ်တော)

ဘဝတစ်သက်တာ ဟောစာတမ်း

ဆရာကြီး မင်းသိခ်
၏
ပညာရပ်မူရင်းအတိုင်း တွက်ချက် စီစဉ်ပေးထားသည်။

သင်၏ကံကြမ္မာအတွက် ဘဝတစ်သက်တာဆောင်ထားရန် စာအုပ်
ခုနှစ်ရက်သားသမီးများအတွက် ဘဝတစ်သက်တာမှာ နေ့စဉ်ကြုံတွေ့ရမည့်
ကံကြမ္မာအဆိုးအကောင်းတို့ကို အသေးစိတ်ဟောပြောရေးသား ထားသည်။
မရမ်းတလင်းလက်ဆောင်၊ ဂမ္ဘီရယတြာတို့ကိုလည်း ထည့်သွင်းထားသည်။

ထွက်ပြီ မရမ်းတလင်းစာပေ — ဖုန်း—၀၁ ၅၄၃၂၉၇ ၊ ၀၉ ၇၃၀၀ ၂၉၆၅ E-mail : marantalin.books@gmail.com ထွက်ပြီ

# Education

7 DAY NEWS JOURNAL

Vol.12, No.20 • JULY 24 , 2013


## ပညာရေးအထောက်အထား အတုတွေ့ရှိမှုကြောင့် မြန်မာများ ပိုမိုစိစစ်ခံရဖွယ်ရှိ

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်-၂၀

စင်ကာပူနိုင်ငံ၌ ပညာရေးလက်မှတ်အထောက်အထားအတုဖြင့် မြန်မာနိုင်ငံသား ၂၁ ဦး ဖမ်းဆီးအရေးယူခံရခြင်းကြောင့် ပြည်တွင်းပညာရေးမှတ်တမ်းအထောက်အထားကို ပိုမိုတင်းကျပ်စိစစ်ခံရနိုင်ကြောင်း နိုင်ငံတကာပညာရေးကျွမ်းကျင်သူများက ပြောသည်။

ပြည်ပနိုင်ငံများတွင် ပညာသွားရောက်သင်ယူခြင်း၊ အလုပ်သွားရောက်လုပ်ကိုင်ခြင်းတို့အတွက် ပြည်တွင်းပညာရေးအထောက်အထားများကို အတုပြုလုပ်၍ ဆောင်ရွက်နေခြင်းများရှိနေရာ ယခုအခါ စင်ကာပူနိုင်ငံ၌ စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်သည်။

နိုင်ငံခြားသား ၂၅ ဦးသည် အလုပ်လုပ်ခွင့်အတွက် ပညာရေးအထောက်အထားအတုများ တင်ပြခဲ့ရာ ၂၁ ဦးမှာ မြန်မာနိုင်ငံမှဖြစ်ပြီး ထောင်ဒဏ်လေးပတ်ကျခံရမည့်သူ ၂၀ ဦးနှင့် စင်ကာပူဒေါ်လာ ၅,၀၀၀ ပေးဆောင်ရမည့်သူငါးဦးတို့ကို ပြစ်ဒဏ်ချမှတ်ခဲ့ကြောင်း စင်ကာပူသတင်းစာများတွင် ဇူလိုင်လတတိယပတ်က ဖော်ပြခဲ့သည်။

"ကိုယ်တိုင်လုပ်ကြတာတွေရှိသလို အေဂျင်စီတွေက လုပ်ပေးနေတာလည်း ရှိနေတယ်။ ဘယ်လိုနည်းနဲ့ ဖြစ်ဖြစ် ပညာရေးအထောက်အထားအတုလုပ်တာကို အားမပေးသင့်ဘူး။ နောက်ဆိုရင် မြန်မာနိုင်ငံသားကို ပိုမိုစိစစ်ဖို့ စိတ်စွဲသွားနိုင်တယ်"ဟု စင်ကာပူပညာရေးဝန်ဆောင်မှုလုပ်ငန်းတစ်ခုမှ မန်နေဂျင်းဒါရိုက်တာက ပြောသည်။

ပြည်ပတက္ကသိုလ်၊ကောလိပ်များတွင် ဝင်ခွင့်ရရှိရန် ပြည်တွင်းတက္ကသိုလ်ဝင်တန်း ရလဒ်ကို အတုပြုလုပ်ခြင်း၊ ပြည်ပနိုင်ငံများတွင် အလုပ်လုပ်ကိုင်ရန် ပြည်တွင်းဘွဲ့လက်မှတ်အတုပြုလုပ်ခြင်းတို့သည် လွန်ခဲ့သောနှစ်များကပင် ပြည်တွင်း၌ တွင်ကျယ်နေခြင်းဖြစ်သည်။

ပြည်ပနိုင်ငံများသို့ သွားရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများ၊ အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် ပညာရေးအထောက်အထားမှတ်တမ်းများ အတုပြုလုပ်ခြင်းကို ရှောင်ရှားသင့်ပြီး စစ်ဆေးတွေ့ရှိပါက မိမိဘဝအတွက်သာမက တိုင်းပြည်ပုံရိပ်ကိုထိခိုက်စေမည်ဖြစ်ကြောင်း ပညာရေးကျွမ်းကျင်သူများက သုံးသပ်သည်။



အထက(၁)ဗဟန်း ကျောင်းသား /ကျောင်းသူလေးများ ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## ကမ္ဘာ့ဘဏ် ထောက်ပံ့မှု ကျောင်းအထွေထွေ အသုံးစရိတ်၊ ပညာသင်ထောက်ပံ့ကြေးနှင့် စာဖတ်စွမ်းရည် မြှင့်တင်ရေးတို့အတွက် အသုံးပြုမည်

နေလင်းထွန်း

ရန်ကုန်၊ဇူလိုင်-၁၈

ကမ္ဘာ့ဘဏ်မှ ထောက်ပံ့သော အမေရိကန်ဒေါ်လာသန်း ၆၀ ကို အခြေခံပညာ ကျောင်းများ၏ အထွေထွေအသုံးစရိတ်၊ ကျောင်းသားများအား ပညာသင်ထောက်ပံ့ကြေးနှင့် မူလတန်းအဆင့် စာဖတ်စွမ်းရည်မြှင့်တင်ခြင်းတို့ အတွက် သုံးစွဲသွားမည်ဖြစ်ကြောင်း ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနမှသိရသည်။

၂၀၁၄-၂၀၁၅၊ ၂၀၁၅-၂၀၁၆ နှင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်များအတွက် တစ်နှစ်လျှင် ဒေါ်လာသန်း ၂၀ ဖြင့် ကမ္ဘာ့ဘဏ်မှ ပညာရေးဝန်ကြီးဌာနအသုံးစရိတ်သို့တိုက်ရိုက် ထည့်ဝင်သွားမည့် အစီအစဉ်ကို ပထမဆုံးအကြိမ် သဘောတူထားခြင်းဖြစ်သည်။

"ကမ္ဘာ့ဘဏ်ရဲ့ထောက်ပံ့မှုက ပညာရေးဝန်ကြီးဌာနရဲ့အသုံးစရိတ်ထဲကို ဝင်သွားမှာဖြစ်ပါတယ်။ အရင်ကဒီလိုထောက်ပံ့မှု မရှိပါဘူး။ အခြားအဖွဲ့အစည်းတွေထောက်ပံ့တာကလည်း သူတို့အစီအစဉ်နဲ့ ဆောင်ရွက်ကြတာပါ။ ပညာရေးအသုံးစရိတ်ကို ဝင်လာတာမရှိပါဘူး"ဟု ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးရေးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မြန်မာနိုင်ငံတွင် ပညာရေးစနစ်ဖွံ့ဖြိုးတိုးတက်လာစေရန် နိုင်ငံတကာမှ ပံ့ပိုးကူညီမှုများ ဆောင်ရွက်လျက်ရှိရာ ကမ္ဘာ့ဘဏ်၏ ထောက်ပံ့မှုကို ပညာရေးဝန်ကြီးဌာန၏ စီမံမှုဖြင့် အခြေခံပညာရေးဖွံ့ဖြိုးမှုနယ်ပယ်သုံးခုတွင်သုံးစွဲသွားရန် စီစဉ်နေခြင်းဖြစ်သည်။

"အခြေခံပညာကျောင်းတွေရဲ့ အထွေထွေအသုံးစရိတ်အတွက် ပညာရေးဝန်ကြီးဌာနက ထောက်ပံ့နေတာတွေ ရှိတယ်။ အဲဒါကို တိုးမြှင့်ပေးအပ်သွားမလား၊ ပိုင်းလော့အနေနဲ့ လုပ်မလားမသိသေးဘူး။ အရင်တုန်းက စာသင်ကျောင်းတွေက မြေဖြူတောင် ဝယ်စရာမရှိဘူးလေ။ ကိုယ့်အစီအစဉ်နဲ့ ကိုယ်ဝယ်ကြရတာ။ နောက်ကျောင်းသားတွေကို ပညာသင်ထောက်ပံ့ကြေးပေးနေတာတွေအတွက် သုံးစွဲသွားမယ်။ စာဖတ်စွမ်းရည်မြှင့်တင်ဖို့က တိုင်းရင်းသား၊ လူမျိုးစုတွေက ကလေးငယ်တွေ မြန်မာစာဖတ်စွမ်းရည် မြှင့်တင်ဖို့အတွက် အသုံးပြုသွားမှာပါ"ဟု အထက်ပါပုဂ္ဂိုလ်က ပြောသည်။

## မြန်မာ့ပညာရေး ဂျာမနီပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်

နေလင်းထွန်း

ရန်ကုန်၊ ဇူလိုင်-၁၆

ဂျာမနီနိုင်ငံသည် မြန်မာနိုင်ငံနှင့် ပညာရေးပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီထောက်ပံ့မှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် အစီအစဉ်များချမှတ်ထားကြောင်း ဂျာမနီဒုတိယနိုင်ငံခြားရေးဝန်ကြီး Mrs Cornelia Pieper က ပြောသည်။

ဘာသာစကားသင်တန်းနှင့် ယဉ်ကျေးမှုဖလှယ်မှုများဆောင်ရွက်နေသော ဂိုသေ့အင်စတီကျူ့ဒ်ကို ၄၈ နှစ်ကြာပြီးနောက် ပြန်လည်ဖွင့်လှစ်ရန် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့်သဘောတူညီထားပြီး ပညာရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ စီစဉ်ထားကြောင်း ၎င်းက ဆိုသည်။

မြန်မာနိုင်ငံရှိ အထက်တန်းကျောင်းခြောက် ကျောင်းမှ ကျောင်းသား၄၀ဦးအားဂျာမနီနိုင်ငံသို့ ဖိတ်ခေါ်၍ ပညာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာများ လေ့လာနိုင်ရန် စီစဉ်ထားခြင်း၊ မြန်မာသုတေသနပညာရှင် ၁၈ ဦးအား ပညာသင်ဆုပေးထားခြင်း၊ ဘွဲ့လွန်ပညာသင်ယူရန်ပညာသင်ဆုများ ပေးနေခြင်း၊ မြန်မာတက္ကသိုလ်များတွင် ဂျာမနီပညာရှင်များစေလွှတ်သင်ကြားပို့ချစေခြင်းစသည့်ပညာရေးဆိုင်ရာပူးပေါင်းဆောင်ရွက်မှုများရှိနေကြောင်း သတင်းစာရှင်းလင်းပွဲ၌ ၎င်းက ပြောကြားသည်။

"ကျွန်မအနေနဲ့ အခက်အခဲလေးတစ်ခုကို ပြောပြချင်တယ်။ မြန်မာတွေအနေနဲ့ တခြားနိုင်ငံတွေလို ဂျာမန်ပညာသင်ဆုတွေကို တိုက်ရိုက်လျှောက်လို့မရတာကြားရပါတယ်။ သက်ဆိုင်ရာအဖွဲ့အစည်း၊ဝန်ကြီးဌာနတွေကပညာသင်ဆုတွေ စုစည်းပြီး တစ်ဆင့်ပြန်ဝေပေးတဲ့စနစ်ကို ကြားထားပါတယ်။ ကျွန်မအနေနဲ့ ဖြစ်စေချင်တာက မြန်မာကျောင်းသားမည်သူမဆို လွတ်လပ်စွာ အရည်အချင်းပေါ်မူတည်ပြီး ဂျာမန်အဖွဲ့အစည်းတွေဆီမှာ တိုက်ရိုက်လျှောက်ထားတာမျိုးဖြစ်ပါတယ်" ဟု Mrs Cornelia Pieper က သုံးသပ်အကြံပြုသည်။

ဂျာမနီနိုင်ငံသည် ဂိုသေ့အင်စတီကျူ့ဒ်ကို ရန်ကုန်မြို့၌ယခုနှစ်ကုန်တွင် စတင်ဖွင့်လှစ်၍ ဂျာမန်ဘာသာစကားသင်ကြားပို့ချခြင်း၊ ဂျာမန်ဘာသာစကားဆရာ၊ဆရာမများ မွေးထုတ်ခြင်း၊နိုင်ငံခြားဘာသာတက္ကသိုလ်များ၊ အခြားတက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဂျာမန်အကယ်ဒမစ်ဖလှယ်ရေးဝန်ဆောင်မှု (DAAD)သည် မြန်မာကျောင်းသားများအတွက် ဘွဲ့လွန်ပညာသင်ဆုပေးအပ်နေပြီး ရန်ကုန်တက္ကသိုလ်နှင့် ကိုလုံးတက္ကသိုလ်တို့ပူးပေါင်း၍ အဆင့်မြင့်ပထဝီဝင်ဌာနတည်ထောင်ရန် ထောက်ပံ့နေသည်။

## အိန္ဒိယနှင့်ပူးပေါင်း တည်ထောင်သော MITT ယခု ပညာသင်နှစ်တွင် ပထမဘွဲ့ကြိုသင်တန်း ဖွင့်မည်

သန်းထူး

နေပြည်တော်၊ ဇူလိုင်-၁၈

မြန်မာနိုင်ငံတွင် နိုင်ငံတကာအဆင့်မီသောတက္ကသိုလ်ပေါ်ပေါက်လာရေးအတွက် အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းတည်ထောင်သည့် မန္တလေး မြန်မာသတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ် MITT တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်၌ ပထမဘွဲ့ကြိုသင်တန်းဖွင့်လှစ်နိုင်ရန် ဆောင်ရွက်နေကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါက်တာဒေါ်ခင်စန်းရီက ပြောကြားသည်။

"ICT နည်းပညာရပ်၊ဆော့ဖ်ဝဲနှင့် ဟာ်ဒ်ဝဲနည်းပညာရပ်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသော နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများနှင့်လည်း နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးဆောင်ရွက်လျက် ရှိပါတယ်"ဟု အထက်ပါ တက္ကသိုလ်နှင့် ပတ်သက်ပြီး ဒုတိယဝန်ကြီးက ဇူလိုင် ၁၇ရက်တွင် ကျင်းပသည့် အမျိုးသားလွှတ်တော်၌ ပြောကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါ တက္ကသိုလ်သည် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုအောက်တွင်ရှိပြီး အိန္ဒိယနိုင်ငံနှင့် ပူးပေါင်းတည်ထောင်ထားခြင်းဖြစ်ကာ အိန္ဒိယမှ နည်းပညာများဖြင့် အဓိကသင်ကြားသွားမည်ဖြစ်သည်ဟုဆိုသည်။ ထို့အပြင် အိန္ဒိယမှသင်ကြားရေးပါမောက္ခများလာရောက် သင်တန်းပို့ချခြင်း၊ မြန်မာနိုင်ငံမှ သွားရောက်၍ သင်တန်းတက်ရောက်ခြင်းများစသည်ဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သတင်းရှိသည်။

ပထမနှစ်ဘွဲ့ကြိုသင်တန်းခေါ်ယူရေးအတွက် ကျောင်းသားဦးရေ သတ်မှတ်ချက်၊ တက္ကသိုလ်ဝင်တန်းအောင် အမှတ်စာရင်းစသည့် သတ်မှတ်ချက်များကို မထုတ်ပြန်နိုင်သေးသော်လည်း အခြားတက္ကသိုလ်များ နည်းတူ သင်တန်းသားခေါ်ယူသွားမည်ဖြစ်ကြောင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ တာဝန်ရှိသူကပြောကြားသည်။ "တက္ကသိုလ်ကြီးတစ်ခုလုံးတည် ဆောက်ရေးကတော့ မပြီးသေးပါဘူး။ ဒါပေမဲ့ပထမနှစ်သင်တန်းအတွက်ယာယီအသင်းစာသင်ဆောင်နှစ်ဆောင်တော့ ဆောက်နေပါပြီ"ဟု ၎င်းကပြောသည်။

# DECO-LAND GROUP OF COMPANIES

DECO

## ONE-STOP TRUSTED PAPER SUPPLIER

www.decolandgroup.com

## PAPER TRADING

- ART PAPER
- ART CARD
- COLOR COPY PAPER
- COLOR CARD
- COPY BRIGHT (70 / 80 GSM) (A4 / Legal)
- CARBONLESS PAPER
- WOODFREE PAPER
- STICKER PAPER
- NEWSPRINT PAPER
- CAST COATED PAPER
- COPY PAPER (70/80 GSM) (A4, Legal, A3)
- DUPLEX COATED PAPER (Gray Back / White Back)

COPY PAPER AND PRINTING PAPER

Copy Bright · EnOva · PLUS Royal · APOLO · GLORY · IK · PAPER One · ARIA · I-PLUS · ace · NINGBO STAR · SINARPLEX

စက္ကူအမျိုးမျိုးကို နိုင်ငံခြားမှ တိုက်ရိုက်မှာယူပြီး ဈေးနှုန်းချိုသာစွာဖြင့်
ဖြန့်ချိပေးနေပါသည်။

## PAPER PRODUCTS

APOLO®

ဂရမ်ပြည့်၊ ဆိုဒ်ပြည့်၊ ရွက်ပြည့်၊ ကျောင်းသုံး၊ ရုံးသုံး၊
လုပ်ငန်းသုံး စာအုပ်အမျိုးမျိုးတို့ကို
International Standard နှင့်အညီ
သေသပ်လှပသော ထုပ်ပိုးမှုစနစ်တို့ဖြင့်
ဈေးနှုန်းချိုသာစွာ ဖြန့်ချိပေးနေပါသည်။






- EXERCISE BOOKS
- NOTE BOOKS
- LEDGERS
- HOMEWORK PAD (A4)
- LECTURE BOOKS (A4/LEGAL)
- ENVELOPES
- FILE FOLDER

## SERVICES

BETTER QUALITY BETTER BRIGHTNESS BETTER RESISTANCE

- 3 STEPS UV LAMINATION
- PLASTIC LAMINATION





CAN LAMINATE AND UV UP TO 43 INCHES

**Main Office**

No. 3C -1&2, U Tun Nyo St., Ward (9), Hlaing Thar Yar Ind. Zone (6),
Hlaing Thar Yar Township, Yangon.
Tel : 95 1 - 684292, 684348, 684349, 685961~2, 687736~39
Fax : 95 1 - 687728 E-mail : sales@decolandgroup.com

**Show Room**

No. 326/328, 24th Street x Strand Road,
Latha Township, Yangon.
Tel : 95 1 382789, 09 732 28162

FULLY STOCK. HEARTLY SERVICE. INSTANT DELIVERY.

# မလေးရှားပြန် မြန်မာလုပ်သားငါးရာကျော် အလုပ်ရရှိ

**အေးမြတ်သူ**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ဝန်ကြီးဌာနအစီအစဉ်ဖြင့် တစ်လအတွင်း မလေးရှားပြန် မြန်မာအလုပ်သမား ငါးရာကျော် အလုပ်အကိုင်ရရှိခဲ့ကြောင်း အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီးဌာနမှ သတင်းရရှိသည်။

မလေးရှားနိုင်ငံအတွင်း မြန်မာအလုပ်သမားများ အကြမ်းဖက်ခံရမှုကြောင့် နေရပ်သို့ ပြန်လာသည့် အလုပ်သမားများကို ပြည်တွင်း၌ အလုပ်အကိုင်ရရှိရန် အစိုးရက အလုပ်လျှောက်လွှာများကို ဇွန်လ ၁၉ ရက်မှစ၍ လက်ခံခဲ့သည်။ လျှောက်လွှာလက်ခံသည့် အချိန်မှစ၍ ယခုလ ၂၀ ရက်အထိ အလုပ်လျှောက်ထားသူ ၃,၀၁၂ ဦး ရှိသည့်အနက် လုပ်သား ၅၃၀ ဦး အလုပ်အကိုင်ရရှိခဲ့ကြောင်း သတင်းရရှိသည်။

"အလုပ်အကိုင်ရရှိအောင် အလုပ်ရှင်နဲ့တွေ့ပေးတာသုံးကြိမ်လောက်ရှိပြီထင်တယ်။ များသောအားဖြင့် ဆောက်လုပ်ရေးလုပ်ငန်းမှာ အလုပ်ရကြတာများတယ်"ဟု အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အကြမ်းဖက်ခံရမှုကြောင့် နေရပ်သို့ပြန်လာကြသည့် အလုပ်သမားများ ဇွန်လပိုင်းမှစ၍ ယခုလ ၂၀ ရက်အထိ လုပ်သားသုံးထောင်ကျော်ရှိကြောင်း သိရသည်။ အလုပ်လျှောက်ထားသောသူများအနက် အကြမ်းဖက်ဖြစ်ပွားမှုမတိုင်မီ ကတည်းက ပြန်လာကြသူများလည်း အများစုပါဝင်ကြောင်း သတင်းရရှိသည်။

မလေးရှားနိုင်ငံတွင် ၎င်းတို့သည် လုပ်ခလစာသုံးသိန်းခန့်ရရှိခဲ့ကြသော်လည်း အချို့သောပြည်တွင်းလုပ်ငန်းရှင်များအနေဖြင့် ၎င်းတို့ကို လုပ်ခလစာ ကျပ်တစ်သိန်းဝန်းကျင်ခန့်သာပေးပြီး အစမ်းခန့်ဝန်ထမ်းများအဖြစ် ခန့်ထားလျက်ရှိကြောင်း သိရသည်။

လုပ်ငန်းရှင်များအနေဖြင့် အလုပ်သမားများ၏ လုပ်ငန်းကျွမ်းကျင်မှု၊ စွမ်းဆောင်ရည်ပေါ်မူတည်၍ လုပ်ခလစာတိုးမြှင့်ပေးမည်ဖြစ်ကာ အမြဲတမ်းဝန်ထမ်းများအဖြစ် ပြောင်းလဲခန့်အပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။



**မလေးရှားမှပြန်လာသော မြန်မာလုပ်သားများကို လေဆိပ်တွင်အကူအညီပေးအပ်စဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

## Free Classified

## ဝန်ထမ်းအလိုရှိသည်

## အခမဲ့ကြော်ငြာကဏ္ဍ

Driver (1-Post), Security Guard (2-Posts). အမှတ်(၁၄၀)၊တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၄၃၀၂၃၇၅၆

---

မော်ကွန်းမဂ္ဂဇင်းတွင် တာဝန်ထမ်းဆောင်ရန် အသက်(၃၀)အောက် စာရင်းကိုင် (မ-၂ ဦး) အလိုရှိသည်။ ဇူလိုင် ၂၆ ရက်မတိုင်မီ လာရောက်လျှောက်ထားနိုင်ပါသည်။
အမှတ်(၉၃)၊ ပထမထပ်(အေ)၊ ၄၉ လမ်းနှင့် ဗိုလ်ချုပ်လမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်။
ဖုန်း-၀၉-၄၄၈၀၄၇၃၂၀

---

A+ Hardware, Network သင်ကြားနိုင်သူ(ကျား/မ-၂ဦး)၊ LCCI I, II သင်ကြားနိုင်သူ(ကျား/မ- ၂ဦး)၊ MYOB သင်ကြားနိုင်သူ (ကျား/မ- ၂ဦး)။
အမှတ်(၃၅၆)၊မဟာဗန္ဓုလလမ်း၊ဆိပ်ကမ်းသာလမ်းထိပ်။
ဖုန်း-၂၅၃၂၉၃

---

Driver (1-Post), Security Guard (2-Posts). အမှတ်(၁၄၀)၊ တက္ကသိုလ် ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၄၃၀၂၃၇၅၆

---

၁။ အယ်ဒီတာ (၁)ဦး
၂။ အထွေထွေဝန်ထမ်း (၁)ဦး
၃။ Marketing (၁)ဦး
ဖုန်း-၀၉-၄၂၁၀၃၁၆၄၆

---

ရှမ်းဟင်း၊တရုတ်ဟင်းချက်ကျွမ်းကျင်သူအလိုရှိသည်။
ဖုန်း-၀၉-၄၃၀၁၂၉၆၈

---

Vinyl ရိုက်၊ လက်ကမ်းစာစောင်ဝေရန် (အချိန်ပိုင်း)ဝန်ထမ်းအလိုရှိသည်။
ဖုန်း-၀၉-၄၃၁၉၂၆၈၄

---

၁။ Receptionist M/F (10) Posts
Corner of Bo Myat Tun Road & Maharbandoola Road, Bo Myat Tun Tower, Botahtaung TownShip.
PH: 01-298184

---

1. Website Development Trainer M/F (2) Posts
2. C# Net Programming Trainer M/F (1) Post
အဆောင်(၅)၊အခန်း(၄)၊MICT Park၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၂၂၈၈

---

**Study Abroad Information Centre**
Education Counsellor, Graphic Designer, Admin Assistant, Marketing Executive/Assistant, Public Relations Executive, Secretary.
တိုက်(အေ)၊ ၁၁-လွှာ၊ အခန်း(၁၁-၀၃)၊ ဒိုင်းမွန်းကွန်ဒို၊ (မေတ္တာဦးဆေးခန်းအနီး)၊ပြည်လမ်း၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၅၂၃၉၃၁-၃၄
(Ext:2113)

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**
1. Supervisor M (2)
2. Accountant F (2)
3. Receptionist M (2) F(2)
4. Kitchen Helper M (2)
အမှတ်(၁၄)၊ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထောင့်၊လမ်းမတော်မြို့နယ်။

---

**အလိုရှိပါသည်**
ဘက်စုံကျွမ်းကျင်၊ ဥယျာဉ်စိုက်ပျိုးဝန်ထမ်း(ကျား)။
ဖုန်း-၀၁-၅၃၈၀၂၀

---

**ကမ္ဘာဦးဆေးဝါးလုပ်ငန်း**
အရောင်းမြှင့်တင်နိုင်သော (ဆေး) အ ရောင်းဝန်ထမ်းအလိုရှိပါသည်။
ဖုန်း-၀၁-၅၃၈၀၂၀

---

For Foreign service Company
1. Accountant (1) Post
2. Research Executive (1) Post
3. Driver (2) Posts
4. Sales Girl (1) Post
5. ကုမ္ပဏီများ မှတ်ပုံတင်ခြင်း လုပ်ငန်းကျွမ်းကျင်သူ (1) Post
ဖုန်း- ၀၉ ၄၅၀၀၁၉၃၅၂

---

**ကြော်ငြာကမ္ဘာသတင်းဂျာနယ်**
၁။ Marketing Manger မ(၅)ဦး
၂။ Marketing မ(၃၀)ဦး
အမှတ်-၂၉၊ မြေညီထပ်၊ ပုညဝဇ္ဇနလမ်း၊နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။

---

**ယာဉ်မောင်းအလိုရှိသည်**
အမျိုးသမီး၊ ကျွမ်းကျင်ယာဉ်မောင်း အမျိုးသား၊ အသက် (၅၀) အထက်။
ဖုန်း- ၀၉ ၅၁၆၅၀၂၂

---

**ဝန်ထမ်းအလိုရှိသည်**
၁။ Sale & Marketing (Furniture/ Curtain) ကျား (၅) ဦး
အမှတ်-၁၅(A/5), ပြည်လမ်း၊ အေဝမ်း/၉မိုင်၊ မရမ်းကုန်းမြို့နယ်။ ရန်ကုန်မြို့။
ဖုန်း- ၀၉ ၄၃၂၀၅၀၁၈

---

1. Marketing (5) Posts
2. Accountant F (2) Posts
PH: 09-73198266

---

၁။ Wed Developer ကျား/မ(၃)ဦး
၂။ Sale & Marketing ကျား/မ(၅)ဦး
၃။ Receptionist မ(၅)ဦး
၄။ Admin Staff မ(၅)ဦး
၅။ Computer Operator ကျား/ မ(၃)ဦး
၆။ တရုတ်စကားပြန် ကျား/မ(၃)ဦး
၇။ အင်္ဂလိပ်စကားပြော ကျား/ မ(၃) ဦးအမှတ်- ၁၈၃၊ ဗဟိုလမ်း၊ ကမာရွတ်။
ဖုန်း-၀၁-၅၁၂၀၂၉

---

**King Group Construction Co.,Ltd**
1. Site Engineer M/F (2) Posts
2. Site Supervisor M/F (2) Posts
3. Driver F (1) Post
4. Accountant M/F (2) Posts
No-C-66၊ ပိတောက်ဝါ (၉) လမ်း၊ FMI City အိမ်ရာ၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

---

**စာရင်းစစ်လုပ်ငန်း**
1. Assistant Auditor ကျား/မ(၅)ဦး
2. Admin Assistant မ(၂)ဦး
3. ကျွမ်းကျင်ယာဉ်မောင်းကျား(၂)ဦး
အမှတ်-၂(က)၊ ပြည်တော်အေးရိပ်သာ၊ ရန်ကင်း။
ဖုန်း-၀၁-၆၅၇၈၃၀

---

အငှားယာဉ်မောင်းအလိုရှိသည်။
Probox 2007.
ဖုန်း-၀၉-၇၃၀၈၅၉၂၉

---

**အမြန်အလိုရှိသည်**
အငြိမ်းစားကျောင်းအုပ်ကြီးများ၊ လုပ် သက်ရင့် ဘာသာရပ်သင်ဆရာ/မများ၊ ဘွဲ့ရအဆောင်မှူး ကျား/မများ၊ လုပ် သက်ရှိ ရုံးအကူ။ (၂၅-အေ)၊ ရွာမ ကျောင်းလမ်းသွယ်၊ (၁)ရပ်ကွက်၊ လှိုင် မြို့နယ်၊ ရန်ကုန်။
ဖုန်း-၀၉-၈၆၂၀၀၉၄

---

**Super Air Con-Service**
1. Air Con ကျွမ်းကျင် (၃)ဦး
2. Helper (၃)ဦး
3. အလုပ်သင်ဝန်ထမ်း (၅)ဦး
အမှတ်-(၂၆/၃)၊ အခန်း(၀၀၄)၊ သုမင်္ဂလာအိမ်ရာ၊ လေးဒေါင့်ကန်လမ်းမကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်း။
ဖုန်း-၀၁-၅၆၉၉၀၅

---

Driver (1-Post), Security Guard (2-Posts). အမှတ်(၁၄၀)၊ တက္ကသိုလ် ရိပ်သာလမ်းသစ်၊ ကုက္ကိုင်းမီးပွိုင့်အနီး၊ ဗဟန်းမြို့နယ်။
ဖုန်း-၀၉-၄၃၀၂၃၇၅၆

---

1. Marketing Manager (1) Post
2. Marketing (3) Posts
3. Driver (3) Posts
PH: 09-5103839

---

**Recruitment Regent Education Group**
Course Coordinator, Education Counsellor, Graphic Designer, Accountant, Marketing Executive/Assistant, Public Relations Executive, Secretary, Receptionist, Admin Assistant. အမှတ်(ဘီ-၁၃+၂၃)၊ ရွှေကိန္နရီအဆင့်မြင့်အိမ်ရာ၊(ရွှေကောင်းဟော့ပေါ့အရှေ့)၊ နာနတ် တောလမ်း၊ ကမာရွတ်မြို့ နယ်၊ ရန်ကုန်။

---

အမျိုးသမီး (၁၀) ဦး အလိုရှိသည်။ သင်တန်းကျောင်းနှင့် ဆိုင်လုပ်ငန်းတို့အတွက်။
ဖုန်း-၀၉-၃၁၀၅၅၇၉၃

---

**ဟိုတယ်ဝန်ထမ်းအလိုရှိသည်**
1. Receptionist F(2) Posts
2. Housekeeping M (2) Posts
အမှတ်-၆၆၀အေ၊ မြကန်သာ (၁) လမ်း၊(၂) ရပ်ကွက်၊ ကမာရွတ်မြို့နယ်။
ဖုန်း-၀၁-၅၃၆၉၅၃

---

Chinese project coordinator (M-20Posts), Chinese Accountant (F/M-10 Posts), Chinese Admin (F/M-10Posts), PR Commissioner (F/M- 10 Posts), Driver (M-10 Posts).
ဖုန်း-၀၉-၄၃၀၇၄၈၃၈

အသစ်ဖွင့်လှစ်လိုက်သည့် အခမဲ့အလုပ်ခေါ် ကြော်ငြာကဏ္ဍတွင် ထည့်သွင်းလိုပါက 7Day News ဂျာနယ်တိုက်သို့ ကွန်ပျူတာစာရိုက်ပြီး (1.5"x 2") ထက်မကြီးသောအရွယ်အစားဖြင့်လာရောက်ပေးပို့နိုင်ပါသည်။
အမှန်တကယ်ဝန်ထမ်းခေါ် ယူလိုသူများသာ ယခုကဏ္ဍကိုအသုံးပြုရန် မေတ္တာရပ်ခံအပ်ပါသည်။

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# နောင်တ

မှန်လိုသူ



"အေးကိုရယ် ငါ့သားလေးဘယ်မှာလဲဟင်၊ ငါ့သားလေးကိုခေါ်ပေးပါဦး. . . ။

အမေလိုက်လာပြီလေအမေ့ကိုစောင့်ပါဦး မသေပါနဲ့ဦးလားသားရယ် သားက ငယ်ပါသေးတယ်။ အမေသာ သေလိုက်ပါတော့လား။ အမေဘယ်လိုဖြေရပ့်မလဲ သားညီလေးနဲ့ အမေ့ကိုခွဲထားခဲ့ပြီလား"

ဆိုသည့်ငိုသံသည်ငွေဆောင်ပြည်သူ့ဆေးရုံရှေ့၌ ဇူလိုင် ၈ ရက်မနက် ၈ နာရီအချိန်တွင် ကြားရသောအသံဖြစ်ပါသည်။ ထိုငိုခြင်း၏အစ မြစ်ဖျားခံရာနေ့သည် ဇူလိုင် ၆ ရက် ညနေ ၈ နာရီကျော်ချိန်မှစ၍ဖြစ်သည်။ ကျွန်တော်တို့သူငယ်ချင်းတစ်စုသည် မျှော်စင်ကျွန်းရှိ ဘီယာဆိုင်တစ်ဆိုင်တွင်စုဖွဲ့၍ ဘီယာသောက်နေခဲ့ကြသည်။ ကရဝိက်ဟိုတယ်ကြီး၏ခမ်းနားပုံကန်ရေပြင်ကိုဖြတ်သန်းတိုက်ခတ်လာသော ညင်းသွဲ့သွဲ့လေပြည်လေးများ၏အရသာကိုခံစားရင်း သောက်လိုက်ကြသည်မှာ ည ၁၀ နာရီထိုးချိန်ထိ ဖြစ်သည်။ ထိုအချိန်၌ မည်သူကစလိုက်မှန်းမသိ "ကဲလူစုံပြီ အိမ်မပိုင်ရင်ဂေါ်လီမလုပ်ကြနဲ့တစ်နေရာရာကိုသွားကြမယ်"စသည့် စကားသံတို့နောက်မှာ နေရာရွေးကြသည်။ နောက်ဆုံး တညီတညွတ်တည်းသဘောတူခဲ့ကြသည်က ချောင်းသာကိုသွားဖို့အတွက် "ဘယ်သူ့ဆီမှာ ပိုက်ဆံဘယ်လောက်ပါလဲထုတ်ကြ"ဆိုသည့်အမေးစကားအဆုံးမှာ "ငါ့ဆီမှာလေးသိန်းပါတယ် လောက်လား" ဆိုပြီး သူငယ်ချင်းတစ်ယောက်က ငွေထုတ်ပေးသည်။

ထိုငွေဖြင့် ချောင်းသာကို မနက်ရောက်ညနေအပြန်သွားလျှင်လုံလောက်သည်။ ထိုဆုံးဖြတ်ချက်ကိုချအပြီး တစ်ယောက်ကမလိုက်နိုင်ဘူးဆိုကာ ကန်တော်ကြီး ဘီယာဆိုင်မှ မည်သူမှမသိအောင်ထွက်ပြေးသွားလေတော့သည်။ ထို့ကြောင့် လူရေကြည့်သောအခါ သွားမည့်သူက ခုနစ်ယောက်အဖြစ် အတည်ပြုလိုက်ကြသည်။ လူခုနစ်ယောက် ကားနှစ်စီးဖြင့်သွားမည်ဆိုပြီး ဆိုင်ကထွက်လာခဲ့ကြတော့ ည ၁၁ နာရီကျော်ဖြစ်သွားတော့သည်။ ထိုမှစ၍ ကျွန်တော်တို့၏အုပ်စုထဲမှ တစ်ဦးတစ်ယောက်၏ဘဝမိသားစုအခြေနေပြောင်းလဲရာလမ်းသို့ အသွားမှန်းမသိလိုက်ကြပါ။ သူငယ်ချင်းဖြစ်သူကအိမ်သို့ခဏပြန်မည်၊ ကင်မရာယူမည်ဟုဆိုသဖြင့် သူ့အိမ်ကိုခဏဝင်သည်။ သူရိုက်နေကျကင်မရာကိုယူ သူ့ရဲ့လက်ပ်တော့အိတ်ကိုဆွဲပြီးထွက်လာတော့ သူ့အမေအိပ်နေပြီ နှုတ်မဆက်တော့ဘူးဆိုကာ ချောင်းသာသို့ဦးတည်လိုက်ကြသော်လည်း ထိုခုနစ်ယောက်ထဲမှ တစ်ယောက်က သူ၏ရည်းစားဖြစ်သူထံ အစီရင်ခံလေသောအခါ မသွားရတစ်ချက်လွှတ်အမိန့်ထုတ်ခြင်းကို ခံလိုက်ရတော့သည်။ "မင်းကလည်းကွာမယူခင်ကတည်းက ကြောက်နေရပါလား"ဆိုကာ ဝိုင်းနောက်ကြပြီး သူ့ကိုထားခဲ့ရလေတော့သည်။

တစ်ယောက် ကျန်ခဲ့ပြီဆိုတော့ သွားမည့်သူက ခြောက်ယောက်တည်းဖြစ်သွားသောအခါ ကားတစ်စီးတည်းသွားကြဖို့ဆုံးဖြတ်ကြပြီး ချောင်းသာသို့ ကျွန်တော်တို့ချီတက်ခဲ့ပါသည်။ လှိုင်သာယာမှအထွက် ရန်ကုန်-ပုသိမ်လမ်းမပေါ်သို့အရောက် သူငယ်ချင်းဖြစ်သူက ချောင်းသာမသွားတော့ဘူး။ ငွေဆောင်ကပိုလှတယ်။ ရေလည်းသန့်တယ်။ အဲဒီကိုသွားမယ် စသည်ဖြင့် လမ်းကြောင်းပြောင်းလိုက်တော့သည်။ (တားဆီးကန့်ကွက်မည့်သူတစ်ဦး တစ်ယောက်မှမရှိခဲ့)လမ်းခရီး၌ တစ်ယောက်တစ်လှည့်မောင်းရင်း ပုသိမ်မှအထွက်ငွေဆောင်သို့ရောက်ရန် မိုင် ၂၀ ခန့်အကွာ၌ "ကိုအေးကို ထထရှုခင်းတွေကို ကြည့်စမ်းဘယ်လောက်လှလဲ"ဆိုသည့် နှိုးသံအဆုံးမှာ ကျွန်တော်ပတ်ဝန်းကျင်ကိုကြည့်လိုက်တော့ တောင်ထိပ်တစ်နေရာရောက်နေလေပြီ။ ထိုအခါကားကိုရပ်ပြီး အညောင်းအညာဖြေကာပတ်ဝန်းကျင်အလှကိုကျွန်တော်တို့ကြည့်သောအခါ အချို့နေရာများ၌ ကမ္ဘာကျော်ရုပ်ရှင် AVATAR ကားထဲမှ ရှုခင်းမျိုးကို တွေ့ရသည်။ သစ်ပင်မြင့်မြင့်မားမားတွေ၏ ပတ်လည်မှာမြူတွေဝိုင်းနေပုံက ဆန်းသစ်လွန်းသည်။ ထိုရှုခင်းများကိုဓာတ်ပုံဆရာလည်းဖြစ် ဒီဇိုင်နာလည်းဖြစ်သူ သူငယ်ချင်းက အမိအရရိုက်ယူနေလေတော့သည်။ ကားပြန်ထွက်သောအခါ ကျွန်တော်တစ်လှည့်မောင်းပါသည်။ ငွေဆောင်ရောက်တော့မနက်၇နာရီဝန်းကျင်ခန့်ဖြစ်မည်။ ဟိုတယ်တွေလိုက်ရှာတော့ တစ်လုံးမှမဖွင့်ပိတ်ထားတာကိုတွေ့ရသည်။ ဖွင့်သည့်ဟိုတယ်က ဒီရာသီမှာ တစ်လုံးတည်းရှိသည်။ ထိုဟိုတယ်မှာပဲတည်းခိုဖို့ ဆုံးဖြတ်ကြပြီး အခန်းငှားကာ အနားယူလိုက်ကြပါတော့သည်။

အိပ်ရာမှနိုးတော့ ရေဆင်းကူးကြသည်။ သူငယ်ချင်းက မကူး။ ကျွန်တော်တို့ကူးတာကို ထိုင်ကြည့်နေခဲ့သည်။ လိပ်လိပ်ပြီးတက်လာသော လှိုင်းခေါင်းဖြူတို့က ကျွန်တော်တို့နှင့်ကစားရင်းမိတ်ဆွေဖွဲ့နေခဲ့သည်။ တစ်ချိန်မှာရန်သူအဖြစ် တိုက်ခိုက်လာမည်ကိုမသိခဲ့။ ဟိုးအဝေးကိုလှမ်းကြည့်တော့ အနားသတ်မရှိသောပင်လယ်ကြီးကို ပြာလဲ့လဲ့အဖြစ်တွေ့နေရသည်။ ရေကူးပြီး ဟိုတယ်ပြန်ရောက်တော့ ထမင်းစားကြသည်။ ထို့နောက် သူငယ်ချင်းက ဟိုတယ်ရှိလူတစ်ယောက်ဆီမှ ဂစ်တာကိုငှားလာခဲ့ပြီး သီချင်းဆိုကြသည်မှာ နောက်တစ်နာရီမှာဖြစ်ပေါ်လာမည့် ကြေကွဲသံတွေဖြစ်မယ်ဆိုတာကိုမသိခဲ့ပါ။ ညနေ ၃နာရီကျော်တော့ရေဆင်းကူးရန်ပြင်ကြသည်။ ရေဆင်းကူးခါနီးမနက်က ကျန်နေသေးသည့် ထမင်းဟင်းများကို စားကြတော့ သူငယ်ချင်းက "ဟော့ကောင်တွေလာစားကြခရုဟင်းတွေဘယ်လောက်ကောင်းလဲ။ နောက်ဆိုစားရမှာမဟုတ်ဘူး ဒါနောက်ဆုံးပဲ"ဆိုသည့်စကားကိုပြောသည်။ နောက်တစ်ယောက်မှ "မင်းကလဲကွာ နိမိတ်မရှိနမာမရှိစကားပြောတယ်" ဆိုတော့ သူကရယ်နေပါသည်။ ထမင်းစားပြီးသောင်ပြင်ကိုမဆင်းမီ ရေကူးဘောင်းဘီနှင့် ဘောကိုပိုက်ထားပြီး သူ့ကင်မရာဖြင့် ပုံစံအမျိုးမျိုးဓာတ်ပုံရိုက်ခံပါတော့သည်။ ဓာတ်ပုံထဲမှ သူ့ရဲ့ မျက်လုံးတွေက ပင်လယ်ပြင်ကြီးကို စိန်ခေါ်နေသယောင်။ ဓာတ်ပုံရိုက်အပြီး သောင်ပြင်ကိုအဆင်းမှာ သူရှေ့က ပြေးဆင်းသွားပါတော့သည်။ ထိုအချိန်၌လေကလည်းကြမ်းနေသည်။ အုန်းပင်ထိပ်ဖျားတွေက လေထဲမှယိမ်းထိုးနေ၏။ လှိုင်းခေါင်းဖြူဖြူတွေက အော်ပြီးကမ်းကိုတက်လာတာ ကြောက်စရာတောင် ကောင်းနေပါတော့သည်။ ရှေ့မှပြေးဆင်းသွားသောသူ့ကို ရေထဲသို့ခုန် ဆင်းသွားတာကို တွေ့လိုက်ရသည်။ ကျွန်တော်တို့ ကမ်းစပ်ရောက်တော့သူကကမ်းနဲ့မနီးမဝေးမှာရောက်နေပြီးလှိုင်းတွေကြားထဲမှာ လူးလွန့်နေ၏။ လှိုင်းတစ်လုံးပုတ်လိုက်သောအခါ ဘောနှင့်သူကင်းကွာသွားတော့၏။ နောက်လှိုင်းတစ်လုံးအပုတ်မှာ လက်တစ်ချက်ထောင်ပြပြီးရေအောက်ကိုရောက်သွားသည်မှာ ပြန်ပေါ်မလာတော့ပါ။ သူငယ်ချင်းဖြစ်သူတစ်ယောက်ဘောယူပြီး အတင်းဆင်းလိုက်သော်လည်း လှိုင်းလေကြမ်းကြမ်းထဲမှာ သူ့ကိုမမီတော့ ကျွန်တော်တို့လည်း မျက်လုံးတွေပြာဝေသွားတော့သည်။ အနီးအနားမှာတွေ့သော ပိုက်ကွန်ထမ်းလာသူတစ်ယောက်ကို "အစ်ကိုကယ်ပါဦးဗျာ။ ကျွန်တော့်သူငယ်ချင်းရေနစ်နေလို့" ဟုပြောသောအခါ "ဆင်းလိုက် မသွားနဲ့ တစ်ယောက်ဆင်းရင်တစ်ယောက်၊နှစ်ယောက်ဆင်းရင် နှစ်ယောက်နစ်လိမ့်မယ်။ ဒီနေရာက ဝဲရှိတယ်"ဟုဆိုကာ ပတ်ဝန်းကျင်ကို အကူအညီတောင်းခိုင်းပါတော့သည်။ ထိုအချိန်ကစ၍လို့ ကျန်ခဲ့သော သူငယ်ချင်းငါးယောက် အရူးတစ်ပိုင်းဖြစ်ရတော့သည်။ ဟိုတယ်ကိုပြေးပြီးအကြောင်းကြား၊ ရွာထဲရှိလူတွေလည်း သတင်းကြားပြီး ထွက်လာတော့ ကမ်းခြေမှာလူတွေ ဖွေးဖွေးလှုပ်သွားပါသည်။

နောက်တော့ ရွာသားငါးယောက် ခါးမှာဘောတွေချီပြီးရေထဲသို့ ဆင်းသွားသောအခါခဏလေးဖြင့် ကမ်းနှင့်ဝေးဝေးကိုရောက်သွားတာကို တွေ့ရသည်။ လှိုင်းတွေကြားထဲမှာ ခေါင်းလေးတွေပဲပေါ်ပြီး မြင်တစ်လှည့်မမြင်တစ်လှည့်ဖြင့် ရှိနေခဲ့သည်။ စိတ်ထဲမှပြန်တွေ့ပါစေဟု ဆုတောင်းနေမိ၏။ ထိုအချိန်၌ဒေသခံများကဟိုဘက်က အကွေ့လေးမှာ ပေါ်လိမ့်မယ်။ မနက်ဖြန်ခါ ပေါ်ရင်ပေါ်၊ မပေါ်ရင် သန်ဘက်ခါတော့ပေါ်လာမှာပဲဆိုကာ ပင်လယ်အကြောင်း ရေကြောင်းစီးဆင်းမှု အနေအထားတွေကို ပြောပြပါတော့သည်။ အပေါ်က လှိုင်းက ကမ်းသို့ပုတ်နေသော်လည်း အောက်မှာရေစီးကြောင်းသန်ကြောင်းနှင့်ရေကူးကျွမ်းကျင်သည့် ဒေသခံတွေတောင်မဆင်းရဲကြောင်းကိုပြောပြသောအခါတုန်လှုပ်သွားမိပါတော့သည်။ ဆင်းဆယ်သည့် လူငါးယောက်ပြန်တက်လာသောအခါ တစ်ယောက်၌ ဘောင်းဘီပြန်ပါမလာတော့ရေဆွဲဖြင့်ကျွတ်ကျန်ခဲ့ပြီဟု ပြောပါသည်။

ကမ်းခြေတစ်လျှောက် အပြေးအလွှားရှာဖွေရင်း ရန်ကုန်ကိုဖုန်းဆက် အကြောင်းကြားပြီးသောအခါ ရန်ကုန်မှဖုန်းတွေ အဆက်မပြတ်ဝင်လာပါတော့သည်။ နောက်တစ်နာရီခန့်ကြာသောအခါ တွေ့ပြီဆိုသည့် သတင်းကိုရရှိပါသည်။ တစ်မိုင်နီးနီးရှိသောခရီးသို့ပြေးပြီးကြည့်သော အခါသောင်ပြင်ပေါ်၌ပက်လက်အနေအထားဖြင့် သေဆုံးနေသော သူငယ်ချင်းကို တွေ့လိုက်ရပါတော့သည်။ အိပ်နေသည့်အတိုင်း နှုတ်ခမ်းလေးတွေ ပြာနေတာကလွဲ၍ ရုပ်မပျက်ပြန်တွေ့လိုက်ရသည်။ ဒါပေမဲ့ အသက်မရှိတော့။ သူငယ်ချင်းဖြစ်သူ ငွေဆောင်ကမ်းခြေပင်လယ်ထဲ၌ သေဆုံးခဲ့ရလေပြီ။ ထိုအချိန်မှာ ရဲစခန်းမှ စခန်းမှူးရောက်လာ၏။ သေဆုံးနေသောသူငယ်ချင်းဖြစ်သူကို ဓာတ်ပုံရိုက်၏။ လူမှုရေးအဖွဲ့အစည်း ဆိုသူများလည်း ရောက်လာပါ၏။ လိုအပ်သည့်အကူအညီများပေးမည့်အကြောင်းပြောပြီး ဆေးရုံကို အလောင်းသယ်ပေးကြသည်။ ထိုည၌ ရန်ကုန်ကို အလောင်းပြန်သယ်ဖို့ ကြိုးစားတော့ မအောင်မြင်ပါ။ မိုးချုပ်သွားသည့်အတွက် ဆရာဝန်က ရင်မခွဲပေးတော့၊ဘာဖြစ်လို့လည်းဆိုတော့ မီးမရှိ၍ ဖြစ်သည်။ တစ်နေ့လုံးမှမီးက သုံးနာရီလောက်သာလာကြောင်းနှင့် ကူလုပ်မည့် အလုပ်သမားတွေလည်းပြန်သွား၍ဖြစ်ကြောင်း ဆရာဝန်က ကျွန်တော်တို့ကိုနားလည်အောင် ရှင်းပြပါတော့သည်။ နောက်နေ့ ၈ နာရီဝန်းကျင်၌ သူ့အိမ်မှ မိသားစုရောက်လာကြပါသည်။ ဆရာဝန်ရင်ခွဲပြီးဆေးစာ(သေဆုံးကြောင်း)လက်မှတ်ယူပြီး ထိန်ပင်သုသာန်သို့ ပုသိမ်မြို့မှကရုဏာလူမှုကူညီရေးအသင်းမှ ကားဖြင့် သယ်ဆောင်လာခဲ့ပါတော့သည်။ အပြန်လမ်း၌ ခြောက်ကပ်လွန်းလှသည်။ အိပ်မက်တစ်ခုအဖြစ် တွေးထင်မိ၏။

ဖြစ်ပျက်ခဲ့ပြီးသောအကြောင်းအရာတွေကို ပြန်စဉ်းစားမိတော့ တစ္ဆေတစ်ကောင်ခြောက်လှန့်နေသလို ခံစားခဲ့ရသည်။ မယုံနိုင်ပါ။ မယုံကြည်ရဲပါ။ သို့သော် အမှန်တကယ် ဖြစ်ပျက်သွားခဲ့ပြီ ဆိုတာကို လက်ခံလိုက်ပြီး အမှားတွေကိုပြန်ရှာဖွေသောအခါ(၁)သွားသင့်သည့် ရာသီမဟုတ်ဘဲ အန္တရာယ်ရှိသည့် နေရာမှားယွင်း ရွေးချယ်မှု (၂) နေရာဒေသအကြောင်းကို မကျွမ်းကျင်မသိနားမလည်ခြင်း(၃) ဒေသဆိုင်ရာ အာဏာပိုင်များ၏ ကမ်းခြေလုံခြုံရေး မရှိခြင်း(၄)ဟိုတယ်မှ တာဝန်ရှိသူ၏ လမ်းညွှန်မှုကို မခံခဲ့ရခြင်းစသည့်အကြောင်းကြောင်းကြောင့်ဖြစ်ပါမည်။ ယခုတော့ တန်ဖိုးရှိပါသည်ဆိုသော လူ့အသက်တစ်ချောင်း ဓာတ်ပုံဆရာ တစ်ယောက်နှစ်မိနစ် အတွင်းမှာပင် လူ့လောကကြီးမှ ပျောက်ကွယ်ခဲ့ရတော့သည်။ ထိုမှ ဆင်ခြင်မိသောအခါ ခရီးသွားမည့် လူငယ်၊ လူရွယ်များသည်လည်း နေရာဒေသရွေးချယ်တတ်ဖို့လိုသည်။ ရောက်သည့်နေရာ၌လည်း ဒေသခံများကိုမေးမြန်းပြီးမှ သွားသင့်သည့်နေရာကိုသွားလျှင် အန္တရာယ်ကင်းမည်ဟု ယုံကြည်မိသလို ဒေသခံများကလည်း ကိုယ့်အရပ်ဒေသသို့ အလည်လာသည့် လူများ၏ အသက်အိုးအိမ်စည်းစိမ်ကို အန္တရာယ်ကင်းအောင် စောင့်ရှောက်မှု(ဝန်ဆောင်မှု)ပေးရင်းဖြင့် ကူညီနိုင်ကြပါစေဟု ဆုတောင်းနေမိပါတော့သည်။

ညီလေး ဇင်လင်းထွန်း(ခ) ပေါ်ဦး ရေ

အမျှ . . . အမျှ . . . အမျှ

စာမျက်နှာ(၆)မှ

## မြန်မာ့ရုပ်ရှင် တစ်ကျော့ပြန်ခေါင်းထောင်လာနိုင်မလား

နိုင်ငံတစ်ဝန်းက ရုပ်ရှင်ရုံများကို ဒေါ်ဆွေဇင်ထိုက်က သွားရောက်ကြည့်ရှုခဲ့ရာ မော်လမြိုင်တွင် ရုပ်ရှင်ရုံတစ်ခုမှာပင်လယ်စာအအေးခန်းအဖြစ် ပုံစံပြောင်းထားသည်ကို တွေ့ခဲ့ရသည်။

နောက်ထပ်ပြဿနာတစ်ခုမှာ ပြန်ကြားရေးဝန်ကြီးဌာနကြောင့်ဖြစ်သည်။

"သူတို့က ဒီနေ့တစ်မျိုးပြောလိုက်။ နောက်နေ့မှာ တစ်မျိုးစိတ်ပြောင်းသွားလိုက်ဆိုတော့ လူတွေကလည်း ဘယ်ရင်းနှီးမြှုပ်နှံ့ရဲတော့မလဲ"ဟု သူက ဆိုသည်။

၂၀၁၂ခုနှစ်ကိန်းဂဏန်းများအရမြန်မာနိုင်ငံရုပ်ရှင်ရုံများတွင်ပြသနေသော ရုပ်ရှင်များ၏ ၇၂ ရာခိုင်နှုန်းမှာ နိုင်ငံခြားကားများသာဖြစ်သည်။ ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံများကဲ့သို့မဟုတ်ဘဲ မြန်မာရုပ်ရှင်ရုံများတွင် အဆင့်မြင့်အသံစနစ်ကောင်းကောင်းမရှိပါ။ ထိုင်ခုံများကလည်း သက်သောင့်သက်သာမရှိသလို သန့်ရှင်းမှုကလည်းမရှိပါ။

ယနေ့ခေတ်မှာ ငွေအရများဆုံး မြန်မာရုပ်ရှင်များမှာ ဟာသကားများဖြစ်ပြီး သရဲကားများကိုလည်း လူကြိုက်များလာသည်ဟု ဒါရိုက်တာကြည်စိုးထွန်းက ပြောပါသည်။

ထို့အပြင် ရုပ်ရှင်တွေမှာ လူကြိုက်များလာသော ကိုရီးယားယဉ်ကျေးမှု၏ လွှမ်းမိုးမှုများပါလာသည်ဟု ဒေါ်ဆွေဇင်ထိုက်က ဆိုသည်။

"ဒီနေ့ခေတ်ကတော့ ကိုရီးယားတွေပဲ ကူးချနေတာပါပဲ။ ဇာတ်လမ်းရော၊ သီချင်းရော၊ အဝတ်အစားရောပဲ"

မြန်မာရုပ်ရှင်ပြတိုက်၌ ဧည့်လမ်းညွှန်လုပ်သူ မသီသီကတော့ "နိုင်ငံရေးကားတွေ ကျွန်မမကြိုက်ဘူး။ ရဲတွေကနောက်ကလိုက်တဲ့အက်ရှင်လည်းပါတဲ့ကားတွေကြိုက်တယ်။ သရဲကားတွေကို ကျွန်မအကြိုက်ဆုံးပဲ"ဟု ဆိုပါသည်။ အချစ်ဇာတ်ကားများကလည်း ဆယ်ကျော်သက်များကြားဝယ် ရေပန်းစားနေသေးသည်ဟု သီသီက ပြောသည်။

ထာဝရမန္တလေးရုပ်သံဇာတ်လမ်းတွဲတွင် သူနာပြုဆရာမအဖြစ် သရုပ်ဆောင်ရန်စောင့်နေသည့် သရုပ်ဆောင် စုစန္ဒီဝင်းကမူ "သရုပ်ဆောင်တာက ကျွန်မရဲ့ ဝါသနာပဲ။ အဲဒါကြောင့် မော်ဒယ်ကနေ ပြောင်းလုပ်တာ။ ကျွန်မက အချိန်ပြည့်လုပ်ချင်တာ"

သူကဇာတ်ပို့သရုပ်ဆောင်ခအဖြစ် တစ်နေ့ကို မြန်မာကျပ်ငွေတစ်သောင်းခွဲခန့်ရပါသည်။ သို့သော်လည်း ဒီနေ့ရုပ်ရှင်နှင့် အရင်ခေတ်ဟောင်းကားများ ဘာကွာခြားမှုရှိသလဲမေးသည့်အခါခေတ်ဟောင်းရုပ်ရှင်အကြောင်းကို မသိပါဟု စုစန္ဒီဝင်းက ဖြေပါသည်။

အခြားပြဿနာတစ်ခုက သရုပ်ဆောင်များ၏ အရည်အသွေးကလည်း အရင်ခေတ်သရုပ်ဆောင်များထက် နိမ့်ကျလာခြင်းဖြစ်သည်။ ငွေရအောင်လုပ်နိုင်သည့် သရုပ်ဆောင်များက အားလုံးကိုရိုက်ကူးနေကြသည်။ အချို့သရုပ်ဆောင်များဆိုလျှင် တစ်ကားကို သုံးရက်ထက်ပင်ပိုမရိုက်ကြ။

"ထုတ်လုပ်သူတွေကလည်း ဘာမှမပြောနိုင်ကြဘူး။ တရားစွဲဖို့လည်း ဘာစည်းကမ်းစာချုပ်မှမရှိဘူး။ အဲဒါကလည်း ထုတ်လုပ်မှု အရည်အသွေးကို ဖျက်ဆီးနေတာပဲ"ဟု ဒေါ်ဆွေဇင်ထိုက်က ရှင်းပြသည်။ နောက်ထပ်အဓိကကျသည့် အချက်ကတော့ ဒါရိုက်တာ၏ အခန်းကဏ္ဍပဲဖြစ်သည်။

ဒါရိုက်တာကြည်စိုးထွန်းက "အရင်တုန်းကတော့ ဒါရိုက်တာတွေက ရိုက်ကွင်းရဲ့ ဘုရင်ပေါ့။ အခုတော့ လူတွေက တည်းဖြတ်တာတွေ၊ ထုတ်လုပ်တာတွေ ဂရုမစိုက်တော့ပါဘူး။"

ထိုအခြေအနေများက မြန်မာ့ရုပ်ရှင်ကို အချိန်နှင့်အမျှ ကျဆင်းသထက်ကျဆင်းလာသော်လည်း အနာဂတ်မှာတောက်ပလာနိုင်မည့် အလင်းရောင်ကိုတော့ စိတ်ကူးယဉ်မျှော်မှန်းနေကြပါသည်။

သူတို့အနေဖြင့် ယူနီဗာဆယ်စတူဒီယိုကဲ့သို့ ရုပ်ရှင်မြို့တော်တည်ဆောက်သွားရန် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဆွေးနွေးနေပြီး မကြာမီနှစ်အနည်းငယ်အတွင်း အကောင်အထည်ဖော်လာနိုင်မည်ဟုဒေါ်ဆွေဇင်ထိုက်ကယုံကြည်နေသည်။ လောလောဆယ် မြန်မာနိုင်ငံ၌ ဒေါ်ဆွေဇင်ထိုက်တို့ခေတ်များကဲ့သို့ ရုပ်ရှင်ခြံဆိုသည်မှာမရှိဘဲ အိမ်များကိုသာရိုက်ကွင်းအဖြစ် သုံးနေရသည်။

မြန်မာရုပ်ရှင်အစည်းအရုံး နိုင်ငံတကာဆက်ဆံရေးကော်မတီအတွင်းရေးမှူးအနေဖြင့် ကမ္ဘာတစ်ဝန်းက လူများကိုဒေါ်ဆွေဇင်ထိုက် အမှာစကားပါး လိုက်ချင်သည်က အောက်ပါစကားတစ်ခွန်းတည်းသာ။

"ကျွန်မတို့ မြန်မာရုပ်ရှင်ကိုလာပြီးကူညီကြပါရှင်"

(ဘန်ကောက်ပို့စ်သတင်းစာပါ Can Myanmar Get a second chance? ဆောင်းပါးကိုထားထားမြင့် ဘာသာပြန်ဆိုသည်။)

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 120,000 |
| Galaxy Ace | 138,000 |
| Galaxy Ace Plus | 175,000 |
| Galaxy Ace 2 | 185,000 |
| Galaxy S Advance | 235,000 |
| Galaxy S2 | 320,000 |
| Galaxy S3 | 435,000 |
| Galaxy Note II | 500,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 710,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 105,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇူလိုင်(၂၀)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | S5500AR | 590,000 |
| Panasonic(LCD) | 32SC4S | 275,000 |
| Sony (LCD) | 35BX | 300,000 |
| Sony (LED) | 32EX33 | 340,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 35,000 |
| EVD (AEK) | HDMI | 33,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | 19PTIX | 190,000 |
| Hitachi | 190W | 250,000 |
| Panasonic | NR.BT224 | 250,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP(RAS-E1067) | 290,000 |
| Mitsubishi | 1.0HP(Heavy) | 250,000 |
| Samsung | (1.0HP)AS09TUQN | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၀) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၅,၈၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၆၅၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၄,၉၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၅၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၅ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| ၁၀ ပေါက်အုတ် အထိုင်ဈေး(မင်းကုန်းစက်ရုံ) | တစ်လုံး | ၈၀ |
| ၁၀ ပေါက်အုတ် အထိုင်ဈေး(ပန်းတင်စက်ရုံ) | တစ်လုံး | ၇၅ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၅၆,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၅၅၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၂၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၈၈၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၄၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၀၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၁၀ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇူလိုင်(၂၀)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၁,၀၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဧယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၇၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၅၀၀ |
| သကြား | တစ်ပိဿာ | ၁,၁၅၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၈၀၀-၁,၀၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၂၀-၁၃၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၃၅၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၇,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၆,၀၀၀ |
| ခရမ်းချဉ်သီး (အင်းသီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၆၀၀-၈၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၂,၂၀၀-၂,၅၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၂,၆၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၃၀၀-၂,၇၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားပီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇူလိုင်(၂၀)ရက်က ကြည့်မြင်တိုင်ဗဟိုစံပြငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| Jul(14) | 815 | 870 | 890 | 910 |
| Jul(15) | 815 | 870 | 890 | 910 |
| Jul(16) | 815 | 870 | 890 | 910 |
| Jul(17) | 815 | 870 | 890 | 910 |
| Jul(18) | 815 | 870 | 890 | 910 |
| Jul(19) | 815 | 870 | 890 | 910 |
| Jul(20) | 815 | 870 | 890 | 910 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| Intel Core i5 1.7 GHz, 4GB DDR3,750GB HDD,1GB VGA,14" | 616,000 |
| Intel Core i5 2.5 GHz,4GBx1slot DDR3,1TB HDD,2GB VGA,14" | 714,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 861,000 |
| Intel Core i7 2.3 GHz, 8GB DDR3, 1TB HDD,2GB VGA,15.6" | 1,028,000 |
| **Dell** | |
| Intel Core i3 1.8 GHz, 6GB DDR3, 500GB HDD, HD, 13" | 485,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 1TB HDD, 14" | 714,000 |
| Intel Core i5 1.7GHz,8GB DDR3,500GB HDD+8GB SSD,HD,14" | 841,000 |
| Intel Core i7 2.2 GHz, 8GB DDR3, 750GB HDD, HD, 15.6" | 975,000 |
| **ASUS** | |
| Intel Core i3 1.8 GHz, 4GB DDR3, 500GB HDD, 14" | 489,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 606,000 |
| Intel Core i5 1.8 GHz, 8GB DDR3, 750GB+4GB SSD, 15.6" | 871,000 |
| Intel Core i7 2.4 GHz, 16GB DDR3, 1TB HDD, 15.6" | 1,616,000 |

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# အယ်ဒီတာ့ထံ ပေးစာ



# ဝါးလုံးရှည်ကြီးဖြင့် ယမ်း၍ မရိုက်သင့်ပါ

ဇူလိုင် ၁၀ ရက်ထုတ် 7 Day Newsဂျာနယ်တွင် အချိန်လွန်မှငွေချေးရဆိုသည့် သတင်းဆောင်းပါးကို ဖတ်ရှုလိုက်ရသည်။ တောင်သူလယ်သမားများအနေဖြင့် ယခုနှစ်တွင် စိုက်ပျိုးထွန်ယက်ချိန်အမီ စိုက်/ဘဏ်ချေးငွေမရရှိသေး၍ အခက်အခဲဖြစ်နေကြောင်း သိရှိရသည်။

တောင်သူလယ်သမားများ သီးနှံစိုက်ပျိုးထွန်ယက်လုပ်ကိုင်ရာတွင် သွင်းအားစုများမှာ ဈေးနှုန်းမြင့်မားနေသောကြောင့် နိုင်ငံတော်မှထုတ်ချေးပေးသည့်ငွေဖြင့် မလုံလောက်၍ ပြင်ပမှ အတိုးနှုန်းမြင့်မားစွာဖြင့် ချေးငှားလုပ်ကိုင်နေရသည်ကို သိရှိရ၍ နိုင်ငံတော်အစိုးရမှ သီးနှံချေးငွေနှုန်းထားများတိုးမြှင့် ထုတ်ချေးပေးခဲ့ပါသည်။

စပါးတစ်ဧကကို ယခင်က ကျပ် ၅၀,၀၀၀ နှုန်းမှ ယခုနှစ်တွင် ကျပ် ၁၀၀,၀၀၀ နှုန်းဖြင့်လည်းကောင်း၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများကို ယခင်က တစ်ဧကကျပ် ၁၀,၀၀၀ နှုန်းမှ ယခုနှစ်တွင် ကျပ် ၂၀,၀၀၀ နှုန်းဖြင့် တိုးမြှင့်ထုတ်ချေးပေးခဲ့ပြီး ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ၅၅၇ ဒသမ ၈၅ ဘီလီယံမှ ယခုနှစ်တွင် ကျပ်ငွေ ၁,၄၆၁ ဘီလီယံအထိ တိုးမြှင့်ထုတ်ချေးပေးရန် နိုင်ငံတော်က ခွင့်ပြုထားကြောင်းကို ဇူလိုင် ၃ ရက်က လွှတ်တော်တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်းက ပြောကြားခဲ့ပြီးဖြစ်သည်။

တောင်သူလယ်သမားများကို ချေးငွေထုတ်ချေးရာတွင် အမိကအခန်းကဏ္ဍမှ လုပ်ကိုင်ပေးရသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တာဝန်ရှိသူများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ချေးငွေများ အချိန်မီထုတ်ချေးနိုင်ရန် ၂၀၁၃ ခုနှစ် နှစ်ဦးပိုင်းမှစ၍ ယခင်နှစ် သီးနှံနှုန်းထားများအတိုင်း တွက်ချက်၍ ရန်ပုံငွေခွင့်ပြုချက်ရရှိရေးအတွက် အထက်အဖွဲ့အစည်းအဆင့်ဆင့်ကို တင်ပြဆောင်ရွက်ခဲ့ပြီးဖြစ်ကာ နိုင်ငံတော်အစိုးရမှ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးလုပ်ကိုင်ရာတွင် စိုက်ပျိုးစရိတ်ငွေ လုံလောက်စွာရရှိနိုင်ရန် ချေးငွေနှုန်းထားများကို ယခင်နှစ်ကထက် နှစ်ဆတိုး၍ ထုတ်ချေးပေးရန် လမ်းညွှန်သည့်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် အနေဖြင့် တောင်သူလယ်သမားများကိုထုတ်ချေးပေးရမည့် ငွေထပ်မံတွက်ချက်၍ အထက်အဖွဲ့အစည်း အဆင့်ဆင့်ထံ ထပ်မံတင်ပြခဲ့ရပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် တောင်သူလယ်သမားများကိုချေးငွေထုတ်ချေးရာတွင် မိမိကိုယ်ပိုင်ငွေဖြင့် မလုံလောက်၍မြန်မာ့စီးပွားရေးဘဏ်မှ ချေးငှား၍ ပြန်လည်ထုတ်ပေးရခြင်းဖြစ်ရာ ချေးငွေနှုန်းထားအသစ်ဖြင့် တွက်ချက်၍ ချေးငွေကို မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ယူရရှိရေးအတွက် စီမံဝန်ကြီးဌာနနှင့် ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ရပါသည်။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ချေးငွေများထုတ်ချေးနိုင်ရန်မြန်မာ့စီးပွားရေးဘဏ်မှ ထုတ်ချေးထားသော ၂၀၁၂-၂၀၁၃ချေးငွေမကျေသေး၍ဘဏ်ချေးငွေရရှိရေးအတွက် အခက်အခဲဖြစ်ခဲ့ပြီး အထက်အဖွဲ့အစည်းအဆင့်ဆင့်သို့ တင်ပြပြီးမှ ချေးငှားခွင့်ရရှိခဲ့ပါသည်။ မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရရှိလျှင်ရရှိချင်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအားလုံးမှ ဇွန် ၁၇ ရက်မှစ၍ တစ်ပြိုင်တည်းတောင်သူလယ်သမားများလက်ဝယ် အရောက်ထုတ်ချေးပေးခဲ့ပါသည်။

မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ယခင်နှစ်ထုတ်ချေးထားသော ချေးငွေပြေကျေမှုပြန်လည်ထုတ်ချေးပေးသောစနစ်ဖြစ်၍ တောင်သူလယ်သမားများမှ အကြောင်းအမျိုးမျိုးကြောင့် ၂၀၁၂-၂၀၁၃ ချေးငွေကို ဘဏ်ခွဲသို့ပြန်လည်ပေးဆပ်ရန် နှောင့်နှေး၍ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှလည်း မြန်မာ့စီးပွားရေးဘဏ်သို့ ချေးငွေပြန်လည်မပေးဆပ်နိုင်ခဲ့ခြင်းဖြစ်ပါသည်။ ချေးငွေများထုတ်ချေးရာတွင်လည်း အဓိကအခန်းကဏ္ဍမှ လုပ်ကိုင်ရသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ရှိ တစ်နိုင်ငံလုံးဝန်ထမ်းအင်အားမှာ ၁၉၇၈ ခုနှစ်ဝန်ထမ်းဖွဲ့စည်းပုံအင်အားအတိုင်း ၃,၃၅၇ ဦးသာရှိခဲ့ပြီး ချေးငွေထုတ်ချေးပေးရသည့်ကိစ္စတွင် ၁၉၇၈ ခုနှစ်က ထုတ်ပေးရသည်ထက်ကျပ်ဘီလီယံပေါင်းများစွာတိုးမြှင့် ထုတ်ချေးပေးခဲ့ရပါသည်။

၂၀၁၃ ခုနှစ် စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးရာတွင် နှောင့်နှေးကြန့်ကြာရခြင်း အကြောင်းကို စမ်းစစ်ကြည့်လျှင် (၁)နိုင်ငံတော်မှ တောင်သူလယ်သမားများကို လုံလောက်သော ချေးငွေရရှိရေးအတွက် ချေးငွေနှုန်းထား တိုးမြှင့်ပေးလိုက်၍ထုတ်ချေးပေးရမည့် ရန်ပုံငွေရရှိရေးအတွက် အသစ်တစ်ဖန် ပြန်လည်ရေးဆွဲရခြင်း၊ (၂)၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွက် မြန်မာ့စီးပွားရေးဘဏ် ချေးငွေ မပြေကျေ၍ညှိနှိုင်းဆောင်ရွက်နေရခြင်း၊ (၃) မြန်မာ့စီးပွားရေးဘဏ်မှ ချေးငွေရရှိသည်နှင့်တစ်ပြိုင်နက် ဘဏ်ခွဲအားလုံးမှ ချေးငွေထုတ်ချေးခဲ့သော်လည်း ဝန်ထမ်းအင်အားနည်းပါးမှုကြောင့်ထင်သလောက် ချေးငွေထုတ်ချေးမပေးနိုင်ခြင်းစသည့်အချက်သုံးချက်ကို တွေ့မြင်ရသည်။ တောင်သူလယ်သမားများ ထွန်ယက်စိုက်ပျိုးချိန်တွင် ချေးငွေရရှိရေးအတွက် တောင်သူလယ်သမားများမှ မိမိတို့ထုတ်ချေးထားသည်များကို ဘဏ်မှ သတ်မှတ်ထားသည့်ကာလအတွင်းပေးဆပ်ကြဖို့လိုအပ်သည့်အပြင် ချေးငွေထုတ်ချေးရာတွင် အဓိက အခန်းကဏ္ဍမှ လုပ်ကိုင်နေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ဝန်ထမ်းအင်အားကိုလည်း တိုးမြှင့်ပေးမှ အဆင်ပြေမည်ဖြစ်ပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို နိုင်ငံပိုင်ဘဏ်မှ အများပိုင်ဘဏ်အဖြစ် ပြောင်းလဲနိုင်လျှင် အကောင်းဆုံးပဲဟု ဆောင်းပါးတွင်ပါရှိပါသည်။ နိုင်ငံအတော်များများတွင် တောင်သူလယ်သမားများကို နိုင်ငံတော်ပိုင်ဘဏ်များကသာ ချေးငွေများကို ထုတ်ချေးပေးလျက်ရှိကြောင်း တွေ့မြင်ရသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ချမှတ်ခဲ့သည့် လမ်းညွှန်ချက်အရ ဖြစ်ပေါ်လာသောဘဏ်တစ်ခုဖြစ်သည့်အပြင် နှစ်ပေါင်း ၆၀ ခန့် တောင်သူလယ်သမားများကို ငွေရေးကြေးရေး အထောက်အကူပြုလျက်ရှိသော ဘဏ်တစ်ခုဖြစ်ခဲ့သည်။ နှစ်စဉ်အမြတ်သန်းပေါင်းများစွာကို နိုင်ငံတော်သို့ ထည့်ဝင်နိုင်သော ဘဏ်တစ်ခုလည်းဖြစ်သည်။

တောင်သူလယ်သမားများကိုလည်း မည်သည့် အထူးပြုကုမ္ပဏီ၊ မည်သည့်ဘဏ်မှ ထုတ်မချေးသည့် ငွေတစ်ရာလျှင် တစ်လအတိုးနှုန်း ၀ ဒသမ ၇၁ ပြား အတိုးနှုန်းဖြင့် ထုတ်ချေးနေသော ဘဏ်တစ်ခုလည်းဖြစ်သည်။

အများပိုင်ဘဏ်ဖြစ်ပါက စိုက်ပျိုးစရိတ်ချေးငွေပြန်ဆပ်ချိန်ရက်ရွှေ့ဆိုင်းခြင်းနှင့် သီးနှံပေါ်ချိန်တွင် လက်ဝယ်ခေတ္တကိုင်ထားနိုင်ရန် အချိန်ပေးခြင်း ဆောင်ရွက်နိုင်ပြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သည် အစိုးရပိုင်ဘဏ်ဖြစ်၍ ချေးငွေပြန်ဆပ်ချိန်ကို သတ်မှတ်ထားပြီးဆောလျင်စွာ အကြွေးပြန်ဆပ်ရသည့် စိုက်ဘဏ်ကြောင့် သီးနှံဈေးနှုန်းအနိမ့်ဖြင့် ဈေးနှိမ်ခံရောင်းချရသည့် အခြေအနေမျိုးကြုံတွေ့နေရသည် ဆိုသည့် ဆောင်းပါးပါ အယူအဆသည် မှားယွင်းနေသည်ကို သိရှိရန်လိုအပ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ချေးငွေများကိုပြန်လည်ကောက်ခံရာတွင် နောက်ဆုံးထားပေးဆပ်ရန်ကာလကို မတ်လ ၃၁ ရက် သတ်မှတ်ထား၍ စပါးစိုက်ပျိုးသည့်တောင်သူလယ်သမားများအနေဖြင့် ထွက်ရှိလာသည့်သီးနှံကို လက်ဝယ်သုံးလခန့် ကိုင်ဆောင်ထားနိုင်ပြီး ပဲစိုက်တောင်သူများ အနေဖြင့်လည်း အနည်းဆုံးနှစ်လခွဲသုံးလခန့် ကိုင်ဆောင်ထားနိုင်သည့် အနေအထားတွင်ရှိပါသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲများကို တစ်နိုင်ငံလုံးတွင် ဖွင့်လှစ်ပေးထားနိုင်ခြင်းမရှိသေးပါ။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် တောင်သူလယ်သမားများထံမှ ချေးငွေပြန်လည်ကောက်ခံရာတွင် သီးနှံပေါ်ချိန် ငွေရွှင်ချိန်တွင် ကောက်ခံခဲ့ပါသည်။ အဆိုပါအချိန်သည်တောင်သူလယ်သမားများ စိုက်ပျိုးထားသည့် သီးနှံများလှိုင်လှိုင် ပေါ်ချိန်ဖြစ်၍ ကုန်သည်ပွဲစားအနေဖြင့် ဈေးနှုန်းချ၍ ဝယ်သည်မှာ ဓမ္မတာဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေပြန်လည်ကောက်ခံနေ၍ ဈေးနှိမ်ဝယ်ယူနေခြင်းမဟုတ်ပါ။ မြို့နယ်ဘဏ်ခွဲ မဖွင့်နိုင်သေးသော မြို့နယ်များကို သွားရောက်ကြည့်လျှင် သီးနှံလှိုင်လှိုင်ပေါ်ချိန်တွင်ဈေးနှုန်းလျှော့ချဝယ်ခြင်းသည်စိုက်ဘဏ်ကြောင့်လား ဝိသမလောဘရှိသောကုန်သည်ပွဲစားကြောင့်လား ကွဲကွဲပြားပြားသိရှိနိုင်မည်ဖြစ်သည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စတင်ထူထောင်ချိန် ၁၉၅၃ ခုနှစ်မှ ၂၀၁၂ ခုနှစ်အထိ တောင်သူလယ်သမားများလက်ဝယ် စိုက်ပျိုးထွန်ယက်စိုက်ပျိုးချိန်အမီ မေလဆန်းတွင် ထုတ်ချေးပေးနိုင်ခဲ့သော်လည်း ၂၀၁၃ ခုနှစ်ကျမှသာ အကြောင်းအမျိုးမျိုးကြောင့် ထုတ်ချေးနိုင်ခြင်း မရှိသည့်ကိစ္စကို အကြောင်းပြု၍ ဝါးလုံးရှည်ကြီးဖြင့် ယမ်း၍ မရိုက်သင့်ကြောင်းကို 7 Day Newsဂျာနယ်မှတစ်ဆင့် တင်ပြရခြင်း ဖြစ်ပါသည်။

**စိုက်ဘဏ်ဝန်ထမ်းတစ်ဦး**

TRADEMARK CAUTION
ACE Limited a company incorporated in Switzerland at Bärengasse 32, Zurich, Switzerland CH-8001 is the Owner and Sole Proprietors of the following Trademark:

ACE TRAVEL INSURANCE

Reg. No. 4/7188/2013
In respect of : Insurance services.
Fraudulent imitation or unauthorized use of the said Trademark shall be dealt with according to law.
U Myint Lwin, Advocate,
LL.B, DBL
Post Graduate Diploma in Legal Aspects of Marine Affairs(Cardiff)
myintadvocate@mptmail.net.mm
myint-ip-law@myanmar.com.mm
www.mipadvocate.com
Ph:951371990 24 July 2013

A.K Mobile Ko Myo San
ရောင်းသည် / ဝယ်သည် / အလဲအထပ်လုပ်ပေးသည်။
Used iPhone/ iPad/ iPod/ Samsung/ Sony/ HTC/ Huawei
Nokia (Only Window 8 Phones)
Used All in one PC/ Notebock/ Netbok/ UtlarBook/ Laptop/
MacBook Pro / Mac Air / iMac / Mac Mini / Any Tablet Pc (Not China)
အလူးဈေးကောင်းပေးဝယ်ယူသည်။
iPhone5. 4S. 4, iPod 5, 4, iPad 4,3,2 Mini Wifi & 3G & More
Sansung S2, S3, S4, Grand, Mega, Note 1, Note 2, Note 8.0 Any Samsung Tablet & M
Sony Xperiz Z, T, TX, Ion, S, SL, Acro S, J, P, U, E, V, Sola & More
HTC Butterfly, One, One X, One X Plus, XL, Xe, Desire VC & More
HUAWEI Ascend P6, P1, D2, Mate
Macbook Pro, Macbook Air, iMac, Any Laptop &More
PH : 09-4500 39844, 09-312 88077
အမှတ် (၁၂၄)၊ ၃၁လမ်း(အလယ်)၊ ၃လွှာ၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

# Technology

7DAY NEWS JOURNAL

Vol.12, No.20 • JULY 24 , 2013


## ဆက်သွယ်ရေးဥပဒေကြမ်းတွင် ပြည်သူကို ဖိနှိပ်သည့် အချက်မပါဟုဆို

**ရန်မျိုးနိုင်**

**ရန်ကုန်၊ဇူလိုင်-၁၈**

ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးတော့မည့် ဆက်သွယ်ရေးဥပဒေကြမ်း၌ပြည်သူလူထုကိုဖိနှိပ်သည့် အချက်များ ထည့်သွင်းထားခြင်း မရှိကြောင်း ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီ ဥက္ကဋ္ဌ ဦးသိန်းဆွေကပြောသည်။

"ဆက်သွယ်ရေးဥပဒေကြမ်းမှာ ပြည်သူတွေကို ထိန်းချုပ်ဖို့ ဖိနှိပ်ဖို့ထက် အင်တာနေရှင်နယ် အဆင့်နဲ့ညီအောင် ကျွန်တော်တို့ အတတ်နိုင်ဆုံးလုပ်ထားပါတယ်" ဟု ဦးသိန်းဆွေကပြောသည်။

ဆက်သွယ်ရေးဥပဒေကြမ်းသည် အမျိုးသားလွှတ်တော်တွင် ဆွေးနွေးပြီးဖြစ်ရာ ပြင်ဆင်ချက်များဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့ထားသည်ကို ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီက ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် ဆောင်ရွက်နေခြင်းဖြစ်သည်။

"ဆက်သွယ်ရေးဥပဒေကြမ်းရောက်ရှိတဲ့ အချိန်ကစပြီးတော့ ကျွန်တော်တို့ ကော်မတီအနေနဲ့ဒီဆက်သွယ်ရေးဥပဒေကြမ်းအပေါ်မှာ အသေးစိတ်တစ်ပိုဒ်ချင်းလေ့လာပြီးမှ ပြန်လည်ပြင်ဆင်သင့်တာတွေ၊ ဖြည့်စွက်သင့်တာတွေ၊ ပယ်ဖျက်သင့်တာတွေကိုဆောင်ရွက်ခဲ့ပါတယ်"ဟုဆက်သွယ်ရေးဥပဒေကြမ်းလုပ်ဆောင်နေခြင်းကို ဦးသိန်းဆွေက ပြောသည်။

လာမည့်ရက်ပိုင်းအတွင်း ကျင်းပမည့် ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ဆွေးနွေးနိုင်ရေးအတွက် ဆက်သွယ်ရေး ဥပဒေကြမ်းကို အချောသတ်နိုင်ရေးအတွက်ပြင်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဥပဒေပညာရှင်များနှင့်လည်းပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာကော်မတီကတွေ့ဆုံ မှုများပြုလုပ်နေသည်။

အားနည်းချက်များရှိနေကြောင်း သက်ဆိုင်ရာနယ်ပယ်မှ ဝေဖန်နေကြသည့်ဆက်သွယ်ရေးဥပဒေကြမ်းကို အကြံပြုဆွေးနွေးလိုပါက နေပြည်တော်ရှိ လွှတ်တော်ရုံးသို့ ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်ထိလာရောက်ဆွေးနွေးနိုင်ကြောင်း ပြည်သူ့လွှတ်တော်ပို့ဆောင်ရေး၊ ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆိုင်ရာ ကော်မတီက ကြေညာချက်ထုတ်ပြန်ထားခဲ့သည်။

ဆက်သွယ်ရေးဥပဒေကြမ်းကို ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ရေးဆွဲကာ ပြည်ထောင်စုလွှတ်တော်သို့ ပြီးခဲ့သည့် ၂၀၁၂ ခုနှစ်က တင်သွင်းခဲ့ခြင်းဖြစ်သည်။

## ဂူးဂဲလ်ကုမ္ပဏီ အွန်လိုင်း၌ အခကြေးငွေဖြင့် ရုပ်သံပြသရန် စီစဉ်

**နယူးယောက်၊ ဇူလိုင်-၂၀**

အမေရိကန်နိုင်ငံရှိ အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီ ဂူးဂဲလ်သည် အွန်လိုင်း၌ အခကြေးငွေဖြင့် ရုပ်သံပြသရန် စီစဉ်နေကြောင်း ပြသမည့်ရုပ်သံကုမ္ပဏီအချို့နှင့် လိုင်စင်ထုတ်ပေးရန် တွေ့ဆုံခဲ့ကြောင်း Wall Street Journal က ဖော်ပြသည်။

အကယ်၍ ဂူးဂဲလ်ကုမ္ပဏီအနေဖြင့် ယင်းအစီအစဉ်ကို အကောင်အထည်ဖော်ပါက အွန်လိုင်းမှနေ၍ ရုပ်သံပုံစံထုတ်လွှင့်ပြသလိုသည့် ကုမ္ပဏီများစွာနှင့် ဆက်သွယ်ပူးပေါင်းသွားဖွယ်ရှိကြောင်း ဖော်ပြသည်။

Inter Corp နှင့် Sony Corp ကလည်း ယင်းသို့ အွန်လိုင်းတီဗီအစီအစဉ်များ လုပ်ဆောင်နေကြကြောင်း ပြီးခဲ့သည့် ၂ နှစ်အတွင်း Apple Inc ကုမ္ပဏီက ရုပ်သံလိုင်စင်ချထားပေးရေး မီဒီယာကုမ္ပဏီအများအပြားနှင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

ဂူးဂဲလ်ကုမ္ပဏီ၏ ယခုကြိုးစားအားထုတ်မှုသာ အောင်မြင်ပါက လက်ရှိအသုံးပြုနေသည့် အခကြေးငွေပေး၍ ကြည့်ရသော ရုပ်သံစနစ်ကို အားနည်းသွားစေနိုင်ကြောင်း ယင်းဂျာနယ်တွင် ဖော်ပြထားသည်။

—Ref: AFP

## HTC ကုမ္ပဏီ HTC ONE အသေးစားထုတ်လုပ်




**လန်ဒန်၊ ဇူလိုင်-၂၀**

HTC ONE နှင့် သာမန် အသုံးပြုပုံတူညီပြီး Beats Audio နည်းပညာနှင့် အပြင်ပိုင်းဒီဇိုင်းပုံစံတူညီသည့်အစိတ်အပိုင်းများ အားလုံး လွယ်ကူစွာ အသုံးပြုနိုင်သော HTC ONE Mini ကို HTC ကုမ္ပဏီမှ ထုတ်လုပ်လိုက်သည်။

HTC ONE နှင့် သာမန်အားဖြင့် တူညီမှုရှိသော်လည်း အရွယ်အစားသေးငယ်သောကြောင့် HTC ONE Mini တွင် အတွင်းပိုင်းပါဝင်မှုအချို့ ပြောင်းလဲထားသည်။

RAM 1 GB ပါရှိသည့် HTC ONE Mini ၏ မျက်နှာပြင်အကျယ်မှာ ၄ ဒသမ ၃ လက်မရှိပြီး Dual core 1.4 GHZ ပရိုဆက်ဆာပါဝင်သည်။

Google Play တွင် လတ်တလောရရှိနိုင်သည့် မည်သည့် Application ကိုမဆို HTC ONE Mini တွင် အသုံးပြုနိုင်မည်ဖြစ်သည်။

HTC ONE ထက်ဈေးနှုန်းလည်း ပိုမိုသက်သာမည်ဖြစ်ကာ သုံးစွဲသူပိုများလာစေရန် HTC ONE Mini ကို ထုတ်လုပ်ခြင်းဖြစ်သည်။

Samsung Galaxy S4 Mini နှင့် Sony Xperia ZR ဖုန်းများ အပါအဝင် လွယ်ကူစွာအသုံးပြုနိုင်သော အသေးစားကိရိယာများ နယ်ပယ်ကျယ်ဝန်းလာမှုတွင် HTC ONE Miniသည် နောက်ဆုံးပေါ်ပစ္စည်းဖြစ်လာသည်။

HTC ကုမ္ပဏီက HTC ONE Version ကို အဆင့်တိုးမြှင့်ပြီး သင်ပုန်းကွန်ပျူတာတစ်မျိုးလည်း ထုတ်လုပ်နေကြောင်း ကောလာဟလသတင်းများ ထွက်ပေါ်နေသည်။

HTC ONE Mini ကိုသြဂုတ်လအတွင်း ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၈ ရက်က လန်ဒန်မြို့တွင် ပြုလုပ်ခဲ့သည့် ပြပွဲတစ်ခု၌ ယင်းကုမ္ပဏီက ပြောကြားသည်။


21st Anniversary

PRARAM 9 HOSPITAL
Bangkok, Thailand

• ပရာရမ်နိုင်း ဆေးရုံ(ဘန်ကောက်) ၏ ၂၁ နှစ်မြောက် နှစ်ပတ်လည် အထူးအစီအစဉ်အနေဖြင့်

• ကျန်းမာရေးစစ်ဆေးမှု (Medical Checkup) အစီအစဉ်များကို 50% Discount အထူးနှုန်းထားဖြင့်

• ရန်ကုန်မြို့ရုံးခွဲတွင် (18.7.13) မှ (31.7.13) အထိ ဝယ်ယူရရှိနိုင်ပါသည်။

အသုံးပြုနိုင်သည့်ကာလမှာ ဝယ်ယူသည့်နေ့မှစ၍ (31.5.2014) အထိ အသုံးပြုနိုင်ပါသည်။

မြန်မာပြည်ရုံးခွဲ - အမှတ်(45)၊ River View Garden Housing (အလုံတာဝါအနောက်)၊ ကမ်းနားလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်။
Ph : 01-228799, 09 - 731 46977, 09 - 731 46988, 09 - 51 36 554 E-mail : knl.praram9@gmail.com

# စားသောက်ဆိုင်၊ ဆေးဆိုင်နှင့် လုပ်ငန်းသုံး ဆော့ဖ်ဝဲအသစ်များ ထွက်ရှိ

မေပယ်လ်

**ရန်ကုန်၊ ဇူလိုင်-၂၀**

အရောင်းဆိုင်သုံး Multi POS System, စားသောက်ဆိုင်သုံး Restaurant Master ၊ ဆေးနှင့် ဆေးပစ္စည်း အရောင်းဆိုင်သုံး Pharmacy Shop POS System စသည့် ဆော့ဖ်ဝဲများ ဇူလိုင်ဒုတိယ ပတ်မှစ၍ ဈေးကွက်၌ရရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

ဆော့ဖ်ဝဲများကို Excellent Business Management Solution ကုမ္ပဏီက ထုတ်လုပ်ပြီး အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် အသုံးပြုနိုင်ကာ ပြည်တွင်းစီးပွားရေးလုပ်ငန်းများ လွယ်ကူအဆင်ပြေစေရန် လုပ်ငန်းသဘာဝနှင့် ကိုက်ညီအောင် ဒီဇိုင်းပြုလုပ်ထားသည်ဟု ဆိုသည်။

အရောင်းဆိုင်သုံး ဆော့ဖ်ဝဲတွင် ကုန်ရောင်း၊ ကုန်ဝယ်၊ လက်ကျန်၊ အကြွေး၊ ရင်းနှီးငွေ၊ အမြတ်ငွေ၊ ဝန်ထမ်းလစာ၊ ငွေစာရင်းပိုင်း၊ စာရင်းချုပ်ပိုင်းတို့ ပါဝင်မည်ဖြစ်ပြီး လက်လီ၊ လက်ကား၊ လက်ငင်း/အကြွေး၊ လက်ဆောင်၊ Discount တို့ ပါဝင်တွဲဖက်အသုံးပြုနိုင်မည်ဖြစ်သည်။

စားသောက်ဆိုင်သုံး ဆော့ဖ်ဝဲတွင် စားပွဲထိုးများက Android Tablet ဖြင့် Counter PC နှင့် ချိတ်ဆက်နိုင်ခြင်း၊ မီးဖိုဆောင်သို့ Order Slip ထုတ်ပေးနိုင်ခြင်း စသည့် Functions သစ်များပါဝင်ပြီး Menu Transfer ကဲ့သို့ အသုံးတည့်မည့် Feature များလည်း ပါဝင်ကြောင်း သိရသည်။

ဆေးဆိုင်သုံးဆော့ဖ်ဝဲတွင် အရောင်းဆိုင်သုံး Functions များ ပါဝင်သည့်အပြင် ဆေးများ ရက်လွန်မဖြစ်မီ ကြိုတင်သတိပေးခြင်းစနစ်များ၊ ဆေးများကိုလည်း (ဘူး၊ ပုလင်း၊ ကတ်၊ အလုံး) ပုံစံမျိုးစုံဖြင့် စာရင်းသွင်း ရောင်းချနိုင်ခြင်း စသည်တို့ ဆောင်ရွက်နိုင်မည် ဖြစ်သည်ဟု ဆိုသည်။

Excellent Business Management Solution မှ လုပ်ငန်းသုံးဆော့ဖ်ဝဲများဖြစ်သော အင်္ဂလိပ်-မြန်မာနှစ်ဘာသာသုံး Mini Seller နှင့် Restaurant Master ဆော့ဖ်ဝဲများ ထုတ်လုပ်ရောင်းချပြီးဖြစ်သည်။

# Application များ ဈေးပိုသက်သာလာဟုဆို



**နယူးယောက်၊ ဇူလိုင်-၂၀**

Application ဈေးနှုန်းများသည် လွန်ခဲ့သည့်လေးနှစ်တာကာလအတွင်းသိသာစွာကျဆင်းလာကြောင်း မိုဘိုင်းဖုန်းလေ့လာရေးလုပ်ငန်း ဖလာရီ၏ နောက်ဆုံးကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။

ဖလာရီလုပ်ငန်းက ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့သည့် သုတေသနပြုချက်တွင် Application ရေးဆွဲသူများသည် လွန်ခဲ့သည့် လေးနှစ်အတွင်း Application ဈေးနှုန်းများကို သိသိသာသာလျှော့ချလာကြပြီး အများစုမှာ အခမဲ့ပေးကြသည်(သို့မဟုတ်) ကြော်ငြာစရိတ်ရယူကာ အခမဲ့ပေးကြသည်ဟု သိရသည်။

၂၀၁၀ ပြည့်နှစ်အတွင်း အဓိကစမတ်ဖုန်းနယ်ပယ်နှစ်ခုရှိ Application များ၏ ၈၄ ရာခိုင်နှုန်းမှာ အခမဲ့ပေးခြင်း(သို့မဟုတ်) ကုန်ကျစရိတ်ကာမိစေရန် ကြော်ငြာကြေးရယူ၍ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် Application အခမဲ့ပေးဝေမှုမှာ ၈၀ ရာခိုင်နှုန်းသို့ ကျဆင်းခဲ့သော်လည်း ယခုနှစ် ဧပြီလအတွင်းကမူ Application များအားလုံး၏ ၉၀ ရာခိုင်နှုန်းမှာ အခမဲ့ပေးခြင်းဖြစ်သည်။

Application စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းမှာ အခမဲ့ပေးခြင်း မဟုတ်ဘဲ iPad ပရိုဂရမ်များမှာ ဈေးအကြီးဆုံးဖြစ်ပြီး ပျမ်းမျှဈေးကန်ဒေါ်လာ ၀ဒသမ ၀၆ ရှိသည်ဟုဆိုသည်။

Application ရေးဆွဲသူများသည်၎င်းတို့၏ Application များအပေါ် သုံးစွဲသူ၏ တုံ့ပြန်မှုကို သိရှိနိုင်ရန် ဈေးနှုန်းစမ်းသပ်မှုကို အသုံးပြုခဲ့ကြကြောင်း ယင်း သုတေသနပြုချက်တွင် ဖော်ပြသည်။ Application ရေးဆွဲသူများသည် ကြော်ငြာများမှ ဝင်ငွေကို သာ အားထားလာကြသောကြောင့် Application ဈေးနှုန်းမှာ ဆက်လက်ကျဆင်းဖွယ်ရှိကြောင်း ဖလာရီလုပ်ငန်းက သုံးသပ်ထားသည်။

—Ref: AFP



7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# လွတ်အောင်မရုန်းနိုင်၍ ပြုန်းလာသော ပင်လယ်ငါးများ

**စိုင်းဘားဒိုင်**



**စံပြငါးဈေးတွင် ရောင်းဝယ်နေသော ငါးများ** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

မြန်မာ့ပင်လယ်ပြင်တွင်ငါးသလောက်များရှားပါးလာသဖြင့် ယခင်နှစ်ကထက်များစွာ လျော့နည်းဖမ်းဆီးမိသည်ဟူသော သတင်းတွေကိုကြားနေရသည်။ ငါးသလောက်သည် အရသာရှိသော ငါးမျိုးဖြစ်သဖြင့် ငါးသလောက်ပိုက်များဖြင့် ဖမ်းဆီးကာအစို၊ အခြောက်၊ ဆားနယ်များ ထုတ်လုပ်ရောင်းချလျက်ရှိရာ သည် ဘက်ပိုင်းနှစ်များတွင် ငါးသလောက်ကိုရေခဲရိုက်၍ ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချမှုများလာရာ ငါးသလောက်ဖမ်းသမားတွေလည်းတိုးလာသည်။

ကျွန်တော်တို့ငယ်ငယ်ကတော့ ငါးသလောက်တို့၊ ငါးမည်းလုံးတို့မှာ ပေါလွန်း၍ အခြောက်ခံ၊ ဆားသိပ်ပြီး ငါးဖမ်းရာသီမဟုတ်သော မိုးတွင်းမှာ စားသောက်ရန် သိုလှောင်ထားရသည်အထိ ပေါများခဲ့သည်။ ထို့နောက် တဖြည်းဖြည်းရှားရှားလာခဲ့ရာ ငါးသလောက်အခြောက်တွေ ဈေးကွက်ထဲကနေ ပျောက်သလောက်ဖြစ်လာသလို ဆားနယ်တွေလည်း မမြင်တာတောင် တော်တော်ကြာပြီပေါ့ဟုဆိုရလောက်အောင် ဖြစ်လာသည်။

စည်းမဲ့ကမ်းမဲ့ငါးဖမ်းကြရာကနေ မြန်မာ့ပင်လယ်ပြင်တွင် ငါးတွေရှားလာသည်။ ငါးခိုးဖမ်းကြသည့် ပိုက်လှေတွေကလည်း ပင်လယ်ပြင်ထဲတွင်ပေါလာသည်။ ငါးဖမ်းပိုက်တွေကလည်း သတ်မှတ်ထားသည့် အတိုင်း အသုံးပြုခြင်းမရှိသဖြင့် လူကြီးသူမတွေကကြာလျှင် ငါးကို အရုပ်ရေးပြရတော့မည်ဟုစိုးရိမ်တကြီး ပြောကြသည်ကို ကြားလာရသည်။

“ငါးတွေကလူစကားနားလည်ရင် သင်တန်းတောင် ပို့ချပေးချင်တယ်။ ညည်းတို့တွေ ပိုက်သမားတွေနားတဲ့ မိုးဦးလေဦးကျ မှ မွေးကြဟဲ့လို့။ ကျန်တဲ့ အချိန်အောင့်ထားကြလို့။ လူတွေက ငါးဥတွေဆိုကြိုက်တတ်လိုက်ကြတာ။ ငါးသလောက်ဥများဆိုရင် ဆားသိပ်ပြီး မိုးရော၊ နွေရော မြိန်ရည်ရှက်ရည်စားကြ။ ငါးဥတွေမြင်ရင် ငါတော့ရင်တွေတုန်တယ်။ ကြာရင် ငါးသလောက်ကို အရုပ်ရေးပြရလိမ့်မယ်”

ကျွန်တော့်ကြီးတော်ကြီး ပြောသလိုပင် ကျွန်တော်တို့ ငယ်ငယ်က ငါးသလောက်ဥကိုဆားသိပ်ပြီး မိုးရော၊ နွေပါအဆက်မပြတ်စားနိုင်ခဲ့လေရာ ထိုငါးသလောက်ဥတွေ ဈေးထဲတစ်နေ့မှ မပြတ်အောင် ရောင်းနိုင်ဖို့ဥပါသော ငါးသိန်းချီသတ်ဖြတ်ဖမ်းဆီးခံခဲ့ရသည်ကို အလွယ်တကူပင်မြင်နိုင်ပါသည်။ ငါးသလောက်ဥတစ်စုံတွင် ထောင်ချီသော ငါးသားပေါက်တွေ ဆုံးရှုံးရသည်ဖြစ်ရာ သန်းချီသော ငါးသလောက်ငရစ်များကနေ ကုဋေပေါင်းများစွာသော ငါးသလောက်တွေ မွေးဖွားခွင့် ဆုံးရှုံးခဲ့ရသည်ကို မြင်တွေ့နိုင်ပါသည်။

မြန်မာ့ပင်လယ်ပြင်တွင် ငါးသလောက်တွေပေါများလွန်းလှလေရာငါးသလောက်လှေတစ်စီး ငါးဖမ်းပိုက်ချထွက်လျှင်တစ်နေရာတည်းမှာပင်နှစ်ဆူးသုံးဆူးပိုက်ချလိုက်သည်နှင့် လှေပြည့်သွားတော့သည်ဟု ငါးသလောက် ပိုက်သမားတွေ ပြောကြတာကို ကြားဖူးသည်။ ငါးသလောက်ဆားနယ် ဈေးကွက်ကောင်းလာပြီး ထိုင်းနယ်စပ်သို့ ပို့သည့်အချိန်ကစ၍ ငါးသလောက်ငါးဖမ်းလှေတွေ တိုးပွားလာလိုက်သည်မှာ ငါးသလောက်ပေါက်ဖွားနှုန်းကပင် မလိုက်နိုင်တော့ဟုလည်း ပြောခဲ့ကြသည်။

ယင်းကဲ့သို့ပြောခဲ့သည်မှာ လွန်ခဲ့သော ၁၅ နှစ်ကျော်ကျော်လောက်က ဖြစ်သည်။ ငါးဆားနယ်ပြည်ပပို့ရာကနေ နောက်ပိုင်း တွင်ငါးသလောက်များကို ရေခဲရိုက်၍ တင်ပို့ရောင်းချသော ဈေးကွက်ပေါ်ထွန်းလာသည်။ ယင်းဈေးကွက်တွင် ဦးပေါင့်ဟုခေါ်သော ငါးခိုးလှေများက ရာခိုင်နှုန်းအားလုံးနီးပါးရှိခဲ့သည်ကိုလည်းတွေ့ရသည်။

အုပ်စုလိုက်နေပြီးများများစားစားဖမ်းမိသော ငါးသလောက်တွေထဲက၇၀ကျပ်သားကနေ၈၀ကျပ်သားကြားရှိသော ငါးသလောက်များကို ဈေးကောင်းပေးဝယ်ကြသဖြင့်ငါးခိုးလှေတွေကလည်း ကြီးလွန်းသော၊ ငယ်လွန်းသော၊ ငါးတွေကို ရွေးထုတ်ကာ ပြည်တွင်းဈေးကွက်တွင်ပြန်လည် ရောင်းချခဲ့ကြသဖြင့် ဈေးကွက်ထဲတွင် ငါးသလောက်ကြီးတွေကို အစိုရောင်းချပြီး အသေးတွေကိုဆားနယ်ဆားသိပ်၍ ရောင်းချခဲ့ကြသည်ကို တွေ့ခဲ့ရသည်။

ငါးသလောက်တွေကလည်း ဖမ်းသလောက်ပေါက်နေသလား။ နဂိုကပဲ ပေါလွန်း၍လားတော့ မသိ၊ ငါးသလောက်လှေတိုင်း ငါးဖမ်းမရသည့် လှေမရှိသလောက်ပင် ဖြစ်ခဲ့သည်။ လွန်ခဲ့သည့် ၁၀ နှစ်ခန့်ကတည်းက ဈေးကွက်ထဲတွင်ငါးသလောက်တွေသေးသေးလာလိုက်သည်မှာ ၄၀ ကျပ်သားပင်ကောင်းကောင်း မပြည့်ချင်တော့သည့် အနေအထားကိုတွေ့လာရသည်။

“ဈေးထဲမှာ ငါးသလောက်တွေတွေ့ခဲ့တယ်။ ငါးသလောက်လား၊ ဘာအီးလား မခွဲနိုင်လို့ မဝယ်ခဲ့ရဘူး။ ဒီလောက်သေးမှတော့ ဘယ်ဆူတော့မှာလဲ။ ကြီးတော်ပြောသလို ငါးသလောက် အရုပ်ရေးပြရတော့မယ်နဲ့ တူတယ်”

လွန်ခဲ့သော သုံးနှစ်လောက်က ဈေးထဲတွင် တွေ့ခဲ့ရသည့် ငါးသလောက်နှင့်ပတ်သက်၍ အစ်မပြောသော စကားကို သတိရမိသည်။ အစ်မပြောသည့် ဘာအီးဟူသော ငါးက ငါးသလောက်နှင့် ပုံစံတူရာတွင် အရိုးများတာပါတူသော ငါးမျိုးဖြစ်သည်။ ထိုငါးက ငါးသလောက်လိုမကြီးသလို၊ ငါးသလောက်ထက်လည်းပို၍ ပြားချပ်သည်။ ငါးသလောက်လိုမဆူ၍ လူကြိုက်နည်းသော ငါးမျိုးလည်းဖြစ်သည်။ အရွယ်အစားကလည်း ၅၀ကျပ်သား အောက်လောက်ပဲ အချိန်စီးသည်။

ငါးသလောက်က အလွန်ဆူသော ငါးမျိုးဖြစ်သဖြင့် မီးကင်လျှင် အဆီတွေ တစ်ပေါက်ပေါက်ကျကာ မီးသွေးခဲတွေ မီးထတောက်သည်အထိ ဖြစ်တတ်လေရာ သတင်းစာစက္ကူခံ၍ ကင်ရသည်။ သတင်းစာ စက္ကူကဆီတွေဝပြီး စက္ကူပေါ်တွင် ဆီတွေအိုင်ထွန်းနေလေရာ ဆီနှင့် ကြော်သလိုပင် ဖြစ်နေတတ်သည်။ ဘာအီးကတော့ ဆီကလေးတဖျစ်ဖျစ်လောက်သာထွက်သည်။

ထိုအရသာရှိသလောက် ပင်လယ်ထဲ ဖောဖောသီသီဖြစ်နေသည့် ငါးသလောက်တွေကို “တခြားငါးတွေသာ ပြုန်းသွားမယ်။ ငါးသလောက်ကတော့ နောက်ဆုံးကျန်နေရစ်မယ့် ငါးပဲ”ဟုတံငါသည်တွေပြောကြတာကိုလည်း ပြန်လည်ကြားယောင်လာသည်။ သူတို့၏ လက်တွေ့ကျသော ထိုစကားက ငါးသလောက်ပြုန်းရင်တော့ ကျန်တဲ့ငါးတွေပြုန်း၊ မပြုန်း မေးစရာမလိုတော့ဘူးဟု ယူဆရတော့မည်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ကမ်းနီးကမ်းဝေးငါးဖမ်းလှေအသေး၊ အလတ်၊ အကြီးတွေ များစွာ ငါးဖမ်းလျက်ရှိလေသည်။ ငါးလှေ ၉၀ ရာခိုင်နှုန်းကျော်သည် ငါးဖမ်းပိုက်ဖြင့် ငါးဖမ်းကြဖြင့် ငါးဖမ်းကြသည့် လှေများဖြစ်ပြီး ၁၀ ရာခိုင်နှုန်းခန့်သာ ငါးမျှား၊ မြားစကြာ ငါးဖမ်းလှေတွေဖြစ်လေသည်။ ငါးဖမ်းပိုက်ကငါးများကို သိမ်းကျုံးဖမ်းယူခြင်းဖြစ်ပြီး ငါးမျှားတာကတော့ တစ်ကောင်ချင်းကိုပဲ ဖမ်းယူခြင်းဖြစ်ကာ၊ မြား စကြာကတော့ မျှားတန်းတွေချကာဝင်တိုးမိသည့် ကြေးခွံမရှိသော ငါး(အထူးသဖြင့် ငါးမန်း) တွေကိုသာ ဖမ်းယူခြင်းဖြစ်သည်။

ငါးဖမ်းပိုက်၏ အရွယ်အစားကို သတ်မှတ်၍ ကမ်းနီး၊ ကမ်းဝေး သတ်မှတ်ပေးထားသော်လည်း ကမ်းဝေးသမားတွေက လစ်လျှင်လစ်သလို ကမ်းနီးတွင် ဝင်ရောက်ခိုးဖမ်းကြလေ့ရှိသည်။ ကမ်းနီးငါးဖမ်းပိုက်များကို ပိုက်ကွက်ကြီးသတ်မှတ်ပေးထားခြင်းမှာ ကမ်းနီးတွင် ငါးငယ်များ ကြီးထွားခွင့်ကို ပေးထားခြင်းဖြစ်သည်။

ဝါလတ်၊ ဝါတန်း ငါးဖမ်းလှေကြီးများကို ကမ်းဝေးအဖြစ်သာ ခွင့်ပြုထားသော်လည်း ကမ်းအနီးကပ်ကာ ဝင်ရောက်ခိုးဖမ်းသဖြင့် ငါးကြီး၊ ငါးငယ်၊ ငါးဖျင်းကလေးတွေက အစ ဘီးစိပ်တိုက်သွားကြလေသည်။ ငါးလှေခွင့်ပြုချက်ကို အကြံအဖန်ပြုလုပ်ကာ ဖမ်းဆီးမှုတွေကြောင့် ထိုမသမာမှုတွေကနေ နိုင်ငံတော်က ရသင့်ရထိုက်သော ဘဏ္ဍာငွေတွေလည်း ဆုံးရှုံး၊ မြန်မာ့ငါးသယံဇာတတွေလည်း ဆုံးရှုံးရလေသည်။

ပင်လယ်ပြင်စိုးမိုးရေးကို အချိန်ပြည့်မစောင့်ကြပ်နိုင်ခြင်းကြောင့်လည်း မသမာမှုတွေကပို၍ များပြားကာ ထိုမသမာမှုများတွင် သက်ဆိုင်ရာဝန်ထမ်းပိုင်းကလည်း ပါဝင်ပတ်သက်မှုရှိသည်ကို ငါးလှေလိုင်စင်ရဖမ်းဆီးနေသူများကိုယ်တိုင်က ပြောပြကြသည်။ ငါးဖမ်းလှေအရွယ်တူ၊ ပုံစံတူပြုလုပ်ကာ ငါးဖမ်းလှေပွား၍ ဖမ်းဆီးမှုတွေကိုလည်း တွေ့ရသည်။ ဝါလတ်၊ ဝါတန်းလှေများမှာ မြန်မာလုပ်ငန်းရှင်များကို လိုင်စင်ချထားပေးသော်လည်း ငါးဖမ်းလှေပိုင်ရှင်များမှာ ထိုင်းနိုင်ငံသားတွေဖြစ်လေသည်။

ထိုငါးဖမ်းလှေများက သုံးသော ငါးဖမ်းပိုက်များမှာလည်း ပင်လယ်ထဲရှိသမျှ ငါးတွေငါးဖျင်းများပါမကျန် ဖမ်းသည့်အမျိုးအစားတွေဖြစ်သည်။ ငါးဖမ်းပိုက်တွေက သုံးထပ်ရှိပြီး အပေါ်ဆုံးထပ်က ပိုက်ကွက်ကြီးသည်။ ဒုတိယက ပိုက်ကွက်အလတ်ဖြစ်ပြီး အောက်ဆုံးက ပိုက်ကွင်းသေးသည်။ ပိုက်ကွက်ကြီးတွင် ငါးကြီးတွေမိပြီး ပိုက်ကွက်လတ်တွင် ငါးအလတ်စားတွေထပ်မိကာ ထိုပိုက်ကွက်နှစ်ကွက်က လွတ်သော ငါးတွေ ပိုက်ကွက်အသေးကျတော့ ပြေးမလွတ်တော့ပေ။

“ဝါလတ်၊ ဝါတန်းလှေတွေ ခွင့်ပြုလိုက်တုန်းကဆိုငါးတွေက ပေါသလားမမေးနဲ့။ တစ်ခါတလေနောက်ဆုံးပိုက်ကမိတဲ့ပါကင်တွေကို ရေထဲပိုက်အိတ်ဖောက်ပြီး သွန်ချပစ်ရတယ်။ ငါးကြီးတွေ အမိများတော့ ခွမ်းစက်က မမနိုင်တော့ဘူး။

လွန်ခဲ့သော ၁၅ နှစ်ကျော်က ဝါတန်းငါးဖမ်းလှေတွင်လုပ်ကိုင်ဖူးသည့် ငါးဖမ်းလှေသမားတွေ ပြောနေကျစကားဖြစ်သည်။ ပိုက်ဖော်သည့်အချိန်တွင် ချိန်းစက်တပ်ဆင်ထားသည့် ခွမ်းစက်ဖြင့် ပိုက်ကိုစက်မောင်း၍မကာဖော်ရသည်။ အပေါ်ပိုက်များတွင် ငါးကြီးများများမိလျှင် ထိုခွမ်းစက်က မမနိုင်တော့ပေ။ ထိုအခါမျိုးတွင် အောက်ဆုံးက ပိုက်အသေးကို ဖောက်ချကာ ငါးသေးတွေကို စွန့်လွှတ်ရသည်။ ကုဋေပေါင်းများစွာသော ငါးကလေးတွေ ရေထဲ အသေမျောပါသွားရတော့သည်။

ငါးဖမ်းပိုက်ကိုဆွဲတင်လိုက်ပြီး နောက်ငါးအမျိုးအစား၊ အရွယ်အစားကိုခွဲကာ ငါးကန်ကလေးများတွင် ရေခဲစွတ်၍ ရေခဲကန်ထဲတွင် တန်းစီ၍ ထပ်၍ချရသည်။ နောက်ဆုံးပိုက်ကွက်ကမိသော ငါးကလေးတွေကိုတော့ ရေခဲကန်တစ်ခုတွင် ငါးတစ်ထပ်၊ ရေခဲတစ်ထပ်ဖြင့် သွန်ချထားလိုက်သည်။ ယင်းငါးကလေးတွေကိုပါကင်ငါးဟုခေါ်သည်။ ငံပြာရည်ချက်လုပ်ရာတွင်ကုန်ကြမ်းအဖြစ်သုံးသည်။

မြန်မာ့ရေအောက်ကငါးများမှာ ထိုသို့ပိုက်စိပ်တိုက်ကာ အသေးအမွှားပါမကျန် ဖမ်းဆီးခံလာကြရာ နောက်ဆုံးတွင် ရှားပါးလာတော့သည်။ ကမ်းဝေးတွင် ရှားလာတော့ ကမ်းနီးဝင်ခိုးဖမ်းရင်းဖြင့် ငါးသယံဇာတတွေ ပြုန်းလိုက်လာတော့သည်။ ငါးတွေမွေးခွင့်မရတော့၊ ကြီးခွင့်မရတော့။

ပင်လယ်ထဲမှာ ငါးတွေကုန်သွားလျှင်တောင် နောက်ဆုံးကျန်နေမည်ဟုထင်မှတ်မထားခဲ့သော ငါးသလောက်များပင် တဖြည်းဖြည်း ပြုန်းလိုက်လာကာ အကောင်ကလည်း သေးသည်ထက်သေးလိုက်လာနေသည်ကိုတွေ့လာနေရပြီဖြစ်သည်။ ငါးသလောက်များ ငါးရစ်ထချိန်မှာပင် သဲကြီးမဲကြီးဖမ်းဆီးနေကြသည်ကို မတားမြစ်နိုင်လျှင်တော့ ငါးသလောက်တွေလည်း မျိုးတုံးသွားကြပေတော့မည်။

မြန်မာ့ရေပြင်တွင်ပေါများလှသော ငါးသလောက်များ မျိုးမတုံးမီ ထိန်းသိမ်းဖို့အချိန်တန်ပေပြီ။ ထို့အတူ အခြားငါးသယံဇာတတွေကိုလည်း စနစ်တကျ၊ ကြပ်ကြပ်မတ်မတ်လုပ်ရကြရတော့မည်ဖြစ်သည်။

‘ခေတ်မီသူတိုင်းပင်လယ်ငါးစားကြသည်’ဟု ဆောင်ပုဒ်ထုတ်ကာ ဆရာသိန်းဖေမြင့်တို့စည်းရုံးခဲ့ကြရသည်။ ပင်လယ်ငါးများသည်မြန်မာ့ဝင်ငွေကိုဖြည့်ဆည်းပေးမည့် ငွေဝင်ပေါက်ကြီးဖြစ်နေပြီဖြစ်သည်။ အစာကျွေးစရာမလို၊ ဆေးထိုးစရာမလို၊ ဆေးကျွေးစရာမလိုဘဲသဘာဝအလျောက်ပေါက်ဖွားရှင်သန်ကာ နိုင်ငံတကာက မျက်စိကျနေသော ပင်လယ်ငါးများတိုးပွားလာရေး စီမံချက်ချလုပ်ဆောင်ရတော့မည်ကို အချက်ပြခေါင်းလောင်းသံဆူဆူညံညံကြားနေရပြီဖြစ်ရာ နားပိတ်၍ မျက်နှာမလွှဲသင့်တော့ကြောင်း တင်ပြလိုက်ရပါသည်။

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# မြန်မာပြည်မှာ ဟီးရိုးရှိသည်

■ မယ်ငွေဥ

၂၀၁၃ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့။

(၆၆)ကြိမ်မြောက် အာဇာနည်နေ့။

ကျွန်မသည် ထိုနေ့၏ နံနက်ခင်း ၁၀ နာရီ ၃၇ မိနစ်တွင် မိမိနေအိမ်အနီး ဈေးကလေးတစ်ခုအတွင်း ရောက်ရှိနေခဲ့သည်။ စိတ်နှလုံးမှာတော့ လွန်ခဲ့သောနှစ်ပေါင်း ၆၆ နှစ်ကဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ကိုးဦးတို့ လုပ်ကြံခံခဲ့ရသော ဤအချိန်ကလေးကို ဆွေးဆွေးမြည့်မြည့် သတိရနေမိသည်။

လွန်ခဲ့သော ၆၆ နှစ်က သည်လို နေ့ရက်၊ သည်လို အချိန်မှာ မြန်မာပြည်လွတ်လပ်ရေးအတွက် အစွမ်းကုန်ကြိုးစားနေသောဗိုလ်ချုပ်အောင်ဆန်းနှင့် သူ၏ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ ဝန်ကြီးများရုံး အစည်းအဝေးခန်းမှာ အစည်းအဝေးကျင်းပနေစဉ်မသမာသူ၊ အတ္တကိုယ်ကျိုးစီးပွားကြည့်ရှုတတ်သူ၊ လူတစ်စုက လုပ်ကြံသတ်ဖြတ်သွားခဲ့သည်။

ထိုနေ့၏ ဇူလိုင်မိုးကလည်း ဖြိုးဖြိုးဖြောက်ဖြောက်ရှိခဲ့သည်ဟု ဆိုသည်။ ယခုနှစ် ဇူလိုင် ၁၇ ရက်တွင်လည်း မိုးစက်တို့သည် သဲလည်းမသဲ။ စဲသည်လည်း မစဲ။ ဖြိုးဖြိုးဖြောက်ဖြောက်တစ်ပေါက်ပေါက်ရှိနေခဲ့သည်။ တူညီသော ရာသီဥတု၏ တူညီသောအချိန်ကာလလေးမှာ တိုင်းပြည်အတွက် အသက်ကို ပဓာနမထား၊ မေတ္တာနှင့် စေတနာတရားကိုသာ လက်ကိုင်ထားလျက် အလုပ်လုပ်သွားသူ အာဇာနည်ပုဂ္ဂိုလ်ကြီးများကို လွမ်းဆွတ်တသ နှမြောတသ မိသည်မှာ ပြောပြရန်လိုမည်မထင်။

ကျွန်မရောက်ရှိနေသော ရန်ကုန်မြို့လယ်၊ စမ်းချောင်းရပ်ကွက်မှ ဈေးသူဈေးသားများမှာ နေ့စဉ်ထမ်းဆောင်နေကျ၊ ဘဝဝမ်းစာရေးအတွက် ရောင်းကြ-ဝယ်ကြဖြင့် ပုံမှန်အနေအထားရှိနေစဉ် မော်တော်ကားဟွန်းသံများ ရုတ်တရက် ထွက်ပေါ်လာခဲ့သည်။ ဟွန်းသံများက ရှည်လျားမြိုင်ဆိုင်လှသည်။ မော်တော်ကားများ၏ ဟွန်းသံတို-လတ်-ရှည် သံစဉ်မျိုးစုံတို့သည် ဇူလိုင် ၁၉ ရက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

"ဗိုလ်ချုပ်တို့ ကျဆုံးချိန်။ ဥဩဆွဲတာ-ဥဩဆွဲတာ"

"ဥဩသံမဟုတ်ဘူး။ မော်တော်ကားတွေ ဟွန်းတီးပြီး ဂုဏ်ပြုကြတာ"

"ဗိုလ်ချုပ်ကို အလေးပြုကြဟေ့"

"အာဇာနည်ခေါင်းဆောင်ကြီးတွေကို အလေးပြုကြဟေ့" အစရှိသော ဈေးကလေးအတွင်းမှာရှိသည့် ဈေးသည်၊ ဈေးဝယ်နေသူလူအားလုံးတို့၏ တစ်ယောက်တစ်မျိုး အော်ဟစ်ပြောဆိုသံများသည် မြိုင်မြိုင်ဆိုင်ဆိုင်ပင် ထွက်ပေါ်လာခဲ့သည်။ တစ်ပြိုင်နက်တည်းမှာပင် ဈေးသည်၊ ဈေးဝယ်လူအချို့သည် အလေးတင်းတောင်းများကိုလက်မှချလျက်၊ ကုန်ပစ္စည်းများပစ်ချလျက်၊ ဝုန်းခနဲ မတ်တတ်ရပ်လျက် အလေးပြုကြ၊ ခါးညွတ်ကြလည်းဖြစ်ကုန်သည်။

ဩော် အုံ့မှိုင်းနေသော ရာသီဥတုကို ကျော်လွန်လျက် လောကတစ်ခုလုံး ပွင့်ထွက်သွားခဲ့လေပြီ။ ကျွန်မစိတ်မှာ ဤသို့သာလျှင် သိရှိခံစားလိုက်ရသည်။

အမှန်စင်စစ် မြန်မာပြည်သူပြည်သား ကျွန်မတို့ပြည်သူများအဖို့ သည်ယနေ့ကဲ့သို့ အာဇာနည်များကို လွတ်လပ်ပေါ့ပါးစွာ ဂုဏ်ပြုလိုသော စိတ်ဆန္ဒတွေရှိခဲ့ကြသည်မှာ ကြာခဲ့ကြပြီ။ သို့သော်ငြားလည်း ယခုနှစ်မှာကဲ့သို့ မိမိရင်




တွင်း ဂုဏ်ပြုလိုသော စိတ်ဆန္ဒများကိုပွင့်လင်းလွတ်လပ်စွာဖော်ထုတ်ပြသရန် မဝံ့မရဲ ဖြစ်ခဲ့ကြသည်မှာ နှစ်ကာလအတန်ကြာခဲ့ပြီမဟုတ်ပါလား။

ပြည်သူလူထု၏ လွတ်လပ်ရေးဖခင်ဗိုလ်ချုပ်အောင်ဆန်းကို ချစ်ခင်မြတ်နိုးလေးစားဂုဏ်ပြုလိုသော စိတ်ဆန္ဒတွေကို မည်သည့်အရာက တားဆီးထားခဲ့ပါလိမ့်။ ရှိစေတော့။

အတိတ်၏ နိုင်ငံရေးသမားအချင်းချင်း မနာလိုဝန်တိုမှု၊ လုပ်ကြံသတ်ဖြတ်မှု၊ အမည်ဂုဏ်သတင်း မှေးမှိန်စေလိုမှုတို့ကို ပြန်မပြောလိုတော့ပါ။ မဖြစ်သင့်သော အကြောင်းခြင်းရာများဟုသာထင်မြင်မိသည်။

မည်သို့ပင်ဆိုစေ။

ကျွန်တော်တို့ ပြည်သူတို့၏ ရင်တွင်း အသည်းမှာ ဗိုလ်ချုပ်အောင်ဆန်းရှိနေမြဲ။ ထိုနည်းတူ သူ၏ လုပ်ဖော်ကိုင်ဖက် အာဇာနည်များလည်း ရှိနေဆဲဆိုသည်ကို ယခုနှစ်အာဇာနည်နေ့မှာ မြင်တွေ့ခဲ့ကြရပေပြီ။

မြန်မာနိုင်ငံသမိုင်းကို ပြန်ပြောင်းတွေးကြည့်ခဲ့မည်ဆိုပါလျှင် မြန်မာနိုင်ငံဟူသော အမည်နာမကို သမိုင်းစာမျက်နှာမှာ စတင်၍ ကမ္ပည်းတင်နိုင်ခဲ့သော ပုဂံခေတ်မှစ၍ မြန်မာ့သူရဲကောင်းများစွာ ပေါ်ထွန်းခဲ့သည်ဟု ဆိုရမည်။ ပထမမြန်မာနိုင်ငံခေတ်က သူရဲကောင်းများဖြစ်သော အနော်ရထာ၊ ကျန်စစ်သား၊ ဒုတိယမြန်မာနိုင်ငံထူထောင်သူ ဘုရင့်နောင်၊ တတိယမြန်မာနိုင်ငံကို ထူထောင်ခဲ့သူ အလောင်းဘုရားဦးအောင်ဇေယျ၊ ထိုသူ၏ နောက်မှာတော့ စတုတ္ထမြန်မာနိုင်ငံအဖြစ် တိုင်းတစ်ပါးနယ်ချဲ့ဖက်ဆစ်တို့လက်အောက်မှ လွတ်မြောက်စေရန် ဦးဆောင်ခဲ့သူ ဗိုလ်ချုပ်အောင်ဆန်း။

ဤအဖြစ် ဤသမိုင်းသည် ငြင်းပယ်၍ မရနိုင်သောသမိုင်းသာ မဟုတ်ပါလေလော။

အတိတ်ပဒေသရာဇ်ခေတ်သမိုင်း၏ သူရဲကောင်းများနိုင်ငံကို မည်သို့မည်ပုံထူထောင်ခဲ့သည်ကိုမူ အသေးစိတ်တိကျစွာလိုက်ရန်ခက်ခဲလှသည်။ အနော်ရထာဘုရင်မင်းမြတ်က မြန်မာပြည်သူများကို မည်သို့ မိန့်မှာခဲ့မည်နည်း။ ကျန်စစ်သားက ပြည်သူတို့ကို မည်သို့ စည်းရုံးသိမ်းသွင်းခဲ့မည်နည်း။ ဘုရင့်နောင်၏ စွမ်းရည်တို့က ပြည်သူတို့အတွက် မည်သို့စံပြအဖြစ်တည်ရှိခဲ့မည်နည်း။

အတိတ်ကို အသေးစိတ်မလိုက်နိုင်သော်လည်း သူတို့ သူတို့။ ထိုထိုသော သူတို့သည် ကျွန်မတို့ပြည်သူများအတွက် သမိုင်းထဲက သူရဲကောင်းများဖြစ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းကား မြန်မာပြည်အတွက် နိုင်ငံရေးစွမ်းရည်အားဖြင့် ဦးဆောင်လမ်းညွှန်သူလည်းဖြစ်ခဲ့၊ လက်ရုံးရည်ဖြင့် ဦးဆောင်ခဲ့သူလည်းဖြစ်ခဲ့ကြောင်း သမိုင်းက မဆွေးသေးသဖြင့် မိန့်ခွန်းသက်သေ၊ မှာခြွေစကား သက်သေ။ လုပ်ဖော်ကိုင်ဖက်ဖြစ်ခဲ့သူ လူပုဂ္ဂိုလ်သက်သေများဖြင့် တိတိကျကျသိရှိနိုင်သူဖြစ်သည်။

ဤနေရာကလေးမှာဗိုလ်ချုပ်ပြောခဲ့သော ဒဿနမှာခြွေစကားလေးတစ်ခုကို ညွှန်းဆိုချင်ပါသည်။

"လူမှာ အမှန်တရားမြတ်နိုးစိတ်ရှိဖို့နဲ့ ကိုယ်ကျင့်တရားကောင်းဖို့က အရေးအကြီးဆုံးပဲ"ဟု ဆိုသော စကားစုလေးဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အမှန်တရား မြတ်နိုးစိတ်ကိုကား သူ၏ လွတ်လပ်ရေးရရှိအောင်ယူနိုင်စွမ်း၊ ရန်သူနယ်ချဲ့ ဖက်ဆစ်ခေါင်းဆောင်များ၏ အသိအမှတ်ပြုတန်ဖိုးထားခံရခြင်းတို့က သက်သေအရာ တည်နေစေလိမ့်မည်ထင်မိသည်။

ကိုယ်ကျင့်တရား စာရိတ္တပိုင်းမှာကော။

ဗိုလ်ချုပ်အောင်ဆန်း အသက် (၂၇)နှစ်အရွယ် ဂျပန်ပြည်သို့စစ်ပညာသွားရောက်သင်ယူစအချိန်တွင် ဂျပန်တို့က အမျိုးသမီးအပျော်မယ်များဖြင့် ဧည့်ခံခဲ့ရာ သူက ငြင်းပယ်ခဲ့သည်။ "ကျုပ် . . ဒါမျိုးတွေနဲ့ မပျော်တတ်ဘူး။ ကျုပ်အခု အသက် (၂၇)နှစ်အထိ ၁၀၀ ရာခိုင်နှုန်း လူပျိုစစ်စစ်"ဟု ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိမှာ ပြတ်သားစွာ ပြောဆိုသွားခဲ့သည်။

မှတ်သားလောက်သော ယောကျ်ားကောင်း၊ ယောကျ်ားမြတ်ပါပေ။

နိုင်ငံတစ်ခုမှာ အမှန်တရားမြတ်နိုးစိတ်ရှိသူ၊ မိမိကိုယ်ကျိုးစီးပွားကိုလျစ်လျူရှုနိုင်သူ၊ ကိုယ်ကျင့်တရားလည်း ကောင်းမွန်သူ စံပြနိုင်ငံသားတစ်ယောက်ရှိခြင်းသည် နိုင်ငံတစ်ခုအတွက် ဂုဏ်ယူထိုက်သော အလှတရားဟုသာ ဆိုချင်သည်။ အထက်ကဆိုခဲ့သော အကြောင်းများကပင် ၂၀ ရာစုခေတ်၊ မြန်မာပြည်လွတ်လပ်ရေးဦးစီးဦးဆောင်၊ စတုတ္ထမြန်မာနိုင်ငံထူထောင်နိုင်ခြင်း၏ အရှင်သခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းသည် ကျွန်မတို့မြန်မာပြည်သူပြည်သားများ၏ အသည်းနှလုံးမှာ စံပြနိုင်ငံသား။ သူရဲကောင်း Hreo အဖြစ် အစဉ်ခိုင်မာစွာ ရှိနေပါလိမ့်မည်။

မြန်မာပြည်မှာ ဟီးရိုးရှိသည်။ ထိုသူသည်ကား ဗိုလ်ချုပ်အောင်ဆန်း။

မှတစ်ပါး အခြားမရှိသူဟုသာ တင်စားလိုက်ပါရစေ။ ။

# တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အစဉ်မြင်တွေ့လိုသော ဗိုလ်ချုပ်အောင်ဆန်း

**မေမြို့ချစ်ဆွေ**


ပုဂံခေတ်မြန်မာနိုင်ငံတွင်နယ်စားပယ်စား ပဒေသရာဇ် အများအပြားတို့သည် တခြားတသီးထီးပြိုင်နန်းပြိုင်တန်ခိုးအာဏာပြိုင်လျက်ရှိသည်။

ပြည်တွင်း မငြိမ်သက်မှုကို ချက်ကောင်းယူကာ ဒွာရာဝတီပြည်မှ ဂျွမ်းစစ်သည်များကလည်း မကြာခဏ နိုင်ငံတော်ကို ထိပါးစွက်ဖက် နှောင့်ယှက်ရန် ပြုလျက်ရှိသည်။

ငြိမ်းချမ်းမှုလျော့ပါး၊ စီးပွားရေးကျပ်တည်း၊ စည်းလုံးညီညွတ်ခြင်း အားနည်းလျက်ရှိသော မြန်မာနိုင်ငံကို အနော်ရထာမင်းစောသည် တစ်လုံးတစ်စည်းတည်း စုစည်းညီညွတ်စေလျက် အင်အားတောင့်တင်းသော ပထမမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့ပေသည်။ "တပင်ရွှေထီး နတ်ရွာစံကံကုန်လေပြီ" ဟူသော သတင်းပေါ်ထွက်လာသည်နှင့်တစ်ပြိုင်နက် တစ်ဝက်တစ်ပျက် စုစည်းထားသော နိုင်ငံနယ်မြေသည် ဝါးအစည်းပြေသကဲ့သို့ အက်ကွဲပြိုလဲလာသည်။ တစ်မုဟုတ်ချင်းအချိန်တွင်သမိန်စောထွတ်ကလည်း ပဲခူးကို အခိုင်အလုံပြု ကြံ့ကြံ့ခိုင်၍ ပုန်ကုန်သည်။ ဘုရင့်နောင်၏ ညီမင်းခေါင်ကလည်း တောင်ငူမှ တသီးတခြား ခွဲထွက်ကြေညာသည်။ ပြည်မင်းသတိုးသူနှင့် မြစ်ဝကျွန်းပေါ်ဒေသများကလည်း ခြားနားလာသည်။ မုတ္တမ၊ အင်းဝတို့မှာလည်း သစ္စာမခံ ပုန်ကန်ပြန်သည်။ အစိတ်စိတ်အမြွှာမြွှာ ဖရိုဖရဲပြိုကွဲနေသော မြန်မာနိုင်ငံကို ဟံသာဝတီဘုရင့်နောင်သည်တညီတညွတ်တည်း စည်းလုံးခိုင်မာစေ၍ အာရှအရှေ့တောင်တစ်လွှားမှာ ဩဇာပျံ့နှံ့လျက် ခံ့ညားကြီးကျယ်သော ဒုတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သည်။

ဒုတိယ အင်းဝခေတ် မဟာဓမ္မရာဇာဓိပတိ (ဟံသာဝတီပါ) မင်းလက်ထက်တွင် စည်းလုံးညီညွတ်ရေးသည်လျော့ပါးအားပျော့လျက်နေသည်။ ပဒေသရာဇ်များ၊ နယ်စားပယ်စားများသူတစ်လူငါတစ်မင်းနှင့် အချင်းချင်းစစ်ခင်း၍ စည်းလုံးခြင်းမရှိ၊ ညီညွတ်မှုမပြုနိုင်၊ အုပ်စုတိုက်ပွဲ ဆင်နွှဲနေသော မြန်မာနိုင်ငံတော်ကို အလောင်းဘုရားသည် ပြန်လည်စုစည်းညီညွတ်စေလျက်နိုင်ငံအများကလေးစားခညွတ်အံ့သော တတိယမြန်မာနိုင်ငံတော်ကိုတည်ထောင်ခဲ့သည်။

စာမျက်နှာ(၃၂)သို့



# ငါန်းမြာကလူတွေ ဘယ်ပျောက်သွားသလဲ

မောင်သာချို

(တစ်)

သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်း၏ "ပျူတွေ ဘယ်ပျောက်သွားသလဲ"စာအုပ် ခေါင်းစဉ်ကို စွဲကာ ယခုလည်း "ငါန်းမြာက လူတွေ ဘယ်ပျောက်သွားသလဲ"ဟူ၍ လုပ်ထည့်မိလိုက်ကြောင်း ဝန်ခံလိုပါသည်။

ငါန်းမြာ . . . တဲ့။

ငယ်ငယ်ကတည်းကပင် စွဲနေသော အမည်တစ်ခုအဖြစ် ထပ်ဆင့်ဝန်ခံလိုပါသည်။ ကျွန်တော်တို့လိုပဲ ကျောင်းသားဖြစ်ခဲ့ကြ၊ ကျွန်တော်တို့လိုပဲ ဟိုစာ သည်စာကို လှန်လှန်လှောလှော ဖတ်ခဲ့ကြသည့် သူတွေအဖို့ ငါန်းမြာသည် မစိမ်းသော အမည်နာမ အမှတ်တံဆိပ်တစ်ခု ဖြစ်အံ့နိုး ကျွန်တော်ထင်ပါသည်။ ငါန်းမြာပါသော ကဗျာတိုကလေးတစ်ပုဒ်ကို ကျွန်တော်တို့ ထိတွေ့ခဲ့ကြရဖူးသည် မဟုတ်လား။

"တံတားဦးက ကွမ်းနုဝါ၊ငါန်းမြာကဆေး၊ ကွမ်းသီးတောင်ငူနဲ့ ကိုင်းထုံးဖြူ၊ ပြည်ရှား သာဝါးလို့တွေး"တဲ့။

ကဗျာက ဒွေးချိုး ကဗျာကလေး။ မြန်မာ့ဓလေ့ ကွမ်းနှင့်ပတ်သက်သည့် ကဗျာကလေး။ ယခု မန္တလေး အပြည်ပြည်ဆိုင်ရာလေဆိပ် လုပ်ထားသည့် တံတားဦး အရပ်က နု၍ဝါသော ကွမ်း၊ ငါန်းမြာအရပ်က ဆေးရွက်ကြီး၊ တောင်ငူအရပ်က ကွမ်းသီး၊ စစ်ကိုင်းအရပ်က ထုံး၊ ပြည်အရပ်က ရှား စသည်တို့ကို ပေါင်းစပ်ကာ ကွမ်းတစ်ယာလောက် အသာဝါးပြီး ထွေးပစ်ရသော် အရသာရှိပါပေ့ဟူ၍ ရေးထားသည့် ကဗျာဖြစ်ပါသည်။ ကဗျာဟူသည်မှာ ကဗျာဖွဲ့သူ၏ ခံစားချက်မှ ထွက်အန်ကျလာတတ်သော အနုပညာဟုဆိုလျှင်ဖြင့် သည်ကဗျာကို ကဗျာဟုနာမည်တပ်ဖို့ တော်တော်ကလေး ခက်လိမ့်မည် ကျွန်တော် ထင်ပါသည်။ သို့သော် မည်သူဖွဲ့ဆိုခဲ့မှန်း မသိသည့် မည်သည့်အချိန်က ဖွဲ့ဆိုခဲ့မှန်း မသိသည့် သည်ကဗျာတိုကလေးကို ကာရန်ကြောင့် ကျွန်တော်တို့ အမှတ်ရခဲ့ကြပုံရပါသည်။

သည်ကဗျာကလေးက တစ်ဆင့် ငါန်းမြာဟူသော အမည်ကို ကျွန်တော်တို့ ထိတွေ့ခဲ့ကြရခြင်း ဖြစ်ပါသည်။ ဘယ်နေရာမှာ ရှိမှန်းလဲ မသိ။ ဘယ်လောက်ကြီးမှန်းလဲ မသိ။ ရောက်မည့် ရောက်တော့ တစ်နှစ်တစ်ခေါက်နီးပါး ဆက်တိုက်ကြီး။

(နှစ်)

ငါန်းမြာဆိုတာ ဘာအဓိပ္ပာယ်လဲဟု ဒေသခံ သုံးလေးယောက်ကို ကျွန်တော်မေးကြည့်ခဲ့ဖူးပါသည်။ ငန်းဆိုတာက လုပ်ခင်းလုပ်ကွက်ကောက်ငန်းတဲ့။ စိုက်ရန် ပျိုးရန် လုပ်ခင်း လုပ်ကွက်တွေ များပြားလွန်းသောကြောင့် "ငန်းများ"ဟု ခေါ်ကြရာက နောင်အခါ ငါန်းမြာဖြစ်သွားရလေသတဲ့။ အသံထွက်တော့ ငမြာ။ ကျွန်တော့်စိတ်ထဲ ငကို ရေးချထည့်ထားပုံနှင့် မကို ရရစ်ထားပုံကြီးက ဆန်းသလိုဖြစ်နေသည်ကတော့ အမှန်ပဲဖြစ်ပါသည်။

ငါန်းမြာကနေ အထက်ကို နည်းနည်းတက်လိုက်တော့ ငါန်းဇွန်ဆိုတာရှိပါသေးသည်။ လယ်ယာလုပ်ငန်းခွင် လုပ်ကွင်းလုပ်ကွက်တို့၏ အစွန်အဖျားတွင် ရှိသောကြောင့် ငန်းစွန်တဲ့။ နောက်တော့မှ ငါန်းဇွန်တဲ့။ အသံထွက်တော့ ငဇွန်။

ဒေသနှစ်ခုစလုံး ဧရာဝတီမြစ်ကြီး၏ အရှေ့ဘက်ကမ်းပါးပေါ်၌ ရှိသော်လည်း အနောက်ဘက်ကမ်းကို သွားပြီးမှ သည်ဘက်ကို စက်လှေဖြင့် ပြန်ကူးရသည့်ခရီးစဉ်ကိုကျွန်တော်အမှတ်ရနေမိသည်။

၂၀၁၀ တုန်းကလား ၂၀၁၁ တုန်းကလား ကျွန်တော်ကောင်းကောင်း မမှတ်မိ။ ကိုနေဝင်းမြင့်၊ မခင်ခင်ထူးတို့နှင့်အတူ ဧရာဝတီမြစ်အရှေ့ဘက် ကမ်းပါးမြို့ဖြစ်သော မန္တလေးကနေ အနောက်ဘက်ကမ်းရှိ စစ်ကိုင်းသို့ ကူး၊ ထို့နောက် မြင်းမူသို့ ဆက်၊ တစ်ဖန် အနောက်ဘက်ကမ်းပါး မြင်းမူမြို့ကမှတစ်ဆင့် အရှေ့ဘက်ကမ်းရှိ ငါန်းမြာသို့ စက်လှေဖြင့် ပြန်လာ။ ငါန်းမြာနားက သားကျင်တွင် ဟောသည့်ပွဲ။

ဘာဖြစ်လို့ အရှေ့ဘက်ကမ်းပါးဒေသရှိ ငါန်းမြာသို့ သွားသည်ကို အနောက်ဘက်ကမ်းသို့ တစ်ကွေ့တစ်ပတ်ကြီးသွားပြီးကာမှ စက်လှေဖြင့် တစ်ခါပြန်ကူးလာရလေသလဲဆိုသည်ကို ပထမတော့ ကျွန်တော်ကောင်းကောင်း နားမလည်။ နောက်တော့မှ မန္တလေးကနေ ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပါးအတိုင်း တံတားဦးတို့ ငါန်းဇွန်တို့၊ ငါန်းမြာတို့၊ ဆီးမီးခုံတို့၊ မြင်းခြံတို့ ရှိရာဘက်ဆီသို့ စုန်ဆင်းလာသော လမ်းမှာ တော်တော့်ကိုကြမ်းတမ်းခဲက်သည့် လမ်းဖြစ်ရာ ခရီးလမ်းပန်းသက်သောင့်သက်သာဖြစ်စေဖို့အတွက် စစ်ကိုင်းဘက်သို့ ကူးကာ ဧရာဝတီကို အနောက်ဘက်ကမ်းပါးကနေ မြင်းမူအထိ စုန်မောင်းလာပြီး နောက်မြစ်ကို ဖြတ်ကူးကာ အရှေ့ဘက်ရှိ ငါန်းမြာသို့ ပြန်လာခဲ့ကြရခြင်းဖြစ်ကြောင်း ရိပ်မိသွားပါသည်။ အချိန်တွေကုန်လိုက်တာ။

(သုံး)

၂၀၁၃ ခုနှစ် အာဇာနည်နေ့မှာလည်း ငါန်းမြာသို့ ကျွန်တော်ရောက်နေရပြန်ပါသည်။ ဆရာချစ်ဦးညိုနှင့်။

ငါန်းမြာက ငါန်းမြာကြီးပင်ဖြစ်၍ နေပါပြီ။ အောင်မင်္ဂလာ၊ အောင်ဇေယျ၊ ဗန္ဓုလ၊ အောင်သိဒ္ဓိ၊ အခြေခံ၊ သိမ်တော်၊ ရွာသစ်၊ သဖန်းသာ၊ ကျီကုန်း၊ တောင်ရွာ၊ စည်သာ၊ ဘုရင့်နောင် စသည့် ရွာတွေ ရပ်ကွက်တွေကို စုပြီးစည်းလိုက်ရာ ငါန်းမြာကြီးဖြစ်သွားပုံရပါသည်။ ယခင်က ဧရာဝတီ သင်္ဘောများ ဆိုက်ကပ်ရာ ရွာကြီးတစ်ရွာဖြစ်သော်လည်း အခု ဧရာဝတီက ရွာနှင့် ဝေးသွားပါပြီ။ သို့သော် ကျွန်တော်တို့ ရောက်သွားစဉ်ကမူ ဧရာဝတီမြစ်ရေတိုးသည့်ရက်များဖြစ်ရာ ကျွန်းတွေ၊ သောင်တွေ၊ မြေနုကျွန်းတွေ၊ ကိုင်းတွေ ပါရေအောက်မှာ မြုပ်နေပြီး ရွာအခြေရောက်အောင် ဧရာဝတီက လာရောက်ပြီး ပွတ်သီးပွတ်သပ်လုပ်နေ ပြန်တော့ စက်လှေပေါ်က လှမ်းဆင်းလိုက်သည်နှင့် ရွာလယ်လမ်းမ။

အထက်တန်းကျောင်းနှင့်၊ တိုက်နယ်ဆေးရုံနှင့်၊ စာကြည့်တိုက်နှင့်ဖြစ်သော်လည်း လျှပ်စစ်မီးမရ။ ကိုယ်ပိုင်မီးစက်တွေနှင့် တိုင်းတိုင်းတိတိ လင်းရသည့် ရွာကြီးပဲဖြစ်ပါသည်။ မြင်းခြံခရိုင်ထဲမှာ ထည့်ထားလိုက်၊ စစ်ကိုင်းတိုင်းထဲမှာ သွင်းထားလိုက်၊ ဟောအခု ကျပြန်တော့ မန္တလေးတိုင်းထဲက ငါန်းမြာ။ ဟိုးအနောက်ဘက်ကမ်းပါးဆီက မြောင်ကိုလှမ်းမျှော်တော့ မီးတွေလင်းလက်လို့။ ဝါဆိုဝါခေါင်မို့ထင်ပါရဲ့ ဧရာဝတီက ဖောင်ဖောင်ကြီး စီးဆင်းနေလိုက်တာ။ ငါန်းမြာသားအများစုက အခုထိတိုင်ကို ဧရာဝတီကို သောက်ကြဆဲ ဖြစ်ပါသည်။

"ရေထဲကို ဆင်းပြီးခပ်ကြတဲ့အခါ ခါးလောက်အထိ ဆင်းခပ်ရင် သုံးရေပေါ့ ဆရာရယ်။ ရင်ခေါင်းလောက်အထိ ဆင်းခပ်ရင်တော့ သောက်ရေပေါ့။ ရေကနောက်တော့ အနည်ထိုင်အောင်တော့လုပ်ရပါတယ်"

ငါန်းမြာက အိမ်ခြေ ၁,၇၀၀ ဝန်းကျင်လောက်ရှိမည့် တိုက်နယ်ဒေသကြီးပဲ ဖြစ်ပါသည်။ သို့သော် ငါန်းမြာမှာ လူသိပ်မရှိတော့။ လူသုံးပုံတစ်ပုံလောက်က အပြင်မှာ။ ရေကြည်ရာမြက်နုရာဆီသို့ ထွက်ခွာသွားကြကာ ဈေးရောင်းသူရောင်း ဝန်ထမ်းလုပ်သူလုပ် ကြုံရာကျပန်း။

ယင်းသည် ဆေးရွက်ကြီး ခေတ်မှေးမှိန်ဖျော့တော့သွားခြင်းနှင့်လည်း သက်ဆိုင်ပါလိမ့်မည်။ ဆေးရွက်ကြီးခေတ်ကောင်းစဉ်က ဆေးရွက်ကြီး စိုက်ခင်းတစ်ဧကကို အပင် ၇,၀၀၀ နီးပါး ထည့်သွင်းစိုက်ပျိုးထားလေရာ ပိဿာ ၇၀၀ ဆိုတာ ပြေးမလွတ်။ ပိဿာ ၇၀၀ ဆိုကျပ် ခုနစ်သိန်း။ စိုက်ချိန်ကနေ ခူးချိန်အထိ လေးလသက်တမ်း။ သည့်အပြင် ငါန်းမြာသားတွေ ကျွမ်းကျင်ကြသည်က ကြက်သွန်ဖြူ။

သို့ဖြင့် ၁၉၉၇ ခုနှစ်လောက်ကို ရောက်တော့ ငါန်းမြာမြစ်ရေတင် စီမံကိန်းဆိုတာ ပေါ်လာပါသည်။ ယင်းနှင့်အတူ စီမံကိန်း သီးနှံစပါးစိုက်ဖို့ ဆိုတာလည်းပါလာပါသည်။ သည်မှာတွင် ငါန်းမြာသားတို့ စပါးစိုက်ကြရပါသည်။

"စပါးက ကိုယ်မကျွမ်းဘူး ဆရာရဲ့။ ပြီးတော့ မြေကလည်း စပါးနဲ့ မကိုက်ဘူး။ ဝင်ငွေကလည်း ဆေးရွက်ကြီးကို မမီဘူး"

သည်စကား တစ်ခွန်းတည်းနှင့်ပင် ငါန်းမြာသားတို့ ငါန်းမြာကနေ ဝေးရာသို့ ထွက်ခွာ၍ ရှာဖွေစားသောက်ကြခြင်းအကြောင်း တရားက ခိုင်လုံ၍ နေပါသည်။ သို့သော် ယခုအခါ ဘာသီးနှံစိုက်မှ ညာသီးနှံစိုက်မှ ဆိုတာကြီးက ပြင်းပြင်းထန်ထန်ကြီး မဟုတ်တော့သော်လည်း ငါန်းမြာ၏ ဆေးရွက်ကြီး လိပ်ပြာက လွင့်စင်သွားပုံရပါသည်။

ဧရာဝတီမြစ်ကမ်းပါး တစ်လျှောက်က ပိန်းပိတ်နေသည့် ဆေးရွက်ကြီးခင်းများကို သိပ်မတွေ့ရတော့။ တစ်ခါတစ်ခါမှသာ ပုန်းလျှိုး ကွယ်လျှိုးစိုက်ပျိုးထားသည့် ဆေးရွက်ကြီးခင်းများကို တွေ့ရတတ်ပါသည်။

ကျန်းမာရေးကဏ္ဍကို အလေးပေးကာ ဆောင်ရွက်လာကြသည့် ခေတ်ကာလကြီးထဲ၌ ကွမ်းစားခြင်းနှင့် ဆေးလိပ်သောက်ခြင်းကို အန္တရာယ်တစ်ရပ်အဖြစ် သတိပေးတားဆီးလာကြသော နေ့ရက်များထဲဝယ် စီမံကိန်းသီးနှံစိုက်မှ ဘာစိုက်မှ ဟူသည့်သတ်မှတ်ချက်တို့ မရှိသည့်တိုင် ဆေးရွက်ကြီး၏ တန်ခိုးသြဇာကတော့ ကျဆင်းသွားမှာ အမှန်ပဲ ဖြစ်ပါသည်။

ငါန်းမြာက ပြန်တော့ လမ်းကောင်းသွားပြီဆိုသဖြင့် ကျွန်တော်တို့ မြစ်ကို ပြန်မကူးတော့။ ငါန်းမြာ-ငါန်းဇွန် တံတားဦး လမ်းအတိုင်း ဧရာဝတီကို ယှဉ်၍ လာခဲ့ကြရာ တံတားဦး အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ နှစ်နာရီနှင့် ရောက်သော ကားလမ်းပဲ ဖြစ်ပါသည်။

ကျွန်တော် ကွမ်းမစားပါ။ ထို့ပြင် ဆေးလိပ်လည်း မသောက်ပါ။ သို့သော် ငါန်းမြာကပေးလိုက်သည့် လက်ဆောင်အထုပ်ထဲက ဆေးရွက်ကြီးထုပ်ကလေးကိုတော့ ရန်ကုန်ရောက်သည်အထိ ယူလာမိပါသည်။ လွှင့်လည်း မပစ်ရက်။ ဘာလုပ်ရမှန်းလည်း မသိ။ ဒေသရဲ့ အမှတ်တံဆိပ်ကလေး တစ်ခု မဟုတ်လား။ ။

7 ရ ရက် သတင်းဂျာနယ် DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချို့နွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒနိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး၊ အောင်မျိုးသန်း၊ ကေသီမိုး၊ တင်ဇာလင်း |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12)
မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၅၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**

# ဒါနရှင်များ ခင်ဗျ

ဗညားလှိုင်ဦး




မြန်မာလူမျိုး ဗုဒ္ဓဘာသာဝင်များ၏ အလှူဒါနပြုလုပ်ကြရာ၊ ဥပုသ်သီလစောင့်ထိန်းရာ ဝါတွင်း ကာလသို့ရောက်ရှိခဲ့ပြီဖြစ်သည်။ မိုးဥတုသည်မြန်မာလူမျိုးတို့အတွက် ထူးခြားသောဝိသေသ တစ်ခုဖြစ်၏။ စံပယ်၊ ဂမုန်း၊ ကြက်ရုန်း၊ ခတ္တာနှင့် သဇင်ပန်းများက အလှချင်းပြိုင်နေကြသည်။ တောင်လေအနေ့တွင် စပါးပင်များကလည်း ဘယ်ယိမ်းညာနွဲ့နှင့်။

ဝါဆို၊ဝါခေါင်၊ တော်သလင်း၊ သီတင်းကျွတ် ကာလများကား ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ကြသည့် ဝါတွင်းသုံးလပင်ဖြစ်သည်။ ထိုကာလအတွင်း ရဟန်းသံဃာတော်များသည် ညဥ့်အိပ်ညဥ့်နေ ခရီးမသွားကြဘဲ တစ်နေရာတည်းတွင်သာ သီတင်းသုံးကာ ဝိပဿနာတရား ပွားများကြလေသည်။ ဘုရား၊ တရား၊ သံဃာရတနာသုံးပါးကို မြတ်နိုးစွာဆည်းကပ်ကိုးကွယ်သော ဥပါသကာတို့ကလည်းဝါတွင်းသီတင်းသုံးတော်မူကြမည့်ဆရာတော် အရှင်သူမြတ်တို့ဝတ်ရုံ ရန်ရည်မှန်း၍မြတ်သောသဒ္ဓါစိတ်ဖြင့်သင်္ကန်းများကိုလှူဒါန်း ဆက်ကပ်ကြလေသည်။

ထိုသင်္ကန်းများကိုလည်း ဝါဆို သင်္ကန်းဟုခေါ် ဆိုကြပါသည်။ တချို့က ဝါဆိုသင်္ကန်းအားဝါဆိုလပြည့်နေ့ (ဓမ္မစကြာအခါတော်နေ့)၌သာ ကပ်လှူရသည်ဟုထင်ကြ၏။ မဟုတ်ပါ။ တစ်ဝါတွင်းလုံး ကပ်လှူနိုင်ပါသည်။

ထို့အပြင် နိုင်ငံအဝန်း ရပ်ကွက်၊ ကျေးရွာ၊ ဓမ္မာရုံများရှိ ဝါတွင်းဆွမ်းလောင်းအသင်းများမှလည်း ဘုန်းကြီးကျောင်းများ၊ စာသင်တိုက်ကြီးများသို့ ကြည်ညိုသဒ္ဓါပွားများစွာဖြင့် အပတ်စဉ်မပျက်ဆွမ်းလောင်းလှူကြလေသည်။

ဥပုသ်နေ့များတွင်လည်း ဘုရား၊ ကျောင်းကန်၊ စေတီပုထိုးများ၌ သီလဆောက်တည်ကြသည့်ရဟန်းရှင်လူပြည်သူများနှင့် စည်ကားနေသည်ကိုမြင်တွေ့နိုင်ပါသည်။ ဥပုသ်သည်များကို အကျွေးအမွေးများဖြင့် လှူဒါန်းဧည့်ခံခြင်း၊ တရားပွဲများကျင်းပပေးခြင်းတို့ဖြင့် ဝါတွင်းသုံးလသည် မြတ်ဗုဒ္ဓ၏အဆုံးအမများဖြင့် ထုံမွမ်းနေသောကာလဟုလည်း ခေါ်ဆိုနိုင်ပါ၏။

'ဒါနနှင့်သီလမပါလျှင် သေခါမှသိမယ်'ဟူသည့်ယုံကြည်မှုဖြင့် မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်များသည် သီလကိုအတတ်နိုင်ဆုံး ခါးဝတ်ပုဆိုးကဲ့သို့ စွဲမြဲစွာစောင့်ထိန်းကျင့်ကြံကြပြီး ဒါနဖြင့်လည်း အလှူရေစက်လက်နှင့် မကွာရှိတတ်ကြလေသည်။ ဥပါသကာ၏ အရည်အချင်းများတွင် သဒ္ဓါတရားနှင့် သီလပြည့်စုံခြင်းသည် ထိပ်ဆုံးမှပါဝင်ပြီး ၄င်းတို့နှစ်ခုမရှိခြင်းသည် ဥပါသကာပျက်စီးခြင်းတွင်ပါရှိ၏။ မိလိန္ဒပဥှာ၌ ဥပါသကာ၏ဂုဏ်ရည်(၁၀)ပါးတွင် ကာယကံ၊ ဝစီကံကို စောင့်ထိန်းခြင်း၊ အတူနေပုဂ္ဂိုလ်များနှင့် သင့်တင့်ညီညွတ်စွာနေထိုင်တတ်၍ အချင်းချင်းအပေါ် ငြူစူမှုကင်းပြီး သာသနာတော်ကို ခုတုံးလုပ်၍ ဟန်ဆောင်ပလွှားဝါကြွားမှုမပြုခြင်းတို့ပါဝင်ပါသည်။

မကြာသေးမီက သတင်းစာ၊ ဂျာနယ်များတွင် အရက်သေစာ သောက်စားသော ရဟန်းတု၊ ရဟန်းယောင်များသတင်းနှင့် ခရိုင်သာသနာရေးမှူးတစ်ဦး၏ မဖွယ်မရာသတင်းတို့ကို ဖတ်ရှုရပါသည်။

ဗုဒ္ဓဘာသာဝင်များအတွက် စိတ်မချမ်းမြေ့ဖွယ်ရာသတင်းများပင်ဖြစ်သည်။ သာသနာ့ဝန်ထမ်းဆောင်ကြသူများအနေဖြင့် အခြားသူများထက် ကာယကံ၊ဝစီကံကို ပိုမိုစောင့်ထိန်းရန်လိုအပ်ပါသည်။ ဆွမ်းကွမ်းများချက်ပြုတ်ကြရင်းဖြစ်စေ၊ အိုးစည်ဗုံမောင်းများနှင့် လှည့်လည်အလှူခံရင်းဖြစ်စေအရက်သေစာများသောက်စားမူးယစ်ခြင်း၊ အလှူတွင်လာရောက်စားသောက်ကြသောဧည့်ပရိသတ်များအား ပိတ်ပင်ကဲ့ရဲ့ခြင်း၊ အိမ်များ၊ တိုက်ခန်းများသို့ တံခါးခေါက်၍ အလှူရှင်၏စေတနာကိုမျက်ကွယ်ပြုလျက်ကျောင်းဆောက်ရန်ဟုဆိုကာ ဘိလပ်မြေတစ်အိတ်၊သွပ်တစ်ချပ်၊တံခါးတစ်ရွက်စသည်ဖြင့် အတင်းအကျပ်အလှူခံခြင်း၊ မိဘမဲ့ကလေးများအတွက်ဟုဆိုကာ ထမင်းတစ်နပ်အတွက်ဘယ်၍ အာဟာရတစ်ခွက်အတွက်ဘယ်မျှဟုဆိုကာ လိမ်လည်အလှူခံခြင်း စသည်ဖြင့် မြန်မာလူမျိုးများ၏ ကုသိုလ်ယူတတ်သော၊ အားနာတတ်သော စိတ်ကို အခွင့်အရေးယူကာ သာသနာတော်ကို ညစ်နွမ်းအောင်ပြုလုပ်နေသူများလည်း ရှိပါသည်။

တစ်ခါက စာရေးသူအိမ်အနီးရှိ ဓမ္မာရုံမှ လူကြီးတစ်ဦးနှင့် စကားပြောဖြစ်ပါသည်။ ယင်းဓမ္မာရုံသည် ဝါတွင်းသုံးလကာလပတ်လုံးဆွမ်းလောင်းပွဲအတွက် အလှူခံပြီး ဝါကျွတ်သည်နှင့် ကထိန်ပွဲအတွက် ဆက်လက်အလှူခံပါသည်။

အလှူဒါနသည် မွန်မြတ်သောကိစ္စဖြစ်သည့်အတွက် စာရေးသူအနေဖြင့် ကန့်ကွက်ရန်မရှိပါ။ သို့သော် နံနက်မိုးမလင်းခင်မှ စကာ လော်စပီကာကြီးနှစ်လုံးဖြင့် ဆူညံစွာသီချင်းတွေဖွင့်လိုက်၊ နိဗ္ဗာန်ဆော်မှ ရောက်တတ်ရာရာ တွေလျှောက်အော်နေလိုက်ပြုလုပ်ခြင်းသည်မှာကား ပတ်ဝန်းကျင်ရှိ သက်ကြီးရွယ်အိုများ၊ မကျန်းမာသူများ၊ကလေးငယ်များကို အနှောင့်အယှက်ပေးရာကျပါသည်။

သို့ဖြင့် လော်စပီကာသံလျှော့ပေးဖို့ သတ်မှတ်အချိန်လေးနှင့် ဖွင့်ပေးဖို့ပြောဖြစ်ပါသည်။ သူပြန်ပြောသည့်စကားမှာ "ခင်ဗျား ဗုဒ္ဓဘာသာဝင်မဟုတ်ဘူးလား"ဟူ၏။ လော်စပီကာဖွင့်ရန်အတွက် ဥပဒေနှင့်အညီ မြို့နယ် အုပ်ချုပ်ရေးမှူးထံတွင် ပါမစ်ယူရကြောင်း ပြောပါက စာရေးသူကိုမည်ကဲ့သို့ လုပ်မည်မသိပါ။

အကြောင်းတိုက်ဆိုင်တုန်း နိဗ္ဗာန်ဆော်တစ်ယောက်၏ ဆော်ဩပုံကို ပြောချင်ပါသေးသည်။ နိဗ္ဗာန်ဆော်ဆိုသည်မှာ 'ဘွန္တော့. . . ဆွမ်းချက်ရန်ထတော် မူပါ့' အစ 'ဒါနသီလ ဘာဝနာဖြင့်နိဗ္ဗာန်မဂ်ဖိုလ်သို့ရက်တိုတိုဖြင့်လျှောက်လှမ်းနိုင်ပါရန်'စသည်ဖြင့် ဆော်ဩသူများဟု အတိုကောက်အဓိပ္ပာယ်ဖွင့်ရပါမည်။ တစ်ယောက်မှာတော့ 'ဒီနေ့ အလှူခံရုံက သတ်မှတ်ထားတဲ့ အာစိဏ္ဏကံက ငါးသောင်းဖြစ်ပါတယ်။ ယခု အလှူခံရုံပိတ်ခါနီးမှာ လေးသောင်းနဲ့ ငါးထောင်ရရှိပြီးဖြစ်ပါတယ်။ လိုနေတဲ့ငါးထောင်အတွက် အမြန်လှူဒါန်းကြမယ်ဆိုရင်ဖြင့် နိဗ္ဗာန်မဂ်ဖိုလ်သို့ရက်တိုတိုဖြင့် လျှောက်လှမ်းနိုင်မှာဖြစ်ပါတယ်"ဟု အကြိမ်ကြိမ်ဆော်ဩနေပါသည်။ သူပြောနေပုံမှာ နိဗ္ဗာန်ဆော်နှင့်မတူဘဲ လေလံပွဲ ကြေညာသူတစ်ဦးနှင့်တူနေပါသည်။ မြတ်ဗုဒ္ဓက ဒါနအကြီး အသေးဖြင့် နိဗ္ဗာန်ရောက်မည်ဟု မဟောကြားခဲ့ပါ။ ဓမ္မပဒထဲမှ သုတ္တန်တစ်ခုကို ကိုးကားချင်ပါသည်။

စာမျက်နှာ(၃၂) သို့

Business
7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# မြန်မာ – တရုတ်နယ်စပ် ဆန်အရောင်းအဝယ်အေး



ဈေးကွက်သို့တင်ပို့မည့်ဆန်အိတ်များ

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**ပြည်သိမ်း**

**ရန်ကုန်၊ ဇူလိုင်-၂၀**

တရုတ်ကုန်သည်များက ဈေးနှုန်းဆက်တိုက် လျှော့ချဝယ်ယူမှုကြောင့် မူဆယ်ဈေးကွက်တွင် ဆန်အရောင်းအဝယ် ရပ်တန့်နေကြောင်း မူဆယ်ဆန်စပါးအသင်းမှ သတင်းရရှိသည်။

“ဆန်အရောင်းအဝယ်က မရှိသလောက်ပဲ။ ဆန်ကွဲပဲနည်းနည်းရောင်းရတယ်”ဟု မူဆယ်ဆန်စပါးလုပ်ငန်းအသင်းမှ ဆန်ကုန်သည်ဦးမင်းသိန်းက ဇူလိုင် ၂၀ ရက် တွင် ပြောကြားသည်။

တရုတ်ဈေးကွက်သို့ မြန်မာ့ဆန်ထက် အရည်အသွေးမြင့်သည့် ဗီယက်နမ်ဆန်များဝင်ရောက်နေခြင်း၊ပြည်တွင်းဈေးမြင့်တက်နေပြီး တရုတ်နိုင်ငံသို့ တင်ပို့မည်ဆိုပါက ကြိုတင်ဝင်ငွေ ခွန် ၂ ရာခိုင်နှုန်းပေးရသဖြင့် ဈေးမလိုက်ခြင်းကြောင့် တင်ပို့မှုလျော့နည်းသွားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် တွဲဖက်အတွင်းရေးမှူး ဒေါက်တာစိုးထွန်းက ဆိုသည်။

လက်ရှိ တရုတ်ဈေးကွက်တွင် မြန်မာ့ဆန်ဈေးမှာ လဆန်းပိုင်းနှင့် နှိုင်းယှဉ်ပါက တစ်အိတ်လျှင် သုံးယွမ်မှ ငါးယွမ်ကြား ဈေးကျလာသည်။ ဇူလိုင်လဆန်းတွင် တစ်အိတ်လျှင် ၁၄၅ ယွမ်ဝန်းကျင်ရှိ အရည်အသွေးကောင်းသည့် ပုသိမ်၊ မြောင်းမြဆန်မှာ ယနေ့တွင် ယွမ် ၁၄၀ ဝန်းကျင်သာဈေးရှိသည်။

လက်ရှိ တရုတ်-မြန်မာနယ်စပ်သို့ နေ့စဉ်ဆန်ကား အစီး ၄၀ ခန့်သာ ဝင်ရောက်နေပြီး ဆန်ကွဲမှာ ၇၅ ရာခိုင်နှုန်းကျော်ပါဝင်သည်။ လက်ရှိတရုတ်-မြန်မာနယ်စပ်ဆန်ကွဲဈေးမှာ တစ်အိတ်လျှင် ၁၀၆ ယွမ်မှ ၁၀၂ ယွမ်ကြားဈေးရှိသည်။

# ဖုန်းလိုအပ်ချက်ဖြည့်ဆည်းရန် ဆက်သွယ်ရေးအဆောက်အအုံများ တည်ဆောက်မည်

**ဆွေမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များ ဈေးကွက်ဝယ်လိုအားပြည့်မီရန်အတွက် ပြည်တွင်းပြည်ပ ဆက်သွယ်ရေးဝန်ဆောင်မှုကုမ္ပဏီများနှင့်နည်းပညာပူးပေါင်း၍ ဌာန၏ ရင်းနှီးမြှုပ်နှံမှုများဖြင့် ဆက်သွယ်ရေး အဆောက်အအုံများတည်ဆောက်သွားမည်ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနဒုဝန်ကြီး ဦးဝင်းသန်းက ပြောသည်။

လက်ရှိတွင် ပြည်တွင်း၌ လက်လုပ်လက်စားလုပ်ကိုင်သူ၊ ကျေးလက်ပြည်သူအများစုဖြစ်ပြီး တန်ဖိုးနည်းဆင်းမ်ကတ်များချထားပေးရာတွင် လုံလောက်မှုမရှိဘဲ ခွဲတမ်းစနစ်၊ မဲနှိုက်သည့်စနစ်များကြောင့် အချိန်ကုန်လူပန်းဖြစ်ရကာ လိုအပ်သည့်ပြည်သူများအားလုံး မိုဘိုင်းဖုန်းဝယ်ယူနိုင်ရန်အတွက် နိုင်ငံတော်

**စာမျက်နှာ( ၂၈) သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ (အမေရိကန်) | ၉၇၆ | ၉၈၆ | ကျပ် |
| ၁ ဒေါ်လာ (စင်ကာပူ) | ၇၆၉ | ၇၈၁ | ကျပ် |
| ၁ ယူရို (ဥရောပသမဂ္ဂ) | ၁၂၇၄ | ၁၂၉၂ | ကျပ် |
| ၁ ဘတ် (ထိုင်း) | ၃၂. ၂ | ၃၂. ၄ | ကျပ် |
| ၁ ယွမ် (တရုတ်) | ၁၆၀ | ၁၆၃ | ကျပ် |

၂၀၁၃ ဇူလိုင် ၂၁ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၅ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၀၉ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၀. ၆၄ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၇၇ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၉. ၃၃ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၅၂ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၂၀. ၄၃ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၁၉၂၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၉၉ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၁၀,၀၈၀. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၁,၂၀၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၃. ၂၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၅၇၈ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၈၉၆ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၆၀၂ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၆၇ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၂. ၃၇၂၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၉ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | အောင်စ | ၁,၂၉၀. ၇၀ |
| ရေနံစိမ်း | စည် | ၁၀၈. ၅၂ |
| ငွေ | အောင်စ | ၁၉. ၄၇ |
| ကြေးနီ | ပေါင် | ၃. ၁၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၇၇ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇူလိုင် ၂၀ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



# တယ်လီနောကုမ္ပဏီ ဆင်းမ်ကတ်ဝယ်ယူရရှိနိုင်မည့်နေရာ ခုနစ်သောင်းခန့် ထားမည်ဆို

**ဆွေမွန်**

**ရန်ကုန်၊ ဇူလိုင်-၂၁**

ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရရှိထားသောကုမ္ပဏီတစ်ခုဖြစ်သည့် Telenor Group က တစ်နိုင်ငံလုံးတွင် ဆင်းမ်ကတ်ဝယ်ယူရရှိနိုင်မည့်နေရာခုနစ်သောင်းနီးပါးနှင့် ငွေဖြည့်ကတ်များအတွက် နေရာတစ်သိန်းခန့်ဆောင်ရွက်သွားရန် စီစဉ်ထားကြောင်း Telenor Myanmar ၏ အမှုဆောင်အရာရှိချုပ်က ပြောသည်။

Telenor Group မှ မြန်မာနိုင်ငံဆိုင်ရာ အမှုဆောင်အရာရှိချုပ်အဖြစ် ခန့်အပ်ခြင်းခံထားရသည့် မစ္စတာ Petter Furbergက မြန်မာနိုင်ငံတွင် ဆက်သွယ်ရေးကွန်ရက်ဝန်ဆောင်မှုများကို ရှစ်လအတွင်း လုပ်ကိုင်သွားမည်ဖြစ်ပြီး ငါးနှစ်အတွင်းမြန်မာတစ်နိုင်ငံလုံး၌ အဆိုပါဝန်ဆောင်မှုများကို အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်း ယနေ့ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ဆင်းမ်ကတ်ကို ဝယ်ယူနိုင်မယ့်နေရာကို တစ်နိုင်ငံလုံးမှာ ခုနစ်သောင်းနီးပါး ဆောင်ရွက်ဖို့စီစဉ်ထားပါတယ်။ ဆင်းမ်ကတ်ကိုဝယ်ပြီးထပ်ပြီးတော့ ငွေဖြည့်ကတ်ဝယ်ယူနိုင်ဖို့အတွက်ကို နေရာကိုးသောင်းကနေ တစ်သိန်းထိလုပ်ဆောင်သွားဖို့ ကျွန်တော်တို့ ရည်ရွယ်ပါတယ်" ဟု မစ္စတာ Petter Furberg က ပြောသည်။ ရှစ်လအတွင်း ဆက်သွယ်ရေး ကွန်ရက်ချိတ်ဆက်မှုတွင် 2Gနှင့် 3G နှစ်မျိုးစလုံးကို လုပ်ဆောင်သွားမည်ဖြစ်ရာ တစ်နိုင်ငံလုံးတွင် ကွန်ရက်နှစ်မျိုးစလုံးတပ်ဆင်သွားမည်ဖြစ်ပြီး 3G အသုံးပြုမှုများသည့် နေရာများသာမက အင်တာနက်အသုံးပြုမှုကိုပါ အသုံးပြုသွားနိုင်မည်ဖြစ်သည်။

ငါးနှစ်အတွင်း ဆက်သွယ်ရေးဝန်ဆောင်မှုများကို တစ်နိုင်ငံလုံးအသုံးပြုရာတွင် မိုဘိုင်လ်ဖုန်းအသုံးပြုမှုများသာမက အင်တာနက်အသုံးပြုမှုကိုပါ အသုံးပြုသွားနိုင်မည်ဖြစ်ကြောင်းသိရသည်။

ဆက်သွယ်ရေးကွန်ရက်များဆောင်ရွက်မှုပြီးစီးပါက မိုဘိုင်းလ်ဆင်းမ်ကတ်များကို ကျပ် ၁၅၀၀ အောက်ဖြင့် ရောင်းချပေးသွားမည်ဖြစ်ပြီး ဖုန်းပြောဆိုခအနေဖြင့်လည်း တစ်မိနစ်လျှင် ၂၅ ကျပ်ထက်လျော့နည်းသည့် ဈေးနှုန်းဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း Telenor Myanmar မှ အမှုဆောင်အရာရှိချုပ်က ပြောသည်။

လက်ရှိတွင် ဆက်သွယ်ရေးအော်ပရေတာလိုင်စင်ရရှိရန်အတွက် နောက်ဆုံးအဆင့်အနေဖြင့် အစိုးရအာဏာပိုင်များနှင့် သက်ဆိုင်ရာအရာရှိများ ဆွေးနွေးနေသည့် အခြေအနေဖြစ်ကြောင်း သတင်းရရှိသည်။

ဆက်သွယ်ရေးအော်ပရေတာ လိုင်စင်လုပ်ကိုင်ခွင့်အတွက် အဆင့်ဆင့် ရွေးချယ်ခဲ့ရာတွင် နော်ဝေးနိုင်ငံအခြေစိုက် Telenor Groupနှင့် ကာတာနိုင်ငံအခြေစိုက် Ooredoo(Qatar Telecom) တို့မှ ရရှိထားခြင်းဖြစ်သည်။




စာမျက်နှာ( ၂၇) မှ

## ဖုန်းလိုအပ်ချက်ဖြည့်ဆည်းရန် ဆက်သွယ်ရေး အဆောက်အအုံများ တည်ဆောက်မည်

မှမည်သို့ဆောင်ရွက်ပေးသွားရန်ရှိကြောင်းပြည်သူ့လွှတ်တော်တွင် ဇူလိုင် ၁၇ ရက်ကမေးမြန်းခဲ့သည့် မေးခွန်းနှင့် ပတ်သက်၍ ဒုဝန်ကြီးက ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များရောင်းချပေးရာတွင် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းအလိုက်လူဦးရေ၊ စီးပွားရေးအခြေအနေနှင့် တပ်ဆင်ထားသည့် မိုဘိုင်းလ်ဖုန်းလိုင်းအားများအပေါ် အခြေခံကာပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့များက လအလိုက်ခွဲဝေရောင်းချပေးခြင်းဖြစ်ပြီး ဆက်လက်၍လည်း ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဒုဝန်ကြီးကဖြေကြားခဲ့သည်။

ဆက်သွယ်ရေးအဆောက်အအုံများ ထပ်မံတည်ဆောက်ပြီး ဈေးကွက်ဝယ်လိုအားဖြည့်ဆည်းဆောင်ရွက်ပြီးပါက မိုဘိုင်းလ်တယ်လီဖုန်းများကို အလွယ်တကူဝယ်ယူနိုင်ရန် လုပ်ဆောင်ပေးသွားမည်ဟု ပြောကြားခဲ့သည်။

လက်ရှိတွင် ဒေသအချို့ဖြစ်သည့် နေပြည်တော်၊ ရန်ကုန်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရောဝတီတိုင်းဒေသများတွင် ဖုန်းလိုင်းကျပ်ခြင်းများ ဖြစ်ပေါ်မှုကြောင့် စက်ပစ္စည်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်မှုများပြုလုပ်ချိန်တွင် မိုဘိုင်းလ်ဆင်းမ်ကတ်ရောင်းချမှုကို လျှော့ပေါ့ရောင်းချမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်များ ရောင်းချပေးရာတွင် ကတ် ၁၀ သိန်းခွဲရောင်းချပြီးဖြစ်ရာ စက်ပစ္စည်းများတပ်ဆင်ပြီးဖြစ်သည့်နေရာများနှင့် တိုးချဲ့တပ်ဆင်ထားသည့်နေရာများတွင် အလုံးရေအများအပြားခွဲ တမ်းဖြင့် ရောင်းချပေးသော်လည်း အချို့သော ကျေးလက်ဒေသများတွင် စက်ပစ္စည်းတာဝါတိုင်များမရှိခြင်းကြောင့် လက်ရှိရောင်းချပေးမှုများ မရှိသေးကြောင်း သတင်းရရှိသည်။

ကျပ် ၁၅၀၀ဆင်းမ်ကတ်မရရှိသည့် အချို့သော မြို့နယ်များနှင့်တာဝါတိုင်မရှိသည့်ဒေသများတွင် လူဦးရေ၊ မြေပြင်အခြေအနေ၊ အဝေးဆက်ကြောင်းများကိုကွင်းဆင်းလေ့လာစိစစ်ရန် စီစဉ်မှုများရှိပြီး အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ အစောဆုံးစီမံကိန်းတွင် ထည့်သွင်းဆောင်ရွက်ရန်ရှိကြောင်းလည်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီးဦးဝင်းသန်းက ဇူလိုင် ၁၈ ရက်က ပြည်သူ့လွှတ်တော်တွင် မေးမြန်းမှုကို ပြန်လည်ဖြေကြားခဲ့သည်။

လွှတ်တော်၌ ကိုယ်စားလှယ်များက ကျပ် ၁၅၀၀ တန်ဆင်းမ်ကတ်မရရှိသည့် မြို့များနှင့် အချို့သော ကျေးလက်ဒေသများတွင် မိုဘိုင်းလ်တာဝါတိုင်များ မရှိခြင်းကြောင့် ဆက်သွယ်ရေး ခက်ခဲမှုများရှိနေပြီး နီးစပ်ရာမြို့များမှ ဈေးကြီးပေးဝယ်ယူ သုံးစွဲနေရခြင်းများကြောင့် တာဝါတိုင်များဆောက်လုပ်ပေးပြီး ခွဲတမ်းဖြင့် ရောင်းချပေးရန် အစီအစဉ်ရှိ၊ မရှိ မေးမြန်းရာ ပြန်လည်ဖြေကြားခဲ့ခြင်းဖြစ်သည်။

7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013



# အန္တရာယ်ကြားက သူရဲကောင်းများ

ကြည်နေဝင်းမင်း

အေးရှားနားလေကြောင်း ခရီးစဉ်(၂၁၄)ဆန်ဖရန်စစ္စကိုမြို့ လေဆိပ်တွင် ဆင်းသက်စဉ် ပျက်ကျမှု မတိုင်မီ ယင်းကိုရီးယားလေကြောင်းလိုင်း လေယာဉ်မယ်များ သတင်းများဖန်တီးခဲ့သော နောက်ဆုံးအကြိမ်မှာ ယခုနှစ် စောစောပိုင်းကဖြစ်ပြီး လေယာဉ်မယ်များ ဘောင်းဘီရှည်ဝတ်ခွင့်ရရေး ၎င်းတို့သမဂ္ဂ တောင်းဆိုချိန်ဖြစ်သည်။

သို့သော် ဆန်ဖရန်စစ္စကို လေယာဉ်ပျက်ကျမှုတွင် လေယာဉ်မယ် ၁၂ ဦးအနက် ထက်ဝက်ခန့် ဒဏ်ရာများ ရရှိနေချိန်တွင် ကျန်လေယာဉ်မယ်များက အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများကို သူရဲကောင်းဆန်ဆန် လုပ်ဆောင်ခဲ့ခြင်းအတွက် ချီးကျူးခံရသော အခါ အများပြည်သူအာရုံစိုက်မှုမှာ သူတို့၏ ယူနီဖောင်းကိစ္စမှ သူရဲကောင်းလုပ်ရပ်များဆီသို့ ရောက်ရှိသွားသည်။

ဇူလိုင် ၆ ရက် လေယာဉ်ပျက်ကျမှုတွင် လေယာဉ်မယ်အဖွဲ့သား သုံးဦးမှာ ထိုင်ခုံတွင် လုံခြုံရေးခါးပတ်တပ်ဆင်ထားရင်း ပြတ်ထွက်သွားသော လေယာဉ်အမြီးပိုင်းအတွင်း ပါသွားခဲ့သည်။ ထိုအတောအတွင်း မကျိုးမပဲ့ ကျန်ရှိသူများက ခရီးသည်ပေါင်း ၃၀၀ အရေးပေါ်ကယ်ဆယ်ရေးကို ကြိုးကြပ်ခဲ့ရသည်။ ယင်းတွင် ခရီးသည် လုံခြုံရေးခါးပတ်များကို ဓားများဖြင့်ဖြတ်ခြင်း၊ လေယာဉ်အတွင်း မှားယွင်းပွင့်ထွက်လာသော အရေးပေါ်လေအိတ်လျှောများကို ပုဆိန်ဖြင့် ခုတ်ထစ်၍ မွန်းကျပ်နေသော အပေါင်းပါ လေယာဉ်မယ်များအား ကယ်ဆယ်ခြင်း၊ မီးသတ်ခြင်း၊ ကြောက်ရွံ့ ထိတ်လန့်နေသော ကလေးငယ်များကို သယ်ထုတ်ခြင်းများ ပါဝင်သည်။ ယင်းကို စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း လုပ်ဆောင်ရခြင်းဖြစ်သည်။

"တကယ်လည်းကျွန်မ ဘာမှတွေးမနေဘူး။ ကျွန်မ ခန္ဓာကိုယ်က ကယ်ဆယ်ရေးအလုပ်တွေကို စတင်ပြီးလုပ်သွားတာပဲ"ဟု အကြီးအကဲ လေယာဉ်မယ် မစ္စစ်လီယွန်ဟိုင်း (၄၀)နှစ်က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားပါသည်။ "နောက်ခရီးသည်တစ်ယောက် ကယ်ဆယ်ရေးကိုပဲ ကျွန်မ စဉ်းစားနေတယ်"ဟု ၎င်းက ဆက်ပြောပါသည်။ နောက်ပိုင်းတွင် အမေရိကန်ဖက်ဒရယ်လုံခြုံရေး စုံစမ်းစစ်ဆေးသူများက လေယာဉ်အဖွဲ့သားများအား ယင်း မတော်တဆမှုအကြောင်း ပြောခွင့်မပြုတော့ပေ။

ယင်းသို့သော လုပ်ရပ်မှာ မကြာခဏဆိုသလို ၎င်းတို့၏ ရုပ်ရည်ရူပကာနှင့်ခရီးသည်ဝန်ဆောင်မှု ကျွမ်းကျင်မှုအတွက်သာ အသိအမှတ်ပြုခံရသော လေယာဉ်မယ်လုပ်ငန်းအတွက် ဂုဏ်ယူစရာ အတိုင်းအတာတစ်ခုဖြစ်ပါသည်။

"အခက်အခဲပေါင်းစုံနဲ့ ကြီးမားတဲ့ဖိအားတွေရင်ဆိုင်နေရချိန်မှာ သူတို့တစ်တွေဟာ ကိုယ်ထည်ကျယ်လေယာဉ်ကြီးတစ်ခုလုံးက ခရီးသည်တွေကိုအချိန်တိုအတွင်း ကယ်ဆယ်ရေးလုပ်ပြီး သူတို့အလုပ် သူတို့လုပ်ခဲ့ကြပါတယ်"ဟု အလက်စကာလေကြောင်းလိုင်း လေယာဉ်မယ်နှင့် နိုင်ငံတကာ လေယာဉ်မောင်/မယ်များ အစည်းအရုံးဥက္ကဋ္ဌ မစ္စစ်ဗီဒါရွတ်က ပြောသည်။ "ဒါဟာ တကယ့်ကိုတောက်ပတဲ့ နမူနာပါပဲ။ လေယာဉ်မောင်းတဲ့အဖွဲ့သာမဟုတ်ဘဲလေယာဉ်မောင်/မယ်တွေဟာလည်း အရေးပေါ်တုံ့ပြန်ရေးအတွက် အရေးကြီးတယ်ဆိုတာပြသနေပါတယ်"ဟု မစ္စစ်ဗီဒါက ဆက်လက်ပြောပါသည်။

ရှေးဦးသူနာပြုစုခြင်းနှင့် မီးငြိမ်းသတ်ရေး လေ့ကျင့်မှုများအပြင် လေယာဉ်နောက်ခန်းအဖွဲ့သားများမှာ လေယာဉ်ပေါ်မှ ခရီးသည်များအား စက္ကန့်ကိုးဆယ်အတွင်း ကယ်ဆယ်နိုင်ရေး အစီအစဉ်များကို နှစ်စဉ်လေ့ကျင့်ကြရကြောင်းမစ္စစ်ဗီဒါကပြောပါသည်။ အချိန်မှတ်အစမ်းလေ့ကျင့်မှုများအပြင် လေယာဉ်မောင်/မယ်များမှာ ဝရုန်းသုန်းကားအခြေအနေနှင့်လေယာဉ်အင်ဂျင်ဆူညံသံများအကြား အော်ဟစ်ပြောဆိုခြင်း၊ အကြောက်တရားဖြင့် ကြက်သေသေနေသော ခရီးသည်များကို ပြောဆိုဆက်သွယ်ခြင်း၊ ကျပ်နေသောတံခါးများ၊ပြတင်းပေါက်များကို ဖွင့်ခြင်းများကို လေ့ကျင့်ကြရသည်ဟု ၎င်းကဆိုသည်။ ရည်ရွယ်ချက်မှာ ယင်းကိစ္စများကို အလိုအလျောက်တုံ့ပြန်နိုင်ရေးဖြစ်သည်။ "ဒါတွေကို ကျွန်မတို့ မှတ်ဉာဏ်ထဲ ရိုက်သွင်းထားတာပါ"ဟု မစ္စစ်ဗီဒါကပြောသည်။

ယင်းမှာ လေယာဉ်နောက်ခန်း အမှုထမ်းများအား အမျိုးသမီးများချည်း ဖြစ်ခဲ့ပြီး လေယာဉ်မယ်များ (သို့မဟုတ်) လေယာဉ်ပေါ်တွင်လည်း တည်ခင်းဧည့်ခံသူများဟု သိမြင်ခဲ့သော ခေတ်နှင့် များစွာဝေးကွာသွားပြီဖြစ်သည်။ ထိုစဉ်က လေယာဉ်နောက်ခန်းဝန်ထမ်းများမှာ အရေးပေါ်အခြေအနေများတွင် ပါဝင်နိုင်သော အခန်းကဏ္ဍအများအပြား မရှိလှပေ။



*အေးရှားနားလေကြောင်းလေယာဉ်မယ်အကြီးအကဲ မစ္စစ်လီယွန်ဟိုင်း* YONHAPNEWS/EPA

ယူနိုက်တက် လေကြောင်းလိုင်းတွင် ၃၁ နှစ်ကြာ လေယာဉ်မယ်အဖြစ် လုပ်ကိုင်ခဲ့သူ မစ္စစ်လော်ရာဘရင်လင်ဂါက ၁၉၇၂ ခုနှစ်က ဖြစ်ပွားခဲ့သော ၎င်း၏ ပထမဆုံးလေယာဉ်အရေးပေါ်ဆင်းသက်မှု အတွေ့အကြုံကိုပြန်ပြောင်းပြောပြသည်။ အရေးပေါ်အခြေအနေပြီးဆုံးပြီး လေယာဉ်မှူး၏ မျက်နှာကို မြင်တွေ့ချိန်အထိ အခြေအနေမည်မျှ ဆိုးရွားကြောင်း လော်ရာတစ်ယောက် သဘောမပေါက်ခဲ့။ "အဲဒီတုန်းက ဆိုရင် ခေါင်းလေးကိုပုတ်ပြီး သွားနောက်ခန်းပြန်သွားပြီး လူတွေကို ကောင်းကောင်းမွန်မွန် ပြုံးပြနေလိုက်ဆိုတာမျိုး"ဟု လော်ရာက ပြောပြပြီး ယခုအခါ များစွာတိုးတက်လာခဲ့ပြီဟု ဆက်ပြောပါသည်။

အမေရိကန်နိုင်ငံတွင်၁၉၈၉ ခုနှစ် အိုကာရီယိုလေကြောင်းခရီးစဉ် (၁၃၆၃)လေထဲပျံတက်စဉ် ပျက်ကျမှုဖြစ်ပွားခဲ့ပြီးနောက် လေယာဉ်နောက်ခန်းဝန်ထမ်းများ၏ အခန်းကဏ္ဍ သိသိသာသာကျယ်ပြန့်လာခဲ့သည်။ နောက်ပိုင်းစုံစမ်းစစ်ဆေးမှုအရ လေယာဉ်အတောင်ပံတစ်ခုပေါ်တွင် ရေခဲများကို လေယာဉ်မယ်တစ်ဦးက မြင်တွေ့ခဲ့သော်လည်း လေယာဉ်မှူးသိမှာပဲဟု ယူဆပြီး ထုတ်ပြောခြင်း မပြုခဲ့။ ထိုအချိန်မှစ၍ အမေရိကန် ဖက်ဒရယ်လေကြောင်းအာဏာပိုင်အဖွဲ့က လေယာဉ်အနောက်ခန်းဝန်ထမ်း အရင်းအမြစ်စီမံခန့်ခွဲမှု အစီအစဉ်ကို သတ်မှတ်ကျင့်သုံး၍ ၎င်းတို့၏ စိုးရိမ်ပူပန်မှုများကို လေယာဉ်မှူးခန်းသို့ အကြောင်းကြားခြင်းနှင့် ဝါရင့်လေယာဉ်မှူးများအား စိန်ခေါ်ခွင့်များပင် ပေးခဲ့သည်။

ယင်းအတွေးအခေါ်မှာ အရေးပေါ် အခြေအနေများတွင် ကယ်ဆယ်ရေးလုပ်ခွင့်ကို လေယာဉ်နောက်ခန်း ဝန်ထမ်းများအား အပ်နှင်းထားသည်။ သို့သော် အေးရှားနားလေယာဉ်ခရီးစဉ်(၂၁၄) ဆန်ဖရန်စစ္စကိုလေဆိပ်၌ ဆင်းသက်စဉ် ပျက်ကျရာတွင် လေယာဉ်မှူးများက ကယ်ဆယ်ရေးလုပ်ငန်းများကို စက္ကန့် ၉၀ ဆိုင်းငံ့ထားရန် အမိန့်ပေးခြင်းနှင့် မီးလောင်နေကြောင်း နောက်ခန်းဝန်ထမ်းများက ပြောကြားမှသာ ကယ်ဆယ်ရေးလုပ်ငန်းများ စတင်ခြင်းအတွက် အေးရှားနားလေယာဉ်မယ်များတွင် အထက်ပါ လုပ်ပိုင်ခွင့်များရှိသည်လား ဆိုသည်ကိုမစ္စစ်ဘရင်လင်ဂါကိုတွေးတောမိစေသည်။

"သူတို့မှာ ကွဲပြားတဲ့အထက်အမိန့် အဆင့်ဆင့်လိုက်နာမှုတစ်မျိုးရှိတယ်။ လေယာဉ်မှူးခွင့်ပြုချက်မရဘဲ ဘာမှလုပ်လို့မရဘူးဆိုတာ သေချာပါတယ်"ဟု မစ္စစ်ဘရင်လင်ဂါကဆိုပြီး "ကျွန်မရဲ့ စိတ်ထဲမှာတော့ လေယာဉ်ကို ကယ်ဆယ်ရေးချက်ချင်းလုပ်ရမယ်ဆိုတာ သံသယမရှိဘူး"ဟု ၎င်းကဆက်လက်ပြောသည်။

မစ္စစ်ဘရင်လင်ဂါမှာ ယခုအချိန်တွင် ကိုရီးယားလေကြောင်းမှ လေယာဉ်မယ်များ မည်သို့ခံစားနေရနိုင်သည်ကိုလည်း ခံစားနိုင်ပါသည်။ ၎င်းကိုယ်တိုင်လည်း ၁၉၈၉ ခုနှစ်က ပစိဖိတ်သမုဒ္ဒရာပေါ်တွင် ပျံသန်းရင်းလေယာဉ်ကုန်စည်ခန်းတံခါး ပွင့်ထွက်၍ ခရီးသည်ကိုးဦး လွင့်စဉ်သေဆုံးခဲ့သော ဘိုးရင်း-၇၄၇ လေယာဉ်ပေါ်တွင် ရှိနေခဲ့ဖူးသည်။

ယူနိုက်တက်လေကြောင်း လေယာဉ်ခရီးစဉ်(၈၁၁)၏ကြေကွဲစရာဖြစ်ရပ်အပြီး မစ္စစ်ဘရင်လင်ဂါမှာ ယင်းမတော်တဆမှုအပြီး စိတ်ဒုက္ခဝေဒနာကြောင့် လေယာဉ်ပေါ်ပြန်တက်ရန် အချိန်လေးနှစ်ကျော် ကြာမြင့်ခဲ့သည်။ "အရေးပေါ်အခြေအနေကို ကိုင်တွယ်ရတာက အလွယ်ကူဆုံးအစိတ်အပိုင်းပဲ။ ဘာဖြစ်လို့လဲဆိုတော့ မင်းကို ဒီအတွက် လေ့ကျင့်ထားတယ်လေ။ ကယ်ဆယ်ရေးလုပ်ရုံပဲ"ဟု ၎င်းကဆိုပြီး ဘဝကို ရှေ့ဆက်ရန်ပင် ရုန်းကန်ခဲ့ရသည်ဟု မစ္စစ်ဘရင်လင်ဂါကပြောသည်။

အေးရှားနားလေယာဉ်ခရီးစဉ်(၂၁၄)ပေါ်တွင်နောက်ခန်းဝန်ထမ်း လေယာဉ်မယ် ၁၁ ဦးနှင့် လေယာဉ်မောင်တစ်ဦးပါဝင်ပြီး ၎င်းတို့၏ အသက်အရွယ်မှာ ၂၁ နှင့် ၄၂ နှစ်ကြား ရှိသည်။ မတော်တဆမှုကို စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်နေစဉ်အတွင်း မည်သည့်သတင်းအချက်အလက်မှ မျှဝေခြင်းမပြုရန် အမျိုးသားသယ်ယူပို့ဆောင်ရေးလုံခြုံမှုဘုတ်အဖွဲ့က ညွှန်ကြားထား၍ အေးရှားနားလေယာဉ်အမှုထမ်းများ၏ အရေးပေါ်အခြေအနေလေ့ကျင့်မှုနာရီ ပမာဏကို ထုတ်မပြောနိုင်ပါဟု လေကြောင်းမှ ပြောခွင့်ရအမျိုးသမီး လီဟိုမင်းကဆိုပါသည်။

သို့သော်လည်း လွန်ခဲ့သော ရှစ်နှစ်က အေးရှားနားလေယာဉ်တွင် တစ်နှစ်ကြာအလုပ်လုပ်ခဲ့ပြီး ခရီးသွား အတွေ့အကြုံများကို အွန်လိုင်းဘလော့ဂ်ပေါ်တွင် ဓာတ်ပုံများတင်ဆက်ထားသော ဆစ်ဒနီမြို့အခြေစိုက် ခရီးသွားလုပ်ငန်း အတိုင်ပင်ခံ ဂျင်ကာမီလာလင်းက သူတို့တက်ခဲ့ရသော သီတင်းတစ်ပတ်ကြာ လေ့ကျင့်မှုမှာပြင်းထန်ကြောင်းပြောပြသည်။

"ရေထဲမှာ အသေကောင်လို မလှုပ်မယှက်ဖြစ်နေတဲ့ လူတစ်ယောက်ကို လက်တစ်ဖက်ကဆွဲရေကူးပြီး ကျွန်မတို့ကိုယ် ကျွန်မရော၊ အဲဒီမလှုပ်မယှက်ကိုရော လှေပေါ်ဆွဲတင်တာမျိုးတွေ လေ့ကျင့်ခဲ့ရတယ်"ဟု မစ္စစ်လင်းက ပြောသည်။

ရုပ်ရည်ရူပကာနှင့် အပြင်အဆင့်စံနှုန်း သတ်မှတ်မှုများလည်း မြင့်မားပါသည်။ အသက် ၂၃ နှစ်တွင် အလုပ်သွားလျှောက်သော မစ္စစ်လင်းကို အစပထမတွင် အေးရှားနားရုံးက အသက်ကြီးလွန်းသည်ဟု ဆိုခဲ့သည်။ လူတွေ့စစ်ဆေးချိန်တွင် မစ္စစ်လင်းမှာ စကတ်တိုတိုကို မည်သည့်ခြေအိတ်မှမပါဘဲ ဝတ်ပြရသည်။ လေယာဉ်မယ်သင်တန်းကျောင်းတွင် ဆံပင်၊ မိတ်ကပ်နှင့် အနေအထိုင်ပုံစံများ လေ့ကျင့်သည်။ လေယာဉ်ခရီးစဉ်အတွင်း လေယာဉ်နောက်ခန်း မန်နေဂျာက လေယာဉ်မယ်များဝတ်စုံနှင့် လိုက်ဖက်သော လက်သည်းဆိုးဆေး ဆိုးထားခြင်း ရှိ၊ မရှိနှင့် ခါးစည်းအဝတ်များကို စနစ်တကျမီးပူတိုက်ထားခြင်း ရှိ၊ မရှိကအစ စစ်ဆေးသည်။

လေယာဉ်မယ်များမှာ အမြင့်တင့်တယ်ဖို့ လိုအပ်ပါသည်။ သို့သော် ဆန်ဖရန်စစ္စကိုတွင် လေယာဉ်မတော်တဆမှု၌ မီးလောင်သွားသော လေယာဉ်ပြင်ပတွင် စကတ်များနှင့်တွေ့ရသော လေယာဉ်မယ်များကို တွေ့ရချိန် အေးရှားနားသမဂ္ဂက တောင်းဆိုသော ဘောင်းဘီရှည်ကိစ္စအောင်မြင်စေလိုကြောင်း မစ္စစ်ကာမီလာလင်းက ပြောပါသည်။


"တကယ်လို့သာ စကတ်ဝတ်ထားတာဟာ ဘောင်းဘီဝတ်တာထက်ပိုပြီး လူတွေရဲ့ အသက်ကိုကယ်တင်နိုင်မယ်ဆိုတဲ့ အထောက်အထားရှိရင် သူတို့ကို မဖြစ်ဖြစ်တဲ့နည်းနဲ့ စကတ်ပဲဝတ်ခိုင်းထားရပါလိမ့်မယ်။ အကယ်၍များ ကျွန်မ မီးလောင်နေတဲ့ လေယာဉ်ထဲမှာ ပိတ်မိနေတယ်ဆိုရင်တော့ ကျွန်မကို ကယ်ဆယ်ဖို့လုပ်နေတဲ့ လေယာဉ်မယ်ဟာ သူ့ရဲ့ သွားတွေမှာ နှုတ်ခမ်းနီတွေပေနေလား၊ ဆံပင်တွေ မသပ်မရပ်ဖြစ်နေလားဆိုတာကိုကျွန်မကြည့်နေမှာ မဟုတ်ပါဘူး"ဟု မစ္စစ်ကာမီလာလင်းက အဆုံးသတ်စကားဆိုသည်။

*—Ref: Asiana flight attendents make news with bravery*

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

## 7DAY BOOK REVIEW






### ကျောင်းသားအရေးတော်ပုံ ၁၉၅၃ – ၅၄ (မောင်ဝင်းမောင်သန်း)

၁၉၅၃ အောင်တိုဘာလတွင် ရန်ကုန်တက္ကသိုလ် တကောင်း ကျောင်းဆောင်နေ ကျောင်းသား မောင်တင်အေးကို အဆောင်မှ ထုတ်ပယ်၍ နေ့ကျောင်းသားအဖြစ် တက်စေသည့် ကိစ္စမှစ၍ တက္ကသိုလ်အာဏာပိုင်များက အောက်တိုဘာကျောင်းပိတ်ရက် တစ်လအစား ၁၅ရက်အဖြစ် ပြင်ဆင်သတ်မှတ်ရာမှ ကျောင်းသားထုအတွင်း လှုပ်ရှားမှုများဖြစ်လာပြီး တက္ကသိုလ်သမိုင်းတွင် သပိတ်အဖြစ် ပေါ်ထွက်ခဲ့သည်။ အဆိုပါကျောင်းသားသပိတ်အကြောင်းကို ထိုကာလက ကျောင်းသားတစ်ဦးဖြစ်သူ ယခုစာရေးသူက မှတ်တမ်းတင်ထားခဲ့ရာမှ စာအုပ်အဖြစ် ထုတ်ဝေခြင်းဖြစ်သည်။ ပထမအကြိမ်ထုတ်ဖူးသော်လည်း ယခုဒုတိယအကြိမ်တွင် ထပ်မံဖြည့်စွက်ချက်အမှာ သဘောသက်ဝင်သည့် ထိုစဉ်ကအဖြစ်အပျက်များနှင့် ချိန်ထိုး၍ မြန်မာ့နိုင်ငံရေးသမိုင်းတွင် လပ်ဟာနေသောအကြောင်းအချက်အချို့ကိုထည့်သွင်းရေးသားထားသည်။

၁၉၃၆ကျောင်းသားသပိတ်အပြီး ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်တွင် ပေါ်ပေါက်ခဲ့သော တက္ကသိုလ်ကျောင်းသားများ၏ လှုပ်ရှားမှုများကို ယခုစာအုပ်တွင် အသေးစိတ်ရေးသားထားပြီး ထိုကာလက သပိတ်တိုက်ပွဲထဲ ပါဝင်ဆင်နွှဲခဲ့သော ကျောင်းသားတစ်ဦး၏ ခံယူချက်ကိုသိမြင်ရပါမည်။ သံလွင်ငြိမ်းချမ်းစာအုပ်တိုက်က တန်ဖိုး ၃,၀၀၀ကျပ်ဖြင့် ဖြန့်ချိသည်။

### ကျွန်တော်မှတ်မိသမျှ (ဒေါက်တာသာလှ)

၁၉၅၃ အောက်တိုဘာကျောင်းသားသပိတ်အတွင်း ရန်ကုန်တက္ကသိုလ်ကို အုပ်ချုပ်ခဲ့သော ပါမောက္ခချုပ် ဒေါက်တာသာလှ၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ စာအုပ်ဖြစ်သည်။ ဒေါက်တာသာလှသည် ၁၉၃၆ ဒုတိယ ကျောင်းသားသပိတ်ကြီးအတွင်း ကိုနု၊ ကိုအောင်ဆန်း၊ ကိုကျော်ငြိမ်းတို့နှင့်အတူ ပါဝင်ဆင်နွှဲခဲ့သော ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်ပြီး အင်္ဂလန်သို့ သွားရောက်ပညာသင်ကြားရာမှ ဒေါက်တာဘွဲ့ရရှိကာနောင်တွင် ရန်ကုန်တက္ကသိုလ်ပါမောက္ခချုပ် ဖြစ်လာသည်။ ဒေါက်တာသာလှ၏ ယခုစာအုပ်သည် ၎င်းမကွယ်လွန်မီ အသက်(၈၀)ကျော်ကျန်းမာရေးချို့ယွင်းနေသည့်ကြားမှ အပတ်တကုတ်ရေးသားခဲ့သော အတ္ထုပ္ပတ္တိလည်းဖြစ်သည်။ စစ်အစိုးရလက်ထက် ဆယ်စုနှစ်တစ်ခုကျော်ကြာ မထွက်ရှိနိုင်ခဲ့ဘဲ ယခုအခါတွင်မှ စာအုပ်အဖြစ် ပေါ်ထွက်လာခြင်းဖြစ်သည် သမိုင်းဝင်ကိုယ်တွေ့ဖြစ်ရပ် အမြောက်အမြားပါရှိပြီး လူအများ မသိရှိသေးသော နိုင်ငံရေးကားချပ်အချို့ကိုရှုမြင်ရမည်ဖြစ်သည်။ အထူးသဖြင့် တစ်ဖက်ပါ စာအုပ်တွင်ဖော်ပြထားသော ကျောင်းသားလှုပ်ရှားမှုများနှင့် ယှဉ်တွဲ၍ တက္ကသိုလ်အဓိပတိတစ်ဦး၏ ကျောင်းသားလှုပ်ရှားမှုများအပေါ် ထားရှိသည့် အမြင်နှင့်ရပ်တည်မှုကို မတူကွဲပြားဖတ်ရှုရပါမည်။ အင်္ဂလိပ်-မြန်မာနှစ်ဘာသာ ရိုက်နှိပ်ထားပြီး စာအုပ်ကို မြန်မာနိုင်ငံ ဘူမိသိပ္ပံအသင်းက တန်ဖိုး ၂,၀၀၀ကျပ်ဖြင့်ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာမှာ ဘယ်နိုင်ငံတွေ အာဇာနည်နေ့ကျင်းပသလဲ

သူရဲကောင်းအာဇာနည်များအတွက် အမှတ်တရကျင်းပသော အာဇာနည်နေ့ခေါ် Martyrs' Day ဆိုသည်မှာ နိုင်ငံ၏ အချုပ်အခြာအာဏာကို ကာကွယ်ရင်းအသက်ပေးသွားခဲ့သည့် စစ်သည်သူရဲကောင်းများ၊ ခေါင်းဆောင်များကို အောက်မေ့ဂုဏ်ပြုခြင်းဟုဆိုနိုင်သည်။ ကမ္ဘာ့နိုင်ငံများတွင် နေ့တစ်နေ့ကို အာဇာနည်နေ့အဖြစ် သက်ဆိုင်ရာနိုင်ငံသမိုင်းအလိုက် သတ်မှတ်ကြပြီး ကမ္ဘာပေါ်တွင် အာဇာနည်နေ့သတ်မှတ်ကျင်းပသော နိုင်ငံပေါင်း ၁၇ နိုင်ငံရှိနေသည်။ ယင်းနိုင်ငံများတွင် မြန်မာနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံဖြစ်သော ဘင်္ဂလားဒေ့ရှ်၊အာဆီယံနှင့် အာရှနိုင်ငံ များ ဖြစ်သော ဗီယက်နမ်၊ အာဖဂန်၊ ပါကစ္စတန်၊ အဇာဘိုင်ဂျန်တို့ပါဝင် သည်။ အာဇာနည်နေ့ကျင်းပသော နိုင်ငံ ၁၇ နိုင်ငံမှာ (၁) အာဖဂန်နစ္စတန်၊ (၂) အယ်လ်ဘေးနီးယား၊ (၃) အာမေးနီးယား၊ (၄) အဇာဘိုင်ဂျန်၊ (၅) ဘင်္ဂလားဒေ့ရှ်၊ (၆) မြန်မာ၊ (၇) အိန္ဒိယ၊ (၈) လက်ဘနွန်၊ (၉) လစ်ဗျား၊ (၁၀) မာလာဝီ၊ (၁၁) ပါကစ္စတန်၊ (၁၂) ပနားမား၊ (၁၃) ဆီးရီးယား၊ (၁၄) တိုဂို၊ (၁၅) တူနီးရှား၊ (၁၆) ဗီယက်နမ်၊ (၁၇) ယူဂန်ဒါတို့ဖြစ်ကြသည်။

## တစ်ပတ်တာကံကြမ္မာ

ဇူလိုင် ၂၄ ရက်မှ ဇူလိုင် ၃၀ ရက်အထိ

စံဇာကီဘို

### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

အခက်အခဲများ ကျော်လွှားနိုင်မည်။ ရပ်တန့်ထားသော ကိစ္စများ ပြန်လည်ဆောင်ရွက်နိုင်သည်။ အတိုက်အခံ အခက်အခဲများကြားမှ အလိုရှိသလောက် ဆောင်ရွက်အောင်မြင်မည်။ လူမျိုးကွဲ၊ လူမျိုးခြား အကျိုးပေးမည်။ ရသင့် ရထိုက်သည့် အခွင့်အရေးများ ပြန်ရမည်။ မြှုပ်နှံထားသည်များမှ ကောင်းသော အကျိုးဆက်များ ရရှိမည်။ အိမ်တွင်းရေး၊ လူမှုရေးကိစ္စများ ဖြေရှင်းနိုင်မည်။

### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ရည်မှန်းထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှု ကွာဟမည်။ စိတ်အနှောင့်အယှက်ရှိမည်။ ကတိမတည်သောသူများ၊ စကားရှုပ်ထွေးသော သူများရှိမည်။ အတွင်းလူဒုက္ခပေး၍ လုပ်ငန်းဆောင်ရွက်မှုအရှိန်ကျမည်။ ငွေကုန်၊ စိတ်ပန်းဖြစ်မည်။ အလုပ်ကိစ္စများ ရှေ့တိုးရန်ထက် နောက်ကြောင်းပြန်ရှင်းနေရမည်။ အတူပူးတွဲဆောင်ရွက်သူများ၏ ရိုးသားမှုကင်းမဲ့ခြင်းကြောင့် စိတ်သောကဖြစ်ရမည်။ မေတ္တာရေးတွင် အညံ့ရှိသည်။

### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အလုပ်စီးပွားတိုးတက်မည်။ အခက်အခဲများ ကျော်လွှားနိုင်မည်။ အရေးကြီးသော ဆုံးဖြတ်ချက်များ ချမှတ်ရမည်။ အဆင့်မြင့်သော တက်လမ်းများ ပေါ်ပေါက်မည်။ ချက်ချင်းလက်ငင်းဆောင်ရွက်မှုများမှ တိုးတက်မှုများ ရရှိမည်။ နေရာထိုင်ခင်းကိစ္စများ ဆောင်ရွက်အောင်မြင်မည်။ လုပ်ငန်းဦးတည်ချက်သစ်များ အကောင်အထည်ဖော် အောင်မြင်မည်။ မေတ္တာရေးကံကောင်းသည်။ ဝေးကွာနေသူများနှင့်ပြန်ဆုံမည်။

### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

ရင်းနှီးသောသူများနှင့် စကားများရမည်။ သူများပြဿနာ ကိုယ့်ပြဿနာဖြစ်တတ်သည်။ မနာလိုသူများနှင့် ထိပ်တိုက်တွေ့မည်။ ပျို့ရွယ်သူများ မေတ္တာရေးအညံ့ရှိသည်။ အိမ်ထောင်သည်များ အိမ်ထောင်ဖက်နှင့် စကားများ ရန်ဖြစ်ရမည်။ လုပ်ငန်းခွင်မှသူများ မပြောင်းလိုသောအရပ် ပြောင်းရခြင်း မသွားလိုသောခရီးသွားရခြင်းများရှိမည်။

### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အခက်အခဲများ ကင်းစင်သွားမည်။ အလုပ်အကြံရည်ရွယ်ချက်များ အောင်မြင်မည်။ အပြိုင်အဆိုင်များ ကျော်လွှားအောင်မြင်ခြင်းများ ဖြစ်ထွန်းမည်။ လုပ်ငန်းအဆင့် တိုးတက်မည်။ ဥစ္စာတိုးပွားမည်။ အပြိုင်အဆိုင်များအား အနိုင်ရမည်။ ရင်းနှီးမြှုပ်နှံမှုများမှ ကောင်းသောအကျိုးအမြတ် ရရှိမည်။ ပျို့ရွယ်သောသူများအဖို့ အချစ်ရေး၊ မေတ္တာရေး ကံကောင်းမည်။ အလုပ်စီးပွားအောင်မြင်မည်။ ဥစ္စာခနတိုးပွားမည်။

### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ပြဿနာများ ဆက်တိုက်ဖြစ်မည်။ ငွေကြေးကိစ္စ စကားပြောရမည်။ သူတစ်ပါးကိစ္စများ စေတနာနှင့် ဆောင်ရွက်ရင်း စိတ်အနှောင့်အယှက်ကြုံမည်။ အခက်အခဲများကြုံမည်။ ရန်အတိုက်အခံများအား ရင်ဆိုင်ဖြေရှင်းရမည်။ ဆွေမျိုးရေးကိစ္စများ စိတ်သောကရောက်ရမည်။ တစ်ပါးသူကတိပျက်၍ ငွေကြေး ကသိကအောက်ဖြစ်ခြင်း၊ ဖြေရှင်းရခြင်းများရှိမည်။ မေတ္တာရေးတွင် အညံ့ရှိသည်။ ကျန်းမာရေးဂရုစိုက်ပါ။

### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

ရန်အတိုက်အခံများရှိမည်။ အရာရာသတိရှိရမည်။ ရည်မှန်းထားသည်နှင့် လက်တွေ့ဖြစ်ပေါ်မှု အသွင်မတူဖြစ်နေမည်။ ငွေကြေးကိစ္စ၊ အလုပ်ကိစ္စများတွင် အတိုက်အခံများရှိမည်။ ကိုယ့်အပေါ် ဒုက္ခပေးသူများ ရှိမည်။ အိမ်တွင်း မိသားစုအတွင်း အကုန်အကျများခြင်း၊ အပျောက်အရှများခြင်း ရှိမည်။ လုပ်ငန်းအတွင်း လူယုံ ဒုက္ခပေးခြင်း၊ လက်အောက်ငယ်သားအချင်းချင်း ပဋိပက္ခဖြစ်နေသည်များ ဖြေရှင်းပေးရမည်။

### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အပြောင်းအလဲနှင့်တိုးတက်မည်။ လူမျိုးကွဲ အကျိုးပေးမည်။ အခက်အခဲကြားမှ အလိုရှိရာ ဆောင်ရွက်အောင်မြင်မည်။ မိတ်ဆွေအကြီးအကဲအကူအညီရမည်။ အလုပ်စီးပွားရေးရာများ အထူးအဆင်ပြေမည်။ ဥစ္စာ ခနတိုးပွားမည်။ ရုတ်တရက်ပေါ်ပေါက်လာသော အကြံဉာဏ်များ၊ စိတ်ကူးများ လက်တွေ့အသုံးချပါ။ အလုပ်သစ် နေရာသစ်များ ချဲ့ထွင်၍ကောင်းသည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှားနိုင်သည်။

### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အခက်အခဲများကျော်လွှား၍ ရည်မှန်းချက်သစ်များ လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ လိုက်လံနှောင့်ယှက်သောသူများနှင့် တွေ့တတ်သည်။ အမျိုးသမီး မိတ်ဆွေတစ်ဦးထံမှ ကောင်းသောအထောက်အကူရရှိမည်။ အလုပ်စီးပွားတိုးတက်အောင် ဆောင်ရွက်နိုင်မည်။ ခြံ၊ ကား၊ အခန်း အလဲအလှယ်အပြောင်းအလဲရှိမည်။ ငွေချေးခြင်းရှောင်ပါ။ ငွေလက်လွှန်တတ်သည်။ ရည်မှန်းထားသလောက်အောင်မြင်မည်။

### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အနှောင့်အယှက်အတိုက်အခံများနှင့် ရင်ဆိုင်ပြီး အလိုရှိရာ အောင်မြင်မည်။ ပြဿနာမရှိပြဿနာရှာသောသူများ၊ ချက်ချင်းလက်ငင်းလုပ်ရမည့်ကိစ္စအား အချိန်ဆွဲသောသူများ၊ တစ်စုံတစ်ရာ တိုးတက်သွားမည်ကို မနာလိုမရှုစိမ့်သောသူများနှင့်တွေ့မည်။ ငွေမချေးရ။ ဆုံးတတ်သည်။ တစ်ပါးသူကိစ္စကြားဝင်၍ တာဝန်ယူခြင်း၊ အာမခံခြင်းများ ရှောင်ရမည်။ မေတ္တာရေးတွင် အညံ့ရှိသည်။ ပညာရေးကံကောင်းမည်။

### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

အရာရာတိုးတက်၍ ဆောင်ရွက်သမျှအောင်မြင်မည်။ ငွေကြေးကိစ္စ၊ စီးပွားကိစ္စများတွင် အတိုက်အခံ၊ အခက် အခဲများနှင့် ရင်ဆိုင်ဖြေရှင်းရမည်။ စုပေါင်းလုပ်ငန်းအကျိုးပေးမည်။ အကြီးအကဲများထံမှ အထောက်အကူရမည်။ လုပ်ငန်းသစ်၊ စီးပွားသစ်များ ဆောင်ရွက်အကျိုးပေးမည်။ အပြိုင်အဆိုင်အားလုံးကို ကျော်လွှား၍ အောင်မြင်မှုများ အဆက်မပြတ်ဖြစ်ထွန်းမည်။ စုပေါင်းတွဲဖက်လုပ်ငန်းများမှ တိုးတက်မှုရမည်။

### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

အခက်အခဲများကို ကျော်လွှား၍ ရည်မှန်းချက်အားလုံးကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်။ ခရီးသွား၍ အကျိုးရှိမည်။ မိတ်ဆွေကောင်းအကူအညီရမည်။ ခရီးရှည်သွားရင်း ဘာသာရေးကိစ္စများ ဆောင်ရွက်ရမည်။ ဘာသာရေး၊ လူမှုရေးကိစ္စများတွင် ကောင်းသောအထောက်အကူရမည်။ မောင်နှမသားချင်းများအတွက် စိတ်သောကဖြစ်ရမည်။ စန်းပွင့်မည်။

# 7DAY PUZZLE


ပဟေဠိ အမှတ်စဉ်(၂၄၃)

## အလျားလိုက်

၃။ လိမ်လည်လှည့်ဖြားလိုသော သဘောဖြင့်
၈။ လမ်းဘေးဆိုင်များ ရှင်းလင်းမည့်နေရာ
၉။ ချောင်းဦးဖရဲအထွက်နည်းရခြင်း အကြောင်းရင်း
၁၀။ လွန်ခဲ့သော နှစ်ပေါင်း ၈၀၀ ကပင် မိုးကုတ်တွင် တွေ့ရှိခဲ့သောအရာ
၁၁။ ရဲရင့်ပါဟု တိုက်တွန်းခံရသူများ
၁၂။ သဘာဝပတ်ဝန်းကျင် လုပ်ထုံးလုပ်နည်း ရေးဆွဲရာတွင် ပါဝင်သော အဖွဲ့တစ်ဖွဲ့

## ဒေါင်လိုက်

၁။ လေးပေအမြင့်မှ ပြုတ်ကျသေဆုံးသူ
၂။ ဂူးဂဲလ်က ဖုန်းများတွင်သုံးရန် ဖော်ထုတ်ထားသော OS စနစ်
၄။ Mini Book Cornerများထားရှိသွားမည့် မြို့တစ်မြို့
၅။ မူးယစ်ဆေးဝါးများ ဆက်တိုက်ဖမ်းမိရာနေရာ
၆။ ကျွန်းပေါ်တွင်မရှိသော ကမ္ဘာ့အသေးငယ်ဆုံး နိုင်ငံတစ်ခု
၇။ လာမည့်နှစ် ကျေးလက်များတွင် အဆင့်မြှင့်တင်မည့်အရာ




Smart Dictionary

**ကံထူးသူ**

၁။ မတင်တင်စိုး၊ ၉/မမန(နိုင်)၀၂၈၅၅၃ အမှတ်(D–3)၊ (၂၉)ရပ်ကွက်၊ သုမင်္ဂလာရပ်ကွက်၊ ပြင်ဦးလွင်မြို့။

**ကျန်အဖြေမှန်သူများ**

၂။ ဒေါ်ဥမ္မာထွေး၊ ၁၂/မဂဒ(နိုင်)၀၂၄၇၆၅

**ပဟေဠိ အမှတ်စဉ်(၂၄၂)အဖြေမှန်**




**အမည်** ........................................ **မှတ်ပုံတင်အမှတ်** ..................................................

**နေရပ်လိပ်စာ** ..................................................................................................

အချိန်မီပေးပို့လာသော အဖြေမှန်သူများထဲမှ SMART Dictionary ၏ ပံ့ပိုးကူညီမှုဖြင့် အဖြေမှန်သူ (၇)ဦးကို မဲနှိုက်ရွေးချယ်ပြီး၊ ထိုထဲမှတစ်ဦးကို ထပ်မံမဲနှိုက်ရွေးချယ်ကာ SMART Electronic Dictionary ချီးမြှင့်မည်ဖြစ်ပြီး ကျန်၆ ဦးကို 7Day News မှ မေတ္တာလက်ဆောင်ဆုများ ချီးမြှင့်မည်ဖြစ်ပါသည်။ Puzzle မေးခွန်းများကို ယခင်အပတ်ထွက်ရှိပြီး 7Day News မှသတင်း၊ ဆောင်းပါးများမှ စကားစုများ၊ စာလုံးများအပြင် ပြင်ပဉာဏ်စမ်းမေးခွန်းတစ်ခုစီ ထည့်သွင်းမေးမြန်းမည်ဖြစ်ကြောင်း Puzzle ဝါသနာရှင်များသို့ အသိပေးအပ်ပါသည်။ အဖြေလွှာများကိုမူရင်းသာလက်ခံမည်ဖြစ်ပြီး နယ်ဝေးမှ ဖြေဆိုသူများမှာ Fax ဖြင့် ပေးပို့နိုင်သည်။

**အဖြေလွှာများကို ၂၆–၇–၂၀၁၃ သောကြာနေ့၊ မွန်းလွဲ ၂နာရီနောက်ဆုံးထား၍ ဂျာနယ်တိုက်သို့ပေးပို့ရမည်။**

ဤအစီအစဉ်ကို SMART Electronic Dictionary မှ ပံ့ပိုးကူညီပါသည်။ ဘုတ်ထူး

# Free Classified

အခမဲ့ကြော်ငြာကဏ္ဍ

**Sa Ya Henry (B.E)**

Maths, SAT-1&2,IGCSE,GCE O & A သချာ်မှာ စိတ်ပူစရာမလိုရအောင် သင်ကြားပေးသည်။

ဖုန်း-၀၉-၄၂၀၁၃၄၉၈

**Edu.Study Guide**

(မူလတန်းမှအလယ်တန်းအထိ)Int'l School,Teaching & Guide အိမ်အရောက်သင်ကြားပေးပါသည်။

ဖုန်း-၀၉-၅၄၁၂၆၁၃

**သင်ကြားပေးသည်**

မူလတန်း၊ အလယ်တန်းဘာသာစုံ အိမ်လိုက်သင်သည်။ ကမာရွတ်၊ လှိုင်မြို့နယ်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်မြို့နယ်အတွင်း။

ဖုန်း-၀၉-၃၁၂၈၄၉၉၃

**သင်ကြားပေးသည်**

၅ တန်းမှ ၁၀ တန်းအထိ Teaching and Guide အိမ်အရောက်သင်ကြားပေးသည်။ ဖုန်း-၀၉-၄၃၂၀၂၀၁၄

**ဆရာနောင်ထွဋ်ရှိန်**

(Study Guide for Grade 10 &11 ) တစ်ဘာသာချင်း(သို့မဟုတ်) ဘာသာစုံ ကျွမ်းကျင်ပိုင်နိုင်စေရန် အိမ်တိုင်ရာရောက် လေ့ကျင့်သင်ကြားပေးသည်။ ဖုန်း-၀၉-၄၂၁၄၀၄၇၇

**သင်ကြားပေးသည်(ရွှေဘိုမြို့)**

ခြောက်သာသာဂုဏ်ထူးရဆရာနန္ဒမှ ၁၀ တန်း ဘာသာစုံ Guide လုပ်ပေးသည်။ English ဝိုင်းသင်သည်။

ဖုန်း-၀၉-၄၀၀၄၂၅၇၈၃

**တိုက်ခန်းရောင်းမည်**

တိုက်-၁၀၊ အခန်း-၁၀၂၊ အေးရိပ်မွန်-၄လမ်း၊ လှိုင်မြို့နယ်။ ၃၁၉ သိန်း

ဖုန်း-၀၁-၅၃၆၂၇၉

**တိုက်ခန်းရောင်းမည်**

ဂမုန်းပွင့်၊ Dagon Center, City Mart အနီး မြေနီကုန်း(၅)လွှာတိုက်ခန်း (HK),ထောင့်ခန်း၊ Hall Type၊ ခန်းလုံးပြည့် ကြွေပြားခင်းပြီး။

ဖုန်း-၀၉-၄၂၁၀၆၃၂၂၄

**မြေကွက်ရောင်းမည်**

အကွက်အမှတ်(၅၂၇)၊ ဗိုလ်အောင်ကျော်လမ်း (ဗိုလ်ချုပ်လမ်းနှင့် လယ်သမားလမ်းထောင့်)၊ အပြင်ပဒံ၊ လှိုင်သာ ယာ၊ ပေ(၄၀×၆၀)၊ ပါမစ်ရပြီး။ (၂၀၇ သိန်း)

ဖုန်း-၀၉-၄၂၀၀၃၂၀၈၆

**အိမ်ရောင်းမည်**

ရေ၊ မီးစုံ၊ နှစ်ထပ် BM ၊ နှစ် ၆၀ ဂရန် ကိုယ်တိုင်ရောင်းမည်။ သိန်း ၁၂၀၀၊ ပေ၄၀×၆၀၊မြောက်ဒဂုံ၊၃၃ရပ်ကွက်။ ဖုန်း-၀၉-၄၃၀၅၅၀၂၅

**ရောင်းမည်**

မ/ဒဂုံ(၁၄) ရပ်ကွက်၊ ဆလုံဒူးဝါးလမ်း၊ ကျောကပ် (ပေ ၈၀× ၆၀) ထောင့်ကွက်ခြံစည်းရိုးခတ်ပြီး၊ သိန်း (၆၀၀)(ညှိနှိုင်း)

ဖုန်း-၀၉-၅၁၈၁၄၀၉

**ဆိုင်ခန်း/ရုံးခန်းငှားမည်**

ပေ(၁၃×၅၅)၊(မြေညီထပ်)၊ပြည်လမ်းပေါ်၊ လှည်းတန်းလမ်းဆုံ။ အထူးပြင်ဆင်ပြီး၊ အဲကွန်းပါသည်။ တစ်လ(ရှစ် သိန်း)ညှိနှိုင်း။

ဖုန်း-၀၉-၄၃၀၈၃၇၈၁

**ငှားမည်**

တာမွေ၊ မေတ္တာညွန့်၊ ပေ ၁၅×၅၀၊ မြေညီထပ်၊ အိပ်ခန်းတစ်ခန်းပါ၊ နှစ်သိန်းကျပ်။

ဖုန်း-၀၉-၅၁၈၈၁၆၀

**ဆိုင်ခန်းငှားမည်**

၂၀၄ ဘတ်စ်ကားပြေးလမ်းပေါ် ဘာတာမှတ်တိုင်၊ ပေ(၅×၁၅)၊ အကျယ်လှေခါးခွင်၊ မီးမီတာ၊ ထပ်ခိုးအသေး၊ တစ်လ နှစ်သောင်းကျပ်။

ဖုန်း-၀၉-၇၃၀၄၉၅၄၃

**အိမ်နှင့်ခြံရောင်းမည်**

ဆိတ်ငြိမ်ရပ်ကွက် လုံးချင်းတိုက်နှင့်မြေပါဝင်၊ အရှေ့ကြို့ကုန်း၊ (၅)လမ်းမြောက်၊ ဈေးနီး၊ ဘုရားနီး၊ ဘုန်းကြီးကျောင်းနီးသည်။ နှစ်ထပ်တိုက်၊ Master Bed Room (၃)ခန်းပါဝင်၊ ညှိခန်း(၂)ခန်း၊ ကားပါကင်ပါရှိသည်။

ဖုန်း-၀၉-၅၄၁၇၆၅၈

**ရောင်းမည်**

မြောက်ဒဂုံ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ ဘုရင့်နောင်ကျောကပ်၊ ဗထူးလမ်းမ ကြီးနှင့်နီး၊ ပေ(၂၀×၆၀)၊ မြေကွက်သီးသန့်ရောင်းမည်။

ဖုန်း-၀၉-၄၄၈၀၀၈၀၇၆

**ငှားမည်**

သုဝဏ္ဏ သွားဆေးတက္ကသိုလ်အနီး တိုက်ခန်းသစ် ငှားရန်ရှိသည်။ ကျောင်းသူများသာ သီးသန့်ငှားမည်။

ဖုန်း-၀၉-၇၃၀၃၈၈၁၀

**ရောင်းမည်**

ရန်ကုန်မြို့နှင့်မိုင်၉၀အတွင်း၊ရန်ကုန်-နေပြည်တော်အမြန်လမ်းနံဘေး၊ ၁၀၀ပေ ပတ်လည် မြေတစ်ကွက်ရောင်းရန်ရှိသည်။ (ရောင်းဈေး- ၁၅ သိန်း)

ဖုန်း-၀၉-၄၂၀၇၄၇၆၀၂

**ရောင်းမည်**

လှိုင်သာယာ ဇုန် ၅ (လမ်းမကြီးမေးတင်)ပါဝါမီတာ ၂လုံး၊ ကြိုးဖုန်း ၂လုံး၊ အဆောက်အအုံ ၂ လုံး၊ မြေဖို့ပြီး၊ အုတ်တံတိုင်းခတ်ပြီး မြေအကျယ်တစ်ကေခွဲ။

ဖုန်း-၀၉-၅၄၀၉၂၉၀

**ရောင်း/ငှားမည်**

TOWNACE(ဂျပန်)၆က/-----လုပ်ငန်းလိုင်စင်ပါသည်။

ဖုန်း-၀၉-၄၂၀၀၃၁၉၂၃

**ရောင်းမည်**

လေးလသား ကျွန်းပျိုးပင် ၃၈၇၊ ဆီအုန်းလမ်း၊ မ/ဒဂုံ။

ဖုန်း-၀၉-၄၂၀၀၂၃၇၉၃

**ရောင်းမည်**

၄စ 2008 Suzuki swift.manual gear.alloy.skat နက်ပြာရောင် ၁၁၁ သိန်း။

ဖုန်း-၀၉-၅၀၆၂၆၇၄

**အချိန်ပိုင်းစာရင်းကိုင်**

လူကြီးမင်းတို့လုပ်ငန်းများ၏ စာရင်းများအား လချုပ်၊ နှစ်ချုပ်အရှုံးအမြတ်စာရင်းများအား လုပ်သက်(၈)နှစ်ရှိသူမှ တာဝန်ယူဆောင်ရွက် ပေးသည်။

ဖုန်း -၀၉-၇၃၀၉၀၄၈၃

**ဝန်ဆောင်မှု**

**Myanmar Escapade Travel & Tours**

ဓမ္မခရီးစဉ်(Holy Land) အစ္စရေး (Nov ember 2013)ခရီးစဉ်တွင် လိုက်ပါလိုသူများ ကို Myanmar Escapade Travel & Tours မှ ဝန်ဆောင်မှုပေးလျက်ရှိသည်။

ဖုန်း- ၀၁ ၆၆၀၅၆၂

**အချိန်ပိုင်းစာရင်းကိုင်**

မှန်ကန်တိကျပြီး၊ပြည့်စုံသောငွေစာရင်းရှင်းတမ်းများ၊ လချုပ်၊ နှစ်ချုပ် အရှုံးအမြတ်စာရင်းများ၊ လက်ကျန်ရှင်းတမ်း များရေးဆွဲသည်။

ဖုန်း-၀၉-၃၁၀၃၃၇၅၅

**ဝန်ဆောင်မှု**

**‘ထွန်းသစ်’အိမ်၊ ခြံ၊ မြေအကျိုးဆောင်လုပ်ငန်း**

ရှမ်းပြည်နယ်တောင်ပိုင်း တောင်ကြီးမြို့နှင့် ကျောက်တလုံးလမ်းဘေးတစ်ဝိုက် အိမ်၊ ခြံ၊ မြေ ရောင်းဝယ်လိုလျှင် ဆက်သွယ်နိုင်ပါသည်။

ဖုန်း-၀၉-၄၂၈၃၇၂၃၀၇

**ဆရာမောင်မောင်**

တက္ကသိုလ်ဝင်တန်း အင်္ဂလိပ်စာကို Assignment စုံလင်ထူးခြားစွာဖြင့် အမှတ်ကောင်းကောင်းရစေရန် သင်သည်။ အမှတ်-၃၆၊၁၃၈ လမ်း၊ တာမွေမြို့နယ်။ ဖုန်း-၀၉-၄၂၁၀၇၃၁၄၅

**Study Guide**

၈၊၉ တန်း ဝိုင်း(သို့)Guide သင်ကြားသည်။ ၁၀ တန်း Bio, Eng အထူးသင်ကြားသည်။ အမှတ်ကောင်းရန် အာမခံသည်။ Teacher Su B.C.Sc (Hons:),

Ph: 09-49753989

**တေဒဂ် ပညာရေးဝန်ဆောင်မှု**

၈၊၉၊၁၀၊၁၁တန်းဘာသာစုံအိမ်လိုက်သင်သည်။ (ဆရာမ ဒေါ်နီလာအောင် ဦးစီးသည်)

ဖုန်း-၀၉-၄၀၁၅၄၀၉၈၁

**PSGG**

Professional Study Guide Group တစ်ဦးချင်း (သို့) ဝိုင်း အထူးသီးသန့် အိမ်တိုင်ရာရောက် အထူးအာမခံ သင်ကြားပေးနေပါပြီ။

ဖုန်း-၀၁-၂၂၂၂၆၇

**Dream Paradise(DP)**

ပုဂံ၊ ပုပ္ပား၊ နေပြည်တော် ခရီးစဉ် (၁၈. ၇. ၁၃) အိမ်အရောက် လက်မှတ်အခမဲ့ ပို့ဆောင်ပေးသည်။

ဖုန်း- ၀၁ ၆၅၁၇၄၅

**Dream Paradise(DP)**

မြို့တွင်းမြို့ပြင် ကားမျိုးစုံ စင်းလုံးငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်နိုင်သည်။

ဖုန်း- ၀၉ ၇၃၀၄၃၄၀၈

**သင်တန်း**

နိုင်ငံတကာအဆင့်မီ ရေခဲမုန့်အမျိုးမျိုး၊ ကိတ်မုန့်၊ ပေါင်မုန့်နှင့် ခေတ်ပေါ်စားစရာများအား ကိုယ်တိုင်ထုတ်လုပ် ဆိုင်ဖွင့်ရောင်းချနိုင်သည်အထိ သင်ကြား ပေးပါသည်။

ဖုန်း-၀၉-၅၀၄၇၃၁၄

**ဆရာမင်းသုန္ဒြေ(မန်းတက္ကသိုလ်)**

ကလေးအမည်ပေး၊ လုပ်ငန်းအမည် ဝန်ဆောင်မှုပေးသည်။ ငယ်ရွယ်သူတို့၏ လက်တွဲဖော်တို့ ပုံရိပ်ကို ဖော်ထုတ်ပေးသည်။

ဖုန်း-၀၉-၇၃၂၃၄၆၂၄

**လမ်းညွှန်ပေးမည်**

ဝက်ခြံဖြစ်ပေါ်နေသော မျက်နှာအတွက်ဓာတုဗေဒဆေးဝါးမဟုတ်သော သဘာဝထွက်ပစ္စည်းဖြင့်ပျောက်ကင်းအောင် လမ်းညွှန်ပေးမည်။ ဦးသူရိယလွင် - ဖုန်း-၀၉-၄၃၀၄၃၂၀၃

**MK B&B Co.,Ltd.**

စက်ကြီးဖြင့် ထုတ်လုပ်သော အရည်အသွေးမြင့် ကွန်ကရစ်အုတ်များကို ဈေးနှုန်းသက်သာစွာဖြင့် လက်လီလက်ကားရောင်းချပေးနေပါပြီ။

ဖုန်း-၀၉-၇၃၁၉၂၁၈၇

7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

စာမျက်နှာ(၂၄)မှ

# တိုင်းရင်းသားစည်းလုံးညီညွတ်မှုကိုအစဉ်မြင်တွေ့လိုသောဗိုလ်ချုပ်အောင်ဆန်း

နန်းတွင်း အရေးတော်ပုံကြောင့် မြင်ကွန်းနှင့် မြင်းခုံတိုင်မင်းသားတို့ ပုန်ကန်ရာ အိမ်ရှေ့စံ ကနောင်မင်းသား ကျဆုံးခဲ့ရသည်။

သီပေါမင်း အာဏာရရေးအတွက် အနွယ်တော် ၄၀ ကျော်ကို အာဏာပါးကွက်သားလက်သို့ ဝကွက်အပ်ခဲ့သည်။ နွားကွဲကျားကိုက် ခိုက်ရန်ဖြစ်ပွား စိတ်ဝမ်းကွဲပြား၍ အချင်းများနေကြခြင်းသည် သားကောင်ကို အလစ်ချောင်းနေသော ကျားအတွက် အကွက်ကောင်းဖြစ်ခဲ့သည်။ သို့နှင့် နယ်ချဲ့အင်္ဂလိပ်၏ ကိုလိုနီနိုင်ငံ ဘဝသို့ ကျဆင်းခဲ့ရသည်။ ထီးသုဉ်းနန်းသုဉ်း၊ မြို့သုဉ်း သုည၊ သုဉ်းသုံးဝခေတ်နှင့် ရင်ဆိုင်ခဲ့ရသည်။

လူမှုရေးတွင် စွက်ဖက်ခွဲခြား၊ စီးပွားရေးတွင် သွေးစုပ်အမြတ်ထုတ်၊ အုပ်ချုပ်ရေးတွင် ဖိနှိပ်ညှဉ်းပန်းလျက် လွတ်လပ်ရေးဆုံးရှုံးစေရုံမျှမက လူမျိုးပါ ပျက်သုဉ်း၍ အညွန့်တုံးအောင် နှိပ်စက်ကလူပြုမူခဲ့သော နယ်ချဲ့၏ဒဏ်ကို ပြည်သူတစ်ရပ်လုံး ခါးစည်း၍ ခံခဲ့ရသည်။

မြန်မာ့သမိုင်းအမှန်ကို ဝေဖန်သုံးသပ်မိသည်။

-နိုင်ငံနှင့်လူမျိုးအတွက် တန်ဖိုးအထားဆုံး အမွန်မြတ်ဆုံးသည်ကား လွတ်လပ်ရေးသာဖြစ်သည်။
-လွတ်လပ်ရေးကို ပြည်တွင်း၏ စည်းလုံးညီညွတ်မှု အင်အားဖြင့်သာ ရယူနိုင်ပေသည်။
-ပြည်တွင်း၌စည်းလုံးညီညွတ်ရေး ပြိုကွဲအားနည်းလျှင်ကား နိုင်ငံခြားမှ ပယောဂများ ထိုးဖောက်နှောင့်ယှက်လာသည်။ သွေးထိုးမြှောက်ပင့်ပေး၍ လွတ်လပ်ရေးဆုံးရှုံးစေနိုင်သည်။ စီးပွားရေးက မခိုင်မာ ဘဏ္ဍာငွေလည်း လျော့ပါးစေနိုင်သည်။
- ကျစ်လျစ်သိပ်သည်း၍ စည်းလုံး ညီညွတ်မှုပြည့်ဝသော နိုင်ငံတော်သည် တည်ငြိမ်စွာ ဩဇာခညောင်းသည်။ အရှိန်အဝါကြီးမားသည်။ နိုင်ငံ၏ စီးပွားရေးကို ကြီးထွားအောင် ဆောင်ရွက်နိုင်စွမ်းရှိသည်။ နိုင်ငံ၏ ကဏ္ဍသည်လည်း ခိုင်မာတောင့်တင်းစေနိုင်သည်။ ယင်းနိုင်ငံကို နိုင်ငံတကာက လေးစားသည်။ ခံ့ညားသည်။
- စည်းလုံး ညီညွတ်ခြင်းဖြင့်သာလျှင် အမျိုးသားကာကွယ်ရေးကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်သည်။
-သို့ဖြစ်ရာ စည်းလုံးညီညွတ်ခြင်းသည် နိုင်ငံ၏ အရေးကြီးဆုံးသော ပဓာနသော့ချက်ဖြစ်သည်။ မဖြစ်မနေ တည်ဆောက်အပ်သော လိုအပ်ချက်လည်းဖြစ်သည်။
-ပြည်သူလူထု၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် အများတကာက ခံ့ညားလေးစားအံ့သော စတုတ္ထမြန်မာနိုင်ငံတော်ကို မုချမသွေ တည်ထောင်နိုင်ပေမည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ဤသို့မြင်သည်။ ဤသို့ယူဆသည်။ ဤသို့မရမနေတည်ဆောက်ခဲ့ပေသည်။

ကိုလိုနီ စနစ်ဆိုးကို ရွံမုန်းလျက်ရှိသော မြန်မာမျိုးချစ် လူငယ်တစ်စုသည် နှစ်ပေါင်း ၁၀၀ ခန့်ဆုံးရှုံးခဲ့သော လွတ်လပ်ရေးကို အရယူမည်ဟု သန္နိဋ္ဌာန်ပြုလျက် ဗြိတိသျှအာဏာပိုင်များ၏ မျက်စိအောက်က အပျောက်ခံ၍ ဂျပန်နိုင်ငံသို့တိတ်တဆိတ်သွားရောက်ခဲ့လေသည်။ စတင် စီစဉ်သူမှာ မြန်မာ့လွတ်လပ်ရေးခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း (ခေါ်) ဗိုလ်တေဇပင်ဖြစ်သည်။

လွတ်လပ်ရေးအတွက် အသက်ဆံဖျား စွန့်စားသွားရောက်ကာ စစ်ပညာများကို အပင်ပန်းခံ၊ အဆင်းရဲခံလျက် ခဲရာခဲဆစ် သင်ကြားနေယူကြသည့် အမြုတေအာဇာနည် ရဲဘော်သုံးကျိပ်တို့ကို စည်းလုံးညွတ်စိမ့်သောငှာ-

“ရဲဘော်သုံးကျိပ်တို့ဟာနိုင်ငံရေးအဖွဲ့တစ်ဖွဲ့တည်း မဟုတ်ဘဲ သခင်ဂိုဏ်းကြီး နှစ်ခုဖြစ်တယ်။ အနာဂတ်လွတ်လပ်ရေး တိုက်ပွဲမှာ ဒီသုံးကျိပ်ညီညွတ်ဖို့လိုတယ်။ ဒါမှ လူငယ်များဖြစ်တဲ့ သခင်ဂိုဏ်းနှစ် ဂိုဏ်းလုံးညီညွတ်မယ်။ ဒါမှ လူများစုကိုကိုယ်စားပြုမယ့် လူတွေ တကယ်အလုပ်လုပ်ကြမယ့် လူငယ်တွေ ညီညွတ်မယ်။ ဒါမှ လွတ်လပ်ရေးတိုက်ပွဲဟာ ခိုင်မာတောင့်တင်းမယ်” ဟူ၍ အချင်းချင်း သွေးစည်းညီညွတ်ရေးကို အားပေးမိန့်ကြားခဲ့သည်။

ရဲဘော်သုံးကျိပ်ကို အမှူးပြု၍ ၁၉၄၁ ခုနှစ် ဒီဇင်ဘာ ၂၆ ရက်တွင် ဖွဲ့စည်းခဲ့သော ဗမာ့လွတ်လပ်ရေးတပ်မတော်သည်လေးလကျော်ကျော် ကာလအတွင်း မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်နိုင်ခဲ့သည်။ ယင်းတပ်မတော်ကို ဗမာ့ကာကွယ်ရေးတပ်မတော် အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဗိုလ်ချုပ်သည် တပ်မတော်အတွင်း တိုင်းရင်းသားအချင်းချင်း တွေ့ဆုံရင်းနှီးခွင့်ရ၍ စည်းလုံးညီညွတ်ကြသည်ကို များစွာလိုလားသည်။

နှစ်ထောင်းအားရ၍ ကျေနပ်နှစ်သက်မှုလည်းရှိသည်။ ယင်းအချက်နှင့် ပတ်သက်၍ ၁၉၄၄ ခုနှစ် ဂျပန်ခေတ် လွတ်လပ်ရေးနေ့တွင်-

“အဲဒီ အင်အားလက်နက်ရှိတန်သလောက်ရှိတဲ့ စစ်တပ်ဟာလည်း ပြည်သူ့စစ်တပ်လို့ ခေါ်နိုင်တဲ့စစ်တပ်ပါပဲ။ ရှေးကလိုကြေးစား တပ်သဘောမျိုးမဟုတ်ဘူး။ ဒါတွင်လားဆိုရင် မဟုတ်သေးပါဘူး။

ကျွန်တော်တို့ ရှေးတုန်းက တိုင်းရင်းသားစုဖြစ်ကြတဲ့ ဗမာ၊ ရှမ်း၊ ကရင်၊ ချင်း၊ ကချင်အစရှိတဲ့ အမျိုးသားများဟာ တစ်ဦးနဲ့တစ်ဦး တွေ့ဆုံရင်းနှီးပေါင်းသင်းဆက်ဆံဖို့ အခွင့်အလမ်းသိပ်မရခဲ့ကြဘူး။ အခုတော့ ဒီအခွင့်အလမ်းတွေ ရလာကြပြီ။ ဒီဟာ အင်မတန်အဖိုးတန်တဲ့ အချက်တစ်ချက် ပဲ” ဟူ၍ တပ်မတော်၏ ဂုဏ်ကို အမွှမ်းတင်ကာ မိန့်ကြားခဲ့သည်။

စာမျက်နှာ(၂၆)မှ

# ဒါနရှင်များ ခင်ဗျ

ရာဇဂြိုဟ်ပြည်အနီး လယ်သမားရွာကြီး၌ သူဆင်းရဲလယ်သူမလေးတစ်ယောက်သည် သလေးစပါးတို့ကို ပေါက်ပေါက်ဖောက်ပြီး ဆင်းရဲစွာစားသောက်နေရရှာသည်။

နိရောဓသမာပတ်မှ ထလာတော်မူသည့် အရှင်မဟာကဿပမထေရ်မြတ်ကြီးသည် သူဆင်းရဲလယ်သူမလေးထံ ဆွမ်းခံဝင်လာရာ လယ်သူမလေးက မိမိ၌ရှိသည့် ပေါက်ပေါက်များကို လောင်းလှူလိုက်လေသည်။ မပြောပလောက်သည့် ကုသိုလ်ကောင်းမှုကြောင့် သေလွန်သောအခါ နတ်ပြည်တွင် လာဇာဒေဝီ (ပေါက်ပေါက်ပန်းနတ်သမီး) ဟု အမည်တွင်လေသည်။

စာရေးသူအပါအဝင်မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်အတော်များများမှာ လောဘကြီးသည်ဟုဆိုရမည်ဖြစ်သည်။ ဒါနလောက်နှင့်ပင် နိဗ္ဗာန်မဂ်ဖိုလ်သို့ ရောက်ချင်ကြ၏။ စစ်အစိုးရနှင့် ပူးပေါင်းကာ လယ်မြေ၊ ခြံမြေများကို မတရား သိမ်းယူကြပြီး အမြတ်ထုတ်သွားသော အရင်းရှင် ခရိုနီများသည် သမ္မာအာဇီဝ မဟုတ်သည်များဖြင့် နေရာတကာတွင် လှူဒါန်းမှုများ ပြုလုပ်နေကြသည်။ သူတို့၏ အလှူသည် မီဒီယာ မျိုးစုံတွင်တော့ ဒါနဖြစ်နေပြန်၏။ ဘုန်းကြီးဆွမ်းခံကြွလာလျှင် ဆွမ်းလေးတစ်ခွက်သာ လောင်းနိုင်သည့် ဆင်းရဲသား နင်းပြားဘဝဖြင့် မတရား လယ်မြေအသိမ်းခံရသည့် တောင်သူလယ်သမားများကိုတော့ အကြမ်းဖက်သမားဟု သမုတ်ပြန်သည်။ မကြာခင်ကပင် သီတဂူဆရာတော်ကြီးမှ အမျိုး ဘာသာ သာသနာ စောင့်ရုံမက နိုင်ငံ ပါစောင့်နိုင်ရန်လိုကြောင်း ဩဝါဒကထာ ချီးမြှင့်တော်မူခဲ့ပါသည်။

ကျွန်ုပ်တို့ ဗုဒ္ဓဘာသာဝင်သူတော်စင် အပေါင်းအနေနှင့်လည်း ဂုဏ်ရည်ရှိသော ဥပါသကာကောင်း တစ်ယောက်ဖြစ်နိုင်ရန် ဝါတွင်းကာလအတွင်း ဒါနနှင့်ယှဉ်တွဲသော သီလတို့ကိုစောင့်ထိန်းနိုင်ကြပါစေကြောင်း ဆန္ဒပြုရပါသည်။ ။

## JOKE

### အချိန်မရှိသူ

အထူးကုဆရာဝန်တစ်ဦးလမ်းကူးနေစဉ်မှော်ဝင်ဖားငယ်လေးတစ်ကောင်က ယခုလိုလှမ်းအော်သည်။ “မင်းငါ့ကို နမ်းလိုက်ရင် ငါက လှလှပပ မင်းသမီးလေးဖြစ်သွားလိမ့်မယ်”ဟူ၍။

ဆရာဝန်က ဖားလေးကို ကောက်လိုက်ပြီး အိတ်ကပ်ထဲထည့်ထားလိုက်သည်။ ဖားလေးကပြောပြန်သည်။ “မင်းငါ့ကို နမ်းလိုက်ရင် ငါဟာ လှပတဲ့ မင်းသမီးလေးပြန်ဖြစ်သွားပြီး မင်းနဲ့အတူ တစ်ပတ်နေပေးမယ်”ဆရာဝန်က ပြုံး၍သာနေသည်။ သို့ဖြင့်ဖားလေးက “မင်းငါ့ကို နမ်းလို့မင်းသမီးလေးပြန်ဖြစ်သွားရင် မင်းခိုင်းသမျှငါလုပ်ပေးမယ်”ဟုထပ်ပြောသည်။ ဤတွင် ဆရာဝန်က ဖားလေးကိုထုတ်ကြည့်ပြီး ရွှန်းရွှန်းစားစားကြည့်ကာ အိတ်ကပ်ထဲ ပြန်ထည့်လိုက်ပြန်သည်။ ဖားလေးမှာ အားမလိုအားမရဖြစ်သွားပြီး “ဘာဖြစ်တာလဲ၊ ငါဟာချောမောလှပတဲ့ မင်းသမီးလေးဖြစ်သွားမှာလေ။ မင်းနဲ့လည်း တစ်လနေမယ်။ မင်းခိုင်းသမျှလည်း လုပ်ပေးမယ်လေ”ဟု ဆိုပြန်ရာ အထူးကုဆရာဝန်က “ငါက အထူးကုဆရာဝန်ကွ။ ရည်းစားအတွက် အချိန်မရှိဘူး။ စကားပြောတတ်တဲ့ ဖားလေးက ပိုကောင်းတယ်”ဟု ပြန်ပြောလိုက်သည်။

### အရူးယာဉ်မောင်း

အမျိုးသားကြီးတစ်ဦး နယ်ဘက်သို့ ကားမောင်းထွက်သွားရာ ဇနီးဖြစ်သူက ဖုန်းလှမ်းဆက်သည်။ ဖရက်ရေ၊ ကားမောင်းတာ သတိထားနော်။ ရှင်သွားနေတဲ့ လမ်းပေါ်မှာ အရူးတစ်ယောက် ကားလျှောက်မောင်းနေတယ်လို့ ရေဒီယိုကကြေညာသွားတယ်” ဟုဆိုရာ မစ္စတာဖရက်က “စိတ်မပူပါနဲ့ကွာ။ လမ်းပေါ်မှာ အရူးတစ်ယောက်တည်းမကဘူး။ အရူးယာဉ်မောင်းတွေ ရာနဲ့ချီပြီး ရှိနေတယ်”ဟု ပြန်ပြောပါသည်။

ယနေ့မော်ဒယ်မြင့် ကားများအတွက်
ကွန်ပျူတာထိန်းချုပ်စနစ် OBD II သင်တန်း
(Modern Automotive Technology, Software များနှင့် OBD II စက်များအသုံးပြုပုံ)
လုပ်ငန်းခွင်လက်တွေ့ Practical Center တစ်ခုကိုတိုးချဲ့ဖွင့်လှစ်ထားပါသည်။
အမှတ်စဉ် (၂၄) (၂၅) (၂၆) ပုံမှန်တန်းခွဲသစ်များကို ဩဂုတ်လ ၂ ရက်နေ့တွင် စတင်ဖွင့်လှစ်ပါမည်
➤ အကြိုမိတ်ဆက် (အခမဲ့) သင်တန်းကို အပတ်စဉ် စနေနေ့တိုင်း ဖွင့်လှစ်ပါသည်။
မော်ဒယ်မြင့်ကားများကို ပြစ်ချက်ရှာဖွေစစ်ဆေးသော OBDII , OBDI စက်အမျိုးမျိုးရရှိနိုင်ပါပြီ။
Engine Doctor Engineering
No, 102, GFloor, 52nd st, Middle, Yangon, Tel : 09 4211 444 95, 96, 97

မွန်မြတ်ဆေးခန်း မိသားစုဘဝ၊ ကျန်းမာသုခ၊ မွန်မြတ်ဆေးခန်း၊ အမှန်ယုံကြည်ရ
ဆေးခန်းသုံး တိုင်းရင်းဆေးများသာ
ရန်ကုန်/မော်လမြိုင်
သွေးတိုးနှင့်ဆက်နွယ်သော နှလုံးရောဂါနှင့်သွေးထဲအဆီများသူများကုသခြင်း
-(၁)ရက်တစ်ကြိမ်သောက်သုံးခြင်းဖြင့် သွေးဖိအားကို (၂၄)နာရီ တည်ငြိမ်အောင် ထိန်းထားပေးနိုင်သည်။
-(၇)ရက်သောက်သုံးပါက ခေါင်းမူး၊ခေါင်းကိုက်ခြင်း၊နားအူခြင်း၊နားလေထွက်ခြင်း၊မူးမော်ခြင်း၊စိတ်ဆိုးလွယ်ခြင်း စသည့်ရောဂါလက္ခဏာများကို ဖယ်ရှားပေးသည်။
-(၆)လသောက်သုံးပါက နှလုံးနှင့်ဦးနှောက်သွေးကြောရောဂါပြဿနာများကို ဖြေရှင်းတားဆီးကာကွယ်ပေးပါသည်။
ဆီးချို၊ သွေးချိုရောဂါကုသခြင်း
- တစ်ကြိမ်လျှင် (တစ်လုံးမှ သုံးလုံး) တစ်နေ့တစ်ကြိမ်မှ နှစ်ကြိမ်သာသောက်သုံးရန်လိုအပ်ပြီး၊ အစားအသောက်အထူးရှောင်ရန်မလို၊ ပုံမှန်စားသောက်နိုင်ပါသည်။
- ဝေဒနာရှင်များသည် အခြေခံအားဖြင့် ဆေးကို (၆)လခန့်သောက်ပြီး လိုအပ်လျှင်အနိမ့်ဆုံးပမာဏကို သာသောက်၍ ဆီးချို၊ သွေးချိုနှင့် နောက်ဆက်တွဲရောဂါများကိုကာကွယ်နိုင်ပါသည်။
အမှတ်(၅၅)၊ ဘုန်းကြီးလမ်း(အလယ်)၊လမ်းမတော်မြို့နယ် ၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၂၂၅၅၃၂၊ ၀၉ ၇၃၁ ၇၁၀၃၃
အမှတ်-၁၈၇(A)၊ အောက်လမ်းမကြီး၊ ရွှေတောင်ရပ်၊ မော်လမြိုင်။ ဖုန်း-၀၉ ၄၀၁ ၅၈၅၉၄၅၊၀၉ ၃၁၁ ၈၇၇၇၆

# Environment

7DAY NEWS JOURNAL

Vol.12, No.20 • JULY 24 , 2013


# သစ်ခိုးခုတ်မှုကာကွယ်တားဆီးနိုင်ရေး သစ်တောလုံခြုံရေးတပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းမည်



*တရုတ်သို့ တရားမဝင်တင်ပို့မည့် သစ်လုံးတင်ကားတစ်စီးကို ကချင်ပြည်နယ်တစ်နေရာတွင် တွေ့ရစဉ်*

ဓာတ်ပုံ-အားမာန်

**အိဖြူမွန်၊ ရန်မျိုးနိုင်**

**ရန်ကုန်၊ ဇူလိုင်-၁၈**

သစ်ခိုးခုတ်မှုတစ်နှစ်ထက်တစ်နှစ် ဖမ်းဆီးရမှုများနေသောမြန်မာနိုင်ငံတွင် တရားမဝင်သစ်ခိုးခုတ်မှုများကို ကာကွယ်တားဆီးရန်အတွက် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး သစ်တောလုံခြုံရေးတပ်ဖွဲ့ တိုးချဲ့ဖွဲ့စည်းမည်ဖြစ်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနမှ သတင်းရရှိသည်။

"ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့က သစ်တောလုံခြုံရေးတပ်ဖွဲ့ကို တိုးချဲ့ဖွဲ့စည်းပြီး လာမယ့်ဘဏ္ဍာနှစ်မှာ အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က ဇူလိုင် ၁၈ ရက်တွင် ပြည်သူ့လွှတ်တော်၌ ဖြေကြားခဲ့သည်။

တရားမဝင်သစ်ခိုးခုတ်မှုများကို အစိုးရက ဖမ်းဆီးရာတွင် ၂၀၁၁ မှ ၂၀၁၃ ခုနှစ်အတွင်း ကျွန်းနှင့် သစ်မာတန်ချိန် ခုနစ်သောင်းခန့် ဖမ်းဆီးရမိခဲ့သည်။

ပြည်ပ အဖွဲ့အစည်းများမှ ကောက်ယူသော စာရင်းများအရ တရုတ်နိုင်ငံတစ်ခုတည်းသို့တရားမဝင် သစ်တင်ပို့မှုသည် တစ်နှစ်လျှင် တန်ချိန် တစ်သိန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်။ အစိုးရ၏ ထုတ်ပြန်ချက်တွင် အစိုးရဖမ်းဆီးနိုင်မှုမှာ တစ်နှစ်လျှင် တန်ချိန်နှစ်သောင်းကျော်မျှရှိသောကြောင့် ခန့်မှန်းထားသည်ထက် နည်းပါးနေသည်။

အမျိုးသားသစ်တောစီမံခန့်ခွဲမှု နှစ်သုံးဆယ်အစီရင်ခံစာတွင် ဆယ်ငါးနှစ်ကျော်အတွင်း တရားမဝင်သစ်ခိုးခုတ်မှုများ ဖမ်းဆီးရမိမှု တစ်နှစ်ထက်တစ်နှစ် များပြားနေသည်။ တရားမဝင်သစ်ခိုးထုတ်မှုများကို ဖမ်းဆီးရာတွင် ၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် ကချင်ပြည်နယ်နှင့် နယ်နိမိတ်ခြင်း ထိစပ်နေသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် အများဆုံးဖမ်းဆီးရမိပြီး ကချင်ပြည်နယ်ကိုလုံခြုံရေးအခြေအနေကြောင့် ဖမ်းဆီးရန် ခက်ခဲနေကြောင်း ဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

တရားမဝင်သစ်ခိုးခုတ်မှုများ အဓိကဝယ်ယူနေသည့် တရုတ်နိုင်ငံ ယူနန်ပြည်မှ ကုန်သည်ကြီးများအား ထိန်းချုပ်ပေးရန် ဝန်ကြီးဌာနက တရုတ်အစိုးရအားတောင်းဆိုထားသည့်အပြင် သစ်လုံးတင်ပို့ မှုရပ်ဆိုင်းမည့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် လုံခြုံရေးတိုးချဲ့ဖွဲ့စည်းရန် စီစဉ်နေခြင်းဖြစ်သည်။

တစ်ဖက်က သစ်လုံးတင်ပို့မှုများနှင့် လုံခြုံရေးတိုးချဲ့မည့်အပြင် ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မူလလျာထားချက်အောက် ကျွန်းသစ် ၁၇ ရာခိုင်နှုန်း၊ သစ်မာ ၂၀ ရာခိုင်နှုန်းအောက် လျှော့ထုတ်မည်ဖြစ်ပြီး ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျွန်းသစ် ၄၁ ရာခိုင်နှုန်းနှင့်သစ်မာ ၄၈ ရာခိုင်နှုန်း လျှော့ထုတ်မည်ဖြစ်သည်။

## မြစ်ဝကျွန်းပေါ်ဒေသများ ဇူလိုင်နောက်ဆုံးပတ်အတွင်း ရေကြီးမှုအန္တရာယ်အထူးသတိပြုရန်လို

**အောင်သစ်လွင်**

**ရန်ကုန်၊ ဇူလိုင်-၁၈**

ဇူလိုင် ၂၃မှ ၂၅ရက်အတွင်း တစ်နိုင်ငံလုံးအနှံ့ မိုးကောင်းစွာ ရွာသွန်းနိုင်ပြီး မြစ်ဝကျွန်းပေါ်ဒေသများတွင်ရေကြီးမှုအန္တရာယ်အထူးသတိထားရန်လိုအပ်ကြောင်း မိုးလေဝသပညာရှင်ဒေါက်တာထွန်းလွင်ကပြောသည်။

ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားကောင်းနေပြီး တောင်တရုတ်ပင်လည်တွင်လည်း မုန်တိုင်းတစ်လုံးထပ်မံဖြစ်ပေါ်နေသောကြောင့် ဇူလိုင်လတတိယပတ်နှင့် နောက်ဆုံးရက်သတ္တပတ်တွင် မြန်မာနိုင်ငံအောက်ပိုင်းဒေသများသာမက အလယ်ပိုင်းနှင့် မြောက်ပိုင်းဒေသများပါမိုးကောင်းစွာ ရွာသွန်းနိုင်ကြောင်း ဒေါက်တာထွန်းလွင်က ခန့်မှန်းထားသည်။

ဒေါက်တာထွန်းလွင်က"ဇူလိုင် ၂၃ ကနေ ၂၅ရက်တွေက တစ်နိုင်ငံလုံးအနှံ့ မိုးကောင်းမယ့် ကာလတစ်ခုဖြစ်လာနိုင်တယ်။မြစ်ဝကျွန်းပေါ်ဒေသကမိုးကောင်းနေတာဆိုတော့ ထပ်ပြီးရွာမယ့်မိုးနဲ့ဆို ရေဖုံးလွှမ်းနိုင်တဲ့ အန္တရာယ်ပိုများတယ်" ဟု ပြောသည်။

တောင်တရုတ်ပင်လယ်တွင် ယခုနှစ်အတွင်း ကိုးလုံးမြောက်မုန်တိုင်းဖြစ်သော 94W မုန်တိုင်း တိုက်ခတ်နေသည်။ ယင်းမုန်တိုင်း၏ အကျိုးဆက်အဖြစ် မုတ်သုံလေဖိအားနည်း ချိုင့်ဝှမ်းသည် မြန်မာနိုင်ငံမြောက်ပိုင်းကို ဖြတ်သန်းနေသောကြောင့် မိုးပိုမိုရွာသွန်းခြင်းဖြစ်ကြောင်း အမေရိကန်အမျိုးသား အာကာသစသ အေဂျင်စီ (NASA)၏ တိုင်းထွာချက်များကို ကိုးကား၍ ဒေါက်တာထွန်းလွင်က ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ရှင်းလင်းတင်ပြထားသည်။

မိုး/ဇလဌာန၏ ဇူလိုင်တတိယ ၁၀ ရက်ပတ်အတွက် ခန့်မှန်းချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ကြိမ် ဖြစ်ပေါ်နိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ် အော်တို့တွင် မုတ်သုံလေ အားကောင်းနေကြောင်း ထုတ်ပြန်ထားသည်။

ထို့အပြင် ဧရာဝတီ၊ တနင်္သာရီနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မွန်ပြည်နယ်တို့တွင် မိုးပိုမိုရွာသွန်းနိုင်ပြီး မြစ်ရေကြီးခြင်းသတင်းအနေဖြင့် ဧရာဝတီမြစ်နှင့် ချင်းတွင်းမြစ်တို့ဖြတ်သန်းစီးဆင်းရာမြို့နယ်များတွင် လက်ရှိရေမှတ်များထက်မြင့်တက်လာနိုင်ကြောင်း သတင်းထုတ်ပြန်ထားသည်။

## သယံဇာတ ထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုတွင် လိုအပ်ချက်များရှိ

**အိဖြူမွန်၊ ခိုင်ခိုင်စိုး**

**ရန်ကုန်၊ ဇူလိုင်-၁၈**

မြန်မာ့သယံဇာတထုတ်လုပ်မှုနှင့် သဘာဝပတ်ဝန်းကျင် စီမံခန့်ခွဲမှုကို အသစ်ပြုပြင်ရန် လိုအပ်ချက်သုံးခုရှိကြောင်း ရွှေသဘာဝဓာတ်ငွေ့လုပ်ရှားမှုအဖွဲ့က သတင်းထုတ်ပြန်သည်။

ရွှေသဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့်ပတ်သက်၍ ယင်းအဖွဲ့မှ သုတေသနပြုလုပ်ခဲ့ရာ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ လူ့အခွင့်အရေး၊ ပွင့်လင်းမြင်သာမှုနှင့် သဘာဝသယံဇာတ စီမံခန့်ခွဲမှုတွင် အဓိကလိုအပ်ချက်များရှိကြောင်း ယင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

"အစိုးရအနေနဲ့ သတင်းအချက်အလက် ထုတ်ဖော်တင်ပြတဲ့အပိုင်းတွေရယ်၊ အစီရင်ခံစာတွေရယ်၊ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တာရယ်ကို ထိထိရောက်ရောက်လုပ်ကိုင်တာတွေမှာ နိုင်ငံက အင်မတန်နိမ့်ချတဲ့ အဆင့်ရောက်နေတယ်" ဟု ယင်းအဖွဲ့မှ ကိုဝင်းအောင်က ပြောသည်။

ထိုသို့ လိုအပ်ချက်များ ပြင်ဆင်မှုမပြီးစီးမီကာလအတွင်း ရင်းနှီးမြှုပ်နှံမှုအသစ်များ ရပ်ဆိုင်းထားသင့်ကြောင်း ယင်းကဆိုသည်။

ထို့အပြင် ရွှေဂက်စ်ပိုက်လိုင်း စီမံကိန်းတွင် ဒေသခံများအတွက် အကျိုးအမြတ်ထည့်သွင်းထားခြင်း မရှိခြင်း အဓမ္မလုပ်အားခိုင်းစေခြင်း၊ လယ်မြေများသိမ်းဆည်းခြင်းစသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများလည်း ရှိနေကြောင်း Equality Myanmar မှ ဒါရိုက်တာ ဦးအောင်မျိုးမင်းက ပြောကြားသည်။

ရွှေဂက်စ်ပိုက်လိုင်းစီမံကိန်းသည်ပြီးစီးလုနီးဖြစ်နေပြီး၊ ကမ်းရိုးတန်းသဘာဝဓာတ်ငွေ့လုပ်ကွက် ၃၀ ကို နိုင်ငံခြားကုမ္ပဏီများကို လုပ်ပိုင်ခွင့်ပြုဦးမည်ဖြစ်ကြောင်း သိရသည်။

ရွှေသဘာဝဓာတ်ငွေ့လှုပ်ရှားမှုအဖွဲ့က မြန်မာ့သဘာဝသယံဇာတ ထုတ်လုပ်မှု လုပ်ငန်းများနှင့် ကောင်း မွန်သည့် အစိုးရအုပ်ချုပ်ရေးစနစ်၊ မြန်မာနိုင်ငံတည်ဆဲဥပဒေများ၏ အားနည်းချက် ပြဿနာများအမည်ဖြင့် အစီရင်ခံစာတစ်စောင်ကို ဇူလိုင်က ထုတ်ပြန်ခဲ့သည်။




Tourism
7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# ဝန်ဆောင်ခနှုန်းမတည်ငြိမ်ခြင်းက ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံရန် အခက်အခဲဖြစ်ဟုဆို

**နေလင်းထွန်း**

**ရန်ကုန်၊ ဇူလိုင်-၁၆**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းတွင် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်ဆောင်ရွက်ရန် စိတ်ဝင်စားမှုရှိသော်လည်း ဝန်ဆောင်မှုဈေးနှုန်းမတည်ငြိမ်မှုက အခက်အခဲဖြစ်နေကြောင်း ဂျာမနီဒုတိယနိုင်ငံခြားရေးဝန်ကြီးက ပြောသည်။

ဂျာမနီဒု-နိုင်ငံခြားရေးဝန်ကြီး၏ ခရီးစဉ်တွင် ဂျာမနီခရီးသွားအေဂျင်စီသုံးခုမှ တာဝန်ရှိသူများလိုက်ပါလာခဲ့ပြီး မြန်မာနိုင်ငံနှင့်ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ကိုင်သွားရန် အစီအစဉ်များရှိကြောင်း သတင်းရရှိသည်။

"ဂျာမနီနိုင်ငံဟာ ခရီးသွားဖို့ အရမ်းစိတ်ဝင်စားတဲ့နိုင်ငံဖြစ်ပါတယ်။ ခရီးသွားလုပ်ငန်းကို စီစဉ်ဆောင်ရွက်တဲ့နေရာမှာ အလယ်အလတ်တန်းစားခရီးသွားတွေအတွက် အခွင့်အလမ်းပေးနိုင်ရင်ပိုကောင်းပါတယ်။ အခက်အခဲတစ်ခုကမြန်မာနိုင်ငံကိုလာမယ်ဆိုရင် ဈေးနှုန်းတွေက ရုတ်တရက်မြင့်တက်သွားတာပါ။ အဲဒီအတွက် စီစဉ်ရတာအခက်အခဲရှိပါတယ်။ ဈေးနှုန်းတွေ တည်ငြိမ်နေမယ်ဆိုရင် ရင်းနှီးမြှုပ်နှံရတာ ပိုမိုအဆင်ပြေမှာဖြစ်ပါတယ်"ဟု ၎င်းကဆိုသည်။

ထို့အပြင် ဂျာမနီဒုနိုင်ငံခြားရေးဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းခြင်းပြန်လည်ဖော်ထုတ်ခြင်းတို့အတွက် နိုင်ငံတကာနှင့်ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် တိုက်တွန်းခဲ့သည်။

"အခုပြောတဲ့စကားက နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ကိုယ်စားပြောတယ်လို့ မှတ်ယူစေလိုပါတယ်။ မြန်မာနိုင်ငံက တကယ့်ကို ထူးခြားတဲ့နိုင်ငံတစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာရှိတဲ့ ယဉ်ကျေးမှုတွေကိုကျေးဇူးပြုပြီး ထိန်းသိမ်းပေးဖို့ တချို့ယဉ်ကျေးမှုတွေကို အသက်ပြန်သွင်းပေးဖို့ တစ်ယောက်တည်းဆောက်ရွက်တာမဟုတ်ဘဲ ယူနက်စကိုလိုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ဖြစ်ပါတယ်"ဟု အထက်ပါပုဂ္ဂိုလ်ကပြောသည်။

ဂျာမနီနိုင်ငံမှ HannsSeidel ဖောင်ဒေးရှင်းသည် မြန်မာ့ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးအတွက် မွန်၊ ကယားနှင့် ရှမ်းပြည်နယ်တို့၌ စက်တင်ဘာလအတွင်း ခရီးသွားဝန်ဆောင်မှုအလုပ်ရုံဆွေးနွေးပွဲများပြုလုပ်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်



*နော်ဝေအခြေစိုက် အပျော်စီးသင်္ဘော Sea Dream II နှင့် အပန်းဖြေနေသူနှစ်ဦး*

# နော်ဝေးအခြေစိုက် အပျော်စီးသင်္ဘော ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်လာရောက်မည်

**အောင်သူရ**

**ရန်ကုန်၊ ဇူလိုင်-၂၀**

ကမ္ဘာ့လှည့်ခရီးသွားများ လိုက်ပါလာသော နော်ဝေးအခြေစိုက် Sea Dream II အပျော်စီးသင်္ဘောသည် မြန်မာနိုင်ငံသို့ ၁၅ နှစ်အတွင်း ပထမဆုံးအကြိမ်လာရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

"ကော့သောင်းကို နိုဝင်ဘာ ၃၀ ရက်ရောက်မယ်။ ရန်ကုန်ကို ဒီဇင်ဘာ ၂ ရက်နေ့ရောက်ပြီး ၄ ရက်နေ့ပြန်ထွက်မယ်။ ဒုတိယအကြိမ် ကော့သောင်းကို ၁၁ ရက်နေ့ပြန်ဝင်မယ်။ ရန်ကုန်ကို ၁၄ ရက်နေ့ပြန်ရောက်မယ်။ ၁၆ ရက်နေ့ပြန်ထွက်မယ်"ဟု အဆိုပါသင်္ဘောခရီးစဉ်စီစဉ်သူ မြန်မာ Voyages ကုမ္ပဏီအကြီးအကဲဦးသက်လွင်တိုးကပြောသည်။

ထို့နောက် အဆိုပါ အပျော်စီးသင်္ဘောသည်မြန်မာနိုင်ငံမှ တစ်ဆင့်ထိုင်းနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင် ကျန်ရစ်မည့် ခရီးသည်များသည်ပုဂံဒေသများသို့သွားရောက်လည်ပတ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

အဆိုပါ Sea Dream II အပျော်စီးသင်္ဘောသည် အခန်းပေါင်း ၅၆ ခန်းပါဝင်ပြီး ခရီးသည် ၁၁၂ ဦးလိုက်ပါနိုင်သော အပျော်စီးသင်္ဘောဖြစ်သည်။

နော်ဝေးအခြေစိုက် Ses Dream II အပျော်စီးသင်္ဘောမှာ ၁၉၉၈ ခုနှစ်က မြန်မာနိုင်ငံသို့ နောက်ဆုံးလာရောက်လည်ပတ်ခဲ့သည်။

# ဟိုတယ်များ အနည်းဆုံးကြယ်သုံးပွင့် အဆင့်ရှိစေလိုဟု ဝန်ကြီးပြော

**ငြိမ်းချမ်း**

**ရန်ကုန်၊ဇူလိုင်-၂၀**

မြန်မာနိုင်ငံရှိဟိုတယ်များအနည်းဆုံး ကြယ်သုံးပွင့်အဆင့်ရှိစေလိုကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ပြောကြားသည်။

ဟိုတယ်များအနေဖြင့်ကြယ်ငါးပွင့်အဆင့်ဆိုပါက ကြယ်ငါးပွင့်အဆင့်ဝန်ဆောင်မှုပေးရမည်ဖြစ်ပြီး ကြယ်လေးပွင့်အဆင့်ဆိုပါက ကြယ်လေးပွင့်အဆင့် ဝန်ဆောင်မှု ပေးရမည်ဖြစ်ကာ ကြယ်ပွင့်အဆင့်မရှိပါကလည်း အဆိုပါအဆင့်ဝန်ဆောင်မှုမျိုးပေးရမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်က ဆိုသည်။

"ဟိုတယ်တွေ ကြယ်ပွင့်အလိုက် သူ့အဆင့်နဲ့သူ ဝန်ဆောင်မှုမျိုးပေးရပါမယ်။ ကြယ်ပွင့်မရှိရင်လည်း မရှိတဲ့အလျောက် ဝန်ဆောင်မှုပေးရပါမယ်။ အခုမြန်မာနိုင်ငံမှာ အနည်းဆုံးကြယ်ပွင့်သုံးပွင့်အဆင့်ထိတော့ ရှိစေချင်ပါတယ်"ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်ကပြောသည်။

မြန်မာနိုင်ငံတွင် ဟိုတယ်အခန်းပေါင်း ၂၉,၀၀၀ ခန့်ရှိနေပြီး မကြာမီ အခန်းပေါင်း ၃၀,၀၀၀ ပြည့်မည်ဖြစ်ကြောင်းနှင့် ရန်ကုန်မြို့တွင် ပြည်တွင်းညှော့သည်အတွက် ဟိုတယ်အခန်းပေါင်း၆,၀၀၀ ခန့်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။



7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013


# Cartoon



























7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# “ကရင်မလင်ကတော့ တွက်ချက်ကြည့်လို့ကို မရနိုင်တဲ့ အမျိုးအစားပါ”

## ရုရှားအတိုက်အခံခေါင်းဆောင် အလက်ဇီနာဗယ်လ်နီအကြောင်း ဝါရင့်နိုင်ငံရေးသမားတစ်ဦးနှင့် တွေ့ဆုံမေးမြန်းခြင်း

ကျော်မျိုး



ရုရှားမှာ ဘလော့ဂ်ဂါတစ်ဦး ဖြစ်သူ အလက်ဇီနဗယ်လ်နီဟာ သမ္မတပူတင်ကို မထေမဲ့မြင်စော်ကားမှုနဲ့ ခုတော့ ထောင်ဒဏ်ခြောက်နှစ် ကျခံရဖို့ရှိနေပြီး တရားရုံး ဆုံးဖြတ်ချက်ကျခဲ့ပေမယ့် အယူခံနဲ့ ပြန်လည် လွတ်မြောက်လာခဲ့ပါတယ်။

နဗယ်လ်နီဟာ ဘလော့ဂ်ဂါတစ်ဦး၊ အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအရာရှိတစ်ဦးအနေနဲ့ သမ္မတပူတင်ကို ဆန့်ကျင်ကန့်ကွက်ကြတဲ့ အတိုက်အခံလှုပ်ရှားမှုမှာ ထင်ရှားသူတစ်ဦးဖြစ်လာခဲ့တာပါ။ ဒါပေမဲ့ ခုတော့ နဗယ်လ်နီဟာ ကီရော့ဗ်မြို့ အုပ်ချုပ်ရေးမှူးထံမှာ အကြံပေးအဖြစ် လုပ်ကိုင်စဉ် အာဏာအလွဲသုံးစားလုပ်ပြီး သစ်ခိုးထုတ်ခဲ့တယ်ဆိုတဲ့ စွပ်စွဲချက်ကို ရင်ဆိုင်ခဲ့ရပြီး ရူဘယ် ၁၆ သန်း (ယူရိုလေးသိန်း၊ ဒေါ်လာ ၅၂၈,၀၀၀)ကို ခိုးယူခဲ့တယ်လို့စွပ်စွဲခံခဲ့ရပါတယ်။ ဒီအမှုကိုနိုင်ငံရေးအရလုပ်ကြံမှုလို့ အများစုက ပြောနေကြပြီး ရုရှားရဲ့ ထင်ရှားတဲ့ လူ့အခွင့်အရေးလှုပ်ရှားသူ၊ သမိုင်းပညာရှင်၊ အတိုက်အခံနိုင်ငံရေးသမားတစ်ဦးဖြစ်တဲ့ မစ္စလျူဒမီလာအလက်ဇီယေဗာ (၈၅)နှစ်ကလည်း ကရင်မလင်ဟာ ဘာကြောင့် နဗယ်လ်နီကို ပါးစပ်ပိတ်ချင်နေရလဲဆိုတာ အောက်ပါ စပိုင်းဂဲလ်မီဒီယာနဲ့ အင်တာဗျူးမှာ ရှင်းပြထားပါတယ်။

မစ္စစ်လျူဒမီလာအလက်ဇီယေဗာကတော့ ရုရှားမှာ ထင်ရှားတဲ့ ဒီမိုကရေစီရေး တက်ကြွလှုပ်ရှားသူတစ်ဦးဖြစ်ပါတယ်။ ၎င်းဟာ ၁၉၅၀ နှစ်များ အစောပိုင်းမှာ ဆိုဗီယက်ကွန်မြူနစ်ပါတီကို ဝင်ရောက်ခဲ့ပြီး လီနင်ရေးသမျှ စာအုပ်အားလုံးကို ဖတ်ရှုလေ့လာခဲ့တယ်ဆိုပါတယ်။ ဒီလိုနဲ့ ၁၉၆၆ မှာတော့ ကွန်မြူနစ်အာဏာရှင်အစိုးရကိုဝေဖန်သူ စာရေးဆရာတွေထဲမှာ ထိပ်ဆုံးက ပါဝင်လာခဲ့ပြီးနောက် ၁၉၆၈ မှာတော့ ပါတီကထုတ်ပယ်ခံရသလိုအလုပ်လည်း ပြုတ်ခဲ့ပါတယ်။ ဒီနောက် ၁၉၇၇ မှာတော့ ကေဂျီဘီထောက်လှမ်းရေးရဲ့ ဖိအားပေးမှုကြောင့် နိုင်ငံပြင်ပကို ထွက်ခွာခဲ့ရပြီး အမေရိကန်ပြည်ထောင်စုမှာ ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲပြီးနောက် ၁၉၉၃ အထိ နေထိုင်ခဲ့ကာ မိခင်နိုင်ငံကို ပြန်လာခဲ့သူဖြစ်ပါတယ်။

**နဗယ်လ်နီဟာ အုပ်ချုပ်ရေးမှူးရဲ့ အကြံပေးအဖြစ် တာဝန်ယူခဲ့စဉ်မှာ ယူရိုလေးသိန်းကို အလွဲသုံးစားလုပ်ခဲ့တယ်ဆိုတာ တကယ်ပဲလား။**

ဒီကိစ္စမှာ ဘယ်သက်သေမှ မရှိပါဘူး။ ဒီကိစ္စအကုန်လုံးက နဗယ်လ်နီရဲ့ နိုင်ငံရေးဘဝကို ရပ်တန့်သွားအောင်လုပ်တဲ့နိုင်ငံရေး အမှုဆင်တာပါပဲ။

**သူ့ကို ဘယ်လိုပြစ်ဒဏ်မျိုးပေးမယ် မျှော်လင့်ထားပါသလဲ။**

ရုရှားမှာက တရားရုံးမှုခင်းတွေအားလုံးရဲ့ တစ်ရာခိုင်နှုန်းလျော့လျော့လောက်ကပဲ အပြစ်မရှိကြောင်း ဆုံးဖြတ်ခံရတာပါ။ နိုင်ငံရေးအကြောင်းပြချက်တွေနဲ့ ရုံးတင်တရားစွဲခံရတဲ့ အမှုမျိုးတွေဆိုရင်တော့ လွတ်နိုင်ခြေက သုညပဲ။ နဗယ်လ်နီကို ပြည်နယ်တရားသူကြီးက ထောင်ခြောက်နှစ်ချဖို့ ပြောထားတယ်။ သူကံကောင်းရင်တော့ ပြစ်ဒဏ်က ပိတ်ပင်ခံရတဲ့ အဆင့်ထိပဲ လျော့သွားပါမယ်။ လူတွေမှားယွင်းပြီး တရားစွဲခံရတာကို ကျွန်မ သိပ်မုန်းပါတယ်။

**စက်တင်ဘာမှာလုပ်မယ့် မော်စကိုမြို့တော်ဝန်ရွေးကောက်ပွဲမှာ သူဝင်ပြိုင်တဲ့အခါ နိုင်ခြေရှိပါသလား။ မဲဆန္ဒစစ်တမ်းတွေအရတော့ သူ့ကိုထောက်ခံသူရှစ်ရာခိုင်နှုန်းပဲရှိနေပါတယ်။**

ဘာပဲပြောပြော လက်ရှိအတိုက်အခံခေါင်းဆောင်လည်းဖြစ်၊ လက်ထောက်ဝန်ကြီးချုပ်ဟောင်းလည်းဖြစ်တဲ့ ဘောရစ်နမ်ဆော့ကတော့ ဆောင်းရာသီအိုလံပစ်ကျင်းပမယ့် အိမ်ရှင်မြို့တော် ဆိုချီမှာ ဆန္ဒမဲ ၁၃ ရာခိုင်နှုန်းရနေပါတယ်။ ပြီးခဲ့တဲ့ ၂ နှစ်လောက်ကတည်းက အစိုးရတစ်ခုလုံးက သူ့ကို ဖိနှိပ်ထားပြီး သူ့နိုင်ငံရေးလမ်းကြောင်းတစ်လျှောက်မှာလည်း အခက်အခဲတွေက အများကြီးရှိခဲ့ပါတယ်။ နဗယ်လ်နီက အသနားခံစာတင်ရင်တောင်မှ အစိုးရက သူ့ကို ပြစ်ဒဏ်ချမှတ်သွားမှာပါ။ ဒါဆိုသူဟာ ဘယ်လိုနိုင်ငံရေးနေရာမျိုးကိုမှ ဝင်မပြိုင်နိုင်ဘူးပေါ့။

**နဗယ်လ်နီရဲ့ လူထုထောက်ခံမှုဟာ သူထောင်ကျသွားရင်ရောတိုးတက်လာနိုင်ဦးမလား။**

ဒါမျိုးက သူ့ငွေကြေးမစ်ခေးလ်ခိုဒေါ်ကော့ဗ်စကီး ကိစ္စမှာတုန်းက ဖြစ်ခဲ့တာပေါ့။ သူဟာ ရုရှားနိုင်ငံသားအများစုစိတ်ထဲမှာ ခရိုနီတစ်ဦးသက်သက်မျှသာပါပဲ။ ဒါပေမဲ့ အလုပ်ကြမ်းစခန်းမှာ သူထောင်ချခံလိုက်ရတော့ အပြုသဘောဆောင်တဲ့ ပုံရိပ်နဲ့ အာဇာနည်သူရဲကောင်းတစ်ဦးအသွင်ကို ပြောင်းသွားခဲ့တယ်။ ရုရှားမှာကထောင်တွေ၊ ဒါမှမဟုတ် အလုပ်ကြမ်းစခန်းတွေထဲ ရောက်သွားရတဲ့သူတွေကို စာနာသနားလေ့ရှိတဲ့ အစဉ်အလာ ကျွန်မတို့မှာ ရှိတာကိုး။ ဒီတော့ တကယ်လို့ နဗယ်လ်နီဟာ အပြစ်ပေးခံရတယ်ဆိုရင် ကရင်မလင်နဲ့ ပူတင်ဟာ ခိုဒေါ်ကော့ဗ်စကီး အမှုတုန်းကဖြစ်ခဲ့တာမျိုးကို သင်ခန်းစာမရသေးဆိုတာ ပြသတာပဲဖြစ်ပါလိမ့်မယ်။

**ပူတင်ဟာ ရုရှားကို ဘယ်ကိုရောက်အောင် ဦးတည်နေတာပါလဲ။**

ကရင်မလင်ကို ပြန်ရောက်လာပြီးကတည်းက နိုင်ငံကို ရဲတွေနဲ့ စောင့်ကြပ်ထိန်းချုပ်ထားတဲ့ နိုင်ငံ Police State ဖြစ်အောင် စနစ်တကျ လုပ်နေပါတယ်။

**နဗယ်နီလ် အပြစ်ပေးခံရရင် အနောက်တိုင်းဟာ ဘယ်လိုတုံ့ပြန်သင့်ပါသလဲ။**

အနောက်တိုင်းဟာ ကိုယ့်အကျိုးစီးပွားပဲ ကိုယ်စဉ်းစားသင့်ပါတယ်။ နောက်တစ်ကြိမ် ဆိုဗီယက်ယူနီယံလို အိမ်နီးချင်းမျိုးကို ကြိုက်နှစ်သက်နိုင်ပါ့မလား။ ဒီမှာတော့ ကျွန်မတို့ကိုယ်တတ်နိုင်တာကိုယ်လုပ်နေတယ်။ နိုင်ငံခြားကငွေကိုလက်ခံရင် နိုင်ငံခြားထောက်လှမ်းရေးပဲလို့ ကရင်မလင်က သတ်မှတ်တာကို ဘယ်အင်န်ဂျီအိုအဖွဲ့အစည်းကမှ ထိန်းချုပ်မခံတာ ကျွန်မ ဂုဏ်ယူမိပါတယ်။ ဒါဟာ သူရဲကောင်းဆန် ရဲရင့်လှတယ်လို့ ကျွန်မ တွေ့ရတယ်။

**နဗယ်လ်နီက သူသာ အာဏာရလာရင် ပူတင်နဲ့ အပေါင်းအပါတွေကို ထောင်ထဲပို့မယ်လို့ ပြောတဲ့အခါ ဒါဟာ အတိုက်အခံဘက်အတွက် မှန်ကန်တဲ့လမ်းကြောင်းဖြစ်ပါသလား။ ဒါမှမဟုတ် သူဟာ ကရင်မလင်ဘက်ကပြင်းပြင်းထန်ထန် တုံ့ပြန်အောင် နှိုးဆွနေတာများလား။**

နဗယ်လ်နီကို ကျွန်မ နားလည်နိုင်ပါတယ်။ ပူတင်အနားက လူတွေအများကြီးနဲ့ သူ့ရဲ့ အုပ်ချုပ်သူတွေဟာ သူတို့ရထားတဲ့ နေရာအနေအထားတွေကြောင့် ဘီလီယံနာကြီးတွေ ဖြစ်လာကြတယ်။ သူတို့ကို တိုင်းပြည်အပြင်ဘက်ကို သူတို့ငွေတွေနဲ့အတူ နှင်ထုတ်လိုက်ရင်လည်း အကောင်းဆုံးဖြစ်ကောင်းဖြစ်နိုင်မှာပါပဲ။ ရုရှားဟာ ဒီထက်ပို မဆိုးနိုင်တော့ပါဘူး။ ယှဉ်ကြည့်မယ်ဆိုရင်တော့ အခြေအနေပိုဆိုးလာတာကို ရှောင်ကြဉ်ဖို့ကလည်း အရေးကြီးပါတယ်။ ကျွန်မတို့တိုင်းပြည်မှာ တော်လှန်ရေးတွေနဲ့ ပြည်တွင်းစစ်တွေကြောင့် ဖိတ်စဉ်ရတဲ့သွေးတွေ များလွန်းနေပြီ။

**ပူတင်နဲ့ သူ့လူတွေဟာ ဖိနှိပ်တာတွေကို ရပ်တန့်သွားပါ့မလား။**

အဲဒါက ကျွန်မကို နပိုလီယံအကြောင်းကို စဉ်းစားမိစေတယ်။ သူက တစ်ခါက ပြောခဲ့ဖူးတယ်။ သူက ပညာတတ်တွေထက် မိုက်မဲညဏ်နည်းတဲ့ ရန်သူတွေကို ပိုပြီးကြောက်မိတယ်တဲ့။ ဘာကြောင့်လဲဆိုတော့ သူက ပညာတတ်တဲ့ကောင်တွေ ဘာလုပ်မယ်ဆိုတာကို ကောင်းကောင်းတွက်ချက်နိုင်လို့တဲ့။ ကရင်မလင်ကတော့ တွက်ချက်ကြည့်လို့ကို မရနိုင်တဲ့ အမျိုးအစားပါ။

*—Ref: Interview-Putin Turning Russia 'Into a Police State', Spiegel: 17th July.*

7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013



## Leader's Profile

# ရုပ်သံစကားစမြည်အစီအစဉ်ကို တစ်ခေတ်ဆန်းသစ်စေသူ
# မစ္စစ်အိုပရာဝင်းဖရေး

ရဲမင်း

အိုပရာဝင်းဖရေးသည်အမေရိကန် မီဒီယာလုပ်ငန်းရှင် တီဗီစကားစမြည်အစီအစဉ်တင်ဆက်သူ၊ မင်သမီး၊ ထုတ်လုပ်သူနှင့်အလှူအတန်းရက်ရောသူဖြစ်သည်။ မစ္စစ် အိုပရာဝင်းဖရေးသည် The Oprah Winfrey Show အတွက် လူသိအများဆုံးဖြစ်ပြီး ယင်းအစီအစဉ်အဖြစ် သတ်မှတ်ခံရပြီး ဆုပေါင်းများစွာ ရရှိခဲ့သည်။

အိုပရာဝင်းဖရေးကို ၁၉၅၄ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်တွင် မစ္စစ္စပီ ပြည်နယ် ဟော့စီယက်ကို ဒေသ၌ ဆယ်ကျော်သက်အရွယ် မိခင်က မွေးဖွားခဲ့ပြီး ဆင်းဆင်းရဲရဲ ကြီးပြင်းခဲ့သည်။ အိုပရာ၏ ငယ်စဉ်ဘဝမှာ အလွန်ပင်ဆင်းရဲပင်ပန်းပြီး ကျောင်းသွားရာတွင် အားလူးအိတ်များကို ဝတ်စုံလုပ်၍ ဝတ်ဆင်ခဲ့ရကာ အလှောင်ပြောင်ခံခဲ့ရသည်။ အသက်ကိုးနှစ်အရွယ်တွင် လိင်ပိုင်းဆိုင်ရာ စော်ကားခံခဲ့ရပြီး အသက် ၁၄ နှစ်တွင် ကိုယ်ဝန်ရှိခဲ့သည်။ ကလေးငယ်သေဆုံးခဲ့ပြီးနောက် အိုပရာသည် ၎င်း၏ဖခင်ဆိုသော အမျိုးသားထံ သွားရောက်နေထိုင်ခဲ့သည်။

အိုပရာဝင်းဖရေးသည် တင်နက်ဆီပြည်နယ်တွင် ဆံသဆရာဖခင်နှင့် နေထိုင်ရင်းမှပင် အထက်တန်းကျောင်းတက်ရင်း ဒေသခံရေဒီယိုဌာနဝင်ရောက်လုပ်ကိုင်ကာ အသက် ၁၉ နှစ်အရွယ်တွင် ညနေခင်းသတင်းများ ပူးတွဲကြေညာသူဖြစ်လာသည်။ သို့သော် စိတ်လှုပ်ရှားမှုများသော ၎င်း၏စတိုင်ကြောင့် ရုပ်သံစကားစမြည်ပြောသော အစီအစဉ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရပြီး ယင်းအစီအစဉ်မှာ အောင်မြင်လာသည်။ ယင်းနောက်တွင် အိုပရာက အစီအစဉ်ကို The Oprah Whinfrey Show ဟု အမည်သစ်ပေးခဲ့ပြီး ကိုယ်ပိုင်ထုတ်လုပ်ရေးကုမ္ပဏီ ထူထောင်ကာ ထိုတွေ့ဆုံခန်းအား နိုင်ငံတကာ ရုပ်သံလိုင်းပေါင်းများစွာနှင့် ချိတ်ဆက်လုပ်ဆောင်ခဲ့သည်။ အစီအစဉ်မှာ လူကြိုက်အများဆုံးနှင့် အအောင်မြင်ဆုံး Show ဖြစ်လာခဲ့သည်။ အိုပရာမှာလည်း အမျိုးသမီးများ အတွက် အတုယူအားကျစရာ စံပြပုဂ္ဂိုလ်တစ်ဦး ဖြစ်လာခဲ့သည်။

မီဒီယာဆက်သွယ်ရေးတွင် ရင်းရင်းနှီးနှီး ဝန်ခံပြောကြားသော ပုံစံတစ်မျိုးကို ဖန်တီးခဲ့သူဟု ချီးကျူးဂုဏ်ပြုခံရသော်လည်း မစ္စစ် အိုပရာဝင်းဖရေးသည် ၁၉၉၀ ပြည့်နှစ်များတွင် ယင်းအစီအစဉ်ကို စာပေ၊ ကိုယ်ရည်ကိုယ်သွေး တိုးတက်မှုနှင့် ထပ်မံအောင်မြင်မှု ရရှိရန် လုပ်ဆောင်ခဲ့သည်။

အိုပရာဝင်းဖရေးစာအုပ်အသင်းမှာလည်း ကမ္ဘာပေါ်တွင် ဩဇာအရှိဆုံး စာအုပ်အသင်းဖြစ်လာသည်။ မစ္စစ်အိုပရာဝင်းဖရေးကိုယ်တိုင်မှာလည်း ကမ္ဘာတွင် ဩဇာအကြီးမားဆုံး အမျိုးသမီးတစ်ဦးဖြစ်လာပြီး ၂၀၀၈ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ၎င်း၏ ထောက်ခံမှုကြောင့် အမေရိကန် သမ္မတ ဘားရက် အိုဘားမားမှာ ထောက်ခံမဲတစ်သန်းခန့် ရရှိခဲ့သည်ဟု ခန့်မှန်းကြသည်။

မစ္စစ်အိုပရာဝင်းဖရေးသည် စာအုပ်ငါးအုပ်ကို ပူးတွဲရေးသားခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် The Color Purple ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ကာ အော်စကာဆု အမည်စာရင်း တင်သွင်းခံရသည်။ နောက်ပိုင်းတွင်လည်း ရုပ်သံဇာတ်လမ်းပေါင်းများစွာတွင် ပါဝင်သရုပ်ဆောင်ခဲ့သလို ထုတ်လုပ်သူအဖြစ်လည်း လုပ်ကိုင်ခဲ့သည်။ အိုပရာဝင်းဖရေး သည် ကန်ဒေါ်လာ ၂ ဒသမ ၃ ဘီလီယံ ချမ်းသာပြီး ကန်ဒေါ်လာ သန်း ၄၀၀ ခန့်လှူဒါန်းပေးကမ်းခဲ့သည်။

မစ္စစ်အိုပရာဝင်းဖရေးသည် ၁၉၉၂ ခုနှစ်မှစ၍လူထုဆက်ဆံရေး အမှုဆောင် အရာရှိ တစ်ဦးဖြစ်သူ စတက်မန်းဂရေဟမ်နှင့် စေ့စပ်ထားပြီး၎င်းမှာအမေရိကန်နိုင်ငံ ဒေသအများအပြားတွင် အိမ်ရာများပိုင်ဆိုင်ထားသူ ဖြစ်သည်။ *—Ref: Wikipedia*

# အမေရိကန်အနောက်ပိုင်းတွင် တောမီးများ လောင်ကျွမ်းနေသောကြောင့် လူရာပေါင်းများစွာ ဘေးကင်းရာသို့ ရွှေ့ပြောင်း



**ဒန်းဗားဂျူလိုင်-၂၀**
အမေရိကန်နိုင်ငံ အနောက်ပိုင်းပြည်နယ်များတွင် ပူပြင်းခြောက်သွေ့ပြီး လေထန်သော အခြေအနေများကြောင့် ဆက်လက်လောင်ကျွမ်းနေသော မီးများကို မီးသတ်တပ်ဖွဲ့ဝင်များ ငြိမ်းသတ်နေရပြီး ကော်လိုရာဒိုပြည်နယ်မှ ဒေသခံရာပေါင်းများစွာသည် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ကြရသည်။

ဒန်းဗာမြို့အနောက်တောင်ဘက် မိုင် ၃၀ အကွာရှိ ရော့ခ်ကီးတောင်တန်းခြေရင်းတွင်ဧက၅၀၀ မီးလောင်ကျွမ်းနေသည်ကို မီးသတ်တပ်ဖွဲ့ဝင်များက မြေပြင်နှင့်လေကြောင်းမှ ငြိမ်းသတ်နေရပြီး လူပေါင်း ၁၀၀ ကျော် ထွက်ပြေးခဲ့ရသည်။ ယင်းမီးလောင်ကျွမ်းမှုများမှာ လျှပ်စီးလက်ခြင်းများကြောင့် ဖြစ်နိုင်သည်။

ကော်လိုရာဒို ပြည်နယ်တောင်ပိုင်းရှိ ဟူယာဖန်နိုခရိုင်တွင်ဧက ၃၀၀ ကျော်လောင်ကျွမ်းနေသောမီးကြောင့် အနည်းဆုံးလူ ၁၇၅ ဦးသည် အထက်တန်းကျောင်း တစ်ကျောင်းတွင် ယာယီနေထိုင်နေရသည်။

အရီဇိုးနားပြည်နယ်ရှိ ပရက်စကော့အမျိုးသားသစ်တောအတွင်း မီးလောင်ကျွမ်းမှုကြောင့် ဧရိယာ ၁၂ စတုရန်းမိုင် ပြန့်တီးသွားပြီး ပူပြင်း၍ လေထန်သော အခြေအနေများကြောင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုးစားငြိမ်းသတ်နေရကာ အိမ်ခြေပေါင်း ၄၆၀ မှာ ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။

နယူးမက္ကဆီကိုတောင်ပိုင်းရှိ ဂီလာအမျိုးသားသစ်တောတွင်လည်း ဧရိယာစတုရန်းမိုင် ၄၇ မိုင်ခန့် မီးလောင်ကျွမ်းနေသည်။

ဂျူလိုင် ၁၄ ရက်တွင် စတင်လောင်ကျွမ်းခဲ့သော မီးသည် ပျော်ပွဲစားထွက်သူများ မီးမွှေးခဲ့ပြီး မီးကြွင်းမီးကျန် ငြိမ်းသတ်ခဲ့ခြင်းမရှိခဲ့သောကြောင့်ဖြစ်ပြီး အိမ်ခြေပေါင်း ၈၀၀ ခန့် ဘေးကင်းရာသို့ ပြောင်းရွှေ့ခဲ့ရသည်။ ကယ်လီဖိုးနီးယားတောင်ပိုင်းရှိ ဆန်ဘာနာဒီနိုအမျိုးသားသစ်တောအတွင်း စတုရန်းမိုင် ခြောက်မိုင်နီးပါး လောင်ကျွမ်းနေသောမီးကို ယခုအခါ၈၃ ရာခိုင်နှုန်းငြိမ်းသတ်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။ တောမီးများလောင်ကျွမ်းရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေသည်။

*—Ref: AP*

# ပါလက်စတိုင်းအကျဉ်းသားများ ပြန်လွှတ်ပေးမည်ဟု အစ္စရေးပြော

**ဂျေရုဆလင်ဂျူလိုင်-၂၀**
အစ္စရေးနိုင်ငံသည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီ တိုက်တွန်းထားသောငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည်အကောင်အထည် ဖော်နိုင်ရေးအတွက် ပါလက်စတိုင်း အကျဉ်းသားမြောက်မြားစွာကို လွှတ်ပေးမည်ဖြစ်ကြောင်း ကြေညာသည်။

လွှတ်ပေးမည့်အကျဉ်းသားများထဲတွင် ဆယ်စုနှစ်များစွာ အစ္စရေးနိုင်ငံ၌ ထောင်ကျနေသောအရေးကြီးသည့်ပါလက်စတိုင်းအကျဉ်းသားများလည်း ပါဝင်မည်ဖြစ်ကြောင်း အစ္စရေးနိုင်ငံတကာဆက်ဆံရေးဝန်ကြီး ယူဗယ်စတိန်းနစ်က ပြောကြားသည်။

အစ္စရေး-ပါလက်စတိုင်း ကနဦးဆွေးနွေးပွဲကိုလာမည့်သီတင်းပတ်တွင် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌ ကျင်းပမည်ဖြစ်ကြောင်း မစ္စတာဂျွန်ကယ်ရီက ဂျူလိုင် ၁၉ ရက်တွင် ကြေညာသည်။ သို့ရာတွင် မစ္စတာကယ်ရီသည် ယင်းနိုင်ငံနှစ်နိုင်ငံကြား သဘောတူရမည့်အချက်များကို ထုတ်ဖော်ပြောကြားရန် ငြင်းဆိုခဲ့သည်။

ငြိမ်းချမ်းရေးဆွေးနွေးပွဲ ပြန်လည် စတင်နိုင်ရေးအတွက် အစ္စရေးနိုင်ငံအနေဖြင့် ဝန်ကြီးချုပ်ဘင်ဂျမင်နေတန်ညာဟု ပြောကြားသော သတ်မှတ်ချက်များကို လိုက်နာခဲ့သည်ဟု အစ္စရေးနိုင်ငံတကာဆက်ဆံရေးဝန်ကြီးက ပြောကြားသည်။ အကျဉ်းသားများ လွှတ်ပေးမှုကို အဆင့်လိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။ အစ္စရေး လူ့အခွင့်အရေးအဖွဲ့ (B'Tselem)၏ မှတ်တမ်းများအရ အစ္စရေး အကျဉ်းထောင်များ၌ ပါလက်စတိုင်းအကျဉ်းသား ၄,၈၁၇ ဦး ရှိသည်ဟုသိရပြီး ပြန်လွှတ်ပေးမည့် အကျဉ်းသားအရေအတွက်ကိုမူ အတိအကျမသိရသေးချေ။ *—Ref: BBC*

7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# တရုတ်သစ်သီးဈေးသည်တစ်ဦး သေဆုံးအောင်ရိုက်နှက်ခဲ့မှု တာဝန်ရှိသူခြောက်ဦးကို ထိန်းသိမ်းစစ်ဆေး

**ဘေဂျင်း၊ဇူလိုင်-၂၀**

တရုတ်နိုင်ငံ ဟူနန်ပြည်နယ် ရှန်ကျိုးမြို့တွင် မြို့ပြဥပဒေထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များ (Urban Enforcers) ဟုခေါ်သည့် တာဝန်ရှိသူများက သစ်သီးရောင်းသည့်ဈေးသည်တစ်ဦးကို သေဆုံးအောင်ရိုက်နှက်ခဲ့မှုအတွက် သက်ဆိုင်သည့် မြို့ပြလုံခြုံရေးတာဝန်ရှိသူခြောက်ဦးကို ရဲတပ်ဖွဲ့က ထိန်းသိမ်းစစ်ဆေးနေသည်။

တိန့်ကျန်ကျားဟုခေါ်သည့် အသက်(၅၆)နှစ်အရွယ် ဈေးသည်သည် ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ရှန်ကျိုးတွင် မြို့ပြဥပဒေဝန်ထမ်းများနှင့် အချင်းများရာမှ အလေးတုံးတစ်ခုဖြင့် ထုခံခဲ့ရပြီးနောက် သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု မစ္စတာတိန့်၏တူဖြစ်သူကို ကိုးကား၍ နိုင်ငံပိုင်ဆင်ဟွာသတင်းတွင် ဖော်ပြသည်။ ထိန်းသိမ်းထားသည့် လူခြောက်ဦးကို တမင်ရည်ရွယ်ကာ သူတစ်ပါးအပေါ် ထိခိုက်နာကျင်အောင် လုပ်ဆောင်မှုဖြင့် ထိန်းသိမ်း စစ်ဆေးနေကြောင်း သတင်းတွင်ဆိုသည်။ အဆိုပါမြို့ပြဥပဒေထိန်းသိမ်းရေးတပ်ဖွဲ့ဝင်များကို တရုတ်နိုင်ငံတွင် မြို့ကြီးများ၌ ရဲတပ်ဖွဲ့အတွက် မှုခင်းအသေးအမွှားများကို ကိုင်တွယ်ဖြေရှင်းရာ၌ အထောက်အကူဖြစ်အောင်ဖွဲ့စည်းထားခြင်းဖြစ်သော်လည်း တရုတ်ပြည်သူများကြားထဲတွင် ၎င်းတို့ကို မတရားအနိုင်ကျင့်သူများ၊ လုယက်တတ်သူများအဖြစ် မှတ်ယူထားကြကြောင်း လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW)မှ တရုတ်နိုင်ငံဆိုင်ရာ ဒါရိုက်တာ ဆိုဖီရစ်ချက်ဆန်က ယမန်နှစ်က ထုတ်ပြန်သော အဖွဲ့၏ အစီရင်ခံစာတစ်စောင်တွင် ဖော်ပြခဲ့သည်။

ယခုဖြစ်စဉ်မှာ ရှန်ကျိုးမြို့ လင်ဝူခရိုင်တွင် သေဆုံးသူတိန့်နှင့် ၎င်း၏ဇနီးတို့သည် ခြံထွက်ဖရဲသီးများကို ဈေးရောင်းချခွင့်လိုင်စင်မရှိဘဲ မြစ်ကမ်းနားအနီး ရောင်းချရန်ကြိုးစားစဉ် မြို့ပြတပ်ဖွဲ့ဝင်များနှင့် အငြင်းပွားပြီး ဖရဲသီးလေးလုံးကို ၎င်းတို့က လုယူထားရာမှ ကိုယ်ထိလက်ရောက်ပြဿနာဖြစ်ပွားကာ ရန်ဖြစ်ခဲ့ကြရာ တိန့်မှာ နေရာတွင်ပင် လဲကျသေဆုံးသွားခြင်းဖြစ်သည်။ ဈေးသည်တိန့်၏ သေဆုံးမှုမှာ တရုတ်နိုင်ငံတွင်း လူမှုကွန်ရက်ဝက်ဘ်ဆိုက်များတွင် ချက်ချင်းသတင်းပြန့်သွားခဲ့ပြီး ပြည်သူများအကြား ဒေါသဖြစ်ကာ မြို့ပြဝန်ထမ်းများကို ပြင်းထန်စွာရှုတ်ချခဲ့ကြသည်။ ချင်ကွမ်းဟုခေါ်သည့် အဆိုပါဝန်ထမ်းများကို ဆန့်ကျင်ကန့်ကွက်ဆန္ဒပြမှုတစ်ခုလည်း ဗုဒ္ဓဟူးနေ့က လင်ဝူခရိုင်တွင် ဖြစ်ပေါ်ခဲ့သည်။

တရုတ်နိုင်ငံ ကွီကျိုးပြည်နယ်တွင် ၂၀၁၁ ကလည်း ကိုယ်အင်္ဂါမသန်စွမ်းသည့် လမ်းဘေးဈေးသည်တစ်ဦးကို ဒေသခံချင်ကွမ်းများက ဝိုင်းဝန်းအနိုင်ကျင့် ရိုက်နှက်မှုကြောင့် ထိုဈေးသည် သေဆုံးခဲ့ရာ ပြည်သူများ၏ ဒေါသတကြီး ဆန္ဒပြကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့ရသည်။

*—Ref: BBC*



AFP

*ဟူနန်ပြည်နယ် လင်ဝူခရိုင်မှ မြို့ပြဥပဒေထိန်းသိမ်းရေးအဖွဲ့ဝင်များ၏ ရိုက်နှက်မှုကြောင့် သေဆုံးခဲ့ရသော သစ်သီးရောင်းသည့်ဈေးသည် တိန့်ကျန်ကျား၏ရုပ်အလောင်းကို စောင့်ကြပ်ပေးနေသူများ*




# ဘရုစ်လီကွယ်လွန်ခြင်း နှစ်(၄၀)ပြည့်ပြပွဲ ဟောင်ကောင်တွင်ပြုလုပ်

**ဟောင်ကောင်၊ဇူလိုင်-၂၀**

ကွန်ဖူးပညာအခြေခံဇာတ်ကားများဖြင့် ကမ္ဘာကျော်လူကြိုက်များခဲ့သည့် ကွယ်လွန်သူဟောင်ကောင်မင်းသား ဘရုစ်လီ သေဆုံးသည့် နှစ်(၄၀)ပြည့် အထိမ်းအမှတ်အဖြစ် ဟောင်ကောင်အစိုးရသည် ဘရုစ်လီဖောင်ဒေးရှင်းနှင့် ပူးပေါင်းကာ အမှတ်တရပြပွဲတစ်ခု ပြသခဲ့သည်။

စူပါစတားမင်းသား ဘရုစ်လီသေဆုံးသည့်နှစ်(၄၀)ပြည့်ဖြစ်သော ဇူလိုင် ၂၀ ရက်တွင် "ဘရုစ်လီ-ကွန်ဖူး၊ အနုပညာ၊ ဘဝ" "Bruce Lee: Kung Fu, Art, Lift"ဟု အမည်ရသည့်ပြပွဲကို ဘရုစ်လီ၏ နာမည်ကျော် Game of Death ဇာတ်ကားထဲမှ ၎င်းဝတ်ဆင်ခဲ့သော အဝါရောင်အားကစားဝတ်စုံ အပါအဝင် အမှတ်တရပစ္စည်း ခြောက်ရာကျော် ခင်းကျင်းပြသခဲ့သည်။ ပြပွဲတွင် ပြသခဲ့သော အမှတ်တရများတွင် ဘရုစ်လီ၏ ၃ ဒသမ ၅ မီတာမြင့်သော ရုပ်တု၊ ဗီဒီယိုများ၊ ရုပ်ရှင်များတွင် ဝတ်ခဲ့သော အဝတ်အစားများ၊ ဓာတ်ပုံများ ပါဝင်ခဲ့သည်။ ဆန်ဖရန်စစ္စကိုမြို့တွင် မွေးဖွားခဲ့သော်လည်း ဟောင်ကောင်တွင်ကြီးပြင်းခဲ့သူ ဘရုစ်လီသည် အသက်(၃၂)နှစ်အရွယ်တွင် အကိုက်အခဲပျောက်ဆေးများနှင့် မတည့်သည့် အလားဂျစ်ရောဂါကြောင့် ရုတ်တရက်သေဆုံးခဲ့ရသည်။ နောက်ဆုံးရုပ်ရှင် Enter The Dragon မှာ ၎င်းသေဆုံးပြီး ခြောက်ရက်အကြာ၌ ရုံတင်ခဲ့ခြင်းဖြစ်ကာ ဘရုစ်လီ၏ အအောင်မြင်ဆုံးဇာတ်ကားများထဲမှ တစ်ကားဖြစ်ခဲ့သည်။

ဘရုစ်လီ အမှတ်တရပွဲနှင့်ပတ်သက်၍ ဘရုစ်လီဖောင်ဒေးရှင်းဥက္ကဋ္ဌလည်းဖြစ်သူ သမီး ရှန်နွန်လီက "လူတော်တော်များများဟာ ကျွန်မအဖေနဲ့ ပတ်သက်ရင် သူ့ရဲ့သိုင်းပညာကျွမ်းကျင်မှုကိုပဲ သိကြတာများတယ်။ ဒီပြပွဲကတော့ သူ့ရဲ့ပိုပြည့်စုံတဲ့ ပုံရိပ်ကို ပြသဖို့ ကူညီပေးနိုင်မှာပါ"ဟု ပြောသည်။ ဘရုစ်လီသည် ရုပ်ရှင်၊ သိုင်းပညာတို့အပြင် စာရေးခြင်းနှင့် ကဗျာရေးခြင်းတို့ကိုလည်း ဝါသနာပါပြီး ပြပွဲတွင် ၎င်း၏စာများ၊ ကဗျာအရေးအသားများကိုလည်း ပြသခဲ့သည်။

*—Ref: AP*

# Entertainment

7DAY NEWS JOURNAL

Vol.12, No.20 • JULY 24 , 2013


# “ကျွန်တော် ပေါ့ပ်ဆိုတဲ့အဆိုတော်တစ်ယောက်အဖြစ်ပဲ ခံယူလိုက်ပါတယ်”

## ရဲရင့်အောင်နှင့်တွေ့ဆုံခြင်း

**ဖွဲ့ညက်**

ဆယ်ကျော်သက်လူငယ်ပရိသတ်များအကြား အထူးသဖြင့် တက္ကသိုလ်ကျောင်းသားလူငယ်များကြားမှာ “လွမ်းလွန်းလို့” ဆိုတဲ့သီချင်းဟာ အခုရက်ပိုင်းအတွင်းမှာ အလွန်ရေပန်းစားနေပါတယ်။ ဒီသီချင်းပိုင်ရှင် ရဲရင့်အောင်ကတော့ ပရိသတ်နဲ့စိမ်းတဲ့သူမဟုတ်ပါဘူး။ ၂၀၀၉ခုနှစ်နှစ်ကုန်ပိုင်းက “ငါ့နေရာ”ဆိုတဲ့ သီချင်းနဲ့ အွန်လိုင်းပရိသတ်တွေကြား အောင်မြင်ခဲ့ပြီးတဲ့နောက် ၂၀၁၁နှစ်ဦးပိုင်းမှာ အဲဒီသီချင်းကိုပဲ ပုံစံအသစ်ပြောင်းသီဆိုခဲ့ပြီး အမ်တီဗီထွက်ရှိလာတဲ့အခါမှာ လူငယ်ပရိသတ်အခိုင်အမာရရှိခဲ့ပါတယ်။ တစ်ကိုယ်တော်စီးရီးမထွက်ရှိနိုင်သေးပေမယ့်လည်း လက်ရှိမှာ “လွမ်းလွန်းလို့၊ VIP, No More Cry” သီချင်းတွေနဲ့ ပရိသတ်အားပေးမှုတွေရရှိနေတဲ့ ရဲရင့်အောင်ကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**“ငါ့နေရာ”သီချင်းကြောင့် ရဲရင့်အောင်ဖြစ်လာတယ်လို့ပြောလို့ရမလား။**

ဟုတ်။ ရတယ်ဗျ။ ‘ငါ့နေရာ’ ကြောင့် ရဲရင့်အောင်ဖြစ်လာတာပါ။ ‘ငါ့နေရာ’ကြောင့် ရဲရင့်အောင်ကို လူတွေသိလာကြတာပါ။

**ရဲရင်အောင်ဖြစ်လာဖို့ ဘယ်လိုမျိုးကိုယ်ပိုင်ဖန်တီးမှုတွေနဲ့ ကြိုးစားအားထုတ်ခဲ့ရလဲ။**

ကျွန်တော်နာမည်မကြီးခင်ကတည်းက သူများနဲ့မတူချင်ဘူး။ ကျွန်တော့်သီချင်းတွေကို ပြည်တွင်းက တခြားစီနီယာတွေရောတန်းတူရော၊ တခြားလူတွေနဲ့ လုံးဝကိုမတူချင်ဘူး။ ကျွန်တော်ထင်တာကတော့ သူများနဲ့မတူအောင်လုပ်လို့ပဲ ကွဲထွက်သွားတယ်ထင်တယ်။

**အွန်လိုင်းမှာပဲ သီချင်းတွေ တင်ဖြစ်တယ်ဆိုတော့ အဲဒီအကြောင်းကိုပြောပြပေးပါလား။**

သီချင်းစလုပ်တဲ့အချိန်က စပြီး ‘ငါ့နေရာ’ထွက်ပြီးတဲ့နောက်ပိုင်းအထိကို အခုအချိန်ထိလည်း သီချင်းတွေကို အွန်လိုင်းမှာပဲ တင်နေတုန်းပါပဲ။ အရင်တုန်းကကျတော့ လူမသိလို့ လူသိအောင် ကျွန်တော်ဖန်တီးထားတာလေးတွေ တင်ဖြစ်တယ်။ အခုကျတော့ ပရိသတ်တွေကိုလက်ဆောင်ပေးတဲ့ အနေနဲ့တင်ဖြစ်တယ်။

**အွန်လိုင်းမှာ သီချင်းတွေတင်ဖြစ်တာက ဘယ်လို အကျိုးသက်ရောက်မှုတွေရရှိခဲ့လဲ။ ပရိသတ်ဆီကဝေဖန်မှုတွေရောရရှိဖူးလား။**

အရင်တုန်းကဆိုရင်လူသိသွားတယ်။ ကိုယ့်သီချင်းကိုလူတွေ သတိထားမိသွားတယ်။ သီချင်းတင်ရုံနဲ့ ရဲရင့်အောင်ကိုတော့သိတယ်၊ လူပုံစံကိုတော့ မသိဘူး။ အခုကျတော့ ပရိသတ်တွေကို လက်ဆောင်ပေးတဲ့အခါ ကြိုက်ကြတယ်။ အဲဒီလိုမျိုးပြန်ကြားရတယ်။

စာ(၄၁)သို့



ဓာတ်ပုံ-နစ်ဇင်

# ကျောင်းသုံးပစ္စည်းတွေလှူဒါန်းဖို့ ဖျော်ဖြေပွဲမှာ ပရိသတ်များကို တောင်းဆိုလိုက်တဲ့ B1A4 အဖွဲ့

**ဆိုးလ်၊ ဇူလိုင်-၁၉**

ကေပေါ့ပ်လူငယ်အဆိုတော်များအဖွဲ့တစ်ဖွဲ့ဖြစ်သော B1A4 အဖွဲ့သည် ကောင်းမှုကုသိုလ်များလုပ်ရန် ဆိုးလ်မြို့၌ ကျင်းပသည့် ၎င်းတို့၏ ဖျော်ဖြေပွဲ၌ ပရိသတ်များအား တိုက်တွန်းလိုက်သည်။

လာမည့် ဩဂုတ်လ ၇ ရက်မှ ၁၁ ရက်အထိ ကျင်းပမည့် B1A4 အဖွဲ့၏ တစ်ကိုယ်တော် ဖျော်ဖြေပွဲများတွင် ပရိသတ်များအနေဖြင့် ၎င်းချစ်သော အနုပညာရှင်အဖွဲ့သားများကို ပန်းစည်းများပေးမည့်အစား ကျောင်းသုံးပစ္စည်းများ လှူဒါန်းရန် B1A4 အဖွဲ့သားများက မေတ္တာရပ်ခံလိုက်သည်ဟု WM Entertainment က ဇူလိုင် ၁၉ ရက်တွင် ကြေညာခဲ့သည်။

CJ Entertainment ကုမ္ပဏီနှင့် ပရဟိတလုပ်ငန်းများ ပူးပေါင်းလုပ်ကိုင်လျက်ရှိသော B1A4 အဖွဲ့သည် ဆင်းရဲချို့တဲ့သော ကျောင်းနေကလေးသူငယ်များအတွက် လေ့ကျင့်ခန်းစာအုပ်များ၊ စာရေးကိရိယာများနှင့် စာသင်ခန်းသုံးပစ္စည်းများလှူဒါန်းရန် ရည်ရွယ်လျက်ရှိသည်။ ထို့ကြောင့် လာမည့် ဩဂုတ်လဖျော်ဖြေပွဲ၌ ၎င်းတို့နှင့်အတူ ကုသိုလ်ပါရမီဖြည့်ရန် ပရိသတ်များအား မေတ္တာရပ်ခံလိုက်သည်။ “ကျွန်တော်တို့ကို ချစ်လို့ ပန်းစည်းတွေ ပေးတာကို ကျေးဇူးအများကြီးတင်ပါတယ်။ အဲဒါထက် တကယ်လိုအပ်နေတဲ့ ကလေးတွေကို ထောက်ပံ့ပေးလိုက်မယ်ဆိုရင် ပိုပြီးတော့ အဓိပ္ပာယ်ရှိလာမယ်လို့ ထင်ပါတယ်” ဟု B1A4 အဖွဲ့သားများက ပြောသည်။

B1A4 အဖွဲ့သည် O.K သီချင်းဖြင့် ၂၀၁၁ ခုနှစ်တွင် ကေပေါ့ပ်လောကသို့ ဝင်ရောက်ခဲ့သည့် အသက် ၂၀ ဝန်းကျင်လူငယ်ငါးဦးပါ အဖွဲ့တစ်ဖွဲ့ဖြစ်သည်။

—Ref: KpopStarz






7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# ကော်ရီမွန်တိတ်ကွယ်လွန်မှုကြောင့် သီတင်းတစ်ပတ် နောက်ဆုတ်လိုက်သည့် ' Glee Season 5 '

**လော့စ်အန်ဂျလိစ်၊ ဇူလိုင်-၂၀**

ငါးကြိမ်မြောက် Glee ဇာတ်လမ်းတွဲရာသီသစ် ပွဲဦးထွက် ဖျော်ဖြေတင်ဆက်မှုကို Glee ဇာတ်ဆောင် ကော်ရီမွန်တိတ် ကွယ်လွန်မှုကြောင့် သီတင်းပတ်တစ်ပတ်ခန့် ရွှေ့ဆိုင်းလိုက်သည်။

စက်တင်ဘာလ ၁၉ ရက်တွင် ထုတ်လွှင့်တင်ဆက်ရန် စီစဉ်ထားသော Glee တေးဂီတဇာတ်မြူးပြသမှုကို စက်တင်ဘာလ ၂၆ ရက်သို့ ပြောင်းရွှေ့သတ်မှတ်လိုက်သည်။ ဇူလိုင်လ ၁၃ ရက်က ဟိုတယ်ခန်းတစ်ခန်း၌ အရက်နှင့် မူးယစ်ဆေးဝါး အလွန်အကျွံသုံးစွဲမှုဖြင့် ကွယ်လွန်ခဲ့သည့် Glee သရုပ်ဆောင် ကော်ရီမွန်တိတ်ကြောင့် စက်တင်ဘာ ၁၉ ရက် ထုတ်လွှင့်ရမည့် အစီအစဉ်ကို ၂၆ ရက်သို့ ရွှေ့ပြောင်းလိုက်ရခြင်းဖြစ်သည်ဟု Glee ဇာတ်လမ်းတွဲ ထုတ်လုပ်သည့် 20th Century Fox နှင့် Fox ရုပ်သံကုမ္ပဏီတို့က ကြေညာခဲ့သည်။

အသက်၃၁နှစ်တွင်ကွယ်လွန်သော Glee သရုပ်ဆောင် ကော်ရီမွန်တိတ်သည် အသက် ၁၉ နှစ် အရွယ်ကလည်း မူးယစ်ဆေးဖြတ်ရန်အတွက် ပြန်လည်ထူထောင်ရေးစခန်းသို့ ရောက်ရှိခဲ့ပြီး ယခုနှစ် မတ်လတွင်လည်း ပြန်လည်ထူထောင်ရေးစခန်းသို့ ကိုယ်တိုင်သွားရောက်ကာ ဆေးဖြတ်ခဲ့သည်ဟု မီဒီယာများက ဖော်ပြသည်။ ကော်ရီမွန်တိတ်နှင့် ရင်းနှီးသော Glee သရုပ်ဆောင်များက ကော်ရီသည် ဆေးစွဲနေသူတစ်ဦးဖြစ်သော်လည်း Glee သရုပ်ဆောင် အလုပ်အပေါ် မည်သည့်အခါမျှ ထိခိုက်မှုမရှိစေအောင် ကြိုးစားသည့် သရုပ်ဆောင်တစ်ဦးဖြစ်သည်ဟု ပြောကြားကြသည်။

—Ref: XinMSN





# ဗိုလ်ချုပ်ရုပ်ရှင်ဖြစ်မြောက်ရေးရုံးခန်းတွင် အာဇာနည်နေ့ဆွမ်းကျွေး

**ဖွဲ့ညက်**

**ရန်ကုန်**-(၆၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးရုံးခန်းတွင် အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူး၍ အလှူဒါနပြုလုပ်ကာ အမျှအတန်းပေးဝေခဲ့သည်။

ဇူလိုင် ၁၉ ရက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျဆုံးသွားသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးလျက် သံဃာတော်သုံးပါးကို ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ သင်္ကန်းကပ်လှူခြင်းများပြုလုပ်ကာ အမျှအတန်းပေးဝေခြင်းဖြစ်ကြောင်း ထွန်းအိန္ဒြာဗိုက ပြောသည်။

"ရုံးခန်းဖွင့်လှစ်ပြီး ဒါက ဒုတိယအကြိမ်ပါ"ဟု ၎င်းကဆိုသည်။

ယင်းအလှူကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်ဖြစ်မြောက်ရေးအဖွဲ့က ပြုလုပ်ခြင်းဖြစ်ပြီး အဖွဲ့ဝင်များဖြစ်သည့် ဦးသူရ၊ ဦးဇင်ဝိုင်း၊ ဦးလူမင်း၊ ဒါရိုက်တာမောင်မျိုးမင်း၊ ဒါရိုက်တာမင်းထင်ကိုကိုကြီး၊ ဒါရိုက်တာဝိုင်း၊ ဒါရိုက်တာကြည်ဖြူသျှင်၊ ဝေဠုကျော်နှင့် အခြားအဖွဲ့ဝင်များလည်း တက်ရောက်ခဲ့ကြောင်း ထွန်းအိန္ဒြာဗိုကပြောသည်။

အလှူအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ရှင်အတွက် ဇာတ်ညွှန်းပိုင်းဆိုင်ရာကိစ္စများ ဆက်လက်ဆွေးနွေးဖြစ်ခဲ့သည်ဟု ၎င်းကဆိုသည်။









စာမျက်နှာ(၃၉)မှ

## ရဲရင့်အောင်နှင့် တွေ့ဆုံခြင်း

ပရိသတ် အစစ်တွေက တော့ သူတို့ကြိုက်တဲ့ဟာကို ကြိုက်တယ်။ ဘာကြောင့်ကြိုက်တယ်ဆိုတာကိုပြောတယ်။ မကြိုက်တဲ့ဟာဆိုရင်လည်း ဘာကြောင့်မကြိုက်ဘူး။ ပရိသတ်က မကောင်းဘူးပြောတာကလည်း ကျွန်တော်အတွက် ကောင်းဖို့ပဲလေ။ ဒါပေမဲ့ တချို့ကျတော့ ပရိသတ်မဟုတ်ဘူး။ ဘာလုပ်လုပ်အကောင်းမမြင်တဲ့လူတွေရှိတယ်။ အဲလိုမျိုးလည်း ကြုံဖူးတယ်။

**အွန်လိုင်းမှာ 'ငါ့နေရာ' သီချင်းတင်တုန်းက တစ်နေ့မှာ ရဲရင့်အောင်လို့တကယ် Mainstream ပေါ်မှာရပ်တည်နိုင်မယ့် အဆိုတော်တစ်ယောက်ဖြစ်သွားနိုင်မယ်လို့ အတွေးဝင်ခဲ့ဖူးလား။**

အဲလိုတော့ မတွေးဘူးဗျ။ ကျွန်တော် 'ငါ့နေရာ' သီချင်း Record လုပ်တော့ ဒီသီချင်းလေးကမြန်မာနိုင်ငံကပရိသတ်လက်ခံလောက်တယ်လို့ပဲ မှန်းထားတာပါ။ အဲဒီလိုကြီး ရဲရင့်အောင်ဖြစ်လာမယ်လို့တော့ မစဉ်းစားမိပါဘူး။ အဲဒီ သီချင်းတင်တဲ့အချိန်ကလည်း ကျွန်တော်ဒီလောကထဲစရောက်ခါက ဆယ်တန်းအောင်စဆိုတော့ နည်းနည်းကလေးဆန်တယ်လို့လည်းပြောလို့ရတယ်။ လူကလည်းငယ်သေးတယ်။ စိတ်ကလည်းကလေး ဆန်သေးတယ်။ သီချင်းပုံစံကလည်းကလေးဆန်တယ်။ အဲဒီလို ကလေးဆန်တဲ့သီချင်း ပုံစံလေးပဲဖြစ်ခဲ့တာ။

**အဲဒီသီချင်းကိုပဲ 'ချစ်တယ် မုန်းတယ်' မှာပုံစံအသစ်ပြောင်းပြီးဆိုခဲ့တယ်။ ပရိသတ်ကလည်းအားပေးခဲ့တယ်ဆိုတော့ ရဲရင့်အောင်အနေနဲ့ရော ဘယ်သီချင်းပုံစံကို ပိုကြိုက်လဲ။**

ပွင့်ပွင့်လင်းလင်းပြောရရင် ကျွန်တော်က 'ငါ့နေရာ' သီချင်းကို မကြိုက်ဘူး။ မကြိုက်ဘူးဆိုတာဆိုရတာ ခုနောက်ပိုင်းအဆင်မပြေဘူး။ အကြိုက်ကြီးရယ်တော့ မဟုတ်ဘူး။ အားလုံးထဲမှာ ဘယ်ဟာကို အကြိုက် ဆုံးလဲ ဆို ရင်လည်းတစ်ခုမှ စိတ်တိုင်းမကျဘူး။ ဘယ်သီချင်းကိုမှလည်း ပိုကြိုက်သွားတာမရှိဘူး။ ပုံစံသစ်ပြောင်းထားတာလည်း သူ့ဟာနဲ့သူတော့ ကောင်းပါတယ်။ ဒါပေမဲ့ အရမ်းအကြိုက်ကြီးထဲမှာမပါဘူး။

**သားသားနဲ့နှစ်ယောက်ပေါင်းပြီး ထွက်ခဲ့တဲ့ 'အမုန်းဒိုင်ယာရီ' ခွေအကြောင်းကိုလည်းပြောပြပေးပါဦး။**

အမုန်းဒိုင်ယာရီက ကျွန်တော်တို့ မှန်းထားတာထက်ပိုတယ်။ အဲဒီအခွေထွက်တုန်းက ကြော်ငြာအားမကောင်းခဲ့ဘူး။ ဘုတ်တွေလည်း မထောင်နိုင်ခဲ့ဘူး။ ဒါပေမဲ့ပရိသတ်တွေက အားပေးတယ်။ ပထမတစ်ခေါက်စီဒီခုတ်ထားတာတင် ရပ်သွားမယ်ထင်တာ။ နောက်ထပ်တစ်ထောင်တစ်ထောင်နဲ့ သုံးလေးခါလောက်ထပ်လုပ်ခဲ့ရတယ်။ ဘယ်လောက်လဲတော့ အတိအကျမမှတ်မိတော့ဘူး။ အဲဒီကရတဲ့ အနုပညာကြေးနဲ့လည်း ပရိသတ်ကိုပြန်ပေးနိုင်အောင် သုံးထားပါတယ်။ ဗီစီဒီကိုလည်း စက်တင်ဘာလောက်ထွက်မယ်။ အဲဒီမှာ VIP သီချင်းကိုလည်း Bonus အနေနဲ့ ထည့်ပေးဖို့လုပ်ထားတယ်။

**ဖျော်ဖြေပွဲတွေမှာရော ပရိသတ်တွေက ဘယ်သီချင်းတွေကိုတောင်းတာများလဲ။**

ပရိသတ်နဲ့ကျွန်တော်နဲ့သဟဇာတဖြစ်ပြီးဆိုလို့ရတာတွေက လွမ်းလွန်းလို့ ဆိုရင်ဆိုလို့အဆင်ပြေတယ်။ ပရိသတ်တွေလည်း သိတယ်။ မြူးလည်းမြူးတယ်။ ပြီးတော့ ကျွန်တော် ဆိုနေကျ အမုန်းဒိုင်ယာရီခွေထဲက 'အချစ်အိပ်မက်' ရှိမယ်။ အဲဒါဆိုရင်လည်းကြိုက်ကြတယ်။ အခုနောက်ပိုင်း VIP ကိုပါဆိုဖြစ်တယ်။

**ဖျော်ဖြေပွဲတွေမှာရောအခက်အခဲတွေကြုံရဖူးလား။ ပရိသတ်အတွက် ပါဖောမန့်ကိုရော ဘယ်လိုစိတ်ဝင်စားအောင်တင်ဆက်ဖြစ်လဲ။**

ပါဖောမန့်ပိုင်းမှာတော့ အခက်အခဲမရှိဘူး။ တစ်ခါတလေ စင်ပေါ်မှာဆိုနေတဲ့အချိန်မောနီတာကနေ ကိုယ့်အသံကိုပြန်မကြားရတာတော့ရှိတယ်။ ကိုယ့်အသံကိုမကြားရတော့ ကိုယ်ဆိုနေတာလွဲနေလား၊ မလွဲဘူးလား မသိဘူးပေ့ါ။ အဲဒီတစ်ခုပါပဲ။ ပါဖော့မန့်ကိုတော့ အရင်ကစဉ်းစားတာက Dancer တွေနဲ့လုပ်ဖို့ပေါ့။ ဒါပေမဲ့ အဆင်မပြေတော့ တစ်ယောက်တည်းပဲ လုပ်ဖြစ်တယ်။ ပရိသတ်ကို တစ်ပွဲနဲ့တစ်ပွဲမတူရအောင် ကျွန်တော့်ပုံစံတွေဖက်ရှင်တွေကို အမျိုးမျိုးပြောင်းလဲပြီးတင်ဆက်ပါတယ်။

**ရဲရင့်အောင်ရဲ့ သံစဉ်တွေ၊ သီချင်းတွေအပေါ်မှာ တချို့ကတော့ နလွန်းတယ်။ အရှုံးပေးလွန်းတယ်လို့ဝေဖန်ကြတယ်။ အဲဒီအပေါ်မှာရော ဘာပြောချင်လဲ။**

'အမုန်းဒိုင်ယာရီ' ထွက်ခါစအထိတော့ အဲလိုဝေဖန်တာကို လက်ခံပါတယ်။ အဲဒီအချိန်အထိ ကျွန်တော်ဆိုခဲ့တဲ့ သီချင်းတွေအကုန်လုံးက အသည်းကွဲတာမျိုးတွေများတယ်။ နည်းနည်းနုတယ်ပေ့ါ။ ဒါပေမဲ့လည်း ဘာမှ ရည်ရွယ်ချက်မပါပါဘူး။ အဲဒီလိုပုံစံမျိုးခံစားဖြစ်လို့ အဲဒီလိုမျိုးရေးဖြစ်တာပါ။ အခုနောက်ပိုင်းမှာ ဆိုရင်တော့ ပုံစံမျိုးစုံလုပ်ထားတယ်။ ကျွန်တော်တစ်ကိုယ်တော်ခွေထဲမှာလည်း ကြမ်းတာတွေပါလာမှာပါ။

**'ငါ့နေရာ' တုန်းကလည်း အားမရခဲ့ဘူးဆိုတော့ အခုလုပ်နေတဲ့ တစ်ကိုယ်တော်ခွေထဲမှာရော ရဲရင့်အောင်အားရတဲ့ သီချင်းတွေပါလာမှာလား။**

'အမုန်းဒိုင်ယာရီ' အထိကတော့ ကျွန်တော့် သီချင်းတွေကို အားမရခဲ့ပါဘူး။ ဒါပေမဲ့ အခုနောက်ပိုင်း 'လွမ်းလွန်းလို့' 'VIP' တို့လုပ်တဲ့အခါမှာ ထွက်လာဖို့လည်း အရမ်းကြာခဲ့တယ်။ သွင်းလိုက် ပြန်ချိန်းလိုက်နဲ့ကျွန်တော်နားနဲ့ အားရတဲ့အချိန်ကျမှ ပရိသတ်လက်ထဲကို ထည့်ခဲ့တယ်။ အခုတစ်ကိုယ်တော်ခွေကိုလည်း ကျွန်တော် သေသေချာချာအားရမှ ပရိသတ်လက်ထဲကိုထည့်မှာပါ။

**သီချင်းတစ်ပုဒ်ကို ကြိုက်တဲ့ မကြိုက်တဲ့ ခံစားမှုတွေကအသက်အရွယ်ကြောင့်ရော ပြောင်းလဲသွားမယ်လို့ထင်လား။**

အများကြီးပါပါတယ်။ ကျွန်တော်အရင်က နားမလည်ဘူး။ ရှေ့က စီနီယာတွေပြောသလို အသက်အရွယ်ကြောင့် သူတို့ရဲ့ သီချင်းပုံစံတွေပြောင်းလဲသွားတယ်ဆိုတာကို နားမလည်ဘူး။ အခုတော့ ကျွန်တော်လည်း ကြုံတွေ့နေရပါပြီ။ အသက်အရွယ်ကြောင့် အရင်က မကြိုက်ခဲ့တဲ့ Music ပုံစံမျိုးတွေလည်းကြိုက်နေတယ်။ အဲဒီလိုမျိုးတွေလည်းလုပ်ဖြစ်တယ်။

**၂၀၁၃ခုနှစ်မှာရော ဘယ်လိုဂီတပုံစံတွေပြောင်းလဲသွားဖို့ရှိလဲ။**

ကျွန်တော် Pop ဆိုတဲ့အဆိုတော် တစ်ယောက်အဖြစ်ပဲ ကျွန်တော်ခံယူလိုက်ပါတယ်။ R&Bလို့လဲအစစ်ကြီးမဟုတ်ပါဘူး။ ဒါပေမဲ့ နိုင်ငံတကာမှာလည်း Pop ဆိုပေမဲ့လည်း Hip Hopလည်းလုပ်တဲ့ လူတွေရှိပါတယ်။ အဲဒီလိုပဲ ကျွန်တော်လည်း Pop ဆိုတဲ့အဆိုတော်လို့ သတ်မှတ်ထားတယ်။ ဒါပေမဲ့ Hip Hop ဆန်တဲ့ ဂီတဘက်ကိုပဲ သွားမှာပါ။

**အခုနောက်ပိုင်း စတူဒီယိုမှာ ဒိတ်ယူရတာအရမ်းကျပ်တယ်လို့ပြောကြတယ်။ ဒါကြောင့် အဆိုတော်တွေက Home Studio တွေလုပ်လာကြတယ်။ ရဲရင့်အောင်မှာရော အစီအစဉ်ရှိလား။**

ကိုယ်ပိုင် စတူဒီယိုဆိုတာကတော့ စီးပွားဖြစ်Record လုပ်လို့ရတဲ့အထိ လုပ်ဖို့အစီအစဉ်တော့မရှိဘူး။ အခုအိမ်မှာရေးထားတဲ့ သီချင်းတွေကို သွင်းလို့ရအောင် Home Studio အနေနဲ့လုပ်ဖို့ ပစ္စည်းတွေမှာထားတာတော့ရှိတယ်။ မရောက်သေးလို့ အခု Record လုပ်ဖြစ်တာကတော့ ကျွန်တော့် သူငယ်ချင်းဆီမှာပဲ လုပ်ဖြစ်တယ်။

**အခု Mainstream ထဲမှာဆိုရင်ရော ဘယ်သူနဲ့တွဲပြီး သီချင်းတွေလုပ်ချင်လဲ။ လုပ်ရောလုပ်ဖြစ်လား။**

အဲလိုကြီးတော့ မရှိပါဘူး။ ကျွန်တော်က ကျွန်တော်တို့ G3အဖွဲ့က လူတွေနဲ့တောင် သီချင်းသိပ်မလုပ်ဖြစ်ဘူး။ တစ်ယောက်တည်းလုပ်ရတာကိုပိုကြိုက်တယ်။ လွတ်လပ်လို့ပေ့ါ။ ဒါပေမဲ့ အခုနောက်ထွက်မယ့် အတွဲခွေတွေထဲမှာ ကျွန်တော့်စီနီယာတွေနဲ့ တွဲဆိုထားတာတွေရှိပါတယ်။ ဘယ်သူနဲ့တွဲဆိုထားတယ်ဆိုတာကို ထွက်လာမှပဲ ပရိသတ်ကိုသိစေချင်ပါတယ်။

**ရဲရင့်အောင်ရဲ့ ပရိသတ်တွေထဲမှာ ဆယ်ကျော်သက်အရွယ်တက္ကသိုလ်ကျောင်းသားလူငယ်တွေများတယ်။ ကိုယ်တိုင်ကလည်း ကျောင်းသားလူငယ်ဖြစ်တော့ သူတို့ကိုဘယ်လိုသတင်းစကားပါးချင်ပါသလဲ။**

ကျွန်တော့်သီချင်းတွေကို အားပေးတဲ့ အထူးသဖြင့် လူငယ်ပရိသတ်တွေကို ကျွန်တော်နောက်ထပ်သီချင်းသစ်တွေလုပ်နေတယ် လုပ်နေတဲ့ ခွေထဲမှာဆိုရင် လူငယ်ကို Target ထားတာရှိတယ်။ လူလတ်ပိုင်းကို Target ထားတာရှိတယ်။ နောက်ပြီးတော့ ဖြစ်ပျက်နေကျတဲ့ပုံစံတွေအပြင် သုတရသပါတဲ့ သီချင်းပုံစံတွေလုပ်ထားတယ်လို့ပြောချင်ပါတယ်။

**ကျေးဇူးတင်ပါတယ်။** ။

## TOP 10 MOVIES IN AMERICA

### ယခုတစ်ပတ်အတွင်း အမေရိကန်တွင်ဝင်ငွေအကောင်းဆုံး ရုပ်ရှင်ကားများ

| စဉ် | ဇာတ်ကားအမည် | ဖြန့်ချိသည့်ကုမ္ပဏီ | စုစုပေါင်းဝင်ငွေ (ကန်ဒေါ်လာ) | ပြသသည့် ရက်သတ္တပတ်ပေါင်း |
|---|---|---|---|---|
| ၁။ | Despicable Me 2 | Universal Pictures | ၂၂၈,၃၇၇,၀၀၀ | ၂ |
| ၂။ | Grown Ups 2 | Sony Pictures & Columbia Picture | ၄၁,၅၀၈,၆၀၀ | ၁ |
| ၃။ | Pacific Rim | Warner Bros.Pictures | ၃၇,၂၈၅,၃၀၀ | ၁ |
| ၄။ | The Heat | 20th Century Fox | ၁၁၂,၃၆၆,၀၀၀ | ၃ |
| ၅။ | The Lone Ranger | Walt Disney Studios Motion Pictures | ၇၁,၄၆၇,၃၀၀ | ၂ |
| ၆။ | Monsters University | Walt Disney Pictures | ၂၃၇,၇၇၁,၀၀၀ | ၄ |
| ၇။ | World War Z | Paramount Pictures | ၁၇၆,၉၇၂,၀၀၀ | ၄ |
| ၈။ | White House Down | Sony Pictures Releasing | ၆၂,၉၇၅,၆၀၀ | ၃ |
| ၉။ | Kevin Hart: Let Me Explain | Summit Entertainment, LLC | ၂၆,၁၃၂,၅၀၀ | ၂ |
| ၁၀။ | Man of Steel | Warner Bros.Pictures | ၂၈၀,၈၈၉,၀၀၀ | ၅ |

## Movie Review

### Apartment 1303

ဂုဏ်မက်သော မိခင်၏ ထိန်းချုပ်မှုအောက်တွင် ကြီးပြင်းခဲ့ရသော ဂျန်းနက်ဆလိတ်သည် အမေရိကန် Detroit မြို့ထဲအထပ်မြင့်တိုက်ခန်းတစ်ခန်း၌ နေထိုင်ရန်အခွင့်အရေးရရှိခဲ့သည်။ ဂျန်းနက်သည် ၁၃ ထပ်ရှိ အခန်းအမှတ် ၁၃၀၃ သို့ပြောင်းရွှေ့နေထိုင်ခဲ့ပြီးနောက်ပိုင်းမှ ယင်းအခန်း၌အမျိုးသမီးတစ်ဦးကိုယ်ကိုယ်ကိုယ် သတ်သေခဲ့ဖူးသည်ဟု သိလိုက်ရသည်။ တိုက်ခန်းထဲ၌ ထူးဆန်းသည့် အခြေအနေအများအပြားကြုံတွေ့နေရသော ဂျန်းနက်သည် ချစ်သူဖြစ်သူ မာ့ခ်ကို အဆိုပါကိစ္စရပ်များ ရင်ဖွင့်ပြောကြားခဲ့သော်လည်း မာ့ခ်၏ အပြစ်တင်ဝေဖန်မှုများကိုသာ ခံခဲ့ရသည်။ မာ့ခ်နှင့်အတူ ရှိစဉ် တစ်ညသ၌ မမြင်ရသော အင်အားတစ်ခုကို ဂျန်းနက်အား ခေါ်ဆောင်သွားပြီး ၁၃ ထပ်မှ ကိုယ့်ကိုယ်ကိုယ် ခုန်ချသတ်သေအောင် ဖန်တီးခဲ့သည်။ ညီမဖြစ်သူ ဂျန်းနက်နှင့် အတူနေရန် ရောက်လာသော လန်နာသည် ဂျန်းနက်ကွယ်လွန်ရသည့် ကိစ္စကို ရှာဖွေဖော်ထုတ်စဉ် ယင်းအခန်း ၁၃၀၃ ၌ ညီမဖြစ်သူ ကြုံတွေ့ရသည့် ကြောက်ဖက်ဖွယ်အခြင်းအရာများကို ကြုံတွေ့ရတော့သည်။

Apartment 1303 သည်းထိတ်ရင်ဖိုဇာတ်ကားကို ဒါရိုက်တာ Michael Taverna ရိုက်ကူးပြီး ဇူလိုင် ၂၅ ရက်တွင် အမေရိကန်နှင့် ကနေဒါနိုင်ငံများတွင် ရုံတင်ပြသသွားမည်ဖြစ်သည်။ အဆိုပါဇာတ်ကားတွင်




Mischa Barton, Rebecca De Mornay, Julianne Michelle နှင့် Corey Sevier တို့ပါဝင်သရုပ်ဆောင်ထားသည်။

Sports
7DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013






ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

''လာမယ့်ဆီးဂိမ်းအမျိုးသမီး ဘောလုံးပွဲစဉ်တွေကို ကိုယ့်နိုင်ငံတွင်သာမကပဲ ကိုယ့်မြို့မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကြိုတွေးမိရင် စိတ်လှုပ်ရှားမိပါတယ်။ တစ်ခါတလေ ခုချက်ချင်းကစားချင်စိတ်တောင် ဖြစ်မိပါတယ်''

# ခင်မာလာထွန်းနှင့် တွေ့ဆုံခြင်း

**ဗိုလ်ဗိုလ်ဝင်း**

၂၀၁၂-၂၀၁၃ ဘောလုံးရာသီ၏ အကောင်းဆုံးအမျိုးသမီးဘောလုံးသမားဆုကို လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်း ခေါင်းဆောင်ခင်မာလာထွန်းက ရရှိခဲ့သည်။ ခင်မာလာထွန်းသည် ၂၀၁၂ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယဆုနှင့် ၂၀၁၄ အာရှဖလားခြေစစ်ပွဲအောင်မြန်မာအမျိုးသမီးဘောလုံးအသင်းခေါင်းဆောင်ဖြစ်သည်။ ခင်မာလာထွန်းနှင့် ဇူလိုင် ၂၁ ရက်တွင် တွေ့ဆုံမေးမြန်းထားသည်များမှ စာဖတ်ပရိသတ်အတွက် ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**အကောင်းဆုံးဆုရတဲ့အတွက် ခံစားချက်လေးကို အရင်ပြောပြပေးပါ။**

ဒီဆုရလိမ့်မယ်လို့ မျှော်လင့်ခဲ့တာတော့ မဟုတ်ပါဘူး။ မမျှော်လင့်ပဲရတဲ့အတွက် ရင်ထဲမှာ ဝမ်းသာသလို ဂုဏ်လည်းဂုဏ်ယူပါတယ်။

**အသင်းခေါင်းဆောင် တစ်ဦးအနေနဲ့ အကောင်းဆုံးဆုကို ရလိုက်တာ လာမယ့်ပြိုင်ပွဲတွေမှာ ဖိအားဖြစ်စေလား။ တာဝန်ပိုကြီးလာတယ်လို့ရောခံစားမိလား။**

ဖိအားတော့ ဖြစ်စရာ အကြောင်းမရှိပါဘူး။ ပိုပြီးတော့ အားဖြစ်စေတယ်ပေါ့နော်။ ကြိုးစားချင်စိတ် ပိုဖြစ်လာတာပါ။ တာဝန်ပိုကြီးလာသလိုမျိုးတော့ မခံစားရပါဘူး။ ဘာလို့လဲဆိုတော့ ပြိုင်ပွဲတိုင်းမှာ အနိုင်ရရှိဖို့ကြိုးစားနေရမယ့် တာဝန်ကတော့ ကစားသမားတိုင်းရဲ့တာဝန်ပဲလေ။ ဆုရတာ မရတာနဲ့တော့ မဆိုင်ဘူးလို့ထင်ပါတယ်။

**အမျိုးသမီးဘောလုံးသမားတွေအနေနဲ့ နိုင်ငံအသင်းမှာ အောင်မြင်မှုရရှိတယ်လို့ ပြောလို့ရပေမယ့် ခံစားခွင့်အပိုင်းမှာ အမျိုးသားဘောလုံးသမားတွေထက် လျော့နည်းရရှိနေတဲ့ အပေါ်မှာရော ဘယ်လိုခံစားမိလဲ။**

ဒီလိုမျိုးက ကိုယ့်မြန်မာ နိုင်ငံတစ်ခုတည်းတော့ မဟုတ်ဘူးပေါ့လေ။ အခြားနိုင်ငံတွေမှာလည်း အမျိုးသား ဘောလုံးအားကစားက နံပါတ်တစ် ဦးစားပေးဖြစ်နေတာဆိုတော့ ကိုယ်တွေက ဒီအပေါ်မှာ စိတ်ခံစားချက်သိပ်ထားလို့မရဘူး။ နောက်ပြီး ဒီလိုမျိုးက ဟိုးအရင်ကတည်းက ဖြစ်လာလာတာလေ။ ခုမှဖြစ်လာတာလည်း မဟုတ်တော့၊ ခုမှစပြီး ပြောင်းလဲသွားတာ မဟုတ် တော့ ဒါကြီးကို လိုက်ခံစားနေလို့တော့ မရဘူးပေါ့။ ရနေတဲ့ ပံ့ပိုးမှုတွေကနေပဲ ဘယ်လိုကြိုးစားမလဲ၊ အောင်မြင်မှုဘယ်လိုရယူမလဲဆိုတာမျိုးပဲ တွေးပါတယ်။

**လာမယ့်နှစ်မှာ အမျိုးသမီးလိဂ်ပြိုင်ပွဲပြုလုပ်ဖို့ စီစဉ်နေတာနဲ့ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။**

အမျိုးသမီးလိဂ်ပြိုင်ပွဲလုပ်မယ်ဆိုတာကတော့ ကောင်းတာပေါ့။ လက်ရွေးစင်အသင်းမှာဆိုရင် စီနီယာကစားသမားတွေဆိုလည်း အသက်ကြီးနေပါပြီ။ ဒီပြိုင်ပွဲတွေကနေ မျိုးဆက်သစ်တွေ ထွက်ပေါ်လာပြီး လက်ရွေးစင်အသင်းကို ဝင်ရောက်လာမယ်ဆိုရင် မြန်မာအမျိုးသမီးဘောလုံးအားကစားဒီထက်ပိုတိုးတက်လာမှာပါ။

**မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနဲ့ အာဆီယံရှစ်ပြိုင်ပွဲမှာ ချန်ပီယံနှစ်ကြိမ်ဖြစ်ခဲ့ပေမယ့် ဆီးဂိမ်းမှာ ရွှေမရဘူးသေးပါဘူး။ လာမယ့်ဆီးဂိမ်းအတွက်မျှော်လင့်ချက်က ဘာပါလဲ။**

ဆီးဂိမ်းမှာ ပထမဆုံးရွှေတံဆိပ်ယူဖို့ မြန်မာအမျိုးသမီး ဘောလုံးအသင်းအနေနဲ့ အကောင်းဆုံး ကြိုးစားသွားမှာပါ။

**မြန်မာအမျိုးသမီး ဘောလုံးအသင်းရဲ့ အားနည်းချက်၊ အားသာချက်တွေက ဘာတွေဖြစ်မလဲ။**

အားနည်းချက်ကတော့ ဘောလုံးရရင် ဘာလုပ်မလဲဆိုတဲ့ ချက်ချင်းဆုံးဖြတ်နိုင်တာလေးတွေ နည်းနည်းအားနည်းမှုရှိတယ်လို့ထင်ပါတယ်။ ကိုယ်ဘောလုံးမရခင်မှာ ဘာလုပ်မလဲပေါ့။ ဘောလုံးရပြီးရင်လည်း ဘာလုပ်မလဲဆိုတာမျိုးလေးတွေပေါ့။ ဒီအပိုင်းကတော့ နည်းပြဆရာကိုအားကိုးမနေပဲ ကစားသမားတစ်ဦးချင်းလည်း ကိုယ်တိုင်အားထုတ်ရမယ့် အပိုင်းလို့ထင်ပါတယ်။ အားသာချက်ကတော့ အသင်းလိုက်စည်းလုံးညီညွတ်မှုရှိတဲ့ အပိုင်းပါ။ အမျိုးသမီး ဘောလုံးအသင်းကတော့ စိတ်ဓာတ်ပိုင်းဆိုင်ရာအပိုင်းကတော့ အထူးတလည်ပြောစရာမလိုဘူးလို့ထင်ပါတယ်။

**ဂျပန်နည်းပြကူမာဒါနဲ့ ပတ်သက်ပြီး ဘာပြောချင်ပါသလဲ။ သူ့ရဲ့ နည်းစနစ်တွေက မြန်မာအသင်းနဲ့ အံဝင်မှုရှိပါရဲ့လား။**

နည်းပြကြီးကတော့ ကစားသမားတွေကို တော်တော်ဖြစ်စေချင်တဲ့ ဆန္ဒရှိတာပါ။ စိတ်ဓာတ်ပိုင်းဆိုင်ရာက အစ ဒီထက်ကို တိုးတက်အောင်လည်း အမြဲပြုပြင်ခိုင်းတယ်။ အသင်းတိုးတက်တဲ့ အခြေအနေကိုကြည့်ရင် သူ့ရဲ့ နည်းစနစ်ပိုင်းနဲ့ အံဝင်တယ်လို့ပဲ ပြောလို့ရပါတယ်။

**အမျိုးသမီးဘောလုံးအသင်းက ကမ္ဘာ့ချန်ပီယံဖြစ်ဖူးတဲ့ ဂျပန်လိုနိုင်ငံမှာ သွားရောက်လေ့ကျင့်ရခဲ့တဲ့အတွက် ဘာတွေရခဲ့ပါသလဲ။ ဂျပန် အမျိုးသမီးအသင်း ဘာကြောင့်အောင်မြင်နေတာလို့ထင်ပါသလဲ။**

ဂျပန်မှာခြေစမ်းခဲ့ရတဲ့ အသင်းတွေက ကိုယ့်ထက်သာတဲ့ အသင်းတွေပါ။ ဒါကြောင့် အတွေ့အကြုံတွေအများကြီးရပါတယ်။ ဂျပန်ဘောလုံးသမားတွေအနေနဲ့ တစ်ဦးချင်းအရည်အချင်း၊ ခန္ဓာကိုယ် အရွယ်အစားက အစ၊ အတွေးအခေါ်ပိုင်းက အစပေါ့နော်။ ကိုယ်တွေထက်အများကြီးသာတာပေါ့။ ကျွန်တော်တို့ သွားလေ့ကျင့်တဲ့နေရာမှာဆိုရင် ဘောလုံးကွင်းတွေဆိုလည်း အများကြီး၊ ကလေးတွေဆိုရင်လည်း ကျားမမှုလတန်းကျောင်းသားအရွယ်လေးတွေကစားနေတာ အများကြီးတွေ့ရပါတယ်။ နောက်ငယ်ငယ်ထဲက ဆရာတွေကစနစ်တကျသင်ကြားပေးနေတာတွေ့ရပါတယ်။

**ဆီးဂိမ်းအမျိုးသမီးဘောလုံးပွဲစဉ်တွေကို မန္တလေးမှာ လက်ခံကျင်းပမှာဖြစ်တဲ့အတွက် မန္တလေးသူဖြစ်တဲ့ ခင်မာလာထွန်းရဲ့ ခံစားချက်ကိုလည်း သိချင်ပါတယ်။**

လာမယ့်ဆီးဂိမ်းအမျိုးသမီး ဘောလုံးပွဲစဉ်တွေကို ကိုယ့်နိုင်ငံတွင်သာမကဘဲ ကိုယ့်မြို့မှာ ယှဉ်ပြိုင်ကစားရမှာ ဖြစ်တဲ့အတွက် ကျွန်တော်ကတော့ ကြိုတွေးမိရင် စိတ်လှုပ်ရှားမိပါတယ်။ တစ်ခါတလေ ခုချက်ချင်းကစားချင်စိတ်တောင်ဖြစ်မိပါတယ်။

**ခင်မာလာထွန်းရဲ့အနှစ်သက်ဆုံး ဘောလုံးသမားတွေရှိရင် ပြောပြပေးပါ။**

ပြည်ပမှာတော့ မက်ဆီပါ။ သူ့ရဲ့ ကစားပုံ လျင်မြန်မှု၊ စိတ်ဓာတ်တွေကို အရမ်းနှစ်သက်ပါတယ်။ ပြည်တွင်းမှာတော့ ကျော်ကိုကိုပါ။

**ခုချိန်အထိ ခင်မာလာထွန်းအကောင်းဆုံးနဲ့ အမှတ်တရအရှိဆုံး ပွဲစဉ်က ဘယ်ပွဲစဉ်ဖြစ်မလဲ။**

ရန်ကုန်မှာ ကျင်းပခဲ့တဲ့ ၂၀၀၇ ခုနှစ်၊ အာဆီယံချန်ပီယံရှစ်နောက်ဆုံးဗိုလ်လုပွဲပါ။ မြန်မာက ထိုင်းအသင်းကို ပင်နယ်တီအဆုံးအဖြတ်နဲ့နိုင်ပြီး ဗိုလ်စွဲခဲ့တာပါ။ မြန်မာအသင်းဘက်က ပင်နယ်တီကန်ရတဲ့ ကစားသမားတွေထဲမှာ ကျွန်တော်လည်းပါဝင်ခဲ့ပါတယ်။ လက်ရွေးစင်ကစားသမားဘဝမှာ ပထမဆုံးပင်နယ်တီကန်ရတဲ့ ပွဲစဉ်လည်းဖြစ်ပါတယ်။ ပရိသတ်တွေကလည်း အရမ်းအားပေးခဲ့တာပါ။

**ပရိသတ်ကြီးကို ဘာပြောချင်ပါသလဲ။**

လာမယ့်အာဆီယံချန်ပီယံရှစ်ရော၊ ဆီးဂိမ်းပြိုင်ပွဲမှာရော အိမ်ရှင်လည်းဖြစ်တဲ့အတွက် ပရိသတ်တွေအနေနဲ့ ကျွန်တော်တို့အသင်းကို ပိုပြီးအားပေးပါလို့။ ပရိသတ်ရဲ့အားပေးမှုကလည်း ကျွန်တော်တို့အတွက် အားဆေးတစ်ခွက်ဖြစ်ပါတယ်။ လက်ရွေးစင်အမျိုးသမီးဘောလုံးတစ်သင်းလုံးအနေနဲ့လည်း အကောင်းဆုံးကြိုးစားသွားပါမယ်လို့။

**ကျေးဇူးတင်ပါတယ်။**

## ၂၀၁၃ ဆီးဂိမ်း အားကစားသမား ငါးထောင်ကျော်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၀**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင် ၁၁ နိုင်ငံမှ အားကစားသမားစုစုပေါင်း ငါးထောင်ကျော်ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်းသတင်းရရှိသည်။

၂ နှစ်တစ်ကြိမ်ကျင်းပသည့် ဒေသတွင်းအကြီးကျယ်ဆုံးအားကစားပြိုင်ပွဲကို လာမည့်ဒီဇင်ဘာလတွင် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် ငွေဆောင်ကမ်းခြေတို့၌ ကျင်းပပြုလုပ်မည်ဖြစ်ပြီး ပါဝင်ယှဉ်ပြိုင်ကြမည့် အားကစားနည်းများနှင့် အားကစားသမားအရေအတွက်ကို ပြိုင်ပွဲဝင်နိုင်ငံများမှ မြန်မာနိုင်ငံအိုလံပစ်ကော်မတီသို့ တရားဝင်ပေးပို့ထားပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သက်ဆိုင်ရာ ပြိုင်ပွဲဝင်နိုင်ငံများမှ စာရင်းပေးပို့မှုအရ အင်ဒိုနီးရှားနိုင်ငံက အားကစားသမား ၈၃၈ ဦးဖြင့် အိမ်ရှင်မြန်မာပြီးလျှင် ဒုတိယအများဆုံးအရေအတွက်ဖြင့် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သည်။ အိမ်ရှင်မြန်မာနိုင်ငံအနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်မည့် နောက်ဆုံးအဆင့် အားကစားသမားအရေအတွက်ကို အတည်ပြုရခြင်းမရှိသေးသော်လည်း အားကစားသမား ၈၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း အား

**စာမျက်နှာ(၄၄)သို့**



HITACHI
Inspire the Next
"လျှပ်စစ်စွမ်းအင်ကို ညဘက်မှာ
ရပ်နားနေစေဖို့ ဘာကြောင့် မလုပ်နိုင်တာလဲ"
ဟီတာချီမှ ကျွန်ုပ်တို့သည် စိန်ခေါ်မှုများကြောင့် နိုးကြားတက်ကြွလျက်ရှိပါသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်လိုအပ်ချက်မြင့်မားမှုတွေ ကြုံနေရသောမြို့ကြီးများအတွက် ကွဲပြားခြားနားသောကိုင်တွယ်ဖြေရှင်းနည်းကို ကျွန်ုပ်တို့လုပ်ဆောင်လျက်ရှိပါသည်။ သင့်လျော်ကောင်းမွန်သော လျှပ်စစ်သုံးစွဲနိုင်မှုကိုသာမက တည်ငြိမ်သောလျှပ်စစ်ဓာတ်အားထုတ်နိုင်သည့် အခြေခံအဆောက်အအုံများအတွက် ပေါင်းစပ်အဖြေများကို ရှာရန် ကျွန်ုပ်တို့သံဓိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်။ တီထွင်ဆန်းသစ်ထားသော သတင်းအချက်အလက် နည်းပညာကို အသုံးပြုကာ ခေတ်မီ မဟာဓာတ်အား လိုင်းကွန်ရက်စနစ်၊ အပူဓာတ်နှင့် ပြန်လည် ထုတ်လုပ်နိုင်သောစွမ်းအင်စနစ်၊ ထုတ်လွှတ်ခြင်းနှင့် ဖြန့်ဖြူးရေး စနစ်များဖြင့် ကျွန်ုပ်တို့ပြုလုပ်ပြနိုင်ခဲ့ပြီးဖြစ်ပါသည်။ ရှိပြီးသားအဖြေများထက် ပိုမိုကောင်းမွန်ထိုက်တန်သည့် အဖြေများအနာဂတ်အတွက် ရှိရပါမည်။
ဟီတာချီ - လူမှုရေး တီထွင်ဆန်းသစ်မှု
social-innovation.hitachi.com
SOCIAL INNOVATION
IT'S OUR FUTURE




ROMANSON
www.romanson.com
TM3207HM
CHERRY OO
Inquiry Ph: (01)381751, (09) 31249123, (02) 72992.

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# အမေရိကန်ဘတ်စကက်ဘောအသင်း မြန်မာအသင်းများနှင့် လက်ရည်စမ်းပွဲ လာရောက်ယှဉ်ပြိုင်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇူလိုင်-၂၀**

အမေရိကန်နိုင်ငံမှVision Sport -s ဘတ်စကက်ဘောအသင်းနှင့် မြန်မာဘတ်စကက်ဘောအသင်းများ ၏ လက်ရည်စမ်းပွဲများကို နေပြည်တော်နှင့် ရန်ကုန်မြို့များတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကောလိပ်အဆင့်ရှိ အဆိုပါအသင်းသည် ၂၀၁၃ဆီးဂိမ်းအတွက်ပြင်ဆင်လေ့ကျင့်နေသည့်ပဏာမမြန်မာ့လက်ရွေးစင်ဘတ်စကက်ဘောအသင်းများနှင့် ဇူလိုင် ၂၅၊၂၆ ရက်များတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌လည်းကောင်း၊ ဇူလိုင် ၂၈၊ ၂၉ ရက်များတွင်မြန်မာညွှန့်ပေါင်းအသင်းနှင့် ရန်ကုန်မြို့အောင်ဆန်းအားကစားရုံ၌လည်းကောင်း လက်ရည်စမ်းပွဲများယှဉ်ပြိုင် ကစားမည်ဖြစ်သည်။

"Vision Sports အသင်းမှာ အမျိုးသား၊ အမျိုးသမီးအားကစားသမား ၁၅ဦးပါဝင်လာမှာဖြစ်ပြီး ဆီးဂိမ်းအတွက်ပြင်ဆင်နေတဲ့ အမျိုးသား၊ အမျိုးသမီးအသင်းတွေနဲ့ နေပြည်တော်မှာ လက်ရည်စမ်းပွဲနှစ်ပွဲနဲ့လက်ရွေးစင်ဟောင်းများပါဝင်တဲ့ ညွှန့်ပေါင်းအသင်းနဲ့ ရန်ကုန်မှာ နှစ်ပွဲယှဉ်ပြိုင်ကစားမှာဖြစ်ပါတယ်"ဟု မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်တာဝန်ရှိသူက ပြောသည်။

Vision Sports အသင်းနည်းပြဆရာများသည် လွန်ခဲ့သည့် ၂၀၁၂ခုနှစ်မှ စတင်ကာ မြန်မာဘတ်စကက်ဘောအသင်းအားကစားသမားများအားလာရောက်သင်ကြားမှုများပြုလုပ်ခဲ့ပြီး အသင်းအနေဖြင့်မူ ပြီးခဲ့သည့် ၂၀၁၂ခုနှစ်အတွင်းက ရန်ကုန်မြို့သို့ ပထမအကြိမ်လာရောက်ကာ လက်ရည်စမ်းပွဲများယှဉ်ပြိုင် ကစားခဲ့ဖူးကြောင်း သိရှိရသည်။



ဓာတ်ပုံ - အား/ကာ

"ကောလိပ်အဆင့် ဆိုပေမယ့် ဘတ်စကက်ဘောအားကစားနည်းမှာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိတဲ့ အမေရိကန်ကအသင်းဖြစ်တဲ့အတွက် လက်ရည်စမ်းခွင့်ရတဲ့မြန်မာအသင်းတွေအတွက်အလွန်အကျိုးရှိစေပါတယ်"ဟု အဖွဲ့ချုပ်တာဝန်ရှိသူကပြောသည်။

၂၀၁၃ဆီးဂိမ်းယှဉ်ပြိုင်ရန် ပြင်ဆင်နေသည့် လက်ရွေးစင် ဘတ်စကက်ဘောအသင်းများကို ပဏာမလက်ရွေးစင်(အမျိုးသား၊ အမျိုးသမီး) နှစ်ဆယ်ဦးစီဖြင့် နေပြည်တော်၌ တရုတ်နည်းပြဆရာတစ်ဦးနှင့်ပြည်တွင်းနည်းပြဆရာလေးဦးတို့ဖြင့် လေ့ကျင့်ပေးလျက်ရှိသည်။(၂၇)ကြိမ်မြောက်ဆီးဂိမ်းပြိုင်ပွဲ၏ ဘတ်စကက်ဘောပွဲစဉ်များကို နေပြည်တော်၌ လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

စာမျက်နှာ(၄၂)မှ

## ၂၀၁၃ ဆီးဂိမ်းတွင် အားကစားသမား ငါးထောင်ကျော် ယှဉ်ပြိုင်မည်

ကစားဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"အိမ်ရှင်မြန်မာနိုင်ငံအနေနဲ့တော့ ပွဲစဉ်တိုင်းဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပြီး အားကစားသမားအရေအတွက် အများဆုံးနဲ့ဝင်ပြိုင်ဖို့ရှိပါတယ်။ လာမယ့် ဆီးဂိမ်းမှာ မြန်မာအားကစားသမားအရေအတွက် ၈၀၀ နဲ့ ၉၀၀ ကြား ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်"ဟု အားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

အားကစားနည်း (၃၃) မျိုး ထည့်သွင်းကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၄၆၀ အပါအဝင် စုစုပေါင်းဆုတံဆိပ်အရေအတွက် ၁၅၅၇ ခု ချီးမြှင့်သွားမည်ဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက အားကစားနည်းအားလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားသည်။

ထိုင်းနိုင်ငံမှအားကစားနည်း ၃၁ မျိုးတွင် အားကစားသမားအရေအတွက်၈၂၇ဦး၊မလေးရှားနိုင်ငံက အားကစားနည်း (၃၀)တွင် အားကစားသမား၆၉၅ဦး၊ဗီယက်နမ်နိုင်ငံက အားကစားနည်း(၃၁)နည်းတွင် အားကစားသမား ၆၉၃ ဦး၊ စင်ကာပူနိုင်ငံက အားကစားနည်း (၂၉)နည်းတွင် အားကစားသမား ၅၅၀၊ ဖိလစ်ပိုင်နိုင်ငံက အားကစားနည်း(၂၇)မျိုးတွင် အားကစားသမား ၄၄၆ ဦး၊ လာအိုနိုင်ငံက အားကစားနည်း (၂၆)မျိုးတွင် အားကစားသမား ၃၈၈ ဦး၊ ကမ္ဘောဒီးယားနိုင်ငံက အားကစားနည်း (၂၄) မျိုးတွင် အားကစားသမား ၂၇၇ ဦး၊ ဘရူနိုင်းနိုင်ငံက အားကစားနည်း(၁၆)မျိုးတွင် အားကစားသမား ၁၈၈ ဦး၊ တီမောနိုင်ငံက အားကစားနည်းခြောက်မျိုးတွင် အားကစားသမား ၉၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းပေးထားကြောင်း အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရ သိရှိရသည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီအနေဖြင့် လာမည့် အောက်တိုဘာလအတွင်း ပြိုင်ပွဲဝင်နိုင်ငံများ၏ အားကစားသမားအမည်စာရင်းအတိအကျကို ပေးပို့ရန် အကြောင်းကြားထားကြောင်းလည်း သတင်းရရှိသည်။



# လွန်ခဲ့သော ၃၅ နှစ်က သေနတ်ဖြင့် ပစ်သတ်ခံရသော လူမည်းလူငယ်မှာ မိမိပင်ဖြစ်နိုင်ဟု အိုဘားမားပြော

**ဝါရှင်တန်၊ဇူလိုင်-၂၀**

၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက ဖလော်ရီဒါပြည်နယ်တွင်သေနတ်ဖြင့် ပစ်သတ်ခံရသော အသက်(၁၇)နှစ်အရွယ် လူမည်းလူငယ် ထရေဗွန်မာတင်မှာ လွန်ခဲ့သော ၃၅ နှစ်ကဆိုလျှင် မိမိပင်ဖြစ်နိုင်ခဲ့သည်ဟု ကန်သမ္မတ ဘားရက်အိုဘားမားက ပြောကြားလိုက်သည်။



NICHOLAS KAMM/AFP

*ဖလော်ရီဒါမှ ဆယ်ကျော်သက်အရွယ်လူငယ် ထရေဗွန်မာတင် အသက်ခံရမှုအတွက် ဂျော့ချ်ဇင်မာမန်းအား တရားသေလွှတ်ပေးခဲ့မှုကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် ဝါရှင်တန်တွင် ချီတက်ဆန္ဒပြနေသူများ*

လက်နက်မကိုင်ဆောင်ထားသော ဆယ်ကျော်သက်လူငယ်ကို မိမိကိုယ်ကိုယ် ကာကွယ်ရန်အတွက် ပစ်ခတ်ခဲ့သည်ဟု လျှောက်လဲခဲ့သူ ဂျော့ချ်ဇင်မာမန် (၂၉)နှစ်တွင် အပြစ်မရှိဟု ဂျူရီလူကြီးအဖွဲ့က ပြီးခဲ့သည့်သီတင်းပတ်က ဆုံးဖြတ်ခဲ့သည်။

မီဒီယာများသို့ မျှော်လင့်မထားသော ဖုန်းဆက်သွယ်ပြောဆိုမှုတွင် အမေရိကန်နိုင်ငံ၌ မှတ်တမ်းမှတ်ရာထားရှိမခံရသော လူမည်းအနည်းငယ်သာရှိသည်ဟု ပြောကြားသည်။ ယင်းမှာ ပြီးခဲ့သည့်သီတင်းပတ်က တရားရုံးဆုံးဖြတ်ချက်ပေါ်ထွက်လာပြီးနောက် သမ္မတအိုဘားမား၏ ပထမဆုံး မှတ်ချက်လည်းဖြစ်သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ အာဖရိကတိုက်သား အမေရိကန်များ ခံစားရသော နာကျင်မှုမှာ ပျောက်ကွယ်မသွားသော သမိုင်းနှင့် ၎င်းတို့၏အတွေ့အကြုံ အမျိုးမျိုးမှနေ၍ ကြည့်ရှုသောအချက်ကြောင့်ဖြစ်သည်ဟု သမ္မတအိုဘားမားက ပြောကြားသည်။

ထို့အပြင် ရာဇဝတ်မှုဆိုင်ရာ ဥပဒေများကျင့်သုံးရာတွင် လူမျိုးရေးမညီမျှမှုများ ရှိနေခြင်းကို အာဖရိကနွယ်ဖွား အမေရိကန်များက သတိပြုမိကြကြောင်း အိုဘားမားကပြောသည်။

ထရေဗွန်မာတင်၏တရားရုံးဆုံးဖြတ်ချက်အပေါ် မာတင်၏မိဘနှစ်ဦးဖြစ်သော ထရေစီမာတင်နှင့် ဆိုင်ဘရီနာဖူလ်တန်တို့၏ တုံ့ပြန်ပုံကိုလည်း သမ္မတအိုဘားမားက ချီးကျူးပြောကြားလိုက်သည်။

ထရေဗွန်မာတင်သေဆုံးပြီး နိုင်ငံတစ်ဝန်းဖြစ်ပေါ်လာသော ကန့်ကွက်ဆန္ဒပြမှုများကိုလည်း ငြိမ်းချမ်းစွာလုပ်ဆောင်ကြရန် အိုဘားမားက တိုက်တွန်းပြောကြားသည်။

*—Ref: BBC*

# စနိုးဒန်ကို လွှဲပြောင်းမပေးလျှင် ဂျီ – ၂၀ အစည်းအဝေးကို နိုင်ငံပြောင်းကျင်းပရန် ကန်အထက်လွှတ်တော်အမတ်နှစ်ဦး တိုက်တွန်း

**ဝါရှင်တန်၊ဇူလိုင်-၂၀**

တိမ်းရှောင်နေသော အမေရိကန်စီအိုင်အေ ဝန်ထမ်းဟောင်း အက်ဒ်ဝပ်စနိုးဒန်ကို ရုရှားနိုင်ငံက လွှဲပြောင်းပေးအပ်ခြင်းမပြုပါက လာမည့် စက်တင်ဘာလတွင် ရုရှားနိုင်ငံ စိန့်ပီတာစဘတ်မြို့၌ ကျင်းပရန်ရှိသော ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲကို အခြားနေရာသို့ ပြောင်းရွှေ့ကျင်းပရေးစဉ်းစားရန် အမေရိကန်အထက်လွှတ်တော် အမတ်နှစ်ဦးက ကန်သမ္မတအိုဘားမားအား တိုက်တွန်းပြောကြားသည်။

စနိုးဒန်ကို အမေရိကန်နိုင်ငံသို့လွှဲပြောင်းပေးရန်မော်စကိုအား တိုက်တွန်းရေးနှင့် အကယ်၍လွှဲပြောင်းမပေးပါက ဝါရှင်တန်က အရေးယူရေးတိုက်တွန်းသော အဆိုပြုချက်တစ်ရပ် တင်ပြရေးကို ရီပက်ဘလေကန်အမတ် လင်းဆေးဂရေဟမ်နှင့် ဒီမိုကရက်တစ်အမတ် ချားလ်စ်ရှူးမားတို့က ကမ်းလှမ်းခဲ့သည်။

အမေရိကန်နိုင်ငံ၏ လျှို့ဝှက်စောင့်ကြည့်ထောက်လှမ်းရေးအစီအစဉ် အသေးစိတ်အချက်အလက်များ ပေါက်ကြားစေမှုစွဲချက်များဖြင့် အလိုရှိနေသော စနိုးဒန်မှာ မော်စကိုလေဆိပ်တွင် တစ်လနီးပါး ပုန်းအောင်းနေပြီး ရုရှားက ၎င်းအား လွှဲအပ်ငြင်းဆန်ခြင်းအတွက် အမေရိကန်က ဒေါသထွက်လျက်ရှိသည်။

စနိုးဒန်ကိစ္စနှင့်ပတ်သက်၍ ရုရှားနိုင်ငံ ဆိုချီမြို့ဆောင်းရာသီ အိုလံပစ်ကို အမေရိကန်နိုင်ငံက သပိတ်မှောက်ရန် မစ္စတာဂရေဟမ်က ယခုသီတင်းပတ်အတွင်းမှာပင် ပြောကြားသည်။ သို့သော် ကန်အိုလံပစ်ကော်မတီက ယင်းကိုဆန့်ကျင်ထားသည်။

အမတ်နှစ်ဦး တင်ပြထားသော အဆိုပြုချက်တွင် အိုလံပစ်အကြောင်း သီးသန့်မပြောသော်လည်း စနိုးဒန်ကို ဆက်လက်ခိုလှုံခွင့်ပေးထားပါက ရုရှားနိုင်ငံအပေါ် အရေးယူရန် စီးပွားရေး၊ သံတမန်ရေး ရွေးချယ်စရာအားလုံး အသုံးချသင့်သည်ဟု ကန်လွှတ်တော်အမတ်များက ပြောကြားထားသည်။ *—Ref: Reuters*







# ပြင်သစ်နိုင်ငံတွင် ဆေးလိပ်သောက်ခြင်းကို ပန်းခြံများ ကမ်းခြေများ၌ တားမြစ်ဖွယ်ရှိ

**ပါရီ၊ ဇူလိုင်-၂၂**

ပြင်သစ်နိုင်ငံမြို့များရှိ ပန်းခြံများ၊ ကမ်းခြေများအပါအဝင် အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်သောက်ခြင်းကိုတားမြစ်နိုင်ကြောင်း ပြင်သစ်အပတ်စဉ်ထုတ်ဝေသည့်ဂျာနယ် ဒူဒီမန်ချီနှင့် ဇူလိုင် ၂၁ ရက်တွင် ပြုလုပ်ခဲ့သည့် တွေ့ဆုံမေးမြန်းပွဲတစ်ခုတွင် ပြင်သစ်ကျန်းမာရေးဝန်ကြီး မာရီဆိုလ်တိုရိန်းကပြောကြားသည်။

ပြင်သစ်နိုင်ငံတွင် မကြာမီကာလအတွင်း အများပြည်သူဆိုင်ရာ နေရာများ၌ ဆေးလိပ်သောက်ခြင်းကို တရားဝင်တားမြစ်သည့်ဥပဒေ ထုတ်ပြန်သွားနိုင်ကြောင်း ပြင်သစ်ကျန်းမာရေးဝန်ကြီးက ဇူလိုင် ၂၅ ရက်တွင် ပြောကြားလိုက်သည်။ ပြင်သစ်နိုင်ငံမြို့များရှိစာသင်ကျောင်းများရှေ့နှင့် ကမ်းခြေများ၊ တက္ကသိုလ်များ၊ ပန်းခြံများအပါအဝင် အများပြည်သူဆိုင်ရာ နေရာများတွင် ဆေးလိပ်ကင်းစင်ရေးနေရာများ ဖန်တီးခြင်းကိုတွေ့မြင်လိုကြောင်း



AFP

၎င်းကပြောကြားသည်။

ယင်းအစီအစဉ်များတွင် ကိုယ်ဝန်ဆောင်အမျိုးသမီးများ ဆေးလိပ်သောက်ခြင်းကြောင့် အန္တရာယ်ရှိကြောင်း သတိပေးတားမြစ်ချက်များကို ဆေးလိပ်ဘူးများ၌ ဖော်ပြမည့်အစီအစဉ်များ ပါဝင်ကြောင်းနှင့် ဆေးရွက်ကြီးနှင့် ပတ်သက်နေမှုကို အသွင်ပြောင်းရေးပေါ်လစီများ ချမှတ်ပေးရန်လိုအပ်ကြောင်း ၎င်းက ပြောသည်။

ဆေးလိပ် သောက်ခြင်းကြောင့် သေဆုံးသူတစ်နှစ်လျှင် ၇၃,၀၀၀ ရှိသောပြင်သစ်နိုင်ငံတွင် နိုင်ငံအတွင်း ဆေးရွက်ကြီးသုံးစွဲမှုကို လျှော့ချရန် လတ်တလောနှစ်များအတွင်း ဥပဒေမူကြမ်းများ စတင်ရေးဆွဲလျက်ရှိသည်။ ပြင်သစ်နိုင်ငံတွင် ဆေးလိပ်များအတွက် အခွန်တိုးမြှင့်ကောက်ခံခြင်း၊ အများပြည်သူအဆောက်အအုံများအတွင်း ဆေးလိပ်သောက်ခြင်းကို တားမြစ်ခြင်းစသည့်ဥပဒေများကို ၂၀၀၇ ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည်။

သို့သော် ပြင်သစ်နိုင်ငံတွင် ယင်းသို့ ဆေးလိပ်သောက်ခြင်း ပိတ်ပင်သည့် ဥပဒေများစတင်ကျင့်သုံးခဲ့ချိန်မှစ၍ လူငယ်ထုကြား ဆေးလိပ်စွဲသူအရေအတွက် တိုးပွားလာလျက်ရှိသည်။

*—Ref: France.24*




**နောက်ကျောဖုံး မှ**

## ကလေးသူငယ်များကို လိင်အသုံးချမှု ရုပ်ပုံများ တားမြစ်ပိတ်ပင်ရန် ဂူးဂဲလ်နှင့် ရာဟူးကုမ္ပဏီအား ဗြိတိန်ဝန်ကြီးချုပ်တိုက်တွန်း

အင်တာနက်သုံးစွဲသူများ တရားမဝင်ရုပ်ပုံများသို့ ဝင်ရောက်ကြည့်ရှုခြင်းကို တားဆီးရန် အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီများ အနေဖြင့် ပယ်ဖျက်စာရင်းသွင်းထားသော စာလုံးများ အသုံးပြုပြီး သုံးစွဲသူများ၏ ရှာဖွေမှုရလဒ်များကို ပိတ်ပင်ရမည်ဖြစ်ကြောင်း မစ္စတာကင်မရွန်းက တွေ့ဆုံမေးမြန်းပွဲတစ်ခုတွင် ပြောကြားသည်။

ကလေးသူငယ်လိင်အသုံးချမှု ပုံရိပ်များဖြန့်ဝေခြင်းထည့်သွင်းခြင်းများကို လုံးဝသည်းမခံနိုင်ကြောင်း ဂူးဂဲလ်ကုမ္ပဏီ ပြောခွင့်ရပုဂ္ဂိုလ်ကပြောသည်။ အွန်လိုင်းတွင် တရားမဝင်ပါဝင်သည့် ရုပ်ပုံများကို တားဆီးရန်ဆုံးဖြတ်ထားသည့် ဗြိတိန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဟု Microsoft Corp ပိုင် ဘင်းကုမ္ပဏီက ပြောကြားသည်။

*—Ref: Reuters*

**နောက်ကျောဖုံး မှ**

## အာဖရိကတွင် သစ်တောပြုန်းတီးမှု လျော့ကျလာ



"အများစုက အမေဇုန်နဲ့ အရှေ့တောင်အာရှက အပူပိုင်းမိုးသစ်တောတွေကိုပဲ အာရုံစိုက်နေကြပါတယ်။ ဒါပေမဲ့ အဲဒီအထဲမှာ မပါဝင်တာက ဗဟိုအာဖရိက ကွန်ဂိုမြစ်ဝှမ်းတွေ ဘာတွေဖြစ်နေလဲဆိုတာပါပဲ"ဟု လိဒ်စ်တက္ကသိုလ်နှင့် လန်ဒန်တက္ကသိုလ်မှ ဒေါက်တာ ဆိုင်မွန်လူးဝစ်က ပြောကြားသည်။

အာဖရိက အလယ်ဗဟိုရှိ ကွန်ဂိုမြစ်ဝှမ်းမိုးသစ်တောမှာ အကျယ်အဝန်းအားဖြင့် အမေဇုန်သစ်တောများပြီးလျှင် ဒုတိယလိုက်ပြီး စတုရန်းမီတာနှစ်သန်း ကျယ်ဝန်းသည်။ ယခုနောက်ဆုံးလေ့လာမှုအရ ယင်းသစ်တောမှာ ထင်သလောက် မပျက်စီးသေးကြောင်း တွေ့ရှိခဲ့သည်။

ဂြိုဟ်တုဓာတ်ပုံမှ လေ့လာမှုများအရ ၁၉၉၀ ပြည့်နှစ်များက နှစ်စဉ်စတုရန်းကီလိုမီတာ ၃,၀၀၀ ခန့် အခုတ်ခံရသော သစ်တောမှာ ၂၀၀၀ မှ ၂၀၁၀ ပြည့်နှစ်အတွင်း စတုရန်းကီလိုမီတာ ၂,၀၀၀ ခန့်သာ ဆုံးရှုံးခဲ့သည်။ ယင်းမှာ ကြိုးဝိုင်းသစ်တော ထိန်းသိမ်းမှုများလာပြီး အာဖရိကနိုင်ငံများက ၎င်းတို့စီးပွားရေးကို ပြင်ဆင်ဖွံ့ဖြိုးရန် သတ္တုတူးဖော်ရေး၊ စက်မှုလယ်ယာ စိုက်ပျိုးရေးလုပ်ငန်းများ တိုးချဲ့ခြင်းထက် အခြားလုပ်ငန်းများအပေါ် အာရုံစိုက်လာ၍ဖြစ်သည်ဟု အစီရင်ခံစာတွင် ဖော်ပြသည်။

*—Ref: BBC*

7 DAY NEWS JOURNAL
Vol.12, No.20 • JULY 24 , 2013

# နှစ်ပေါင်း တစ်ရာကျော်သက်တမ်းရှိ ဝီစကီအရက်အလုံးငါးဆယ် ခိုးသောက်သူ တရားစွဲခံရ

**ပစ်ဘာ့ဂ်၊ ဇူလိုင်-၂၁**

အမေရိကန်နိုင်ငံပစ်ဘာ့ဂ်မြို့ရှိ သမိုင်းဝင်ဟိုတယ် အသေးစားပိုင်ရှင်က ယခင်အခန်းငှားနေထိုင်ခဲ့သူကို ကန်ဒေါ်လာ တစ်သိန်းကျော်တန်ဖိုးရှိ သမိုင်းဝင်နှစ်ချို့ဝီစကီပုလင်း ၅၀ ကိုစောင့်ကြပ်ပေးရမည့်အစား သောက်သုံးလိုက်သောကြောင့် တရားစွဲဆိုခံခဲ့ရသည်။

South Broadway Manor ပိုင်ရှင်ပက်ထရစ်ဟေဒလ်သည် ပစ်ဘာ့ဂ်မြို့ရှိသမိုင်းဝင် အိမ်ကြီးရခိုင်တစ်လုံးကို ဟိုတယ် အသေးစားအဖြစ် ပြောင်းလဲဖွင့်လှစ်ရန် ဝယ်ယူစဉ် Old Farm Pure Rye ဝီစကီ ၁၀၄ ပုလင်းတွေ့ရှိခဲ့သည်။ ယင်းအရက်များကို မူလအစက ပစ်ဘာ့ဂ်မြို့မှ စီးပွားရေးလုပ်ငန်းဂျေပီဘရန်နန်က ပိုင်ဆိုင်ကြောင်း သိရသည်။ ယင်းအရက်များကို ၁၉၁၂ ခုနှစ်တွင်ချက်လုပ်ပြီး ဘရန်နန်ထံသို့ ၁၉၁၈ ခုနှစ်တွင် ပေးအပ်ခဲ့ကြောင်း ၎င်းကအေဘီစီသတင်းဌာနအားပြောသည်။

"ပစ်ဘာ့ဂ်မြို့ကလွန်ခဲ့တဲ့နှစ်ပေါင်းများစွာကလုပ်ငန်းပြုတ်သွားခဲ့တဲ့အရက်ချက် လုပ်ငန်းတစ်ခုက ထုတ်လုပ်ခဲ့တဲ့ အရက် ၅၂ ပုလင်းပါတဲ့သေတ္တာ လေးလုံးရှိခဲ့တယ်" ဟု စကော့ဒေးလ်ရှိရဲတပ်ဖွဲ့အကြီးအကဲ ဘယ်ရီပရစ်က ဇူလိုင် ၂၁ ရက်တွင်ပြောသည်။ The Old Farm Pure Rye ဝီစကီများကို ၁၉၀၀ ပြည့်နှစ်များအတွင်း ကျော်ကြားသော စက်မှုလုပ်ငန်းရှင်များဖြစ်သည့် ဟင်နရီဖရစ်နှင့် အန်ဒရူးကာနက်ဂျီတို့သောက်သုံးခဲ့သည်ဟု ယုံကြည်ရကြောင်း South Broadway Manor မှ စားဖိုမှူးက WTAE သတင်းဌာနအား ပြောသည်။

ယင်းသမိုင်းဝင် အဆောက်အအုံကိုပိုင်ဆိုင်သည့်မိသားစုဝင်တစ်ဦးသည် ယင်းအရက်များကို လှေကားအောက်တွင် အလုံပိတ်သိမ်းထားခဲ့ပြီး ယင်းအဆောက်အအုံကို မိသားစုများစွာတို့က လက်ပြောင်း ပိုင်ဆိုင်ခဲ့ကြကာ ယခုပိုင်ဆိုင်သည့်မစ္စစ်ပက်ထရစ်ဟေးလ်က ပြန်လည်ပြုပြင်စဉ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ မစ္စဟေးလ်သည် အိမ်ရှေ့တံခါး ပြုပြင်နေစဉ်အတွင်း ယင်းအရက်ပုလင်းများစွာကို မြေအောက်ခန်းသို့ ပြောင်းရွှေ့ထားခဲ့ပြီး မြေအောက်ခန်းတွင်တည်းခိုနေသူ ဂျွန်ရှောင်ဒါ(၆၂)နှစ်က ယင်းအရက်များကိုစောင့်ကြည့်ပေးရမည့်အစား သောက်သုံးလိုက်ခြင်းဖြစ်သည်။ ယင်းသက်တမ်းရင့်အရက်များကိုသောက်သုံးကြောင်းရှောင်ဒါကိုငြင်းဆိုခဲ့ပြီး ရဲတပ်ဖွဲ့က ၎င်းကို မျိုးရိုးဗီဇစစ်ဆေးမှု (DNA) ပြုလုပ်ပြီး ၎င်းသောက်သုံးကြောင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။ ယင်းအရက်များကိုရှောင်ဒါက တစ်နှစ်အတွင်း သောက်ပစ်လိုက်သည်ဟုဆိုသည်။

ယင်းနှစ်ချို့အရက်များသည် ကန်ဒေါ်လာ ၁၀၂,၄၀၀ တန်ဖိုးရှိကြောင်း ဝီစကီတန်ဖိုးဖြတ်သူတစ်ဦးကပြောကြားသည်။ ယင်းအရက်များ၏ တန်ဖိုးအတိအကျကိုသိရှိနိုင်ရန် ကျွမ်းကျင်သူများ၏ စစ်ဆေးထွက်ဆိုချက်နှင့် အထောက်အထားများ ရယူဆုံးဖြတ်သွားရန် အစိုးရရှေ့နေများက ဇူလိုင် ၁၇ရက်တွင် သဘောတူလိုက်သည်။ *—Ref: AFP/AP*

# စီးပွားရေးဖွံ့ ဖြိုးတိုးတက်မှုနှင့် အလုပ်အကိုင် ဖန်တီးရေး ဂျီ – ၂၀ ဘဏ္ဍာရေးဝန်ကြီးများ ကတိပြု

**မော်စကို၊ ဇူလိုင်-၂၁**

စီးပွားရေးဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးရန်အားယူနေသော နိုင်ငံပေါင်း ၂၀ အဖွဲ့ ဂျီ-၂၀ မှ ဘဏ္ဍာရေးဝန်ကြီးများက နှစ်ရက်ကြာအစည်းအဝေးပွဲပြီးဆုံးသွားပြီးနောက် ခြိုးခြံချွေတာမှုအစီအစဉ်များထက် စီးပွားရေးဖွံ့ဖြိုးမှုနှင့် အလုပ်အကိုင်ဖန်တီးရေးကို တွန်းအားပေး လုပ်ဆောင်သွားရန် ကတိပြုလိုက်ကြသည်။




KIRILL KUDRYAVTSEV/AFP

ဂျာမနီဘဏ္ဍာရေးဝန်ကြီးကလည်း ယင်းရလဒ်ကို ချီးကျူးပြောဆိုခဲ့သည်။ သို့သော် ဘဏ္ဍာရေးစည်းကမ်းရှိမှုကို မေ့မထားရန်လည်း သတိပေးလိုက်သည်။

ရုရှားနိုင်ငံ မော်စကိုမြို့၌ နှစ် ရက်ကြာကျင်းပသော ဂျီ-၂၀ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ၏ ကွန်ဖရင့်အဆုံးသတ် ချိန်တွင် အလုပ်အကိုင်ဈေးကွက်နှင့် စီးပွားရေးနှိုးဆွရေးအတွက် အမျိုးသားပေါ်လစီများ ချမှတ်ရေးကြိုးပမ်းမြှင့်တင်ရန် တက်ရောက်သူများက အပြည့်အဝထောက်ခံကြသည်။

"ကမ္ဘာ့စီးပွားရေးဆက်လက်အားနည်းနေပြီး စီးပွားရေးပြန်လည်နာလန်ထူမှုဟာ မညီမမျှနဲ့ ထိလွယ်ရှလွယ် ရှိနေဆဲဖြစ်ပါတယ်"ဟု ယူရိုဇုန်ရှုန်းကန်နေရမှုနှင့် အမေရိကန်၊ ဂျပန်စီးပွားရေးပြန်လည်တိုးတက်ရေးနှေးကွေးမှုများကိုရည်ညွှန်း၍ ဂျီ-၂၀ အဖွဲ့၏ ထုတ်ပြန်ချက်တွင်ဖော်ပြသည်။ ဆက်လက်၍ "အလုပ်အကိုင်ပေါများပြီး မြန်ဆန်သွက်လက်တဲ့ စီးပွားရေးလမ်းကြောင်းပေါ်ပြန်သွားရေး ပြတ်ပြတ်သားသား အရေးယူလုပ်ဆောင်ရေး ကျွန်ုပ်တို့စိတ်ပိုင်းဖြတ်ထားပါသည်"ဟူ၍ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ *—Ref: AFP/AP*

# ဘော်စတွန်မာရသွန် ဗုံးခွဲသူ တီဇာနက်ဗ်ကို ပစ်ခတ်ဖမ်းဆီးသည့် ဓာတ်ပုံများ မဂ္ဂဇင်းတိုက်သို့ပေးသော ကန်ရဲတပ်ဖွဲ့ဝင် တာဝန်မှရပ်စဲခံရ

**ဝါရှင်တန်၊ဇူလိုင်-၂၀**

ဘော်စတွန်မြို့ မာရသွန်ပြေးပွဲ ဗုံးခွဲသူ တီဇာနက်ဗ်ကို ရဲတပ်ဖွဲ့ဝင်များက ရှာဖွေဖမ်းဆီးစဉ် ရိုက်ကူးထားသည့် ဓာတ်ပုံများအား ဘော်စတွန်မဂ္ဂဇင်းသို့ ပေးအပ်ခဲ့သည့် တပ်ကြပ်ကြီးရှန်မာဖီကို မန်ဆာချူးဆက်ပြည်နယ် ရဲတပ်ဖွဲ့က တာဝန်မှ ဆိုင်းငံ့ထားလိုက်ကြောင်း ယင်းဓာတ်ပုံများကို ဖော်ပြခဲ့သည့် ဘော်စတွန်မဂ္ဂဇင်း၏ အယ်ဒီတာက ပြောကြားသည်။

"တပ်ကြပ်ကြီးရှန်မာဖီ တာဝန်က ရပ်စဲခံလိုက်ရပြီ"ဟု မစ္စတာမာဖီ ပေးအပ်ခဲ့သည့် တီဇာနက်ဗ်၏ ဓာတ်ပုံ ၁၄ ပုံကို ဖော်ပြခဲ့သော ဘော်စတွန်မဂ္ဂဇင်း အယ်ဒီတာ ဂျွန်ဝုဖ်ဆွန်က ၎င်း၏တွစ်တာဝက်ဘ်ဆိုက်စာမျက်နှာတွင် ပြောကြားသည်။ ဘော်စတွန်မဂ္ဂဇင်းက မစ္စတာမာဖီပေးအပ်ခဲ့သည့်တီဇာနက်ဗ်၏ ဓာတ်ပုံများကို ဇူလိုင် ၁၈ ရက်တွင် ဖော်ပြခဲ့သည်။ Rolling Stone မဂ္ဂဇင်း၏ တီဇာနက်ဗ် ဓာတ်ပုံကို မျက်နှာဖုံးတင် ဖော်ပြချက်ကို ဒေါသထွက်မိ၍ မစ္စတာမာဖီကိုယ်တိုင် ရိုက်ကူးထားသည့် ဓာတ်ပုံများကိုဘော်စတွန်မဂ္ဂဇင်းသို့ ပေးပို့ခဲ့ကြောင်း ၎င်းကပြောသည်။

မစ္စတာမာဖီသည် မက်ဆာချူးဆက်ပြည်နယ် ရဲတပ်ဖွဲ့တွင် ဓာတ်ပုံသမားအဖြစ်လုပ်သက် ၂၅ နှစ်ရှိသူဖြစ်ပြီး ဘော်စတွန်မဂ္ဂဇင်းတိုက်သို့ ၎င်းရိုက်ကူးထားသည့် တီဇာနက်ဗ်၏ ဓာတ်ပုံများ ပေးအပ်ခြင်းအတွက် တာဝန်မှဆိုင်းငံ့ခံလိုက်ရခြင်းဖြစ်သည်။

ဘော်စတွန်မဂ္ဂဇင်းက ဖော်ပြသည့်တီဇာနက်ဗ်၏ဓာတ်ပုံများတွင် ရဲတပ်ဖွဲ့၏ ရှာဖွေနေစဉ်အတွင်း နာရီအတော်ကြာ ၎င်းပုန်းအောင်းနေခဲ့သည့်တာပေါ်လင်စဖြင့်ဖုံးအုပ်ထားသောလှေအတွင်းမှ ပေါ်လာချိန်၌ ရဲတပ်ဖွဲ့ဝင်များ၏ ချိန်ထားသော အသံတိတ်သေနတ်များမှ အနီရောင်အလင်းစက်များနှင့်အတူ သွေးများစွန်းပေနေပုံများ ပါဝင်သည်။

—Ref: Ria Novosti

# အမေရိကန်နှင့် ရင်းနှီးစွာ ပြန်လည်ဆက်ဆံရေး ကြိုးပမ်းမှုများ ဗင်နီဇွဲလားရပ်ဆိုင်း

**ကာရာကတ်စ်၊ ဇူလိုင်-၂၁**

ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အထူးကိုယ်စားလှယ်အဖြစ် အမည်စာရင်းတင်သွင်းခံထားရသူ မစ္စစ်ဆမန်သာပါဝါ၏ ထုတ်ဖော်ပြောကြားမှုတစ်ရပ်ကြောင့် အမေရိကန်နိုင်ငံနှင့် ရင်းနှီးစွာပြန်လည်ဆက်ဆံရေးကြိုးပမ်းမှုများကို အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ဗင်နီဇွဲလားအစိုးရကပြောကြားလိုက်သည်။

၎င်းအား ခန့်အပ်မှုအတည်ပြုရေး အမေရိကန်အထက်လွှတ်တော်ကြားနာမှုတစ်ရပ်တွင် မစ္စစ်ဆမန်သာက အကယ်၍ ၎င်းသာ ကုသမဂ္ဂအလုပ်ရရှိခဲ့ပါက ဖိနှိပ်ချုပ်ချယ်သော အစိုးရများကို ရင်ဆိုင်သွားမည်ဖြစ်ပြီး ကျူးဘား၊ အီရန်၊ ရုရှားနှင့် ဗင်နီဇွဲလားကဲ့သို့နိုင်ငံများ၌ အရပ်ဘက်အဖွဲ့အစည်းအပေါ် နှိမ်နင်းမှုများကို စိန်ခေါ်သွားမည်ဟု ပြောကြားခဲ့သည်။

ဗင်နီဇွဲလားနိုင်ငံက အမေရိကန်နိုင်ငံသို့ တစ်နေ့လျှင် ရေနံစည်ပေါင်း ၉၀၀,၀၀၀ တင်ပို့ရောင်းချနေသော်လည်း ယင်းနှစ်နိုင်ငံ ကြားတွင် ၂၀၁၀ ပြည့်နှစ်မှစ၍ သံအမတ်ကြီးများထားခြင်း မရှိတော့ပေ။

"အမေရိကန်နိုင်ငံနှင့် သံတမန်ရေးအရ ပုံမှန်ဆက်ဆံရေးဇွန်လအစောပိုင်းမှ စ၍ ကြိုးပမ်းခဲ့မှုများကို ဗင်နီဇွဲလားနိုင်ငံက အဆုံးသတ်လိုက်ပါပြီ"ဟု ဗင်နီဇွဲလားနိုင်ငံခြားရေးဌာန ကြေညာချက်တွင်ဖော်ပြသည်။

မစ္စစ်ပါဝါတင်ပြသော ကြားဝင်စွက်ဖက်ရေးအစီအစဉ်များကို ဗင်နီဇွဲလားနိုင်ငံက ဆန့်ကျင်ကြောင်းနှင့် ၎င်း၏ ထင်မြင်ချက်များကို နောက်ပိုင်းတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ထောက်ခံချက်ပေးခဲ့ခြင်းကို စိတ်ပျက်မိကြောင်း ပြောကြားသည်။ ယင်းမှာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂျွန်ကယ်ရီက စောစောပိုင်းထုတ်ပြန်ချက်များနှင့်လည်း ဆန့်ကျင်နေသည်ဟု ဗင်နီဇွဲလားအစိုးရက မှတ်ချက်ပြုထားသည်။ *—Ref: AFP*

# တရုတ်–ဂျာမနီ ကုန်တင်ရထား စတင်ပြေးဆွဲ

**ဘေဂျင်း၊ ဇူလိုင်-၂၁**

တရုတ်နိုင်ငံအလယ်ပိုင်း ကျန်ကျိုးမြို့နှင့် ဂျာမနီနိုင်ငံဟမ်းဘာ့ဂ်မြို့သို့ ဆက်သွယ်ထားသည့် တရုတ်နိုင်ငံ၏ ဒုတိယမြောက်ဥရောပရထားလမ်းကိုစတင်ဖွင့်လှစ်လိုက်သည်။

တရုတ်နိုင်ငံအနောက်ပိုင်း ချန်ဒူးမြို့နှင့် ပိုလန်နိုင်ငံသို့ တိုက်ရိုက်ကုန်သွယ်ရေးဝန်ဆောင်မှုကို တရုတ်နိုင်ငံက လုပ်ကိုင်ခဲ့ပြီးနောက် ယခုကဲ့သို့ ဂျာမနီသို့ ကုန်တင်ရထားစတင်ပြေးဆွဲခြင်းဖြစ်သည်။ သီတင်းပတ်အတွင်း နှစ်ကြိမ်ပြေးဆွဲမည့် ယင်းကုန်တင်ရထားသည် ရေကြောင်းခရီးဖြင့် ကုန်တင်ပို့ရန်ကြာချိန်၏ထက်ဝက်ခန့်သာ ကြာမြင့်မည် ဖြစ်ပြီး ခရီးစဉ်ပြီးမြောက်ရက် ၁၈ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။ ကုန်တင်ရထားသည် ကျန်ကျိုးမြို့၏ ကုန်းတွင်းပိုင်းဆိပ်ကမ်းမှ စတင်ကာ ကာဇက်စတန်၊ ရုရှား၊ ဘီလာရုစ်နှင့် ပိုလန်နိုင်ငံတို့ကို ဖြတ်သန်းပြေးဆွဲရမည်ဖြစ်ပြီး ခရီးလမ်း ၁၀,၂၁၄ ကီလိုမီတာအရှည်ရှိသည်။

ဂျာမနီသို့ ရထားဖြင့် ကုန်စည်တင်ပို့ခြင်းသည်လေကြောင်း၊ ကားလမ်းနှင့် ရေကြောင်း လမ်းမှတင်ပို့မှုထက် များစွာ ဈေးပိုသက်သာမည်ဟု တရုတ်အာဏာပိုင်များကပြောသည်။ ရုရှားနိုင်ငံမော်စကိုမြို့နှင့် ကာဇက်စတန်၊ လီသူယန်နီးယားနိုင်ငံများသို့ ဆက်သွယ်ထားသည့်အခြားသောနိုင်ငံရပ်ခြားရထားလမ်း သုံးခုကိုလည်း တရုတ်နိုင်ငံက ယခုနှစ်အကုန်တွင်စတင်ဖွင့်လှစ်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံထုတ် အီလက်ထရွန်နစ်ပစ္စည်းများ၊ဆောက်လုပ်ရေးစက်ပစ္စည်းများ၊ မော်တော်ယာဉ်များနှင့်ဆက်စပ်ပစ္စည်းများ၊ ဆေးဝါးကုသရေးကိရိယာများနှင့် အခြားသော တန်ဖိုးကြီးပစ္စည်းများကို နိုင်ငံတကာရထားလမ်းသစ်မှတင်သွင်းနိုင်မည်ဖြစ်သောကြောင့် အချိန်နှင့် ငွေများစွာ သက်သာနိုင်ကြောင်း DB Schenker ကုမ္ပဏီမှ တရုတ်နိုင်ငံမြောက်ပိုင်းနှင့် ဗဟို၏ အုပ်ချုပ်ရေးညွှန်ကြားရေးမှူး ကားလ်ဟိန့်ခ်အမ်ဘာဂါက ပြောကြားသည်။ *—Ref: Times of India*

7 DAY NEWS JOURNAL

# International

Vol.12, No.20 • JULY 24 , 2013

## အာဖရိကတွင် သစ်တောပြုန်းတီးမှု လျော့ကျလာ

**လန်ဒန်၊ဇူလိုင်-၂၂**

ကမ္ဘာပေါ်ရှိ အကြီးဆုံး မိုးသစ်တောတစ်ခုတွင် သစ်ခုတ်မှုများ လျော့ကျလာကြောင်းဗြိတိန်တော်ဝင်ပညာရှင်များအဖွဲ့က လေ့လာခဲ့သော စာတမ်းတစ်ခုတွင် ဖော်ပြသည်။

ဂြိုဟ်တုမှ တွေ့မြင်ရသောပုံရိပ်များ၌ အာဖရိက ကွန်ဂိုမြစ်ဝှမ်းဒေသရှိ သစ်တောများ ပြုန်းတီးမှုမှာ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းမှစ၍ သုံးပုံတစ်ပုံလျော့ကျသွားခြင်းကို တွေ့ရှိရသည်။ ယင်းမှာ ထိုဒေသ၌ သစ်တောဧက အမြောက်အမြား ခုတ်ထွင်ရသော စီးပွားဖြစ်စိုက်ပျိုးရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းထက် ရေနံနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများကို ပိုမိုအာရုံစိုက်နေကြသောကြောင့်ဟု သုတေသီများက ယုံကြည်ကြသည်။

**စာမျက်နှာ ၄၆ ››**



ERIC LALMAND/BELGA/AFP

*ဘယ်လ်ဂျီယမ်ဘုရင် ဖိလစ်၊ ကြင်ယာတော်ဘုရင်မကြီး မာသီလ်ဒါနှင့် ရင်သွေးများဖြစ်သော မင်းသမီး အယ်လ်ယွန်နိုး၊ မင်းသား ဂါဘရီရယ်၊ မင်းသမီး အဲလီဇဘက်၊ မင်းသား အီမန်နူရယ်တို့ကို ဘရပ်ဆဲလ်ရှိ တော်ဝင်နန်းတော်လေသာဆောင်မှ ပရိသတ်များအား နှုတ်ဆက်နေသည်ကို တွေ့ရစဉ်။ မင်းသားဖိလစ်သည် ဇူလိုင် ၂၁ ရက်တွင် ဘယ်လ်ဂျီယမ်၏ ခုနစ်ဆက်မြောက်ဘုရင်အဖြစ် နန်းတက်ခဲ့ပြီး ဖခင် ဘုရင်အဲလ်ဘတ်-၂ ၏ မပြီးဆုံးသေးသည့် တာဝန်ဖြစ်သော တိုင်းပြည်ညီညွတ်ရေးကို လုပ်ဆောင်နိုင်ရန်မျှော်လင့်ထားသည်။*

## ရှစ်နှစ်သမီးဝယ်ယူကစားခဲ့သော APP များအတွက် အက်ပဲလ်ကုမ္ပဏီငွေပြန်အမ်း

**လန်ဒန်၊ ဇူလိုင်-၂၂**

အင်္ဂလန်နိုင်ငံ၊ ဆမ်းမားဆက်ဒေသမှ ကလေးငယ်တစ်ဦးသည် ဖခင်၏ ကွန်ပျူတာကိုယူ၍ ဂိမ်းများကစားရာမှ လိုအပ်သော Application များကို ဝယ်ယူခဲ့ပြီး ဗြိတိန်သုံးငွေပေါင် ၄,၀၀၀ (ကန်ဒေါ်လာ ၆,၀၀၀)ကျော် သုံးစွဲခဲ့ခြင်းအတွက် အက်ပဲလ်ကုမ္ပဏီက ငွေပြန်အမ်းမည်ဖြစ်သည်။ ကနဦးတွင် အက်ပဲလ်က ငွေပြန်အမ်းရန် ငြင်းဆန်ခဲ့ပြီးနောက်ပိုင်းမှသာ အလျှော့ပေးခဲ့သည်။




ရှစ်နှစ်သမီးလီလီနယ်လီသည် Campus Life, My Horse, Hay Day, Smurfs' Village စသောဂိမ်းများကို ဖခင်၏ iPad နှင့် ကစားရင်း မတ်နှင့် ဇူလိုင် လဆန်းအထိ ဗြိတိသျှပေါင် ၄,၀၀၀ သုံးစွဲခဲ့သည်။

ဖခင်ဖြစ်သူလီမှာ ၎င်း၏ ဘဏ်စာရင်းရပ်တန့်ခံရချိန်ကျမှသာ ယင်းငွေကြေးကုန်ကျစရိတ်များအကြောင်း သိရှိခဲ့သည်။ "လီလီက ရှစ်နှစ်ပဲရှိသေးတယ်။ ပိုက်ဆံရဲ့ သဘောတရားကိုနားမလည်သေးဘူး။ အာလူးကြော်တစ်ထုပ်ဘယ်လောက်လဲဆိုတာတောင် သူမသိလောက်ဘူး"ဟု မစ္စတာလီ(၄၃)နှစ်ကပြောသည်။

လီလီအား ဖခင်ဖြစ်သူက အတင်းအကျပ်မေးမြန်းသော အချိန်မှသာ ဖခင်ကွန်ပျူတာအသုံးပြုချိန်၌ အဝင်လျှို့ဝှက်နံပါတ်ကို မှတ်ထားပြီး အသုံးပြုခြင်းဖြစ်သည်ဟု လီလီကဝန်ခံခဲ့သည်။

Appilcation ဝယ်ယူမှုများအတွက် အက်ပဲလ်က အီးမေးလ်များပေးပို့သော်လည်း မစ္စတာလီမှာ အခြားကုမ္ပဏီတစ်ခု၌ ပြောင်းရွှေ့လုပ်ကိုင်နေရပြီး ၎င်း၏ မူလအီးမေးလ်ကို ကြည့်ရှု၍ မရနိုင်ခဲ့ပေ။ နောက်ဆုံးတွင် အက်ပဲလ်ကုမ္ပဏီအား ငွေပေးချေရန် မစ္စတာလီက ဖခင်ထံမှ ငွေချေးခဲ့ရပြီး ၎င်း၏ကားနှင့် ဆိုင်ကယ်၊ သားဖြစ်သူ၏ ဆိုင်ကယ်ကိုပါ ရောင်းချခဲ့ရသည်။ ယင်းအကြောင်းများ သိရှိလာပြီးနောက်တွင်မှ အက်ပဲလ်က ငွေပြန်အမ်းရန် သဘောတူညီခဲ့ခြင်းဖြစ်သည်။

*—Ref: AP*

## ကလေးသူငယ်များကို လိင်အသုံးချမှု ရုပ်ပုံများ တားမြစ်ပိတ်ပင်ရန် ဂူးဂဲလ်နှင့် ရာဟူးကုမ္ပဏီအား ဗြိတိန်ဝန်ကြီးချုပ် တိုက်တွန်း

**လန်ဒန်၊ဇူလိုင်-၂၂**

အင်တာနက်ဝန်ဆောင်မှုကုမ္ပဏီများဖြစ်သည့် ဂူးဂဲလ်ကုမ္ပဏီ၊ ရာဟူးကုမ္ပဏီနှင့် ဘင်းကုမ္ပဏီများအား ကလေးသူငယ်များကိုလိင်အသုံးချမှု ရုပ်ပုံများ တားမြစ်ပိတ်ပင်ရန် ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းက ဇူလိုင် ၂၁ ရက်တွင် တိုက်တွန်းလိုက်သည်။

ဗြိတိန်နိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော ကလေးသူငယ် လူသတ်မှုနှစ်ခုတွင် လူသတ်သမားများသည် အွန်လိုင်းမှ ကလေးသူငယ်လိင်အသုံးချမှုရုပ်ပုံများကို ဝင်ရောက်ကြည့်ရှုခဲ့ကြောင်း အထောက်အထားများ တွေ့ရှိခဲ့သည်။ အကယ်၍ ယင်းကုမ္ပဏီများအနေဖြင့် လုံလောက်သော ပူးပေါင်းဆောင်ရွက်မှုများ မရှိပါက ဗြိတိန်အစိုးရဥပဒေအသစ်များ ပြဋ္ဌာန်းရန် အဆင်သင့်ရှိနေကြောင်း မစ္စတာကင်မရွန်းက ပြောသည်။

ပြီးခဲ့သည့် သီတင်းပတ်အတွင်း အမေရိကန်နိုင်ငံနှင့် အခြားသောရှစ်နိုင်ငံ ပါဝင်သည့် နယ်စပ်ဖြတ်ကျော်စစ်ဆင်ရေးအဖွဲ့သည် ကလေးသူငယ်များကို လိင်အသုံးချရန် အွန်လိုင်းမှ ကြံစည်သည်ဟု သံသယရှိသူ ၂၅၅ ဦး ဖမ်းဆီးခဲ့ကြောင်း အမေရိကန်အာဏာပိုင်များက ပြောသည်။

**စာမျက်နှာ ၄၆ ››**

